The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .18, NO . 40
တနင်္လာနေ့တိုင်းထုတ်ဝေသည်
October 8, 2018

# ၂၀၁၈ ခုနှစ်ဘဏ္ဍာနှစ်တွင် ပြည်ပကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၁၈ ဘီလီယံကျော်ရရှိ၊ စံချိန်တင်မြင့်တက် ပို့ကုန်အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံခန့် ပိုမိုတင်ပို့နိုင်ပြီး ကုန်သွယ်မှုလိုငွေ ယခင်နှစ်ထက်လျော့ကျ

စာမျက်နှာ - ၈




## ဇာယားပြည်နယ်၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းကောင်းများ သတ္တိရှိရှိ ရဲရဲရင့်ရင့်နဲ့ မူးပေါင်းဖော်ဆောင်ကြဖို့

စာမျက်နှာ - ၁၆

## မြန်မာနိုင်ငံမှ ဆန်အပြင် ဆန်ကွဲကိုပါ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တရားဝင်တင်ပို့ခွင့် ရရှိတော့မည်ဖြစ်

စာမျက်နှာ - ၂၂

## ပညာပေးကာလ ကျော်လွန်သွားသည့်အတွက် စပ်ဆေးရောင်းချသော ဆိုင်များကို လိုင်စင်ပိတ်သိမ်းသည်အထိ အရေးယူသွားမည်

စာမျက်နှာ - ၂၆

## တစ်ဆင့်ဖြတ်သန်းကုန်သွယ်မှု (Transit Trade) လုပ်ထုံးလုပ်နည်း ဖြေလျှော့ပေးလျက်ရှိ

စာမျက်နှာ - ၂၂




THE CENTRAL
WHERE THE FINEST MEET
AWARD - WINNING DEVELOPMENT
BY INYA LAKE
HOTLINE
+ 959 777 773 770
PROJECT LOCATION
Corner of Kabar Aye Pagoda Road and Kanbe Road, Yankin Township, Yangon, Myanmar
thecentralyangon
thecentral.com.mm
INYA LAKE
PYAY ROAD
PARAMI ROAD
INSEIN ROAD
KABAR AYE PAGODA ROAD
KANBE ROAD
UNIVERSITY AVENUE ROAD
ELEVATED LIVING IN MYANMAR'S BEST ADDRESS

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာသန်းမြင့် International Trade Basic Course(Weekend Programme) (Batch-4) သင်တန်းဆင်းပွဲသို့ တက်ရောက်ချီးမြှင့်




စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုဆိုင်ရာ သင်တန်းကျောင်း၊ International Trade Basic Course (Weekend Programme) (Batch-4)၏ သင်တန်းဆင်းပွဲနှင့်သင်တန်းဆင်းလက်မှတ် အပ်နှင်းခြင်း အခမ်းအနားကို အောက်တိုဘာ ၆ ရက်က ရန်ကုန်မြို့ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်ချီးမြှင့်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးရန်နိုင်ထွန်း၊ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်နှင့် အဆင့်မြင့်အရာရှိကြီးများ၊ ကုန်သွယ်မှုဆိုင်ရာ သင်တန်းကျောင်းမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

"ပို့ကုန်တင်ပို့မှု မြှင့်တင်တဲ့နေရာမှာ မိမိတို့ထွက်ကုန်ပစ္စည်းများ အရည်အသွေးရှိဖို့၊ ဈေးနှုန်းအရ နိုင်ငံတကာဈေးကွက်မှာ ယှဉ်ပြိုင်နိုင်ဖို့၊ လိုအပ်သလောက် ပို့လွှတ်နိုင်ဖို့ နိုင်ငံတကာဈေးကွက်မှာ ကျွန်တော်တို့ ကုန်စည်တွေ အရည်အသွေးတိုးတက်ဖို့ လိုအပ်ပါတယ်။ ထုတ်လုပ်မှုနဲ့ ဆက်စပ်ပြီးတော့ သယ်ယူပို့ဆောင်ရေး၊ သိုလှောင်ရေး၊ ဖြန့်ဖြူးရေးကုန်ကျစရိတ် နည်းပါးမှသာလျှင် မိမိတို့ကုန်စည်များကို နိုင်ငံတကာဈေးကွက်မှာ ယှဉ်ပြိုင်နိုင်မှာဖြစ်ပါတယ်။ ဒ့ါအပြင် လုပ်ငန်းဆိုင်ရာဈေးကွက်ရှာဖွေနိုင်ဖို့၊ ကုမ္ပဏီများနှင့် လုပ်သားများ၊ အေးဂျင့်များကလည်း အရည်အသွေးရှိမယ်ဆိုရင် ကုန်ကျစရိတ်သက်သက်သာသာနဲ့ လုပ်ငန်းများကို လျင်မြန်စွာ ဆောင်ရွက်နိုင်မှာဖြစ်သလို ကုန်သွယ်မှု အရည်အသွေးတက်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီသင်တန်းမှာ သင်ကြားပေးတဲ့အကြောင်းအရာများက လက်တွေ့ကုန်သွယ်မှုနယ်ပယ်၊ စီးပွားရေးနယ်ပယ် လုပ်မယ်ဆိုရင် အင်မတန်အသုံးဝင်ပါတယ်။ ဒါကို အခြေခံပြီး စဉ်ဆက်မပြတ်လေ့လာသွားမယ်ဆိုရင် ဘဝတစ်လျှောက်အောင်မြင်မှုတွေ ရရှိသွားမှာဖြစ်ပါတယ်"ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးရန်နိုင်ထွန်းကသင်တန်းဆင်းလက်မှတ်များနှင့် စာတမ်းအကောင်းဆုံးဆုရသည့်အဖွဲ့အား ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်က ထူးချွန်သင်တန်းသားများကို အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုသင်တန်းကျောင်းကို ၂၀၁၂ခုနှစ်တွင်စတင်ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ၁၃၀၀ ကျော်ကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

# ဒုတိယဝန်ကြီး ဦးအောင်ထူး တောင်ကြီးအပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ (၂၀၁၈) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား



ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကူညီပံ့ပိုးမှုဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ပထမဦးဆုံး အကြိမ်ကျင်းပပြုလုပ်သည့် တောင်ကြီးအပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ (၂၀၁၈) ဖွင့်ပွဲအခမ်းအနားကို တောင်ကြီးမြို့ရှိ လွတ်လပ်ရေးကျောက်တိုင်ကွင်း အားကစားခန်းမ၌ အောက်တိုဘာ ၅ ရက် နံနက် ၁း၃၀ တွင်ကျင်းပပြုလုပ်ခဲ့ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးတို့က အဖွင့်အမှာစကားပြောကြားခဲ့ပါ သည်။

ဒုတိယဝန်ကြီးက တောင်ကြီး အပြည်ပြည်ဆိုင်ရာကုန်စည်ပြပွဲ (၂၀၁၈) ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ပထမဆုံးအကြိမ် စီစဉ်ကျင်းပခြင်းဖြစ်ပြီး ကုန်စည်ပြပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အစွမ်းကုန်ကူညီပံ့ပိုးပေးခဲ့သော ရှမ်းပြည်နယ်အစိုးရကိုလည်း ကျေးဇူးအထူးတင်ရှိပါကြောင်း၊ တောင်ကြီးအပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံအတွင်းရှိ ဒေသအသီးသီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ကိုးရီးယားနိုင်ငံနှင့် တရုတ် (တိုင်ပေ) စသည့် နိုင်ငံနှင့် ဒေသခုနစ်ခုမှ ကုမ္ပဏီနှင့်လုပ်ငန်းရှင်များမှ ပါဝင်ပြသကြမှာဖြစ်ကြောင်း၊ ကုန်စည်ပြပွဲကျင်းပခြင်းဖြင့် အဆိုပါဒေသ၏ ကုန်သွယ်မှုလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရုံသာမက ဒေသခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကိုလည်း တစ်ပြိုင်တည်း ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ အောက်တိုဘာ ၆ ရက်၌ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေး ဆွေးနွေးပွဲကိုလည်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဦးဆောင်၍ ဆက်လက်ကျင်းပပြုလုပ်မှာဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသခံလုပ်ငန်းရှင်များအနေဖြင့် ကုန်စည်ပြပွဲ platform ကို အကျိုးရှိရှိအသုံးချပြီး မိမိတို့၏ထုတ်ကုန်များကို ဒေသအတွင်းနှင့် ပြည်ပနိုင်ငံများအထိ ဈေးကွက်ချိတ်ဆက်နိုင်သည့် အခွင့်အရေးရရှိရန် ထိထိရောက်ရောက် အသုံးချစေလိုကြောင်းစသည်ဖြင့် အမှာစကားပြောကြားခဲ့ပါသည်။

ကုန်စည်ပြပွဲတွင် နိုင်ငံပေါင်းခုနစ်နိုင်ငံမှ ပြခန်းပေါင်း ၉၀ ကျော်ပါဝင်ပြသခဲ့ပြီး လယ်ယာထွက်ကုန်ပစ္စည်းများ၊ စားသောက်ကုန်နှင့် အဖျော်ယမကာများ၊ ကော်ဖီ၊ အဝတ်အထည်၊ အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များ၊ ကျောက်မျက်ရတနာနှင့် အလှဆင်ပစ္စည်းများ၊ တိုင်းရင်းဆေး၊ စက္ကူနှင့်စာရေး ကိရိယာများ၊ ကျောင်းသုံးသင်ထောက်ကူပစ္စည်းများ၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ ကားအလှဆင်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ အခြောက်ခံစက်များ၊ ရေသန့်ပစ္စည်းများ၊ GPS နှင့် ဖုန်းဆက်စပ်ပစ္စည်းများ၊ အပူပေးအိပ်ရာခင်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ရှမ်းပြည်နယ်ထွက်ကုန်များပါဝင်ပြသခဲ့ကြပါသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၊ အခြားတာဝန်ရှိသူများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးများမှစီးပွားရေးသံမှူးများ၊ ကုန်သည်အသင်းအဖွဲ့နှင့် ကုမ္ပဏီအသီးသီးမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် မီဒီယာများတက်ရောက်ခဲ့ကြပြီး ကုန်စည်ပြပွဲကို ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၅ ရက်မှ ၈ ရက်အထိ လေးရက်တိုင်တိုင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်းသတင်းရရှိပါသည်။

**MTC (ရန်ကုန်)**

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
အောင်သူရ

**တာဝန်ခံစာတည်း**
-

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၂၅၃၀၂၈

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# စက်တင်ဘာလအတွင်း ဆန်နဲ့ဆန်ကွဲ တန်ချိန်တစ်သိန်းလေးသောင်းကျော် တင်ပို့

စက်တင်ဘာနောက်ဆုံးပတ်ဖြစ်တဲ့ ၂၂ ရက်မှ ၂၈ ရက်အထိ သီတင်းပတ်အတွင်း ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၇ ဒသမ ၂၅၂ သန်း တန်ဖိုးရှိဆန်နဲ့ ကောက်ညှင်းဆန် ၂၀၆၂၅ တန်ကျော် တင်ပို့ခဲ့ကြောင်း သိရပါတယ်။

ယခုတစ်ပတ် မူဆယ် (၁၀၅)မိုင်မှ တင်ပို့မှုမှာ ဧည့်မထဆန် ၁၉၂၅၉ တန်နဲ့ ကောက်ညှင်းဆန် တန်ချိန် ၃၅၀၊ ချင်းရွှေဟော်စခန်းမှ ဧည့်မထဆန် ၃၇၉ တန်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၆၃၇ တန်ကျော် တင်ပို့ခဲ့တာဖြစ်ကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်မှ ဆန်တင်ပို့မှု မရှိသော်လည်း မြန်မာ-တရုတ်နယ်စပ်မှ ပိုမိုတင်ပို့နိုင်ကြောင်း သိရပါတယ်။ စက်တင်ဘာလ တစ်လလုံးအတွက် တင်ပို့မှုမှာ အမေရိကန် ဒေါ်လာ ၂၇ ဒသမ ၉၅၅ သန်းနဲ့ ဆန်နဲ့ကောက်ညှင်းဆန် ၇၉၃၀၃ တန်ရှိကြောင်း၊ အနီးစပ်ဆုံး ဩဂုတ်လ တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၂၀၉၂ တန် လျော့ကျခဲ့ကြောင်း သိရပါတယ်။

ယခုတစ်ပတ် ဆန်ကွဲတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၄၅ သန်း တန်ဖိုးရှိ ဆန်ကွဲ ၁၁၀၄ တန် တင်ပို့ခဲ့ရာ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ၉၁၄ တန်ကျော်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ၅၁ တန်နီးပါး၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ၁၃၉ တန် တင်ပို့ခဲ့တာဖြစ်ကြောင်း သိရပါတယ်။ စက်တင်ဘာလတစ်လလုံးအတွင်း တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၁၄ သန်းနဲ့ ဆန်ကွဲ ၃၄၉၉ တန်ရှိပြီး အနီးစပ်ဆုံး ဩဂုတ်လတင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၁၂၉ တန် လျော့ကျခဲ့ကြောင်း သိရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ စက်တင်ဘာ ၂၃ ရက်မှ ၂၉ ရက်အတွင်းမှာ အမေရိကန် ဒေါ်လာ ၁ ဒသမ ၆၈၄ သန်းဖိုးနဲ့ ၄၁၆၄ တန်ကျော် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ နိုင်ငံအလိုက် တင်ပို့မှုများမှာ ဗီယက်နမ်နိုင်ငံသို့ ဧည့်မထဆန် ၁၂၅ တန်၊ ဂီနီနိုင်ငံသို့ တန်ချိန် ၁၀၀၀၊ ရုရှားနိုင်ငံသို့ ပေါင်းဆန် ၇၅တန်နဲ့ အီးယူနိုင်ငံများသို့ ဧည့်မထဆန်နဲ့ပေါင်းဆန် ၂၉၆၄ တန် တင်ပို့ခဲ့ပါတယ်။ စက်တင်ဘာလအတွင်း ဆန်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၈၅၂ သန်းနဲ့ တန်ချိန် ၄၁၆၀၀ ကျော်ဖြစ်ပြီး ဩဂုတ်လ တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၅၁၁၃ တန် လျော့ကျခဲ့ကြောင်း သိရပါတယ်။

ယခုတစ်ပတ်အတွင်း ရေကြောင်းမှ ဆန်ကွဲတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၃၉ တန်ဖိုးနဲ့ ၅၄၀၈ တန်ဖြစ်ပြီး စက်တင်ဘာလအတွင်းမှာ ၁ ဒသမ ၂၈၉ သန်းနဲ့ တန်ချိန် ၁၇၅၈၀ ဖြစ်ကြောင်း သိရပါတယ်။

အနီးစပ်ဆုံး ဩဂုတ်လ တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၁၇၂ တန် လျော့ကျခဲ့ပါတယ်။ စက်တင်ဘာလအတွင်း တင်ပို့မှုစုစုပေါင်းမှာ ဆန် ၁၂၀၉၀၃ တန်နဲ့ ဆန်ကွဲ ၂၁၀၇၉တန်ဖြစ်ပြီး ဩဂုတ်လ တင်ပို့မှုထက် လျော့ကျခဲ့ကြောင်းသိရပါတယ်။

**ယဉ်ယဉ်အေး**

# ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ဆန်စပါးဈေးကွက် ဈေးနှုန်းမြင့် အရောင်းအဝယ်ပုံမှန်ရှိ

ပုသိမ်မြို့နယ် ဆန်စပါးဈေးကွက်တွင် ယခင်ဧရာဝတီပေါ်ဆန်း ပေါင် ၅၀ ခွဲ တင်း(၁၀၀)ကို ကျပ် ၁၅ သိန်းဝန်းကျင်မှ ယခု ကျပ် ၁၆ သိန်းဝန်ကျင်၊ ဆန်တစ်အိတ်ကို ကျပ် ၅၀၀၀၀ မှ ကျပ် ၅၃၀၀၀- ကျပ် ၅၄၀၀၀၊ ပေါ်ဆန်းရင်စပါး ပေါင် ၅၀ ခွဲ တင်း ၁၀၀ ကို ကျပ် ၁၃ သိန်းဝန်းကျင်မှ ယခု ကျပ် ၁၄ သိန်းဝန်းကျင်၊ ဆန်တစ်အိတ် ကို ကျပ် ၄၈၀၀၀- ၄၉၀၀၀ မှ ကျပ် ၅၁၀၀၀-၅၂၀၀၀ ဝန်းကျင်၊ နွေသီးထပ်ရင်စပါး ပေါင် ၅၀ တင်း ၁၀၀ ကို ကျပ် ၆၂၀၀၀၀-၆၃၀၀၀၀ မှ ယခု ကျပ် ၆၅၀၀၀၀-၆၆၀၀၀၀ ခန့်၊ ဆန်တစ်အိတ်ကို ကျပ် ၂၃၅၀၀-၂၄၀၀၀ မှ ယခု ကျပ် ၂၄၀၀၀-၂၄၅၀၀၊ မိုးမနောသုခ၊ မျိုးပွားပေါင်(၅၀) တင်း(၁၀၀)ကို ကျပ် ၇၃၀၀၀၀-၇၄၀၀၀၀ မှ ယခု ကျပ် ၇၄၀၀၀၀-၇၅၀၀၀၀၊ ဆန်တစ်အိတ်ကို ကျပ် ၂၅၀၀၀-၂၆၀၀၀ မှ ကျပ် ၂၆၀၀၀-၂၇၀၀၀ ဈေးဖြစ်သွား၍ ဆန်တစ်အိတ်ကို ကျပ် ၅၀၀ မှ ကျပ် ၂၀၀၀ အတွင်း ဈေးနှုန်းမြင့်တက်မှုရှိကြောင်း ဈေးကွက်သတင်းများမှ သိရသည်။

ပုသိမ်ဈေးကွက်တွင် ယခုနှစ် ဆန်စပါးအရောင်းအဝယ်မှာ စပါးပေါ်ချိန်မှစ၍ ယခုလက်ရှိအချိန်အထိ အရောင်းအဝယ် ပုံမှန်ရှိပြီး မိုးစပါးပေါ်ကာနီးအချိန် စပါးဟောင်းလက်ကျန်များလည်း လျော့နည်းလျက်ရှိပြီး ဈေးကွက်အပေါ် မူတည်ကာ ဆန်စပါးဈေးနှုန်းများ အနည်းငယ်မြင့်တက်ရခြင်းဖြစ်ကြောင်း ဆန်စပါးဈေးကွက် အသိုင်းအဝိုင်းမှ သိရသည်။

**မင်းမင်းဦး (ပုသိမ်)**

# ပစ္စည်းအဝင်နည်းတဲ့အတွက် နယ်စုံပေါ်ဆန်းဆန်များ ဈေးတက်

ယခုတစ်ပတ်အတွင်း ရန်ကုန်ဆန်ဈေးကွက်မှာ ဝါးတန်းကုန်စည်ဒိုင်ရဲ့ဆန်လက်ကားဈေးနှုန်းများအရ ယခင်တစ်ပတ်ဈေးထက် နယ်စုံ ပေါ်ဆန်းဆန်များ ဈေးတက်ကြောင်း သိရပါတယ်။

ဖျာပုံပေါ်ဆန်းဆန် ထိပ်စ တစ်အိတ်လျှင် ကျပ်၅၂၀၀၀ နဲ့ လတ်စတစ်အိတ်လျှင် ကျပ် ၅၁၀၀၀၊ ပုသိမ်/ မြောင်းမြပေါ်ဆန်းဆန် ထိပ်စတစ်အိတ် ကျပ် ၅၆၀၀၀ နဲ့ လတ်စ တစ်အိတ် ကျပ် ၅၄၀၀၀၊ ကျိုက်လတ် ပေါ် ဆန်းဆန် ထိပ်စ တစ်အိတ် ကျပ် ၅၀၀၀၀ နဲ့ လတ်စ တစ်အိတ် ကျပ် ၄၉၀၀၀ ရှိပြီး တစ်အိတ်ကို ကျပ် ၂၀၀၀ မှ ကျပ် ၄၀၀၀ အထိ ဈေးတက်ကြောင်း သိရပါတယ်။ ပစ္စည်းအဝင်နည်းတဲ့အတွက် ဈေးတက်တာဖြစ်ကြောင်း ဝါးတန်းဆန်ဈေးကွက်မှ သိရပါတယ်။ ရွှေဘိုပေါ်ဆန်းဆန်တစ်အိတ် ကျပ် ၆၁၀၀၀-၆၂၀၀၀၊ ပေါ်ဆန်း(ရှယ်)တစ်အိတ် ကျပ် ၅၀၀၀၀-၅၃၀၀၀ ရှိပြီး ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေကြောင်းသိရပါတယ်။

ယခုတစ်ပတ် ဆန်ကြမ်းဈေးအတက်အကျ သိပ်မရှိကြောင်းနဲ့ဧည့်မထ ၂၅ မှတ်ဆန်တစ်အိတ်လျှင် ကျပ် ၂၂၅၀၀-၂၂၈၀၀၊ သီးထပ်ရှယ် တစ်အိတ်လျှင် ကျပ် ၂၄၆၀၀-၂၅၀၀၀၊ ရက် ၉၀ ဆန် တစ်အိတ်လျှင် ကျပ် ၂၅၅၀၀-၂၆၀၀၀ ရှိပြီး ယခင်တစ်ပတ်ဈေးထက် တစ်အိတ်ကို ကျပ် ၂၀၀ ခန့်သာ ဈေးတက်ကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ ဆန်အဝင်နည်းတဲ့အတွက် နယ်စုံပေါ်ဆန်းများ ဈေးတက်သော်လည်း ပုံမှန်အရောင်းအဝယ်ရှိတဲ့ ဆန်ချောများ ဈေးငြိမ်ကြောင်း သိရပါတယ်။ ဆန်ကြမ်းကတော့ အနည်းငယ်သာ ဈေးပြောင်းလဲမှုရှိတယ်လို့ ဝါးတန်းဆန်ဈေးကွက်မှ သိရပါတယ်။

**ယဉ်ယဉ်အေး**

# အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၅-၁၀-၂၀၁၈ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၉၅ | ၄၀၀ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၈၅ | ၃၉၀ | △ | ၄၀၀ | ၄၀၄ | △ | ၃၉၅ | ၃၉၅ | □ | ၃၈၂ | ၃၈၃ | △ |
| ဆန်ဖြူ ၁၀% | ၃၈၃ | ၃၈၈ | △ | ၃၉၅ | ၃၉၉ | △ | - | - | - | ၃၇၇ | ၃၇၈ | △ |
| ဆန်ဖြူ ၁၅% | ၃၈၀ | ၃၈၅ | △ | ၃၉၀ | ၃၉၄ | △ | - | - | - | ၃၇၂ | ၃၇၃ | △ |
| ဆန်ဖြူ ၂၅% | ၃၆၅ | ၃၆၇ | △ | ၃၈၀ | ၃၈၀ | □ | ၃၅၈ | ၃၅၈ | □ | ၃၄၀ | ၃၄၈ | △ |
| ပေါင်းဆန် | ၄၁၁ | ၄၁၂ | △ | - | - | - | ၃၆၈ | ၃၆၈ | □ | ၄၀၈ | ၄၀၈ | □ |

***Source: liverice***

# ပြည်တွင်းမြို့ကြီးများ၏ (၅-၁၀-၂၀၁၈)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၆၄၅၀ | □ | ၂၇၀၀၀ | □ | ၁၀၅၀၀ | □ | ၄၃၀၀၀ | □ |
| ပုသိမ် | ၆၇၁၀ | □ | ၂၇၀၀၀ | □ | ၁၁၃၆၀ | □ | ၄၈၀၀၀ | □ |
| ပဲခူး | ၆၆၅၀ | □ | ၂၇၀၀၀ | □ | ၁၂၀၀၀ | □ | ၅၀၀၀၀ | □ |
| ရွှေဘို | ၆၅၀၀ | □ | ၂၅၀၀၀ | □ | ၁၆၅၀၀ | □ | ၅၄၀၀၀ | □ |
| စစ်တွေ | ၆၄၀၀ | △ | ၂၈၀၀၀ | △ | ၁၂၀၀၀ | △ | ၅၄၀၀၀ | △ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၇၅၀၀ | □ | ၃၂၀၀၀ | □ | - | - | ၅၄၀၀၀ | △ |
| ရန်ကုန်(ဝါးတန်း) | ၆၄၀၀ | □ | ၂၃၂၀၀ | □ | - | - | ၄၈၀၀၀ | □ |
| မန္တလေး | ၇၅၀၀ | □ | ၃၀၀၀၀ | □ | - | - | ၅၀၀၀၀ | □ |
| မကွေး | ၈၅၀၀ | □ | ၂၈၀၀၀ | ▽ | - | - | ၆၀၀၀၀ | △ |
| မော်လမြိုင် | ၇၀၀၀ | □ | ၂၇၀၀၀ | □ | ၁၁၅၀၀ | □ | ၄၉၀၀၀ | □ |
| လွိုင်ကော် | ၈၆၉၀ | □ | ၃၉၀၀၀ | □ | - | - | ၆၂၀၀၀ | □ |
| မြိတ် | ၆၈၀၀ | □ | ၂၇၀၀၀ | □ | - | - | ၅၆၀၀၀ | □ |
| ဘားအံ | ၇၅၀၀ | □ | ၂၈၀၀၀ | □ | - | - | ၅၆၅၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လွိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

**၁-၁၀-၂၀၁၈ မှ ၅-၁၀-၂၀၁၈ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး**

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 799 | 48,249,541.550 |
| 2 | Form D | 105 | 2,299,223.149 |
| 3 | Form E | 98 | 2,233,503.220 |
| 4 | Korea GSP | 8 | 197,370.380 |
| 5 | Form AK | 148 | 8,332,004.540 |
| 6 | Form AJ | 18 | 816,245.260 |
| 7 | Form AI | 42 | 1,805,826.770 |
| 8 | Form AANZ | 12 | 173,782.360 |
| 9 | Form DFTP | 3 | 253,399,860 |
| 10 | Form CHINA | | |
| Grand Total | | 1233 | 64,360,897.089 |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၅-၁၀-၂၀၁၈ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂၈/၉ | ၅/၁၀ | ပြောင်းလဲမှု | ၂၈/၉ | ၅/၁၀ | ပြောင်းလဲမှု | ၂၈/၉ | ၅/၁၀ | ပြောင်းလဲမှု | ၂၈/၉ | ၅/၁၀ | ပြောင်းလဲမှု |
| မတ်ပဲ | ၈၁၃ | ၈၈၃ | ▲ | ၈၃၃ | ၈၆၇ | ▲ | ၈၃၀ | ၈၅၀ | ▲ | ၈၄၀ | ၈၆၀ | ▲ |
| ပဲစင်းငုံ | ၇၃၅ | ၇၅၉ | ▲ | ၇၀၀ | ၇၁၇ | ▲ | ၆၇၅ | ၇၁၀ | ▲ | ၆၇၅ | ၆၉၀ | ▲ |
| ပဲတီစိမ်း | ၁၅၀၀ | ၁၅၀၀ | ■ | ၁၆၈၉ | ၁၇၇၈ | ▲ | ၁၆၅၇ | ၁၆၃၁ | ▼ | ၁၅၅၅ | ၁၅၅၅ | ■ |
| ကုလားပဲရိုးရိုး | ၁၀၀၀ | ၁၀၀၀ | ■ | ၁၃၂၈ | ၁၃၁၀ | ▼ | ၁၃၀၅ | ၁၃၁၀ | ▲ | ၁၃၀၅ | ၁၃၄၅ | ▲ |
| ပဲလွန်းဖြူ | ၁၁၈၀ | ၁၁၈၀ | ■ | ၁၃၃၃ | ၁၃၃၃ | ■ | ၁၃၆၈ | ၁၃၆၈ | ■ | ၁၄၂၀ | ၁၄၂၀ | ■ |
| ထောပတ်ပဲ | ၂၆၀၅ | ၂၆၀၅ | ■ | ၂၉၃၃ | ၂၉၃၃ | ■ | ၂၆၁၄ | ၂၄၇၃ | ▼ | ၂၀၉၅ | ၂၀၉၅ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၂၂.၉.၁၈)ထိ | ယခုတစ်ပတ် (၂၉.၉.၁၈)ထိ | (၁.၁.၁၈) မှ (၂၉.၉.၁၈) ထိ |
| မတ်ပဲ | ၃၄၉၉၄၂ | ၄၃၁၆ | ၃၅၄၂၅၈ |
| ပဲတီစိမ်း | ၉၂၄၅၀ | ၂၁၀၀ | ၉၄၅၅၀ |
| ပဲစင်းငုံ | ၁၆၁၄၆၄ | ၁၅၈၁ | ၁၆၃၀၄၅ |
| ကုလားပဲ | ၄၇၀၀၈ | ၇၁၅ | ၄၇၇၂၃ |
| ပဲလွန်းဖြူ | ၂၀၆၄၂ | ၆၄ | ၂၀၇၀၆ |
| မြေထောက်ပဲ | ၉၄၀၆ | ၃၉ | ၉၄၄၅ |

## ရေစကြိုကုန်စည်ဒိုင်တွင် မတ်ပဲ အရောင်းအဝယ်ဖြစ်နေ

ယခုတစ်ပတ် ရေစကြိုကုန်စည်ဒိုင်တွင် မြေပဲနီလုံးဆန် (မြောင်)မှာ ဈေးငြိမ်လျက်ရှိပြီး တစ်ပိဿာလျှင် ကျပ်၂၆၀၀မှ ၂၇၀၀၊ မြေပဲဆန်(ကျွန်း) မှာ တစ်ပိဿာလျှင် ၂၅၀၀၊ မြေပဲဖြူလုံးဆန် တစ်ပိဿာလျှင် ကျပ်၂၇၀၀၊ M12 မြေပဲလုံးဆန် တစ်ပိဿာလျှင် ကျပ် ၂၇၀၀ ဖြင့် နေ့စဉ်အရောင်းအဝယ် ဖြစ်လျက်ရှိပါတယ်။

ရေစကြိုဒေသထွက်မတ်ပဲမှာ ယခင်တစ်ပတ်ထက် ဈေးအနည်းငယ် တက်ခဲ့ပြီး ယခုတစ်ပတ်တွင် အရည်အသွေးကိုလိုက်၍ တစ်တင်းလျှင် ကျပ် ၁၅၀၀၀ မှ ကျပ် ၁၇၀၀၀ ရှိပြီး အရောင်းအဝယ်အနေဖြင့် အိတ် ၂၀၀ ခန့်၊ ပဲဇီးကွက် တစ်တင်းလျှင်ကျပ် ၂၄၅၀၀၊ ပဲပုပ်တစ်တင်းလျှင် ကျပ် ၂၆၅၀၀ ဈေးပေါက်ခဲ့ပြီး၊ ကုလားပဲဝါ HLတစ်တင်းလျှင် ကျပ် ၂၅၅၀၀ ဖြင့် အိတ်၁၀၀ ခန့်၊ကုလားပဲဖြူ V2တစ်တင်းလျှင် ကျပ် ၂၄၅၀၀ ၊ ကုလားပဲဝါလုံးကြီး 929 တစ်တင်းလျှင် ကျပ် ၂၄၅၀၀ ဖြင့် အိတ်၁၀၀ခန့်၊ နှမ်းဖြူသန့်မှာ အရည်အသွေး ကိုလိုက်၍ တစ်တင်းလျှင် ကျပ် ၄၈၀၀၀ မှ ကျပ် ၅၀၀၀၀ ပေါက်ဈေးရှိခဲ့ကြောင်း သတင်းရရှိပါတယ်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## မူဆယ်မှ ပရဆေးကုန်ကြမ်း ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ စက်တင်ဘာနောက်ဆုံးပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၇၉၀ သန်းတန်ဖိုးရှိ ပရဆေးကုန်ကြမ်းအမယ် ၁၈ မျိုးကို တန်ချိန်အားဖြင့် ၁၁၈၁ တန်တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၇၆၈ တန်နဲ့နှိုင်းယှဉ်ပါက ၄၁၃ တန်ပိုမိုတင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်တင်ပို့ခဲ့တဲ့ ပရဆေးအမယ်များမှာ မိကျောင်းကွမ်းဖတ်စေ့၊ ကြက်ဆူစေ့၊ ကြောင်ပန်းစေ့၊ နေလဲစေ့၊ သီဟိုဠ်စေ့၊ ကွမ်းသီး၊ ကွမ်းသီးခွံ၊ ကွမ်းစားဂမုန်း၊ နနွင်းတက်၊ နနွင်းခေါင်း၊ မာလာဥခေါင်း၊ ဆီးဆန်၊ ဆီးခွဲခြမ်း၊ ဆီးသီးခြောက်၊ ဖန်ခါးသီးခြောက်၊ ရွှေးရွက်၊ တောဂျုံးမြစ်နဲ့ချဉ်ပေါင်ဖာလာတို့ဖြစ်ပါတယ်။ စက်တင်ဘာလအတွင်း မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ပရဆေးကုန်ကြမ်း တန်ချိန်ငါးထောင်ခန့် တင်ပို့ခဲ့ကြောင်း သိရပါတယ်။

အဆိုပါရက်သတ္တပတ်အတွင်း ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၂၇ သန်းတန်ဖိုးရှိ တောချင်းငါးတန်၊ မျှစ်ခြောက်တန် ၁၁၀ ကျော်နဲ့ ပီလောပီနံဥခြောက် နှစ်တန်ခွဲကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ မြန်မာ-အိန္ဒိယနယ်စပ်ရှိ တမူးကုန်သွယ်ရေးမှ အမေရိကန်ဒေါ်လာ ၂၇၉၆ တန်ဖိုးရှိ တောချင်းသုံးတန်ကိုလည်းကောင်း၊ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ သုည ဒသမ ၀၀၂ သန်းတန်ဖိုးရှိ တောင်လုံးကျော် ၁၀၀ ကီလိုဂရမ်ကို မြန်မာနိုင်ငံသို့တင်သွင်းလာခဲ့တယ်လို့စခန်းများမှသတင်းရရှိပါတယ်။

**မော်မော်အောင်**

## စက်တင်ဘာလအတွင်းဖြစ်ပေါ်ခဲ့သည့် မန္တလေး-လားရှိုး-မူဆယ်ကုန်သယ်ခနှုန်းများ

၂၀၁၈ စက်တင်ဘာလအတွင်း မန္တလေး-လားရှိုး-မူဆယ်သို့ကုန်သယ်ခနှုန်းများမှာ ပို့ကုန်တွင်ပြောင်းနဲ့ဆန်တစ်ပိဿာသယ်ယူခ ၆၆ ကျပ်၊ ပဲတီစိမ်းနဲ့နှမ်းတစ်ပိဿာ သယ်ယူခ ၆၅ ကျပ်၊ ရော်ဘာတစ်ပိဿာကျပ် ၇၀ ဖြင့် ဩဂုတ်လအတိုင်း ပြောင်းလဲမှုမရှိဘဲ သွင်းကုန်မြေဆီသယ်ယူခမှာလည်း ၃၀-၃၅ ကျပ်ဖြင့်ပြောင်းလဲမှုမရှိတာတွေ့ရပါတယ်။

မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ တရုတ်နိုင်ငံသို့ ဆန်၊ ဆန်ကွဲ၊ ကောက်ညှင်းဆန်၊ Re-export သကြား၊Re-export ဒီဇယ်၊ ပြောင်း၊ ရော်ဘာ၊ ငါးမျိုးစုံ၊ ကဏန်း၊ ငါးရှဉ့်၊ နနွင်း၊ ကြက်သွန်၊ ဖရဲသီး၊ ပလတ်စတစ်ဖြတ်စ၊ သီဟိုဠ်စေ့၊ ကျွဲ၊ နွား (အရှင်)၊ လက်ဖက်ခြောက်၊ ဆံပင်နဲ့ပရဆေးကုန်ကြမ်းများ ပို့မှန်တင်ပို့ပြီး တရုတ်နိုင်ငံဘက်မှလည်း ဓာတ်မြေဩဇာ၊ ဘိလပ်မြေ၊ ရုပ်မြင်သံကြားစက်၊ ယာဉ်နဲ့ဆိုင်ကယ်အပိုပစ္စည်းများ၊ ဘက်ထရီအခြောက်များ၊ ချည်ထည်များ၊ ပရိဘောဂများ၊ အိမ်သုံးပစ္စည်း၊ လူသုံးပစ္စည်းနဲ့မီးဖိုချောင်သုံးပစ္စည်းများကို ပုံမှန်တင်သွင်းခဲ့ပါတယ်။

မန္တလေး-မူဆယ်လမ်းကြောင်းအနေဖြင့် ရန်ကုန်ဘက်မှ ကုန်ပစ္စည်းဝင်ရောက်မှုပေါ်မူတည်ပြီး ဈေးနှုန်းဖြတ်ရကြောင်း၊ ကုန်အဝင်နည်းပါက ကုန်တင်ဝန်ဆောင်ခလည်း ကျဆင်းကြောင်း၊ မန္တလေးမြို့ရှိ အဝေးပြေးကုန်တင်ယာဉ်ရပ်နားစခန်းသို့ နေ့စဉ်ကုန်ကားအစီး ၁၅၀၀ ခန့်ဝင်ရောက်ကြောင်း၊ မန္တလေးမှမူဆယ်သို့ ပြေးဆွဲနေသည့် အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းတစ်ခုမှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

## ပြည်မြေပဲဆန်ဝယ်လိုအားကောင်းလို့ ဈေးဆက်မြင့်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် နှမ်းဈေးနည်းတူ မြေပဲဆန်ဈေးလည်း မြင့်လာတာတွေ့ရပါတယ်။ ဈေးကွက်တွင် ဝင်ရောက်မှုအနေဖြင့် တစ်နေ့လျှင်အိတ် ၅၀၀ လောက်သာ ဝင်ရောက်မှုရှိသဖြင့် ယခင်နှစ်ကထက်လျော့နည်းသွားပြီး မန္တလေး ဝယ်လက်နှင့်ပဲကြော်ဖိုများကဝယ်ယူမှုရှိသဖြင့် ဈေးမြင့်လာတာတွေ့ရပါတယ်။

ဆီစက်လုပ်ငန်းရှင်များကလည်း ဆီကြိတ်ရန်အတွက် မြေပဲဆီဆန်ကို ဈေးကြီးပေးပြီး ဝယ်ယူမှုရှိသဖြင့် မြေပဲဆီဈေးလည်းမြင့်လာတာတွေ့ရပါတယ်။ ယခုတစ်ပတ်မြေပဲဆန်ဈေးများမှာ မြေပဲဆီဆန်(အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၆၅၀၊ (အနီ) တစ်ပိဿာလျှင် ကျပ် ၂၆၅၀ဖြစ်ပြီး မြေပဲလုံးဆန်(အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၇၅၀၊ (အနီ) တစ်ပိဿာလျှင် ကျပ် ၂၉၅၀ ဖြင့် ဈေးမြင့်လာတာတွေ့ရပါတယ်။ မြေပဲဆီဈေးမှာလည်း တစ်ပိဿာလျှင် ကျပ် ၆၀၀၀ ဖြင့် ဈေးမြင့်လာတာတွေ့ရပါတယ်။

**ဝေဝေမင်း(ပြည်)**

## ပခုက္ကူကုန်စည်ဒိုင်တွင် ပဲစင်းငုံနီ(အဟောင်း) ပုံမှန်အရောင်းအဝယ်ဖြစ်နေ

ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်၌ ပဲမျိုးစုံအရောင်းအဝယ်မှာ အနည်းငယ်အေးလျက်ရှိကြောင်း သိရပါတယ်။ ယခုတစ် ပတ်ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်နေသော ပဲစင်းငုံနီ(အဟောင်း) တစ်တင်းလျှင် ကျပ် ၁၄၂၀၀ ဈေးဖြင့် အိတ် ၁၀၀ခန့်၊ကုလားပဲဝါHLမှာ ယခင်ရက်များက တစ်တင်းလျှင် ၂၅၈၀၀ ကျပ်ရှိခဲ့ရာမှ ယခုရက်ပိုင်းအတွင်း တစ်တင်းလျှင် ကျပ် ၂၆၀၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ကုလားပဲဖြူV2 မှာလည်း တစ်တင်းလျှင် ကျပ် ၂၄၇၀ ဈေးဖြင့် အိတ် ၅၀ ခန့်၊ ကုလားပဲဝါလုံးကြီး 929 မှာ တစ်တင်းလျှင် ကျပ် ၂၄၇၀၀ ဖြင့် အိတ် ၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

ယခု တစ်ပတ်တွင် ပြောင်းဖူးစေ့ CPမှာ ဈေးအနည်းငယ်ကျနေပြီး ယခင်ရက်များတွင် တစ်တင်းလျှင် ကျပ်၁၀၅၀၀ ရှိခဲ့ပြီး ယခုရက်ပိုင်းတွင်ပြောင်းဖူးစေ့ (CP) တစ်တင်းလျှင် ကျပ် ၉၅၀၀ ဖြင့် အိတ် ၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး နှမ်းဝါ (ယော)မှာ အရောင်းအဝယ် အနည်းငယ်အေးနေပြီး ဈေးနှုန်းမှာ တစ်တင်းလျှင် ကျပ် ၄၈၀၀၀ ဈေးဖြင့် အိတ် ၅၀ ခန့်၊ နှမ်းညိုသစ်တစ်တင်းလျှင် ကျပ် ၄၅၅၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ပဲတီစိမ်းသေး(သစ်)တစ်တင်းလျှင် ကျပ် ၂၉၀၀၀ ဖြင့် အိတ် ၅၀ ခန့် ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**



## ဈေးနှုန်းအတက်အကျမရှိဘဲ ဈေးငြိမ်နေတဲ့ မတ်ပဲ

သာယာဝတီခရိုင်အတွင်း ရောင်းဝယ်မှုများဖြစ်နေတဲ့ မတ်ပဲဈေးနှုန်းများသည် ယခုတစ်ပတ်အတွင်း အတက်အကျမရှိဘဲ ဈေးနှုန်းများ ငြိမ်နေပါတယ်။ ဈေးနှုန်းများမှာ ပိဿာ (၂၀)တစ်တင်းလျှင် ကျပ် ၁၇၀၀၀ ခန့်ရှိသည်ဟု လေ့လာသိရှိရပါတယ်။

**ဝေဝေဖြိုး (သာယာဝတီ)**

## တရုတ်နိုင်ငံသို့ စက်တင်ဘာလအတွင်း ပြောင်းတန်ချိန်ရှစ်သောင်းနီးပါးတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ကန်ပိုက်တီကုန်သွယ်ရေးစခန်းစုံမှ စက်တင်ဘာနောက်ဆုံးပတ်အတွင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၃၃၇ သန်းတန်ဖိုးရှိ ပြောင်း ၃၀၃၆၆ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၂၅၇၃၂ တန်ကျော်၊ လွယ်ဂျယ်မှ ၃၉၉၈ တန်ခွဲ၊ ချင်းရွှေဟော်မှတန် ၄၆၀ နဲ့ ကန်ပိုက်တီမှ ၁၇၅ တန်ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က အဆိုပါစခန်းများမှပြောင်း ၂၅၅၄၃ တန်ကျော်သာ တင်ပို့ခဲ့လို့ ယခုတစ်ပတ် ၄၈၂၃ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ် ပြောင်းတစ်တန်လျှင် ၃၄၁၈၀၁ ကျပ်ရှိရာမှ စက်တင်ဘာနောက်ဆုံးပတ်မှာ၃၂၅၉၉၁ ကျပ်သို့ဈေးအနည်းငယ်ကျဆင်းခဲ့ကြောင်း၊ မူဆယ်သို့ပြောင်းကား ၁၂၉၁ စီးဝင်ရောက်ခဲ့သဖြင့် ယခင်တစ်ပတ်ထက် ၂၉၉စီး ပိုမိုခဲ့ကြောင်း၊စက်တင်ဘာလအတွင်း တရုတ်နိုင်ငံသို့တန်ချိန် ၇၉၀၀၀ကျော်တင်ပို့ခဲ့ကြောင်းသိရပါတယ်။ **မော်မော်အောင်**

# သင့်ကြောင့် စားသုံးသူများ.......ဒုက္ခမရောက်ပါစေနှင့်

**မြင့်ဦး(ပခုက္ကူ)**

တစ်ခုသော ရုံးဖွင့်ရက်တစ်ရက်မှာ စောစောပဲရုံးကို ရောက်တော့ မကြည့်ရှုမဖတ်ရသေးတဲ့ သတင်းစာတွေကို စုပုံ တစ်စောင်ချင်းစီကို ဖတ်ရှုပါတယ်။ ဒီမှာဘာသွားတွေ့သလဲ ဆိုတော့ (၁၃၈၀)ပြည့် တော်သလင်းလပြည့် (၂၀၁၈)ခုနှစ် စက်တင်ဘာ ၂၄ ရက်(တနင်္လာနေ့)ထုတ် အတွဲ(၅၇) အမှတ် (၃၅၇) မြန်မာအလင်းသတင်းစာမှာပါတဲ့ နိုင်ငံတကာရေးရာ ကဏ္ဍမှာဆောင်းပါးရှင် ခြူးစန္ဒီနွေးရေးတဲ့ "လူတွေကို ဒုက္ခ ပေးနေတဲ့ စတော်ဘယ်ရီသီးထဲကအပ်" ဆိုတဲ့ဆောင်းပါးဖတ် ပြီးတော့ စားသုံးသူတစ်ယောက်အနေနဲ့ တော်တော်လေး လန့် သွားမိပါတယ်။ ဩစတြေးလျကပြည်သူတွေ ကြောက်ရွံ့နေကြ တဲ့ကိစ္စတစ်ခုရှိပါတယ်။ အဲဒါကတော့ စတော်ဘယ်ရီသီးထဲက အပ်ကြောင့်ပါပဲ။ စတော်ဘယ်ရီသီးတင်မက ပန်းသီးနဲ့ငှက် ပျောသီးထဲမှာလည်း အပ်တွေ တွေ့ရပါတယ်လို့ ရဲတပ်ဖွဲ့က ပြောပါတယ်။ ကျန်းမာရေးဝန်ကြီး ဂ့ဂ်ျဟန့်ကတော့ သစ်သီး တွေထဲမှာ အပ်ထည့် တဲ့လုပ်ရပ်ကို ဆိုးရွားလှတဲ့ရာဇဝတ်မှုလို့ သတ်မှတ်ခေါ်ဝေါ်ခဲ့ပြီး နိုင်ငံတစ်ဝန်း အစားအစာစောင့် ကြည့်ရေးအဖွဲ့ကိုလည်း ဒီပြဿနာဖြေရှင်းရာမှာ ကူညီပေးဖို့ တောင်းခံထားပါတယ်။ ဆစ်ဒနီမှာ ပန်းသီးနဲ့ငှက်ပျောသီး တွေထဲမှာ အပ်တွေ့တာဆိုရင် သီးခြားဆန်တဲ့ဖြစ်ရပ်တစ်ခု ဖြစ်ပြီး နယူးဆော့လ်ဝေးလ်ပြည်နယ်တစ်ခုထဲမှာပဲ စတော် ဘယ်ရီသီးထဲက အပ်တွေ့တာဖြစ်ရပ်(၂၀)ခန့် ဖြစ်ပွားခဲ့တယ် လို့ ဖတ်ရပါတယ်။ လေးစားအပ်ပါသော စာရှုသူ---ဒီအဖြစ် အပျက်တစ်ခုကို စဉ်းစားလေ့လာသုံးသပ်ကြည့်ရအောင်ပါ။ စတော်ဘယ်ရီသီး၊ ပန်းသီး၊ ငှက်ပျောသီးထဲမှာ အပ်တွေပါနေ တယ်ဆိုတဲ့ကိစ္စမှာ စားသုံးသူကိုဒုက္ခရောက်စေချင်တာလား ဒါမှမဟုတ် စီးပွားပြိုင်ဘက်အချင်းချင်း ဒုက္ခရောက်အောင် လုပ်ငန်းကျဆုံးအောင် နောက်ဆုံးစီးပွားပျက်အောင် ယှဉ်ပြိုင် သူအချင်းချင်းလုပ်သလားဆိုတာကိုပါ။ ဘာရည်ရွယ်ချက်ပဲ ရှိရှိ နောက်ဆုံးမှာတော့ ဒုက္ခရောက်ကျရမှာတော့ အမှန်ပါ ဩစတြေးလျနိုင်ငံမှာ စတော်ဘယ်ရီ စိုက်ပျိုးထုတ်လုပ်တင် ပို့ရောင်းချတဲ့ဝင်ငွေဟာ တစ်နှစ်တစ်နှစ်ကို ဩစတြေးလျ ဒေါ်လာသန်း ၁၃၀ လောက်ရတဲ့ ဝင်ငွေရှိတာမျိုးကို မှတ်သား ရပါတယ်။ ယခုဒီစိုက်ပျိုးထုတ်လုပ်တဲ့ လုပ်ငန်းယန္တရားတွေ "အ" သွားတာ၊ ရပ်ထားရတာ၊ တစ်ခါဒီလုပ်ငန်းနှင့်ပတ်သက်တဲ့ အလုပ်သမားတွေ အလုပ်လက်မဲ့ဖြစ်ကုန်တာ တစ်ခါကုန် တိုက်မှာရှိတဲ့ တင်ရောင်းတဲ့ "အပ်"တွေ အရောင်းပိတ်သိမ်း တာ စသည့်အပြင် ယခုဩစတြေးလျမှာ သတ္တုရှာဖွေရေးစက် တွေ မှာယူတင်သွင်းရတာနဲ့ လုပ်ငန်းတစ်ခုရဲ့ ယန္တရားတစ်ခု လုံး ဆက်စပ်လှုပ်ရှားသွားရတာပါ။ ဒါက. . အခြားသောနိုင်ငံ မှာဖြစ်ပေါ်နေတဲ့ မသမာမှု။ ကိုယ့်ပြည်တွင်းကိုယ့်နိုင်ငံမှာရော "အပ်"ကိစ္စတာမဖြစ်တာ အခြားကိစ္စတွေ ရှိမနေနိုင်ဘူးလား ရှိနေသလား ပြန်လည်ဆန်းစစ်ဖို့ လိုပါတယ်။ လိုတာမှအထူး လိုနေတာကို ပြောချင်ပါတယ်. . . စာရှုသူ။ ဘာကြောင့်လဲဆို တော့ ကိုယ်တွေ့အဖြစ်အပျက်တစ်ခုကို တင်ပြပါရစေ။ အောက် တိုဘာလထဲမှာ ကိုယ်တာဝန်ယူထားတဲ့ ဆောမြို့နယ် ကျောက်ထုမြို့ အ. ထ. ကမှာ သိမ်းရတဲ့ သက်တမ်းလွန်၊ အရောင်ပျက်၊ မှိုတက်၊ စားသုံးရန်မသင့်တဲ့ ပစ္စည်းတွေကို မီးရှို့ဖျက်ဆီးပွဲလုပ်ပါတယ်။ မီးရှို့ဖျက်ဆီးမဲ့ အားကစားကွင်း နံဘေးမှာ စားသုံးရန်မသင့်သော ဓာတုဆေး လွန်ကဲစွာ အသုံး ပြုထားသော ဖော်မလင်ထိုးထားသော အစားအသောက် ပစ္စည်းတွေ FDA ကထုတ်ပြန်ထားတာကို ပိုစတာ၊ ဗီနိုင်းများ နှင့် ပြထားတဲ့နေရာကို ကျောင်းက ဆရာ၊ဆရာမတွေ ကျောင်းသား၊ ကျောင်းသူတွေ မိတ်ဖက်အဖွဲ့အစည်းက ဌာန ဆိုင်ရာတွေ၊ NGO တွေ ကြည့်ရှုလေ့လာရင်း ကျန်းမာရေး ဌာနက ဝန်ထမ်းတွေကိုယ်တိုင် ပိုစတာ၊ ဗီနိုင်းတွေကြည့်ကြပြီး ကျွန်တော်တို့က ကျန်းမာရေးဌာနကပါ ကြားတော့ကြားနေ တယ်။ အခုလို ဂယနဏမသိရဘူး။ ကြက်၊ ဝက်၊ ငါး၊ ပုစွန်၊ ကြက်ဥပြုတ်မှာတောင် ဖော်မလင်တွေ ထိုးထားတာဆိုတော့ စားဖို့သောက်ဖို့ အတော်ခက်ခဲနေပြီလို့ ငြီးတွားတာကို ကိုယ် တိုင်ကြားသိနားထောင်ခဲ့ရတော့ ဒီဆေးနဲ့အကျွမ်းတဝင် ရင်း နှီးနေတဲ့ ကျန်းမာရေးဆရာတွေ၊ ဆရာမတွေကိုယ်တိုင်ပင်လျှင် လန့်လာတယ်ဆိုတော့ ကျန်တဲ့ပြည်သူတွေ စားသုံးသူတွေ အနေနဲ့တော့ စဉ်းစားစရာအန္တရာယ်တွေပါ။ ကိုယ်ကိုယ်တိုင် ဟောပြောပွဲမှာ အစားစားတာ ဘာကြောင့်တုံး။ ခွန်အားရှိဖို့၊ ကျန်းမာဖို့၊ ဦးနှောက်ဉာဏ်ရည်ဖွံ့ဖြိုးဖို့ စားတယ်လို့သာ ပြောနေရာက ကိုယ်စားနေတဲ့ အစားအသောက်ဟာ ကိုယ် ဟောပြောသလို ကိုယ့်အတွက်ခွန်အားရှိစေမှာလား၊ ကျန်းမာ စေမှာလား၊ ဦးနှောက်ဉာဏ်ရည်မှတ်ဉာဏ်ဖွံ့ဖြိုးတိုးတက်ဖို့ လား၊ ဒါမှမဟုတ် ကိုယ့်သေတွင်းကိုယ်တူးဖို့ ဒီအစားအသောက် တွေ စားနေကြတာလားဆိုတာ ကျန်းမာရေးအသိ အတော်ရှိဖို့ လိုနေပါပြီ။ ကိုယ့်ပြည်တွင်းက အစားအသောက်တွေ ရောင်း ချကြတဲ့အထဲမှာ ပုစွန်ခေါင်းထဲ ခဲထည့်တာ၊ အရောင်တွေ အလွန်အကျွံအသုံးပြုတာ၊ ငရုတ်သီးမှုန့်တွေထဲမှာ အသည်း ကင်ဆာဖြစ်စေတဲ့ မှိုဆိပ်တွေဟာဆိုတာလည်း မကြားချင် အဆုံးပါ။ ဒီအခြေအနေမှာ စားသုံးသူများဘက်က အစား အသောက် ဝယ်ယူသုံးစွဲစားသောက်မယ်ဆိုရင် သတိထားပြီး အသိတရားနှင့်ယှဉ်ကာ ဝယ်ယူစားသုံးကြပါ။ ထုတ်လုပ် ရောင်းချတဲ့ လုပ်ငန်းရှင်များအနေနှင့်ကလည်း နိုင်ငံတော်က သတ်မှတ်ထားတဲ့ ဘေးကင်းလုံခြုံမှုရှိတဲ့ အစားအသောက် များကို စေတနာထားထုတ်လုပ်ကြပါလို့ စေတနာနှင့်အကြံပြု တင်ပြရင်း ထုတ်လုပ်သူများအားလုံး "သင့်ကြောင့် စားသုံးသူ များ ဒုက္ခမရောက်ပါစေနှင့် "။

❑

## မအူပင်ခရိုင်၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၂၂)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

မအူပင်ခရိုင်၊ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂၂)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စားသုံးသူ ရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် စက်တင်ဘာ ၂၆ ရက်ကကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးသို့ အဖွဲ့ဝင်များ၊ မိတ်ဖက်ဌာနမှ ဖိတ်ကြားထားသူများနှင့် ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၂၁ ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါအခမ်းအနားတွင် ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဇော်က အဖွင့်အမှာစကားပြော ကြားခဲ့ပြီး၊ မအူပင်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ခရိုင် ဦးစီးမှူး ဦးဇော်မင်းမှ (၂၁)ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များ၏ အကောင်အထည်ဖော်မှုများနှင့် ဌာန၏ လမ်းညွှန်ချက်များကိုတင်ပြပြီး မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်မည့် ရှေ့လုပ်ငန်း စဉ်များကို ဆွေးနွေး ခဲ့ပါသည်။ ဆက်လက်၍ မအူပင်ခရိုင်၊ စားသုံးသူရေးရာဦးစီး ဌာနမှ ဒုခရိုင်ဦးစီးမှူး ဦးအောင်ဇော်ဦးမှ (၂၁)ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များ၏ အကောင်အထည်ဖော်မှု များ၏လုပ်ငန်းအခြေအနေကို အကျယ်တဝင့် ရှင်းလင်းဆွေး နွေးပြီး စာသင်ကျောင်းများ၊ ကျေးရွာလုပ်သားပြည်သူများ၊ ဈေး/ဈေးတန်းများကို အသိပညာပေး ဆောင်ရွက်ပေးမှု၏ အောင်မြင်မှုရရှိသည့် အခြေအနေများကို တင်ပြခဲ့ပါသည်။

မအူပင်ခရိုင်၊ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အကြိမ်၏ (၂၁)မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးဆုံးဖြတ် ချက်အရ မအူပင်ခရိုင် ပန်းတနော်မြို့နယ် အင်းမဈေးနှင့် ကျောင်းမုန့်ဈေးတန်း ရှောင်တခင်စစ်ဆေးမှုမှ သိမ်းဆည်း ထားသော ဈေးဆိုင် ၁၁ ဆိုင်မှ မုန့် ၆၄ မျိုး ဆေးနှစ်မျိုး တန်ဖိုး ငွေ လေးသောင်းနှစ်ထောင့်ငါးရာကျပ် တန်ဖိုးရှိ ရက်လွန်ဆေး နှင့်စားသုံးရန်မသင့်ဟုကြေညာထားသော စားသောက် ကုန် များကို မီးရှို့ဖျက်ဆီးရန်ဆုံးဖြတ်ခဲ့ပြီး ခရိုင်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဇော်မှ ရှေ့လုပ် ငန်းစဉ်များနှင့် နိဂုံးချုပ်အမှာစကား ပြောကြားပြီး သိမ်းဆည်း ထားသော ရက်လွန်ဆေးနှင့် စားသောက်ကုန်များကို မီးရှို့ ဖျက်ဆီးခဲ့ကြောင်း သိရှိရပါသည်။

**Consumer-MT**

## မြန်မာ့ဆိပ်ကမ်းတွင် ၄ .၁၀ . ၂၀၁၈ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆိပ်ကမ်း (၁) | - AS FRIDA | ကုန်သေတ္တာ ၄၆၀ တင်ရန် |
| အေးရှားဝေါလ်ဆိပ်ကမ်း (၁) | - ALS SUZURAN | ကုန်သေတ္တာ ၆၃၆ တင်ရန် |
| အလုံဆိပ်ကမ်း (၁) | - HUNSA BHUM | ကုန်သေတ္တာ ၄၆၇ တင်ရန် |
| အလုံဆိပ်ကမ်း (၃) | - DYNAMIC OCEAN 02 | သကြား ၆၈၀၀ တန် ကုန်ချရန် |
| ဆူးလေဆိပ်ကမ်း (၁) | - FORTUNE | သကြား ၂၀၀၀ တန် ကုန်ချရန် |
| ဆူးလေဆိပ်ကမ်း (၄) | - STC COLUMBUS | သကြား ၇၆၂၄ တန် ကုန်ချရန် |
| ဆူးလေဆိပ်ကမ်း (၅) | - BEST FUTURE | ဆန် ၂၀၀၀၀ တန်ကုန်တင်ရန် |
| ဆူးလေဆိပ်ကမ်း(၇) | - NEW LEVANT | ဆန် ၂၃၅၀၀ တန်ကုန်ချရန် |
| ပိုလ်အောင်ကျော်ဆိပ်ကမ်း(၁) | - HONOR PESCADORES | Deformed Bars ၉၈၉၆ တန်ကုန်ချရန် |
| ပိုလ်အောင်ကျော်ဆိပ်ကမ်း(၃) | - OLYMPIA | ကုန်သေတ္တာ၅၄၃တင် ၂၃၇ကုန်ချရန် |
| MIPL ဆိပ်ကမ်း | - MI MOSA III | Oil Well Equipment ၂၃၅၈ကုန်ချရန် |
| သီလဝါဆိပ်ကမ်း(၁) | - KOTA HASIL | ကုန်သေတ္တာ ၅၀ တင် ၉၀ ချရန် |
| သီလဝါဆိပ်ကမ်း (၅) | - JOSCO TAIZHOU | Steel Product ၂၂၅၀၀ကုန်ချရန် |
| APEX JETTY | - MT FLY SEAL | MOGAS 92 RON ၈၆၃၂တန်ကုန်ချရန် |
| GREEN ASIA JETTY | - MT YU DONG | Diesel Oil ၁၈၆၅၆ တန် ကုန်ချရန် |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| HONG LI-8 | H-BEAN&FERTILIZER ၁၆၆၀၀တန်ကုန်ချရန် | CHINA | ၅.၁၀.၂၀၁၈ |
| GLOBE-6 | Ammonium Nitrate ၃၀၀၀ တန်ကုန်တင်ရန် | VIETNAM | ၅.၁၀.၂၀၁၈ |
| MAJESTIC PESCADORE | Deformed Bars ၅၃၃၅ တန်ကုန်တင်ရန် | INDIA | ၅.၁၀.၂၀၁၈ |
| SN QUEEN | Vehicle +G/C ၂၅၀၂ ကုန်ချရန် | KOREA | ၅.၁၀.၂၀၁၈ |
| MEL POMENI | ဆန် ၂၂၀၀၀ တန်ကုန်တင်ရန် | W/AFRICA | ၅.၁၀.၂၀၁၈ |
| V RED KNOT | Coal (In Bulk) ၂၆၁၁၅ တန်ကုန်ချရန် | INDONESA | ၆.၁၀.၂၀၁၈ |
| TUG:BRANTAS-1202+ BG:SINGA BESAR | Concret Pile ၃၀၁၀ တန်ကုန်တင်ရန် | MALAYSIA | ၇.၁၀.၂၀၁၈ |
| GENIUS STAR | G/C,Unit Vehicle ၅၆၈တန်ကုန်ချရန် | JAPAN | ၇.၁၀.၂၀၁၈ |
| LE LI | G/C,Ammonium Nitrate ၃၀၀၀ တန်ကုန်တင်ရန် | CHINA | ၉.၁၀.၂၀၁၈ |
| RAIN BOW IVY | Steel ၁၀၅၀၀ တန်ကုန်ချရန် | - | ၁၅.၁၀.၂၀၁၈ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| BIPL TRUST | SINGAPORE | အလုံဆိပ်ကမ်း | ၃.၁၀.၂၀၁၈ |
| EVER ALLY | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၅.၁၀.၂၀၁၈ |
| ARE ZOO | SINGAPORE | သီလဝါဆိပ်ကမ်း | ၆.၁၀.၂၀၁၈ |
| PACITA | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၆.၁၀.၂၀၁၈ |
| MATHU BHUM | SINGAPORE | စက်မှုဆိပ်ကမ်း | ၆.၁၀.၂၀၁၈ |
| GSS YANGON | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၇.၁၀.၂၀၁၈ |
| EF ELENA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၇.၁၀.၂၀၁၈ |
| MAERSK WOLGAST | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၇.၁၀.၂၀၁၈ |
| SINAR BINTAN | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၉.၁၀.၂၀၁၈ |
| CAPE FLORES | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၀.၁၀.၂၀၁၈ |
| SOUL OF LUCK | SINGAPORE | သီလဝါ/ပိုလ်အောင်ကျော်ဆိပ်ကမ်း | ၁၀.၁၀.၂၀၁၈ |
| KOTA HADIAH | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၁၁.၁၀.၂၀၁၈ |
| PATHEIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၂.၁၀.၂၀၁၈ |
| RATANA THIDA | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၁၃.၁၀.၂၀၁၈ |
| MCC SHANGHAI | SINGAPORE | သီလဝါဆိပ်ကမ်း | ၁၄.၁၀.၂၀၁၈ |
| ARCA | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၄.၁၀.၂၀၁၈ |
| MCC HALONG | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၅.၁၀.၂၀၁၈ |
| SINAR BALI | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၆.၁၀.၂၀၁၈ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.ORCA PACIFIC | ဒီဇယ်ဆီ | SINGAPORE | ၂၉.၉.၂၀၁၈ |
| MT.MALUKU PALM | MOGAS 92 RON | PUMA JETTY | ၄.၁၀.၂၀၁၈ |
| MT.FLY SEAL | MOGAS 92 RON | APEX JETTY | ၅.၁၀.၂၀၁၈ |
| MT.ATALANTA | ဒီဇယ်ဆီ | - | ၅.၁၀.၂၀၁၈ |
| MT.GLORY STAR | MOGAS 92 RON | SINGAPORE | ၅.၁၀.၂၀၁၈ |
| MT.MESON | P'Oil(In Bulk) | INDONESIA | ၅.၁၀.၂၀၁၈ |
| MT.PRIMROSE | P'Oil(In Bulk) | INDONESIA | ၅.၁၀.၂၀၁၈ |
| MT.SENNA-3 | LPG(GAS) | SINGAPORE | ၆.၁၀.၂၀၁၈ |
| MT.ASPIRE | BITUMEN | SINGAPORE | ၆.၁၀.၂၀၁၈ |
| MT.CORVUS | P'Oil(In Bulk) | INDONESIA | ၆.၁၀.၂၀၁၈ |
| MT.PHUBAL PATTRA-2 | Diesel Oil | SINGAPORE | ၁၀.၁၀.၂၀၁၈ |
| MT.ORCA PACIFIC | Diesel Oil | SINGAPORE | ၁၀.၁၀.၂၀၁၈ |
| MT.OCEAN WINNER | MOGAS 92 RON | SINGAPORE | ၁၀.၁၀.၂၀၁၈ |
| MT.YU DONG | Diesel Oil+MOGAS 92 RON | SINGAPORE | ၁၃.၁၀.၂၀၁၈ |
| MT.PRIMROSE | P'Oil(In Bulk) | INDONESIA | ၁၆.၁၀.၂၀၁၈ |
| MT.CHAO ANOMA | P'Oil(In Bulk) | INDONESIA | ၁၇.၁၀.၂၀၁၈ |
| MT.MESON | P'Oil(In Bulk) | INDONESIA | ၁၈.၁၀.၂၀၁၈ |

# ကြက်သွန်၊ ပြောင်း၊ နှမ်း၊ နနွင်း

## ပခုက္ကူခရိုင်တွင် ကြက်သွန်နီဈေးအနည်းငယ်ကျဆင်း

ယခုတစ်ပတ် ကြက်သွန်နီမှာ အဝင်နည်းပြီး ဈေးအနည်းငယ်ကျဆင်းလျက်ရှိကြောင်းသိရပါတယ်။ ကြက်သွန်နီစိုက်ပျိုးရာဒေသများဖြစ်သည့် ပေါက်၊ ဆိပ်ဖြူ ရေစကြိုဒေသများမှ ဆောင်းစိုက်(ပင်စိုက်)များမှာ ဥပုသ်နေ့မှလွဲ၍ နေ့စဉ်ပိဿာချိန် ၃၀၀၀၀ မှ ၅၀၀၀၀ကြား ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပခုက္ကူမြို့၏ယခုတစ်ပတ်ကြက်သွန်နီလက်ကားဈေးနှုန်းများမှာ ကြက်သွန်နီထိပ်စ တစ်ပိဿာလျှင် ကျပ် ၁၀၀၀- ၁၀၅၀-၁၁၀၀၊ လတ်စတစ်ပိဿာလျှင် ကျပ် ၉၀၀-၉၅၀၊ အနိမ့်စတစ်ပိဿာလျှင် ကျပ် ၈၀၀-၈၅၀ ဈေးဖြင့် နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ဆိပ်ဖြူမြို့၏ ကြက်သွန်နီလက်ကားဈေးမှာ ထိပ်စတစ်ပိဿာလျှင် ကျပ် ၉၇၅ -၁၀၇၅-၁၂၀၅၊ လတ်စတစ်ပိဿာလျှင် ကျပ် ၉၀၀-၉၅၀ ၊ အနိမ့်စတစ်ပိဿာလျှင် ကျပ် ၈၂၅-၉၀၀ ဈေးများဖြင့် နေ့စဉ်ပိဿာချိန် ၂၀၀၀၀ မှ ၅၀၀၀၀ ကြားတွင် ပုံမှန်အရောင်းအဝယ်ဖြစ်နေပြီး ရန်ကုန်နှင့်မန္တလေးမြို့များသို့လည်းတင်ပို့လျက်ရှိကြောင်းသိရပါတယ်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## ပြည်ကြက်သွန်နီဈေးကွက် ဈေးမြင့်၍အရောင်းအဝယ်အေး

ပြည်ဈေးကွက်အတွင်း ကြက်သွန်နီသီးနှံအနေဖြင့် အောင်လံ၊ ပခုက္ကူ၊ ဆိပ်ဖြူ ကျောက်ပန်းတောင်းဘက်မှ ယခုတစ်ပတ်တွင် ပိဿာ ၃၀ ဝင်အိတ် ၃၀၀ ခန့်ဝင်ရောက်မှုရှိပြီး ပုံမှန်ထက်ဝင်ရောက်မှုနည်းနေကြောင်း သိရပါတယ်။ ကြက်သွန်နီအဓိကထွက်ရှိရာ မကွေးတိုင်း၊ မန္တလေးတိုင်းတို့သို့ မူဆယ်ဘက်မှဝယ်လက်များ အဆွဲများနေကြောင်းသိရပြီး စိုက်ပျိုးသူတောင်သူများအနေဖြင့်လည်း ရောင်းအားကောင်းကာ တွက်ခြေကိုက်လျက်ရှိနေကြောင်း သိရပါတယ်။ ပြည်ပွဲရုံများတွင် အရောင်းအဝယ်အားဖြင့် ပုံမှန်ဈေးကွက်ဖြင့်သာ ရောင်းဝယ်မှုရှိပြီး အရောင်းအဝယ်အေးသဖြင့် လက်ကားဈေးနှုန်းများတစ်ပိဿာလျှင် ကျပ် ၅၀-၁၀၀ ခန့်လျော့နည်းရောင်းချနေရကြောင်းသိရပါတယ်။ ဈေးနှုန်းအားဖြင့် ပွဲရုံလက်ကားဈေး တစ်ပိဿာလျှင် အရည်အသွေးပေါ်မူတည်၍ ကျပ် ၉၅၀-၁၀၀၀-၁၁၀၀-၁၂၅၀-၁၃၀၀ စသည်ဖြင့်ခွဲခြားရောင်းချပြီး လက်လီ ဈေးအသေးများတွင် တစ်ပိဿာကို (ကြီး) ကျပ် ၁၄၀၀၊ (လတ်) ကျပ် ၁၄၀၀-၁၅၀၀-၁၆၀၀၊ (သေး) ကျပ် ၁၂၀၀-၁၃၀၀ နှုန်းတို့ဖြင့် ရောင်းဝယ်လျက်ရှိနေကြောင်း သိရပါတယ်။ ပြည်ပွဲရုံများတွင်ရောင်းချလျက်ရှိသော တရုတ်ကြက်သွန်နီများအနေဖြင့် လက်လီ/လက်ကားတစ်ပိဿာလျှင် ကျပ် ၆၀၀ မှ ကျပ် ၇၀၀ နှုန်းရှိပေမယ့် စားသုံးသူပြည်သူများမှ ဈေးနှုန်းသက်သာသော်လည်း အရည်အသွေးမကောင်းသဖြင့် အကြိုက်မတွေ့ဘဲ ဝယ်ယူစားသုံးမှုမရှိသည့်အတွက် အရောင်းအဝယ်မဖြစ်ကြောင်းလည်း သိရပါတယ်။

**ဝင်းလဲ့ဝါ(ပြည်)**

## ရှမ်းပြည်နယ်၏အဓိကထွက်ကုန်ပြောင်းဖူးစေ့များ ဈေးကွက်သို့ လှိုင်လှိုင်ဝင်ရောက်လာတော့မည်

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးဈေးကွက်အတွင်း ရှမ်းပြည်နယ်၏အဓိကထွက်ကုန် ပြောင်းဖူးစေ့များဈေးကွက်သို့ လှိုင်လှိုင်ဝင်ရောက်တော့မည်ဖြစ်တယ်လို့ သိရပါတယ်။

အထူးသဖြင့် တောင်ကြီး၊ ရပ်စောက်၊ အောင်ပန်းမြို့နှင့်ပတ်ဝန်းကျင်ရွာတွေက ပြောင်းများ မြနဒီအခြောက်ခံစက်ရုံကိုပြောင်းတစ်ပိဿာ ၂၇၀ မှ ၃၁၀ ကျပ်အထိ အစိုဒီဂရီပေါ်မှာမူတည်ပြီး ရောင်းချလျက်ရှိပြီး မြနဒီပြောင်းအခြောက်ခံစက်ရုံက တစ်ရက်တစ်တင်းခွဲ ဝင်ပြောင်းအိတ်ရေ ၂၀၀၀မှ ၃၀၀၀အထိ အခြောက်ခံပြီး ရန်ကုန်မြို့အစာစပ်စက်ရုံများသို့ပို့နေတယ်လို့သိရပါတယ်။ ဈေးကွက်တွင် ပြောင်းအဝင်လှိုင်လာတာနဲ့အမျှ ပြောင်းအစိုဈေးနှုန်းအနည်းငယ်ကျလာတာကိုတော့တွေ့ရပါတယ်။ ဝယ်ရောင်းလုပ်နေတဲ့ကုန်သည်တွေကတော့ အစိုဒီဂရီများသေးတဲ့အတွက် လိုသလောက်ဝယ်နေကြပါတယ်။

ပြောင်းအခြောက်ဈေးနှုန်းကတော့ ၄၇၀-၅၁၀ ကျပ်ဈေးရှိတယ်လို့ ဆိုပါတယ်။ ပြောင်းတစ်ပိဿာ သယ်ယူခနှုန်းတွေကတော့ တောင်ကြီးမှ မန္တလေး ၃၅ ကျပ်၊ တောင်ကြီး၊ မူဆယ် ၁၀၀-၁၁၀ကျပ်၊ တောင်ကြီးမှ ရန်ကုန် ၅၀ ကျပ်၊ ရပ်စောက်၊ မူဆယ် ၉၀ ကျပ် ဈေးအသီးသီးရှိကြောင်း သတင်းရရှိပါတယ်။

**စောမောင် (တောင်ကြီး)**

## ယခင်တစ်ပတ်ထက် နနွင်းတင်ပို့မှုလျော့

စက်တင်ဘာ ၂၃ ရက်မှ ၂၉ရက် သီတင်းပတ်အတွင်း နနွင်း၅၉ ဒသမ ၈၅တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံသို့ သုညဒသမ ၈တန်၊ ရီမင်နိုင်ငံသို့ ၅၇ ဒသမ ၀၅ တန်နဲ့ နီပေါနိုင်ငံသို့ ၂တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ရီမင်နိုင်ငံသို့ အများဆုံးတင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ယခင်သီတင်းပတ်က နနွင်း၁၇၇ တန်ကျော်တင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၁၁၀ ကျော်တင်ပို့မှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ နနွင်း(ရှမ်းစ)ကတစ်တန်ကို အမေရိကန်ဒေါ်လာ ၁၁၀၀ ဝန်းကျင်ရရှိခဲ့ပြီး နနွင်း(ရိုးရိုး)က တစ်တန်ကို အမေရိကန်ဒေါ်လာ ၃၀၀-၃၂၀ ဝန်းကျင် ရရှိခဲ့ပါတယ်။ ဒီတစ်ပတ် နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၀၅၁၅ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## ပြည်နှမ်းဈေး ဆက်လက်မြင့်တက်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် နှမ်းဈေးဆက်လက်မြင့်တက်နေတာတွေ့ရပါတယ်။ ဝင်ရောက်မှုမှာလည်း တစ်နေ့လျှင် အိတ် ၂၀၀ လောက်သာ ဝင်ရောက်မှုရှိသဖြင့် ဈေးကွက်တွင် ပစ္စည်းရှားပြီး ဝယ်လိုအားရှိလို့ ဈေးဆက်မြင့်လာတာတွေ့ရပါတယ်။ ယခုနှစ်တွင် မိုးနှမ်းအထွက်နှုန်းနည်းပြီး ဝယ်ယူမှုအားကောင်းသဖြင့် ဈေးမြင့်လာတာတွေ့ရပါတယ်။

မင်းတုန်း၊ ကံမဘက်မှ နှမ်းအိတ်အနည်းငယ်သာဝင်ရောက်မှုရှိပြီး ဝင်ရောက်လာတဲ့နှမ်းများမှာ နှမ်းနက်သာဖြစ်ပြီး နှမ်းနီမရှိသလောက်ရှားလို့ ဆီစက်များက ဆီကြိတ်ရန်အတွက် ဈေးကြီးပေးပြီး နှမ်းနီကိုဝယ်ယူရသဖြင့် နှမ်းဆီဈေးမှာလည်း မြင့်လာတာတွေ့ရပါတယ်။ နှမ်းနက်ကိုလည်း မန္တလေးဝယ်လက်များက ပစ္စည်းသန့်လို့ ဈေးပေးဝယ်ယူနေသဖြင့် ဈေးမြင့်လာတာဖြစ်တယ်လို့ သိရပါတယ်။

ယခုတစ် ပတ်နှမ်းဈေးများမှာ နှမ်းနီသုံးတင်းတစ်အိတ်လျှင် ကျပ် ၁၅၀၀၀၀၊ နှမ်းနက်သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၆၅၀၀၀နှင့်စမုံနက်နှမ်းသုံးတင်းတစ်အိတ်လျှင်ကျပ် ၂၃၀၀၀၀ ဖြင့် ယခင်တစ်ပတ်ကထက်ဈေးမြင့်လာတာတွေ့ရပါတယ်။ ဆီဈေးမှာလည်း တစ်ပိဿာလျှင် ကျပ် ၆၈၀၀ မှ ကျပ် ၇၀၀၀ ထိဈေးမြင့်တက်လာတာတွေ့ရပါတယ်။

**ဝေဝေမင်း(ပြည်)**

## အညာဒေသတွင် တစ်ပိုင်တစ်နိုင်ဝက်မွေးမြူရေးလုပ်ငန်းများ ဝက်ဈေးမြင့်၍တွက်ခြေကိုက်နေ

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်တွင် ဝက်မွေးသူများဝက်ဈေးမြင့်တက်သဖြင့် ဈေးကောင်းရနေကာ တွက်ခြေကိုက်နေကြောင်းဒေသခံမွေးမြူသူများထံမှ သိရသည်။ အညာဒေသရေနံချောင်းမြို့နယ်၊ ချောက်မြို့နယ်များတွင် ဝက်ကို တစ်နိုင်တစ်ပိုင်အဖြစ် စီးပွားဖြစ်မွေးမြူကြကာ ဝက်မတစ်ကောင်လျှင် တစ်နှစ်နှစ်ကြိမ်မှ သုံးကြိမ်အထိ သားတင်နိုင်ကာ တစ်ကြိမ်လျှင် ၅ ကောင်မှ ၈ ကောင်အထိ သားပေါက်ကြောင်းသိရသည်။

“လူနေအိမ်များမှစွန့်ပစ်သည့်မီးဖိုချောင်မှ ထမင်းကျန်ဟင်းကျန်များ၊ ထမင်းရည်များ၊ တောင်သူလယ်သမားများ၏ ကောက်ပဲသီးနှံများနှင့် ပဲဖတ်နှမ်းဖတ်ဖွဲများကို ဝက်အစားအစာအဖြစ် အသုံးပြုနိုင်တဲ့အတွက်သီးခြားငွေကုန်ကျမှုမရှိတာကြောင့် ဝက်မွေးသူများပါတယ်”ဟုရေနံချောင်းမြို့က ဝက်မွေးမြူသူတစ်ဦးက ပြောပါသည်။

လက်ရှိဝက်တစ်ကောင်လျှင် ကျပ်၂၃၀၀၀၀ ကနေကျပ်၂၆၀၀၀၀အထိရှိကြောင်း၊ ရှမ်းပြည်နယ်နှင့်မန္တလေးဘက်ကို ကားများဖြင့်တင်ပို့ကြောင်း၊ယခင်လက ဝက်တစ်ကောင် ကျပ်၂၀၀၀၀၀ သာရှိကြောင်း၊ ဝက်ကို အကောင်အနေအထားအလိုက် ဈေးပေးဝယ်ယူကြောင်းသိရသည်။

**ရွှေဇင်**

## အညာဒေသ၌သိုးကို ယခင်ကထက် ကျေးရွာများတွင် မွေးမြူပြီးဝင်ငွေရနေ

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်နှင့်နတ်မောက်မြို့နယ်တွင် သိုးကို ယခင်ကထက် မွေးမြူနေကြကာသီးနှံမှရရှိသော ဝင်ငွေအပြင်မွေးမြူရေးကလည်း တစ်ဖက်တစ်လမ်းမှ ဝင်ငွေနေကြောင်းသိရသည်။

“ရာသီဥတုပြောင်းလဲတာ(မိုးရွာသွန်းမှုနည်းခြင်း)ကြောင့် သီးနှံအထွက်ကျဆင်းရင်မွေးမြူရေးကနေ ကျေးလက်နေသူတို့ဝင်ငွေရတယ်။ မိသားစုဘဝအဆင်ပြေတာပေ့ါ။ ကျွန်တော်ကတော့ ဆိတ်အကောင် ၅၀မွေးမြူနေရာက သိုးကိုပါမွေးမြူတာပါ။ သိုးကိုဘာကြောင့်မွေးသလဲဆိုတော့ ကျွဲနွားသိုးဆိတ်တွေပြည်ပကိုပို့ခွင့်ပြုနေတယ်ကြားတယ်။ ဒါကြောင့်ဈေးကောင်းတယ်ဆိုပြီး မျှော်လင့်မွေးကြတာပါ”ဟု ရေနံချောင်းမြို့နယ်ကုက္ကိုယ်ခွကျေးရွာက ဒေသခံကပြောသည်။ ယခင်က ဆိတ်ကိုသာအဓိထား၍မွေးမြူကြပြီးဆိတ်တစ်ကောင်လျှင် ယခင်ကျပ် ၂၀၀၀၀ ရှိရာမှ ယခုကျပ် ၆၀၀၀၀ အထိရှိနေကာ မိသားစုစားဝတ်နေရေးအဆင်ပြေကြောင်းသိရ သည်။

“သိုးအကောင်သုံးဆယ်မွေးထားတယ်တစ်ကောင်ကျပ် ၃၀၀၀၀ကနေ ကျပ် ၅၀၀၀၀ ထိဈေးရှိတယ်။ ဒေသနှင့်ကိုက်ညီတဲ့အပြင် စားကျက်မှာလွှတ်ကျောင်းလို့ရတယ်။ အစားအစာစရိတ် သီးသန့်မကုန်ဘူး။ ဒါကြောင့်မွေးမြူသင့်တာပါ”ဟုဒေသခံတစ်ဦးက ပြောသည်။ ယခုအခါဒေသခံများအတွက် မွေးမြူရေးမှဝင်ငွေတိုးနေသည့်အတွက် သိုးကိုယခင်ကထက် မွေးမြူနေကြကြောင်း ဒေသခံများပြောပြချက်အရ သိရသည်။

**ဆန်းညွန့်(ရေနံချောင်း)**

## ခရီးသွားကဏ္ဍဖွံ့ ဖြိုးတိုးတက်ရေးဗီဇာပြေလျော့မှုအစီအစဉ်စတင် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ခရီးသွားဧည့်သည်များစတင်ဝင်ရောက်

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် အောက်တိုဘာ ၁ ရက်မှစတင်ပြီး သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူ ဂျပန်၊ တောင်ကိုရီး ယား၊ တရုတ်၊ မကာအိုနှင့်ဟောင်ကောင်နိုင်ငံသား ကမ္ဘာလှည့်ခရီးသည်များအား ဗီဇာကင်းလွတ်ခွင့်ကို ၂၀၁၈ ခုနှစ် အောက်တိုဘာ၁ရက်မှစ၍ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ စမ်းသပ်ကာလတစ်နှစ်သတ်မှတ်၍ခွင့်ပြုပေးခဲ့ရာ အပြည်ပြည်ဆိုင်ရာ ဝင်/ထွက်ပေါက်ဖြစ်သောမန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့အောက်တိုဘာ၁ရက်နံနက်ပိုင်းက တရုတ်နိုင်ငံသားခရီးသည် ၁၃၀ ဦးစတင်ဝင်ရောက်လာရာ မန္တလေးတိုင်းဒေသကြီး မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန(မန္တလေးရုံးခွဲ)မှ တာဝန်ရှိသူများကကြိုဆိုကြသည်။ ညနေပိုင်းတွင်လည်း တရုတ်ထိုင်းလေကြောင်းလိုင်းများဖြင့်ဂျပန်၊ တောင် ကိုရီးယား၊ တရုတ်၊ ဟောင်ကောင်၊မကာအိုနိုင်ငံများမှခရီးသွားဧည့်သည်များ ဝင်ရောက်ခဲ့ကြပြီး နောက်ရက်များတွင်လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်းကျိုးမြို့မှတစ်ဆင့်တရုတ်လေကြောင်းလိုင်းဖြင့် လာရောက်လည်ပတ်ရန်ရှိကြောင်း ဟိုတယ်နှင့်ခရီးသွားလာမှုညွှန်ကြားမှုဦးစီးဌာန(မန္တလေးရုံးခွဲ)မှသိရသည်။

မြန်မာ-အိန္ဒိယနယ်စပ်ရှိတမူးနှင့်ရိခေါဒေါ်ရ်ကုန်းတွင်းဝင်ထွက်ပေါက်မှလည်းကောင်း ဝင်ထွက်ခွင့်အား ကမ္ဘာလှည့်ခရီးသွားဗီဇာတစ်မျိုးတည်းအတွက်သာ စမ်းသပ်ခွင့်ပြုပေးမည်ဖြစ်ပြီး မြန်မာနိုင်ငံအတွင်းရက်၃၀ နေခွင့်ပြုကာ နေခွင့်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားခြင်းကို ခွင့်ပြုမည်မဟုတ်ကြောင်းသိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# ၂၀၁၈ ခုနှစ်ဘဏ္ဍာနှစ်တွင် ပြည်ပကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၁၈ ဘီလီယံကျော်ရရှိ၊ စံချိန်တင်မြင့်တက် ပို့ကုန်အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံခန့် ပိုမိုတင်ပို့နိုင်ပြီး ကုန်သွယ်မှုလိုငွေ ယခင်နှစ်ထက်လျော့ကျ

ပြည်သုတ




နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သည့်နေရာတွင် ကုန်သွယ်ရေးကဏ္ဍသည် အရေးကြီးသောအခန်းကဏ္ဍတွင် တည်ရှိနေပါတယ်။ သို့အတွက် နှစ်စဉ်ကုန်သွယ်မှုပမာဏတိုးတက်အောင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများမှ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်သည် မြန်မာ့ကုန်သွယ်မှု သမိုင်းတစ်လျှောက် ကုန်သွယ်မှုပမာဏအများဆုံး ဆောင်ရွက်နိုင်ခဲ့သည့် နှစ်တစ်နှစ်ဖြစ်ခဲ့သလို ဆက်လက်ပြီး ၂၀၁၈ ခုနှစ် (Mini Budget) တွင်လည်း ပိုမိုတိုးမြင့်ဆောင်ရွက်နိုင်ရေး ဘက်စုံကြိုးပမ်းအားထုတ် ဆောင်ရွက်ခဲ့တဲ့အတွက် ပြည်ပကုန်သွယ်မှုမြင့်တက်ပြီး ကုန်သွယ်မှုလျာထားချက်ထက် ကျော်လွန်အောင်ဆောင်ရွက်နိုင်ခဲ့တာကို တွေ့ရှိရပါတယ်။

၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာအထိ) Mini Budget (၆)လတာကာလမှာ ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၄ ဘီလီယံခန့် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရပါတယ်။ အဆိုပါ ကာလအတွက် ကုန်သွယ်မှုပမာဏ လျာထားချက်သည် အမေရိကန် ဒေါ်လာ ၁၃ ဒသမ ၇ ဘီလီယံဖြစ်သဖြင့် လျာထားချက် ပြည့်မီရုံမျှမက ကျော်လွန်ကာ(၁၃၃ရာခိုင်နှုန်း)ဆောင်ရွက်နိုင်ခဲ့တာကို တွေ့ရှိရပါတယ်။ ယခုနှစ် (ဧပြီလမှ စက်တင်ဘာအထိ) ကာလမှာ ဆောင်ရွက်နိုင်သော ကုန်သွယ်မှုပမာဏသည် ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံ ပိုမိုဆောင်ရွက်နိုင်ခဲ့တာကို တွေ့ရှိရသည့်အတွက် သမိုင်း မှတ်တိုင်စိုက်ထူနိုင်ခဲ့သည့် ယခင်နှစ်ထက်ပင် ယခုနှစ် ကုန်သွယ်မှုပမာဏဟာ ပိုမိုလျက်ရှိတာကို တွေ့ရပါတယ်။ ဤအချက်များကို ကြည့်ခြင်းအားဖြင့် ပြည်ပကုန်သွယ်မှုဟာ အရှိန်အဟုန်ကောင်းစွာနဲ့ ဆက်လက်တိုးတက်လျက်ရှိတာကို တွေ့ရမှာဖြစ်ပါတယ်။

၂၀၁၈ ခုနှစ် (Mini Budget) အတွင်း ပို့ကုန်တင်ပို့နိုင်မှုကိုကြည့်ရင် အမေရိကန်ဒေါ်လာ ၈ ဒသမ ၅ ဘီလီယံရှိပြီး ယခင်နှစ် ကာလတူထက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံ ပိုမိုတင်ပို့နိုင်ခဲ့တယ်ဆိုတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ တိရစ္ဆာန်ထွက်ပစ္စည်းတင်ပို့မှု၌ ၂၀၁၈ ခုနှစ် (Mini Budget) အတွင်း အမေရိကန်ဒေါ်လာ ၁၇၈ သန်းကျော်တင်ပို့နိုင်ခဲ့ပြီး ယခင်ကာလတူတွင် အမေရိကန်ဒေါ်လာ ရှစ်သန်းသာ တင်ပို့နိုင်ခဲ့သောကြောင့် အမေရိကန်ဒေါ်လာ သန်း ၁၇၀ ပိုမိုတင်ပို့နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ၂၀၁၇ ခုနှစ် အောက်တိုဘာ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၁၇) ဖြင့် ကျွဲ၊ နွားအရှင်များ တင်ပို့ခွင့်ပြုခဲ့ပြီးဖြစ်ပါသဖြင့် တိရစ္ဆာန်ထွက်ပစ္စည်းအုပ်စုတွင် ယခင်နှစ်ထက် ပိုမိုတင်ပို့နိုင်ခဲ့ခြင်းဖြစ်ပြီး တိရစ္ဆာန်အရှင် တင်ပို့မှုအနေဖြင့် နွားအရှင် ၁၁၅၀၃၄ ကောင်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၃၈ သန်း၊ ကျွဲအရှင် ၁၉၅၆၃ ကောင် တန်ဖိုး အမေရိကန်ဒေါ်လာ ၂၅ သန်း၊ ဆိတ်အရှင် ၆၄၀၈၀ ကောင် တန်ဖိုး အမေရိကန်ဒေါ်လာ ၂ သန်း တင်ပို့နိုင်ခဲ့သည့်အပြင် ဘဲအရှင်တင်ပို့မှုအနေဖြင့်လည်း ၉၇၁၀၀ ကောင်၊ တန်ဖိုး အမေရိကန် ဒေါ်လာ သုည ဒသမ ၁၉၄ သန်း တင်ပို့နိုင်ခဲ့ပါတယ်။

ရေထွက်ပစ္စည်းတင်ပို့မှုတွင်လည်း ၂၀၁၈ ခုနှစ် (Mini Budget) အတွင်း တန်ဖိုး အမေရိကန်ဒေါ်လာ ၂၉၈ သန်းကျော်တင်ပို့နိုင်ခဲ့ပြီး ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ခုနစ်သန်းကျော် ပိုမိုတင်ပို့နိုင်ခဲ့သဖြင့် ယခုဘဏ္ဍာနှစ် ရေထွက်ပစ္စည်းတင်ပို့မှု ပိုမိုတိုးတက်လာနိုင်ကြောင်း သုံးသပ်ရရှိပါတယ်။

သတ္တုတွင်းထွက်ပစ္စည်းများ တင်ပို့မှုတွင် ၂၀၁၈ ခုနှစ် (Mini Budget) အတွင်း သတ္တုတွင်းထွက်ပစ္စည်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၀၃၅ သန်း တင်ပို့နိုင်ခဲ့ပြီး ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၃၆၉ သန်း ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ သတ္တုနှင့် သတ္တုရိုင်းများ တင်ပို့မှု တန်ဖိုး အမေရိကန်ဒေါ်လာ ၄၃၅ သန်းတင်ပို့နိုင်ပြီး ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၁၄၁ သန်းနှင့် ကျောက်စိမ်းတင်ပို့မှု တန်ဖိုးအမေရိကန် ဒေါ်လာ ၄၀၂ သန်းတင်ပို့နိုင်ပြီး ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၁၉၆ သန်းပိုမိုတင်ပို့နိုင်ခဲ့ကြောင်းတွေ့ရှိရပါတယ်။

၂၀၁၈ ခုနှစ် (Mini Budget) အတွင်း ပို့ကုန်တင်ပို့မှုတွင် စက်မှုကုန်ချောပစ္စည်းအုပ်စုမှ CMP စနစ်ဖြင့် ချုပ်ပြီးအထည် တန်ဖိုး အမေရိကန်ဒေါ်လာ ၂၂၇၉ သန်းဖြင့် တင်ပို့မှုတန်ဖိုးအများဆုံးဖြစ်ပြီး ယခင်ကာလတူထက် တန်ဖိုးအမေရိကန်ဒေါ်လာ ၁၀၀၃ သန်းပိုမိုတင်ပို့ခဲ့ပါတယ်။ သဘာဝဓာတ်ငွေ့သည် တန်ဖိုးအမေရိကန်ဒေါ်လာ ၁၅၅၆ သန်းဖြင့် တင်ပို့မှုတန်ဖိုး ဒုတိယအများဆုံးနေရာတွင်ရှိနေပြီး ယခင်နှစ်ကာလတူထက် တန်ဖိုးအမေရိကန်ဒေါ်လာ ၈၆ သန်း လျော့နည်းတင်ပို့နိုင်ခဲ့ပါတယ်။

သွင်းကုန် တင်သွင်းမှုအနေနဲ့ကတော့ ၂၀၁၈ ခုနှစ် (Mini Budget) အတွင်း အမေရိကန်ဒေါ်လာ ၉ ဒသမ ၈ ဘီလီယံ တင်သွင်းနိုင်ခဲ့ပြီး ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ သန်း ၇၀၀ ခန့် ပိုမိုခဲ့ကြောင်း တွေ့ရှိရပါတယ်။

ဆောက်လုပ်ရေးသုံး ပစ္စည်းများ၊ စက်သုံးဆီ အပါအဝင် ရေနံထွက်ပစ္စည်း၊ စက်နှင့်စက်ပစ္စည်းများ၊ ကုန်ကြမ်းနှင့် စိုက်ပျိုးရေးသွင်းအားစု၏ အဓိကလိုအပ်ချက်ဖြစ်သည့် ဓာတ်မြေဩဇာများ ပိုမိုတင်သွင်းလာသည်ကို ကြည့်ခြင်းအားဖြင့် မိမိနိုင်ငံတွင်းရှိ ပြည်ပကုန်ကြမ်းအသုံးပြုထုတ်လုပ်သော ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ အသေးစား/အလတ်စား SMEs လုပ်ငန်းများ၊ တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများနှင့် ပင်မစိုက်ပျိုးရေးနယ်ပယ်များ၌ လုပ်ငန်းများကောင်းစွာလည်ပတ်လုပ်ကိုင်လျက်ရှိတာကို သိရှိနိုင်မှာပဲဖြစ်ပါတယ်။

ကုန်သွယ်မှုပမာဏ တိုးတက်စေရေးအတွက် ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့်လည်း ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဖြေလျော့ပေးခြင်း၊ ပို့ကုန်သွင်းကုန်လိုင်စင်လျှောက်ထားရန် လိုအပ်တဲ့ (negative list) ကုန်ပစ္စည်းအမယ် HS code လိုင်းများအား ဖြေလျော့ပေးခြင်း၊ ကျွဲ၊ နွား၊ သိုး၊ ဆိတ်အရှင်များအား သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ပသို့တရားဝင်တင်ပို့ခွင့်ပြုခြင်း၊ ရွှေ လက်ဝတ်ရတနာ၊ ရွှေဖြင့် ပြုလုပ်ထားတဲ့ အနုပညာပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများကိုလည်း စည်းကမ်းသတ်မှတ်ချက်နဲ့အညီ တင်ပို့တင်သွင်းခွင့်ပြုခြင်း၊ နိုင်ငံခြားဖက်စပ်ကုမ္ပဏီများ၊ နိုင်ငံခြားကုမ္ပဏီများအား ဓာတ်မြေဩဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေး၊ ဆေးရုံသုံး စက်ကိရိယာများနှင့် ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများကိုလည်း ကုန်သွယ်ခွင့်ပြုခြင်း၊ နိုင်ငံခြားသားကုမ္ပဏီ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသား ပေါင်းစည်းဆောင်ရွက်သည့် ကုမ္ပဏီများအား ပြည်တွင်းတွင် လက်လီ/လက်ကား ရောင်းချခွင့်ပြုခြင်းများကို ဖြေလျော့ဆောင်ရွက်ပေးခဲ့ပါတယ်။

ယခုလို ဖြေလျော့မှုများ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိသော်လည်း အားနည်းချက်၊ အခက်အခဲများရှိနေဆဲဖြစ်ကြောင်းတွေ့ရှိရပါတယ်။ ကုန်စည်သယ်ယူပို့ဆောင်သည့် Logistic Cost မြင့်တက်သည်နှင့်အမျှ Production Cost မှာလည်း မြင့်တက်လျက်ရှိပါတယ်။ ပြည်ပနိုင်ငံများသို့ ကုန်ပစ္စည်းထုတ်လုပ်တင်ပို့မှုတွင်လည်းအရည်အသွေးမီ၊ စံချိန်စံညွှန်းမီ ပစ္စည်းများတင်ပို့ရန် လိုအပ်လျက်ရှိနေဆဲဖြစ်ပါတယ်။ အရည်အသွေးမီ၊ စံချိန်စံညွှန်းမီ ထုတ်လုပ်တင်ပို့နိုင်မှသာ နိုင်ငံတကာသို့ တင်ပို့ရာတွင်ဈေးကောင်းရရှိပြီး ဈေးကွက်လည်းပိုမိုချဲ့ထွင်လာနိုင်မှာဖြစ်ပါတယ်။ မိမိနိုင်ငံမှ ပြည်ပနိုင်ငံများသို့ တင်ပို့သော ကုန်ပစ္စည်းများအား (Raw) ကုန်ကြမ်းတင်ပို့မှုထက် (Value Added) ကုန်ချောအနေဖြင့် ပိုမိုထုတ်လုပ်ထွက်ရှိ တင်ပို့နိုင်ဖို့ လိုအပ်ဆဲဖြစ်ကြောင်း စသည့် အားနည်းချက်များအား တွေ့ရှိရပါတယ်။ အလားတူ ရရှိပြီးဈေးကွက် မပျောက်ဆုံးစေရန်၊ မလျော့နည်းစေရန် မိမိတို့ထုတ်လုပ်မယ့် ကုန်ပစ္စည်း အမျိုးအစား၊ အရည်အသွေး မှန်ကန်ကောင်းမွန်မှု၊ ထုတ်လုပ်မှုကုန်ကျစရိတ် လျှော့ချနိုင်မှုဟာ ပို့ကုန်တိုးမြင့်တင်ပို့ရေးအတွက် အဓိကလိုအပ်ချက် ဖြစ်နေဆဲဖြစ်ပါတယ်။

အစိုးရသစ်လက်ထက်တွင် မြန်မာနိုင်ငံ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍပေါင်းစုံအား တွန်းအားပေးဆောင်ရွက်လျက်ရှိရာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် "ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ"ကို ဖွဲ့စည်းခဲ့ပြီး အဆိုပါကော်မတီတွင် ဒုတိယသမ္မတမှ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်းပါဝင်ပြီး အခြားဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ ပါဝင်ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအား ဖွဲ့စည်းပြီးသည့်အချိန်မှစ၍ ကုန်သည်လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ တွေ့ဆုံပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့တာကြောင့် ယခုကဲ့သို့ အောင်မြင်တိုးတက်မြင့်မားလာတာ ဖြစ်ပါတယ်။ ဒုတိယသမ္မတ (၁) ဦးစီးသည့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးကော်မတီသည် လစဉ်ပုံမှန်တွေ့ဆုံညှိနှိုင်းပေါင်းစပ်မှုများဆောင် ရွက်ပေးခဲ့တာ (၂၀) ကြိမ်မြောက်ထိရောက်ရှိခဲ့ပြီး ကုန်သည်လုပ်ငန်းရှင်အသင်းအဖွဲ့များ၏ တင်ပြချက်များကိုလည်း ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးခဲ့ပြီးဖြစ်ပါတယ်။ ထိုကဲ့သို့ တွေ့ဆုံဆွေးနွေးမှုများဟာ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကိုလည်း များစွာအထောက်အကူ ဖြစ်စေပါတယ်။

ဘဏ္ဍာနှစ်အလိုက် ကုန်သွယ်မှုပမာဏ တိုးမြှင့်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသလို တစ်ဖက်တွင်လည်း ကုန်သွယ်မှုလိုငွေအား ဘဏ္ဍာနှစ်အလိုက် လျှော့ချနိုင်ရေး ရည်မှန်းဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံ၏လက်ရှိအခြေအနေမှာ နိုင်ငံတော် တည်ဆောက်ဆဲကာလတစ်ခုဖြစ်သည့်အတွက် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်နေသည့် ကာလဖြစ်ပါတယ်။

**စာမျက်နှာ ၁၃ သို့**



## ဒီတစ်ပတ် ဓာတ်ဆီ၊ ဒီဇယ် တန်ချိန် ၁၀၀၀၀၀ ကျော်ဝင်

စက်တင်ဘာလ ၂၃ ရက်မှ ၂၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၄၆၃၄၉၀၇ တန်ဖိုးရှိ ဒီဇယ် ၆၆၇၃၄ ဒသမ ၃၈ တန်နဲ့ အမေရိကန်ဒေါ်လာ ၄၀၆၄၂၆၉၈ တန်ဖိုးရှိ ဓာတ်ဆီ ၆၃၀၇၈ ဒသမ ၅၈ တန်၊ စုစုပေါင်း ၁၂၉၈၁၂ ဒသမ ၉၆ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း(92)နဲ့ အောက်တိန်း (95)တို့ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ဒီဇယ်တန်ချိန် ၆၆၇၂၄ တန်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်ဒီဇယ်၁၀ တန်ကျော် အဝင်ပိုခဲ့ပြီး ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဓာတ်ဆီတန်ချိန် ၁၀၈၉၀ ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၅၂၁၀၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဓာတ်ဆီရောဒီဇယ်ပါ အဝင်ပိုခဲ့ပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၈၂၈ တန်ဖိုးရှိ Re-export ဒီဇယ် ၁၆၅၀၄ ဒသမ ၆၄တန် တင်ပို့ခဲ့သလိုတာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၃၇၉၆၅၅ တန်ဖိုးရှိ ဓာတ်ဆီ ၆၁၁ ဒသမ ၈၇ တန် နဲ့ အမေရိကန်ဒေါ်လာ ၁၅၁၈၄၀ တန်ဖိုးရှိ ဒီဇယ် ၂၁၁ ဒသမ ၀၅ တန် မြဝတီကုန်သွယ်ရေးဇုန်မှ ဓာတ်ဆီ ၂၆၇ ဒသမ ၇၂ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**

## တရုတ်နိုင်ငံနဲ့ထိုင်းနိုင်ငံသို့လက်ဖက်ခြောက်ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်နဲ့ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းနှစ်ခုမှ စက်တင်ဘာနောက်ဆုံးပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၄ သန်းတန်ဖိုးရှိ လက်ဖက်ခြောက် ၉၂ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ ၅၆ တန်ခွဲနဲ့ ချင်းရွှေဟော်မှ ၃၅ တန်ခွဲဖြစ်ပါတယ်။

ယခင်တစ်ပတ်က မူဆယ်မှ ၄၄ တန်၊ ချင်းရွှေဟော်မှ ၁၀ တန်စုစုပေါင်း ၅၄ တန်သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် တရုတ်နိုင်ငံသို့ ၃၈ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ စက်တင်ဘာတစ်လလုံးအနေဖြင့် တရုတ်နိုင်ငံသို့ လက်ဖက်ခြောက် တန် ၂၂၀ ကျော်တင်ပို့ခဲ့တယ်လို့ သိရပါ တယ်။

အလားတူမြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၂၀၇၆၇ တန်ဖိုးရှိ လက်ဖက်ခြောက် ၅၃ တန်ကျော်တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့တန် ၃၀ ကျော်နဲ့နှိုင်းယှဉ်ပါက ၂၃ တန်ပိုမိုတင်ပို့ ခဲ့တာတွေ့ရပါတယ်။ စက်တင်ဘာလအတွင်း ထိုင်းနိုင်ငံသို့လက်ဖက်ခြောက်တန်ချိန်၁၂၀ ခန့်တင်ပို့ခဲ့ကြောင်း စခန်းရဲ့စာရင်းများအရ သိရပါတယ်။ **မော်မော်အောင်**

## မူဆယ်မှ သကြား ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့စက်တင်ဘာနောက်ဆုံး ပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၃၀၇ သန်းတန်ဖိုးရှိ Re-export သကြား ၃၀၃၄၄ တန်ကျော်တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၂၀၆၅၂ တန်ကျော်နဲ့နှိုင်းယှဉ်ပါက ၉၆၉၂ တန်ပိုမိုတင်ပို့ခဲ့ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က သကြားတစ်တန်လျှင် ကျပ် ၁၀၅၅၆၀၀ ရှိရာမှ စက်တင်ဘာ ၂၂ ရက်မှ ၂၈ ရက်သီတင်းပတ်အတွင်း ကျပ် ၁၀၀၇၅၀၀ သို့ဈေးကျဆင်းခဲ့ကြောင်း၊ စက်တင်ဘာလအတွင်း မူဆယ်မှ တရုတ်နိုင်ငံသို့ Re-export သကြားတန်ချိန် ၁၂၈၀၀၀ ကျော်၊ ရိုးရိုးသကြားတန်ချိန် ၉၀၀၀ ကျော်တင်ပို့ခဲ့ တယ်လို့ စခန်းမှစာရင်းများအရ သတင်းရရှိပါတယ်။

**မော်မော်အောင်**

## Energy NYMEX 5-10-2018

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 74.89 | 0.56 | 0.73 |
| Brent Crude Futr (USD/bbl) | 85.04 | 0.46 | 0.54 |
| Gasoline Rbob Fut (Cent/gal) | 211.46 | 1.42 | 0.68 |
| Natural Gas Futr (USD/MMBtu) | 3.21 | 0.07 | 1.26 |
| Heating Oil Futr (Cent/gal) | 241.19 | 1.22 | 0.51 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 1-October | 14.57 | 2611.30 | 2026.14 | 6206.24 | 812.00 |
| 2-October | 14.53 | 2645.68 | 2043.99 | 6187.51 | 824.00 |
| 3-October | 14.74 | 2673.23 | 2073.52 | 6233.57 | 831.00 |
| 4-October | 14.57 | 2673.67 | 2220.31 | 6282.50 | 822.00 |
| 5-October | 14.57 | 2614.16 | 2151.99 | 6194.56 | 824.00 |

## အတက်ဈေးပြန်ရောက်လာတဲ့ ပြည်တွင်းရွှေ

ပြည်တွင်းရွှေဈေးနှုန်းသည် စက်တင်ဘာလနောက်ဆုံးပတ်တွင် ဈေးကျခဲ့သော်လည်း အောက်တိုဘာပထမပတ်တွင်တော့ ဈေးအနည်းငယ်တက်လာခဲ့ကြောင်းသတင်းရရှိသည်။ စက်တင်ဘာလနောက်ဆုံးပတ်အတွင်း အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၉၇၅၀၀၀ ရှိခဲ့ရာမှ ယခုလပထမပတ်တွင် ကျပ် ၉၉၁၀၀၀ သို့ ပြန်လည်မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

"အခုရွှေဈေးနဲ့ ဒေါ်လာဈေးကို အစိုးရက ဝင်ထိန်းထားနိုင်ပေမယ့် ပြည်တွင်းက စက်သုံးဆီနဲ့ အခြားအခြေခံစားသောက်ကုန်ဈေးတွေပြန်မကျသေးတော့ ရွှေကဝယ်လိုအားများနေတုန်းပဲ။ ဒီမှာ ရွှေဈေးဘယ်လိုဖြစ်လာနိုင်သလဲဆိုတာကိုစဉ်းစားမယ်ဆိုရင်အခြားကုန်စည်ဈေးနှုန်းတွေသာဆက်တက်နေဦးမယ်ဆိုရင် ပြည်တွင်းရွှေဈေးကလည်း ဆက်တက်ဖို့များနေတယ်"ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးကသုံးသပ်သည်။

ပြည်တွင်းရွှေဈေးကွက်တွင် အောက်တိုဘာ ၁ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၉၇၀၀၀၀ရှိခဲ့ရာမှ အောက်တိုဘာ ၃ရက်တွင် ကျပ် ၉၇၅၀၀၀သို့ မြင့်တက်ခဲ့ပြီး အောက်တို ဘာ၅ရက်တွင် ကျပ်၉၉၁၀၀၀သို့ ဆက်လက်မြင့်တက်ခဲ့ကြောင်းသိရသည်။ ကမ္ဘာ့ရွှေဈေးကွက်မှာတော့ အောက်တိုဘာ ၁ရက်က ရွှေတစ်အောင်စလျှင် ၁၁၈၇အမေရိကန်ဒေါ်လာရှိခဲ့ရာမှ အောက်တိုဘာ၃ရက်တွင် တစ်အောင်စ လျှင် ၁၂၀၃အမေရိကန်ဒေါ်လာသို့ ရောက်ရှိခဲ့ပြီး အောက်တိုဘာ၅ ရက်တွင် ၁၂၀၂အမေရိကန်ဒေါ်လာသို့ ပြန်လည်ကျဆင်းခဲ့ကြောင်းသိရသည်။

**သန်းထိုက်အောင်**

## အကျဈေးဖြင့် ရောင်းဝယ်နေကြတဲ့ ပြည်တွင်းငွေလဲနှုန်း

ပြည်တွင်းငွေလဲဈေးကွက်သည် အောက်တိုဘာပထမပတ်အတွင်း ဈေးနှုန်းမှာ စက်တင်ဘာလနောက်ဆုံးပတ်ဈေးထက် အနည်းငယ်ကျဆင်းခဲ့ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ငွေလဲနှုန်းကို အမေရိကန်တစ်ဒေါ်လာလျှင်၁၅၆၀ ကျပ်မှ တစ်ဒေါ်လာလျှင် ၁၅၁၀ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့ကြောင်းသိရသည်။

ကမ္ဘာ့ဈေးကွက်တွင် ဒေါ်လာဈေး ပြန်မာလာသော်လည်း ပြည်တွင်းဈေးကွက်တွင်မူ အစိုးရ၏ဝင်ရောက်ထိန်းကျောင်းမှု၊ ဒေါ်လာငွေကြေးဈေးကစားသူများကို ဖမ်းဆီးထိန်းသိမ်းခြင်း၊ တရားမဝင်ငွေလဲလုပ်ငန်းလုပ်ကိုင်သူများကို စုံစမ်းစစ်ဆေးခြင်းများ ပြုလုပ်လာခြင်းကြောင့် ပြည်တွင်းငွေလဲနှုန်းမှာ အတန်အသင့်ကျဆင်းလာကြောင်း၊ လက်ရှိဈေးနှုန်းမှာ ဖြစ်သင့်ဖြစ်ထိုက်တဲ့ဈေးနှုန်းဖြစ်နေသော်လည်း ပြည်တွင်းစက်သုံးဆီဈေးနှုန်းမှာမူ ဒေါ်လာဈေးကျသော်လည်း ပြန်လည်ကျဆင်းခြင်းမရှိခြင်းကြောင့်အခြေခံလူသုံးကုန်ပစ္စည်းဈေးနှုန်းများကျဆင်းလာခြင်းမရှိသေးခြင်းကြောင့် အခြေခံလူတန်းစားမိသားစုများအပေါ် သက်ရောက်မှုရှိနေဆဲဖြစ်ကြောင်း ပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် အောက်တိုဘာ ၁ ရက်က အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၅၄၅ကျပ်၊ ဝယ်ဈေး ၁၅၁၅ကျပ်မှ အောက်တိုဘာ ၃ရက်တွင် အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၅၁၅ကျပ်၊ဝယ်ဈေး၁၄၈၀ ကျပ်သို့ ကျဆင်းခဲ့ပြီး အောက်တိုဘာ ၅ ရက်တွင် ရောင်းဈေး ၁၅၂၅ ကျပ်၊ ဝယ်ဈေး ၁၅၁၀ကျပ်ဖြင့် ပြန်လည်ရောက်ရှိခဲ့ကြောင်းသိရသည်။ **သန်းထိုက်အောင်**

## အများပြည်သူသို့ အစုရှယ်ယာရောင်းချခွင့်ကို ကုမ္ပဏီ ၂ခု ထပ်မံရရှိ

အများပြည်သူသို့ အစုရှယ်ယာရောင်းချခွင့်ကို အများနှင့်သက်ဆိုင်သောကုမ္ပ ဏီ ၂ခုအားထပ်မံခွင့်ပြုပေးခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြား မှုဦးစီးဌာနက အောက်တိုဘာ ၁ရက်တွင် သတင်းထုတ်ပြန်သည်။ အဆိုပါကုမ္ပဏီနှစ်ခုမှာ အမတဟိုး(လ်)ဒင်းအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (AMATA HOLDING PUBLIC COMPANY LIMITED) နှင့် တီအမ်အိတ်ချ် ဆက်သွယ်ရေး အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (TMHTELE-COM PUBLIC COMPANY LIMITED) တို့ဖြစ်ပြီး ၎င်းကုမ္ပဏီနှစ်ခုသည် အများပြည်သူသို့ အစုရှယ်ယာ ရောင်းချခွင့်ရှိကြောင်း သိရသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့်အညီဖွဲ့စည်းမှတ်ပုံတင်ထားသော အများနှင့်သက်ဆိုင်သောကုမ္ပဏီများအနက် အများပြည်သူသို့ အစုရှယ်ယာရောင်းချခွင့်ရှိသော ကုမ္ပဏီ ၅၅ ခုစာရင်းအား ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၈ရက် ကြေးမုံ သတင်းစာတွင်လည်းကောင်း၊ ထပ်မံ၍ ခွင့်ပြုခဲ့သောကုမ္ပဏီ ၄ခုစာရင်းအား ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက် ကြေးမုံ သတင်းစာတွင်လည်းကောင်း ကြေညာခဲ့သည်။

ထို့ပြင် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှခွင့်ပြုထားသော အများနှင့်သက်ဆိုင်သောကုမ္ပဏီ ၆၁ခုမှလွဲ၍ ကျန်မည်သည့်စီးပွားရေးလုပ်ငန်းမျှ အများပြည်သူသို့အစုရှယ်ယာရောင်းချခွင့်မရှိပါကြောင်းနှင့်အများပြည်သူသို့ အစုရှယ်ယာရောင်းချရန် ထပ်မံခွင့်ပြုသောကုမ္ပဏီများရှိလာပါက ၎င်းကုမ္ပဏီများ၏စာရင်းကို ဆက်လက် အသိပေးထုတ်ပြန်ပေးမည်ဖြစ်ကြောင်းသိရသည်။ **သန်းထိုက်အောင်**

## Currency Exchange Rate

October 5, 2018

Base Currency is United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.42 |
| BDT Bangladesh Taka | 83.79 |
| CAD Canada Dollars | 1.29 |
| CNY China Yuan Renminbi | 6.87 |
| EUR Euro | 0.87 |
| H KD Hong Kong Dollars | 7.83 |
| I NR India Rupees | 73.59 |
| I DR Indonesia Rupiahs | 15188.53 |
| JPY Japan Yen | 113.94 |
| MYR Malaysia | 4.15 |
| PKR Pakistan Rupees | 123.78 |
| PHP Philippines Pesos | 54.25 |
| RUB Russia Rubles | 66.84 |
| SGD Singapore Dollars | 1.87 |
| KRW South Korea Won | 1130.10 |
| LKR Sri Lanka Rupe | 170.21 |
| THB Thailand Baht | 32.81 |
| GBP United Kingdom Pounds | 0.77 |
| VND VietnamDon | 23327.05 |

*Source:xe.com*

## World Gold Price

October-2018 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 1 | 1191 | 1191 | 1190 |
| 2 | 1196 | 1195 | 1194 |
| 3 | 1210 | 1208 | 1208 |
| 4 | 1201 | 1200 | 1200 |
| 5 | 1203 | 1202 | 1202 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 1-10- 2018 | 978.50 | 978.00 |
| 2-10- 2018 | 970.00 | 970.00 |
| 3-10- 2018 | 975.00 | 975.00 |
| 4-10- 2018 | 974.00 | 974.00 |
| 5-10- 2018 | 985.00 | 985.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

အောက်တိုဘာလ ၂၀၁၈ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 1 | 6.87 | 32.26 | 83.80 | 72.80 |
| 2 | 6.87 | 32.35 | 83.79 | 73.21 |
| 3 | 6.87 | 32.33 | 83.80 | 73.11 |
| 4 | 6.87 | 32.65 | 83.84 | 73.76 |
| 5 | 6.87 | 32.81 | 83.79 | 73.59 |

## ဘိလပ်မြေ

### ဒီတစ်ပတ် ဘိလပ်မြေ အဝင်နည်း



စက်တင်ဘာ ၂၃ ရက်မှ ၂၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ၁၇၆၈ တန်ဖိုးရှိ ဘိလပ်မြေ ၆ ဒသမ ၉၂တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် စင်ကာပူနိုင်ငံမှ တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဘိလပ်မြေတန်ချိန်၁၁၂၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၁၁၁၀ ကျော် တင်သွင်းမှု လျော့နည်းခဲ့တယ်လို့သိရပါတယ်။

စက်တင်ဘာ ၂၂ ရက်မှ ၂၈ ရက်အထိ သီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၆၄၈၅တန်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ ၇၂၉၃တန်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၈၀၈ တန် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာရေလမ်းရောနယ်စပ်လမ်းပါဘိလပ်မြေ အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။

### တောင်ကြီးနဲ့မကွေးမှာ ဘိလပ်မြေဈေးကွက်အရောင်းအေး

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီးဈေးလည်း ငြိမ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ကြံ့နှစ်ကောင်(အနီ) ဈေးကွက်ထဲ ဝင်လာတယ်လို့သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၆၅၀၊ ဆင်(ထိုင်း) ကျပ် ၅၇၅၀၊ ကြံ့(မြန်မာ)ကျပ် ၄၈၀၀၊ကြံ့နှစ်ကောင်(အနီ) ကျပ် ၄၇၀၀၊ စိန်(ထိုင်း) ကျပ် ၅၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အယ်လ်ဖာဘိလပ်မြေက ကျပ် ၁၀၀ ဈေးကျပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ရွှေဖြူ ကျပ် ၄၈၀၀၊ အေသုံးလုံး ကျပ် ၄၅၀၀၊ အယ်လ်ဖာ ကျပ် ၄၄၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၈၀၀၊ ခရောင်းကျပ် ၅၀၀၀၊ အပါချီ ကျပ် ၄၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပါးတယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးမှ ပြောပါတယ်။ ဒီတစ်ပတ် မိုးကလည်း ဆက်တိုက်ရွာနေတာကြောင့် အရောင်းအဝယ်ကသိပ်မဖြစ်သလို ဘိလပ်မြေဈေးတွေကလည်း နည်းနည်းကျလာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာကျပ် ၄၈၀၀၊ ကြံ့ကျပ် ၄၅၀၀၊ ဆင် (ထိုင်း)ကျပ် ၆၅၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ အပါချီ ကျပ် ၅၀၀၀၊ ဘလူးဒိုင်းမွန်းကျပ် ၄၆၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်ပါးတယ်လို့ သိရပါတယ်။ မိုးများနေတာကြောင့် တည်ဆောက်ရေးလုပ်ငန်းတွေလည်း ရပ်ထားရတယ်။ ဒါကြောင့် အရောင်းပါးသလို ဘိလပ်မြေဈေးတွေကလည်း ငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၇၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၀၀၀၊ ကမ္ဘောဇ ကျပ် ၃၈၀၀၊ နဂါးကျပ် ၄၃၀၀၊ ဆင် (ထိုင်း) ကျပ် ၆၄၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေဩဇာ

### ယခင်တစ်ပတ်ထက်မြေဩဇာတန်ချိန် ၆၈၀ကျော် ပိုမိုတင်သွင်း

စက်တင်ဘာ ၂၃ ရက် မှ ၂၈ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၄၀၆၂၁၅၃ တန်ဖိုးရှိ မြေဩဇာ ၁၂၁၇၄ ဒသမ ၀၁၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဘီလာရုစ်နိုင်ငံမှ ၅၂၂ ဒသမ ၅၀ တန်၊ ကနေဒါနိုင်ငံမှ တန်ချိန် ၁၀၀၀၊ တရုတ်နိုင်ငံမှ ၂၁၆၅ ဒသမ ၈၀ တန်၊ ဂျာမနီနိုင်ငံမှ ၆၁၈ ဒသမ ၄၂ တန်၊ အင်ဒိုနီးရှားနိုင်ငံမှ ၉ တန်၊ အီရန်နိုင်ငံမှ ၂၀၆၀တန်၊ အစ္စရေးနိုင်ငံမှ ၇၂တန်၊ ကိုရီးယားနိုင်ငံမှ ၁၈၂၅ ဒသမ ၆၀တန်၊ နော်ဝေနိုင်ငံမှ ၅၄၈ ဒသမ ၇၅၅ တန်၊ ပိုလန်နိုင်ငံမှ ၁၀၅ တန်၊ ဆော်ဒီ အာရေဗျနိုင်ငံမှ ၂၄၇၅ ဒသမ ၉၄၅တန်နဲ့ ဗီယက်နမ်နိုင်ငံမှ ၇၇၁ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

တင်သွင်းခဲ့တဲ့အမျိုးအစားများမှာ ပိုတက်၊ ဆိုဒီယမ်နိုက်တြိတ်၊ မဂ္ဂနီဆီယမ်ဆာလဖိတ်၊ အမိုးနီးယမ်းဆာလဖိတ်၊ ကွန်ပေါင်း (၁၅း၁၅း၁၅)(၂၀း၂၀း၁၀)(၁၂း၁၁း၁၈)၊အော်ဂဲနစ်၊ ယူရီးယား၊ အာမို(၁၆း၁၆း၈) တို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ မြေဩဇာ တန်ချိန် ၁၁၄၈၉ တန်ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၆၈၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

### တောင်ကြီးဈေးကွက် မြေဩဇာအရောင်းအေး

စက်တင်ဘာ ၁၅ ရက်မှ ၂၁ ရက်အထိ နယ်စပ်လမ်းမှမြေဩဇာအဝင်မှာ တန်ချိန် ၁၇၈၈၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်ကအဝင်မှာ ၂၁၀၇၀ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၃၁၈၀ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ တောင်ကြီးနဲ့မကွေးမှာ အရောင်းအေးပြီး မော်လမြိုင်နဲ့ မန္တလေးမှာအရောင်းပုံမှန်ရှိတယ်လို့သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာအရောင်းအဝယ်ပုံမှန်ရှိပေမယ့် မြေဩဇာဈေးတွေငြိမ်နေတယ်လို့သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆% (ရွှေတောင်-တရုတ်) ကျပ် ၃၀၀၀၀၊ ကွန်ပေါင်း (အစိမ်းရောင်) ကျပ် ၄၈၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၃၁၅၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၆၀၀၀၊ တီစူပါ ၁၆% (မြှားကမ္ဘာ-တရုတ်) ကျပ် ၁၃၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဒီရက်ပိုင်း မိုးကောင်းနေတာကြောင့် အရောင်းအဝယ်ပါးတယ်လို့သိရပါတယ်။ ဒီတစ်ပတ်မှာ ယူရီးယား-ပုလဲ (ကမ္ဘာလုံး၊ ပန်းဖူး၊ ရွှေတောင်-တရုတ်) က ကျပ် ၄၀၀ ၊ ရွက်ဖျန်း မြေဩဇာက ကျပ် ၅၀၀၊ ဆိုင်ကလုန်းမြေဩဇာက ကျပ် ၁၀၀ ဈေးကျပြီး တီစူပါ၂၀% (တရုတ်)က ကျပ် ၈၅၀နဲ့ ဆိုက်ပါမြေဩဇာက ကျပ် ၅၀၀ ဈေးမြင့်ပြီး ကျန်မြေဩဇာများက ယခင်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၃၀၃၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၃၀၃၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ်၃၀၃၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၃၁၀၀ ၊ ပိုးသတ်ဆေး ကျပ် ၂၅၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၄၁၀၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၉၅၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၇၅၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၈၀၀၀၊ ယူရီးယား(ယူအေအီး) ကျပ် ၂၆၅၀၀ ၊ မြှားကမ္ဘာကျပ် ၁၈၀၀၀၊ ရွက်ဖျန်းကျပ် ၂၅၀၀၊ ဆိုင်ကလုန်း ကျပ် ၃၁၀၀ ၊ ဆိုက်ပါ ကျပ် ၅၅၀၀ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

## နို့ဆီ/နို့မှုန့်

### ဒီတစ်ပတ် နို့ဆီအဝင်လျော့ပြီး နို့မှုန့်အဝင်ပို

စက်တင်ဘာ ၂၃ ရက်မှ ၂၉ ရက်အထိသီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၁၀၀၈၀၀ တန်ဖိုးရှိ နို့ဆီ ၈၇ ဒသမ ၅၅၂တန်ကိုပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် မာရိဂိုးနို့ဆီတစ်မျိုးသာ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့နို့ဆီ တန်ချိန် ၅၅၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၄၆၀ ကျော်တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

အမေရိကန်ဒေါ်လာ ၂၄၃၈၂၇ တန်ဖိုးရှိ နို့မှုန့် ၆၃ ဒသမ ၂၂၈ တန်ကို တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဗီယက်နမ်နိုင်ငံမှ ၂ ဒသမ ၈၃၂ တန်နဲ့ နယူးဇီလန်နိုင်ငံမှ ၆၀ ဒသမ ၃၉၆ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် တင်သွင်းခဲ့တဲ့ နို့မှုန့် ၁၆ တန်ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၄၀ ကျော်ပိုမိုတင်သွင်းခဲ့ပါတယ်။

ဒါကြောင့် ဒီတစ်ပတ် နို့ဆီအဝင်လျော့နည်းခဲ့ပြီး နို့မှုန့်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

**မကွေးဈေးကွက်မှာ** အရောင်းအဝယ်ပါးသလို ဈေးလည်းငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြှားကမ္ဘာ-တရုတ် (၁၂း၁၃) ကျပ် ၁၈၈၀၀၊ ဆင်၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ အာမို၁၅း၁၅း၁၅ ကျပ် ၄၂၅၀၀၊ အာမို ၁၆း၁၆း၈ ကျပ်၃၉၀၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၉၈၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၈၀၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၃၀၀၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ကျပ်၃၀၀၀၀၊ ဇာမဏီ ကျပ် ၁၈၃၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၃၀၀၊ မြှားကမ္ဘာ (၁၅း၇း၈)ကျပ် ၂၀၅၀၀၊ တီစူပါ ကျပ် ၂၅၀၀၀၊ တောင်သူမ ကျပ် ၁၉၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၂/၉ မှ ၂၈/၉ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၅/၉ မှ ၂၁/၉ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၇၅.၀၀ | - | (+) | ၇၅.၀၀ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၈၀.၀၀ | ၅၈၉.၀၀ | (-) | ၅၀၉.၀၀ |
| ၅။ | တာချီလိတ် | ၃၀၀၀.၀၀ | ၅၇၅၀.၀၀ | (-) | ၂၇၅၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | - | ၅၄.၀၀ | (-) | ၅၄.၀၀ |
| ၈။ | မြိတ် | ၃၃၃၀.၀၀ | ၉၀၀.၀၀ | (+) | ၂၄၃၀.၀၀ |
| | စုစုပေါင်း | ၆၄၈၅.၀၀ | ၇၂၉၃.၀၀ | (-) | ၈၀၈.၀၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၂/၉ မှ ၂၈/၉ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၅/၉ မှ ၂၁/၉ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၉၅၁၃.၂၀ | ၁၁၄၂၃.၅၅ | (-) | ၁၉၁၀.၃၅ |
| ၂။ | လွယ်ဂျယ် | ၄၀.၀၀ | ၄၆၂.၀၀ | (-) | ၄၂၂.၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၇၇၀.၀၀ | ၁၇၀၀.၂၅ | (+) | ၆၉.၇၅ |
| ၄။ | ကန်ပိုက်တီ | ၆၂၈.၀၀ | ၅၂၆.၀၀ | (+) | ၁၀၂.၀၀ |
| ၅။ | မြဝတီ | ၅၃၂၄.၉၅ | ၅၇၈၃.၈၃ | (-) | ၄၈၅.၈၈ |
| ၆။ | ကော့သောင်း | - | ၄၀.၀၀ | (-) | ၄၀.၀၀ |
| ၇။ | မြိတ် | - | ၂၀.၀၀ | (-) | ၂၀.၀၀ |
| ၈။ | ရိဒ် | ၅၀၀.၀၀ | ၁၁၀၀.၀၀ | (-) | ၆၀၀.၀၀ |
| ၉။ | တမူး | ၁၁၂.၅၀ | ၁၇.၅၀ | (+) | ၉၅.၀၀ |
| | စုစုပေါင်း | ၁၇၈၈၈.၆၅ | ၂၁၀၇၃.၁၃ | (-) | ၃၁၈၄.၄၈ |

ခင်မိုးသူ

# နိုင်ငံတကာသတ်မှတ်ချက်နှင့်အညီ စနစ်တကျလိုက်ပါ ပြင်ဆင်ဆောင်ရွက်ရမည့် မြန်မာ့ E Commerce (အပိုင်း (၆))

အိမ်နီးချင်းထိုင်းနိုင်ငံရဲ့ Ministry of Commerce ဟာ National E Commerce Platform (www.thaitrade.com) တစ်ခုကို တည်ထောင်ပြီး ပြည်တွင်း SMEs လုပ်ငန်းတွေကို E Commerce platform ပေါ်ရောက်ရှိလာစေဖို့ online market place တစ်ခုတည်ထောင်ထားရှိပါတယ်။ ထိုင်း SMEs လုပ်ငန်းတွေအတွက် ဈေးကွက်ဝေစုရရှိဖို့၊ ကုန်သွယ်မှုအခွင့်အလမ်းပိုမိုကျယ်ပြန့်လာစေဖို့နဲ့ smart SMEs တွေဖြစ်ပေါ်လာဖို့ ဦးတည်ဆောင်ရွက်လာတာဖြစ်ပါတယ်။ ပြည်တွင်း SMEs လုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးရေးနဲ့ SME productivity များမြင့်တင်စေဖို့အတွက် Digital Technology ကိုကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရန်အတွက် နောက်တစ်ဆင့်အနေနဲ့ တိုင်းပြည်စီးပွားရေးပုံစံကို Digital Economy ပုံသဏ္ဍာန်ကို တဖြည်းဖြည်းချင်း ပြောင်းလဲနိုင်အောင် ကြိုးပမ်းဆောင်ရွက်နေတာ တွေ့ရပါတယ်။ Ministry of Digital Economy & Society ဆိုပြီး အစိုးရဝန်ကြီးဌာနတစ်ခုဖွဲ့စည်းပြီး ပြောင်းလဲဆောင်ရွက်နေပြီဖြစ်ပါတယ်။ အလားတူ မြန်မာနိုင်ငံမှာလည်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ပြည်တွင်းပြည်ပမှ အွန်လိုင်းအသုံးပြုရောင်းလိုဝယ်လိုမှုများအတွက် ဈေးကွက်ရှာဖွေချိတ်ဆက်ပေးခြင်းများ ဆောင်ရွက်နိုင်သည့် www.myanmatrade.org website တစ်ခုအား ၂၀၁၈ စက်တင်ဘာလအတွင်း တရားဝင်စမ်းသပ်လွှင့်တင်ခဲ့ပြီးဖြစ်ပါတယ်။

နိုင်ငံတကာမှာလည်း လူမှုစီးပွားဝန်းကျင်တွင် ဒစ်ဂျစ်တယ်နည်းပညာကို ကျယ်ကျယ်ပြန့်ပြန့် အပြည့်အဝ အသုံးချနိုင်ရန်၊ အခြေခံအဆောက်အဦ၊ တီထွင်ကြံဆမှု၊ ဒေတာ၊ လူ့စွမ်းအား အရင်းအမြစ်စသည်ဖြင့် တိုးတက်ဖွံ့ဖြိုးရန်၊ နိုင်ငံ၏ကြွယ်ဝမှု၊ တည်ငြိမ်မှုနှင့်စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်ရေး ဦးတည် အကောင်အထည်ဖော်ဆောင်ရွက်ရန် Digital Economy စနစ်အား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံမှာလည်း E Commerce လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာမှာ တစ်နိုင်ငံလုံးအနေနဲ့ ပိုမိုလွှမ်းခြုံ ဆောင်ရွက်နိုင်စေဖို့နဲ့ စီးပွားရေးရပ်ဝန်းတစ်ခုလုံးနဲ့ ဆက်စပ်တဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနယ်ပယ်များတွင်ပါ Digitilization စနစ်ပြောင်းလဲနိုင်ဖို့ ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ (Digital Economy Depelopment Committee) ကို ဒုတိယသမ္မတ(၂)မှ နာယကအဖြစ် ဦးဆောင်၍ ဖွဲ့စည်းဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ လက်ရှိမှာ Digital Economy Development Masterplan ရေးဆွဲခြင်း၊ Digital Transform အတွက် လူ့စွမ်းအားအရင်းအမြစ်များပြုစုပျိုးထောင်ပေးခြင်း၊ လိုအပ်သည့်မူဝါဒ လုပ်ထုံးလုပ်နည်းဥပဒေများရေးဆွဲပေးခြင်း၊ လိုအပ်သည့် Service Infrastructure Hard & Soft Infrastructure များ မြှင့်တင်တည်ဆောက်ပေးခြင်း၊ Digital Startup များ ထွက်ပေါ်လာစေရန် အားပေးဆောင်ရွက်ခြင်း၊ Fiscal Policy နှင့် Monetary Policy ကို Digital Industry ၏ Incentives Program များအဖြစ် အသုံးပြုနိုင်စေရန် အဆင့်လိုက်ပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံကို အာဆီယံနိုင်ငံများရဲ့ Digital Hub တစ်ခုထိ ဖြစ်ပေါ်လာရေး ရည်မှန်းဆောင်ရွက်နေတာဖြစ်ပါတယ်။

Digital Economy နှင့်ပတ်သက်၍ အာဆီယံတိုင်းပြည်များတွင် ချမှတ်ထားသည့် မဟာဗျူဟာများကို လေ့လာကြည့်မယ်ဆိုရင် Connectivity ကိုအဓိကထားရှိကြပါတယ်။ နိုင်ငံ၏ လက်ရှိအနေအထား Teledensity သည် လူဦးရေအချိုးအရ ၁၀၇ ဒသမ ၃၉ ရာခိုင် နှုန်းရှိပြီး လူဦးရေရဲ့ ၉၅ ရာခိုင်နှုန်းသည် အင်တာနက်သုံးစွဲနေနိုင်ပြီး ဖိုင်ဘာဆက်ကြောင်း ကီလိုမီတာပေါင်း ၃၇၀၀၀ ကျော် တည်ဆောက်ပြီးဖြစ်တဲ့အပြင် တစ်နိုင်ငံလုံး ပထဝီအနေအထားအရ ၈၀ ရာခိုင်နှုန်းကျော် လွှမ်းခြုံပြီးဖြစ်ပါတယ်။ Mobile Penetration Internet Penetration တိုးတက်လာခြင်းသည် Digital Economy ကို များစွာ အထောက်အကူဖြစ်စေမှာ ဖြစ်ပါတယ်။ အာဆီယံ

## မျိုးကေဝင်း

နိုင်ငံ အများစုဟာ Economic Revolution တွင် စိုက်ပျိုးရေး၊ စက်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများ Knowledge Economy နှင့် Digital Economy ဆိုပြီး အဆင့်ဆင့်ပြောင်းလဲဆောင်ရွက်ခဲ့ကြကြောင်းတွေ့ရှိရပါတယ်။ Digital Economy ဖွံ့ဖြိုးတိုးတက်ရန်အတွက်လည်း Digital Identification, e-Government Services, Common Data Services, National Security Framework, Authorization Framework, Digital Taxation ကဏ္ဍများကိုပါ တစ်ပြိုင်နက်တည်း တိုးတက်အောင် ဆောင်ရွက်လျက်ရှိကြပါတယ်။

မြန်မာနိုင်ငံတွင် Agriculture, Manufacturing and Industry, Tourism, Hospitality and Retail, Logistics and Transportation, Fishery and Livestock, Financial Services နှင့် Government Services များကို ဦးစားပေးကဏ္ဍများအဖြစ် ပြောင်းလဲဆောင်ရွက်နေပြီး Digital Economy အတွက် အဓိကလိုအပ်ချက်မှာ Multisectoral Digital Transformation ဖြစ်ပြီး ကျန်းမာရေး၊ ပညာရေး၊ လူမှုအဖွဲ့အစည်းသုံးခုလုံးကို ပြောင်းလဲဆောင်ရွက်ဖို့ လိုအပ်သလို Inclusive and Sustainable Socio-Economic Development အဆင့်ထိ တက်လှမ်းနိုင်ရေးဆောင်ရွက်သွားရန် လိုအပ်ပါတယ်။ ၂၀၁၆ခုနှစ်အတွင်းက ထုတ်ပြန်ထားတဲ့နိုင်ငံ၏ စီးပွားရေးမူဝါဒတွေထဲမှာလည်း Digital Economy ရဲ့အရေးပါမှုကို တွေ့ရှိရမှာဖြစ်ပြီး ဆက်စပ်တဲ့ E Government Master Plan ကိုလည်း ADB ရဲ့အကူအညီနဲ့ ၂၀၁၆ ခုနှစ်ကတည်းက ရေးဆွဲခဲ့ပြီးဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေဖြင့် Digital Economy ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များထဲမှ E Commerce လုပ်ငန်းစဉ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဆီယံနိုင်ငံများအပါအဝင် ဒေသတွင်း အိမ်နီးချင်းနိုင်ငံများနှင့်ပါ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ASEAN Coordinating Committee on E Commerce (ACCEC) အစည်းအဝေးများတွင် မြန်မာနိုင်ငံအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ E-Trade လုပ်ငန်းစဉ်များအတွက် နိုင်ငံအတွင်း National Single Window စနစ်တစ်ခုပီပီပြင်ပြင် ဖြစ်ပေါ်လာစေရန် ဆက်စပ်အစိုးရ အဖွဲ့အစည်းများ၊ ပြင်ပ (OGA) များ ပူးပေါင်းပါဝင်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသကဲ့သို့ အာဆီယံနိုင်ငံများနှင့် ချိတ်ဆက်အသုံးပြုနိုင်မည့် ASEAN Single Window စနစ်အကောင်အထည်ဖော်မှုများတွင်လည်း လိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ဒ့ါအပြင် အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) Blueprint 2025 အနေနဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား E-Commerce ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ပို၍အရှိန်ရလာစေရန် ရည်ရွယ်ပြီး နယ်စပ်ဖြတ်ကျော်ဆောင်ရွက်ရမယ့် E-Commerce လုပ်ငန်းများ လျင်မြန်ချောမွေ့စေရေးဆိုင်ရာ အာဆီယံ E-Commerce သဘောတူညီချက်တွေအပေါ် အဖွဲ့ဝင်နိုင်ငံများ အားလုံးလိုက်ပါ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

အာဆီယံဒေသဟာ လူဦးရေသန်း ၆၀၀ ကျော်အတွက် ဈေးကွက်တစ်ခုဖြစ်လာခဲ့ပြီး လူဦးရေရဲ့ ၂၅ ရာခိုင်နှုန်းက အင်တာနက် အသုံးပြုသူများဖြစ်ကြတဲ့အတွက် ကျယ်ပြန့်တဲ့ E-Commerce ဈေးကွက်ဖြစ်ပြီး ၂၀၁၆ ခုနှစ်တွင် ရရှိခဲ့သည့် အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံကျော်နှင့်နှိုင်းယှဉ်၍ ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၀၀ ဘီလီယံထိ ရောက်ရှိနိုင်ဖို့မျှော်မှန်းဆောင်ရွက်နေသလို ပြိုင်ဆိုင်နိုင်စွမ်းမြင့်မားတဲ့ စီးပွားရေးရပ်ဝန်းတစ်ခုအဖြစ် ရောက်ရှိလာပြီဖြစ်ပါတယ်။ ကမ္ဘာ့စီးပွားရေးမှာလည်း အာဆီယံရဲ့အရေးပါမှုကိုလျစ်လျူရှုလို့မရနိုင်တော့တဲ့ အခြေအနေတစ်ခုဖြစ်လာတာဖြစ်လို့ globalization ဖြစ်တဲ့ Industry 4.0 (4th Industrial Revolution) ကိုလည်း မြန်မာ့စီးပွားရေးနဲ့ စက်မှုထုတ်ကုန်နယ်ပယ်မှာ အကောင်အထည်ဖော်ဖို့လိုအပ်လာမှာ ဖြစ်ပါတယ်။

**ဆက်လက်ဖော်ပြပါမည်။**

### ပြည်တွင်းဆီဈေးနှုန်းများ (၅-၉-၂၀၁၈)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၈၀၀ | ၅၈၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၂၀၀၀ | ၁၉၀၀ | ▽ |
| ရန်ကုန် | ၇၀၀၀ | ၇၀၀၀ | □ | ၆၅၀၀ | ၆၅၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| မန္တလေး | ၅၈၀၀ | ၅၈၀၀ | □ | ၅၈၀၀ | ၅၈၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| ပဲခူး | ၅၈၀၀ | ၅၈၀၀ | □ | ၅၈၀၀ | ၅၈၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| မကွေး | ၆၀၀၀ | ၆၀၀၀ | □ | ၆၃၀၀ | ၆၃၀၀ | □ | ၁၈၀၀ | ၂၀၀၀ | △ |
| မုံရွာ | ၅၅၀၀ | ၅၅၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| စစ်တွေ | ၆၀၀၀ | ၆၀၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |



### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၅-၁၀-၂၀၁၈ US$/Ton

| အမျိုးအစား | စက်တင်ဘာတတိယပတ် | စက်တင်ဘာစတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၃၀.၀၀ | ၅၃၉.၅၀ | △ |
| RBD P.Olein | ၅၃၂.၅၀ | ၅၄၇.၅၀ | △ |
| RBD P.Stearin | ၅၂၅.၅၀ | ၅၂၅.၅၀ | □ |

*Source: bepi.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၅-၁၀-၂၀၁၈ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၄၈၀.၃၉ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၇၀ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၄၀ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၁၅ |
| ဆီကန်သို့လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၀.၉၄ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၄.၃၁ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၇.၄၀ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၆၁၈.၁၀၃ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၅-၁၀-၂၀၁၈နေ့ (CIF ဈေး Cloud Point 8 ˚C Max 600 ဒေါ်လာနှင့် USD ဈေး ၁၅၁၀ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၅-၁၀-၂၀၁၈နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၅၁၀ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# မြန်မာ့စိန်တလုံးသရက်အတွက် ရတက်အေးရအောင်

**အောင်ဆန်း (စိုက်ပျိုးရေး)**

မြန်မာ့စိန်တလုံးသရက်သည် အရသာချိုမွှေးပြီး အသားနူးညံ့ပျော့ပျောင်းသဖြင့် နာမည်ကြီးသည်။ လူတိုင်းစွဲမက်သည်။ ပြည်တွင်းသာမက ပြည်ပနိုင်ငံများထိပါ သတင်းမွှေးနေသည်။ ယခုနောက်ပိုင်းတွင် ၎င်း၏ အရည်အသွေးကောင်းခြင်း လက္ခဏာကြောင့် ပြည်ပတင်ပို့မှုတွင်လည်း ဈေးကွက်လှိုင်လှိုင်ရလာခဲ့သည်။

ဤသို့ပြည်ပဈေးကွက်နေရာ ရလာချိန်တွင် စိန်တလုံးသရက်၏ ရတက်မအေးနိုင်စရာသတင်းများ ဟိုတစ်စ၊ ဒီတစ်စ ကြိုးကြားကြိုးကြားအသံများ ပေါ်လာခဲ့သည်။ "စိန်တလုံးသရက် မစစ်တော့ဘူး၊ အတုတွေ ပေါ်နေတယ်၊ အရသာ မချိုတော့ဘူး၊ အနံ့မမွှေးဘူး၊ အသား မနူးညံ့တော့ဘူး၊ အမျှင်တွေ ပါလာတယ်၊ အရည်အသွေး ကျလာတယ်"ဆိုတဲ့ ရတက်မအေးစရာ သတင်းတွေ ပလူပျံအောင် ထွက်လာပါတယ်။

စိန်တလုံးသရက်လို့ စားသုံးသူ လောကထဲ ရေပန်းစားလာခြင်းသည် လွန်ခဲ့သောနှစ် ၄၀ ကျော်က စခဲ့ခြင်းဖြစ်ပါသည်။ စိန်တလုံးသရက်ဈေးကွက်စင်ပေါ် ရောက်လာခြင်းသည် ၎င်း၏ ကောင်းမွန်သော အရည်အသွေးလက္ခဏာများကို အားကိုးပြီး တက်လာခြင်းဖြစ်ပါသည်။ မြန်မာ့ စိန်တလုံး၏ ထူးခြားကောင်းမွန်သော အရည်အသွေး လက္ခဏာများသည် မည်သည့်သိပ္ပံပညာရှင်ကမျှ တီထွင်မျိုးစပ်ပြီး ပေါ်ထွန်းလာခြင်းမဟုတ်ပါ။ ဗုဒ္ဓဘာသာသာသနာတော်ကြီး ထွန်းကားသော နိုင်ငံကြီးဖြစ်သဖြင့် ဗုဒ္ဓဘုရားရှင်မှ လက်ဆောင်ပေး၍ ရရှိလာခြင်းဖြစ်ပါသည်။ အရှေ့တောင်အာရှနိုင်ငံများတွင် မည်သည့်နိုင်ငံမှ စိန်တလုံးသရက်မရှိပါ။ စိန်တလုံးသရက်သည် မြန်မာနိုင်ငံသားစစ်စစ် မြန်မာ့မူပိုင်အရင်းအမြစ် ဖြစ်ပါသည်။

ယခုအခါ မြန်မာ့စိန်တလုံး အစစ်နှင့် အသီးပုံသဏ္ဌာန်တူပြီး အရည်အသွေးကောင်း လက္ခဏာများ မတူညီသော မျိုးကွဲဟု ယူဆရသော စိန်တလုံးသရက် မျိုးကွဲ ၁၀ မျိုးခန့် ဈေးကွက်တွင် တွေ့နေရသည်။ နေပြည်တော်သို့ အလုပ်ကိစ္စဖြင့် ခရီးရောက်ရင်း မြို့မဈေးရှိ သရက်သီးဆိုင် သုံးဆိုင်မှ စိန်တလုံးသရက်များ ဝယ်ယူခဲ့သည်။ ခွဲစားကြည့်သောအခါ တစ်ဆိုင်တစ်မျိုးစီဖြင့် အသီး၏အသွင်သဏ္ဌာန်များ စိန်တလုံးအစစ်နှင့် တူညီနေသော်လည်း အရည်အသွေးလက္ခဏာများမှာ စိန်တလုံးအစစ် အရသာနှင့် မတူညီဘဲ ကွဲပြားနေသည်ကို တွေ့ရသည်။ စိန်တလုံး အစစ်မဟုတ်၊ မျိုးကွဲဟု သတ်မှတ်စရာပင် ဖြစ်ပါသည်။ ဤသို့ဆိုလျှင် စိန်တလုံးသရက်၏ ရတက်မအေးစရာများကို မည်သို့ ဆောင်ရွက်ကြမည်နည်း။ စဉ်းစားစရာ ဖြစ်လာပါသည်။ စိန်တလုံးသရက်သည် မူလပေါ်ထွန်းလာကတည်းကပင် စိန်တလုံးသရက် အစစ်တစ်မျိုးသာ ရှိခဲ့ပါသည်၊ မျိုးကွဲဆိုသည် မရှိခဲ့ပါ။ ဒီလိုဆိုလျှင် စိန်တလုံးသရက် မျိုးကွဲများ ဘာ့ကြောင့် ပေါ်ထွန်းလာရသနည်း။ အကြောင်းရင်းနှစ်ရပ်ကို စာရေးသူတစ်ဦးတည်း အမြင်ဖြင့် စဉ်းစားမိပါသည်။

(၁) အစေ့မှစိုက်၍ရလာသော စိန်တလုံးပင်မှ သရက်သီး၊

(၂) ကိုင်းဆက်ပျိုးပင်ကို စိုက်၍ရလာသော စိန်တလုံးပင်မှ သရက်သီးတို့ဖြစ်ပါသည်။ ဤအကြောင်းရင်း နှစ်ရပ်သည် စိန်တလုံးသရက် မျိုးကွဲဖြစ်စေမှုကို အကျိုးသက်ရောက်မှု ရှိနိုင်၊ မရှိနိုင် သစ်သီးဝလံသုတေသနပညာရှင်များက ဖော်ထုတ်သင့်ပါ သည်။

စာရေးသူ၏ အတွေ့အကြုံ တင်ပြလိုပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီ သဲအင်းဂူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်တွင် စိန်တလုံးသရက် ကိုင်းဆက်ပျိုးပင် ၅၀ စိုက်ပျိုးလှူဒါန်းခဲ့ပါသည်။ ထို့အတူ ကျောင်းတိုက်၏အစီအစဉ်ဖြင့် စိန်တလုံးသရက်စေ့ အပင်ပေါက်ဖြင့် အပင် ၁၀ ပင် စိုက်ပျိုးခဲ့ပါသည်။ ယခုအချိန် စိန်တလုံးသရက်ပင်များ အသီးသီးလာသောအခါ ကိုင်းဆက်ပျိုးပင်နှင့် စိုက်ပျိုးခဲ့သော စိန်တလုံး သရက်ပင်များမှ အသီးများသည် စိန်တလုံးသရက်စစ်စစ်၏ အရည်အသွေးလက္ခဏာများနှင့် တစ်ထပ်တည်း တူညီနေသည်ကို တွေ့ရပါသည်။ စိန်တလုံးသရက် အစေ့ပျိုးပင်ဖြင့် စိုက်ပျိုးခဲ့သော အချို့အပင်များမှ သီးလာသော အသီးများသည် အသီးပုံသဏ္ဌာန်မှာ စိန်တလုံးသရက် အစစ်နှင့် ထပ်တူညီရှိသော်လည်း အရည်အသွေးလက္ခဏာများမှာ စိန်တလုံးသရက်အစစ်နှင့် မတူညီဘဲ အနည်းငယ် ကွဲပြားနေသည်ကို တွေ့ရသည်။ စိန်တလုံးသရက်မျိုးကွဲဟု သတ်မှတ်ရမည့်သဘောဖြစ်ပါသည်။

စိန်တလုံးသရက် မျိုးကွဲဖြစ်ရခြင်း အကြောင်းရင်း နောက်တစ်ချက်မှာ စိန်တလုံးသရက်၏ အပွင့်ဖြစ်ပေါ်မှု ဖြစ်ပါသည်။ သရက်ပွင့်သည် ပန်းခိုင်ပုံသဏ္ဌာန် ထွက်ရှိပြီး ပန်းခိုင်မှ ပွင့်တန်များ အစီအရီထွက်၍ ထိပ်တွင် ပွင့်ပါသည်။ ပန်းခိုင်တစ်ခိုင်တွင် အဖို ပွင့် (Male) နှင့် လိင်စုံပွင့် (Herma phrodite) တို့ ပွင့်ကြပါသည်။ လိင်စုံပွင့် အများစုမှာ အသီးသီးနိုင်သော်လည်း အချို့အပွင့်များမှာ အသီးမသီးသည်ကို တွေ့ရသည်၊ လိင်စုံပွင့်များမှာ မျိုးအလိုက် (၅-၅၅-၇၅) ရာခိုင်နှုန်းထိ ပါဝင်လေ့ရှိပါသည်၊ အေးမြသော ရာသီဥတု တွင် အဖိုပွင့် ပိုမိုပွင့်လေ့ရှိပါသည်။ လိင်စုံပွင့် အနည်းအများပေါ် မူတည်၍ အသီးတင်မှု အနည်းအများကို ဖြစ်ပေါ်စေပါသည်။ အဖို ပွင့်သည် အမအင်္ဂါလုံးဝပါဝင်မှုမရှိဘဲ ဝတ်မှုန်ပေါက်ကွဲပြီး ဝတ်မှုန် ထုတ်လွှတ်မှုသာ ရှိပါသည်။ သရက်ပင်သည် ပင်တည်းဝတ်မှုန်ကူးမှု ရာခိုင်နှုန်းများသော်လည်း ပင်ခြားဝတ်မှုန်ကူးမှု အနည်းငယ်ရှိသည် ဟုဆိုပါသည်။ ဤအချက်သည်လည်း စိန်တလုံးသရက်မျိုးကွဲ ဖြစ်ပေါ်စေမှုကို အကျိုးသက်ရောက်မှု ရှိ/မရှိကို သုတေသနပညာရှင်များက သုတေသနပြုလုပ်သင့်ပါသည်။

စိန်တလုံးသရက် မျိုးကွဲ ပေါ်ထွန်းမှုအတွက် နောက်အကြောင်းရင်း စဉ်းစားစရာတစ်ချက်မှာ သရက်စေ့၏ ဆန်းကြယ်မှုပင် ဖြစ်ပါသည်။ သရက်စေ့တွင် တစ်စေ့မှတစ်ပင်သာ ပေါက်သောမျိုး (Mono-embryonic Variety) အထူးသဖြင့် အိန္ဒိယမူရင်း မျိုးပြားများ၊ အမေရိကန်၊ ဖလော်ရီဒါ၊ ဟာဝိုင်ရီရှိ မျိုးပြားများ ဖြစ်ပါသည်။ (၂) သရက်တစ်စေ့မှ တစ်ပင်ထက်ပို၍ အပင်ပေါက်သောမျိုး (Polyembryo nic Variety) အထူးသဖြင့် စိန်တလုံး သရက်အပါအဝင် အင်ဒိုချိုင်းနားမူရင်းမျိုးပြားများ ဖြစ်ပါသည်။

သရက်တစ်စေ့မှ တစ်ပင်ပေါက် သော မျိုးသည် ပင်ခြားဝတ်မှုန်ကူးခြင်းမှ ပေါ်ထွန်းလာသော မျိုးဖြစ်သည်၊ မိခင်အပင်နှင့် အရည်အသွေး လက္ခဏာတူညီသောမျိုးရရှိနိုင်ရန် လိင်မဲ့ (သို့)ပင်ပိုင်းမျိုးပွားနည်း (ဥပမာ -ကိုင်းဆက်)ဖြင့်သာ မျိုးပွားရရှိနိုင်ပါသည်။ သရက်တစ်စေ့မှ တစ်ပင်ထက်ပို၍ အပင်ပေါက်သောမျိုးသည် (၂-၁၂)ပင်ထိပေါက်နိုင်ပါသည်။ ၎င်းအပင်ထဲမှ အများစုမှာ မိခင်အပင်နှင့် အရည်အသွေး လက္ခဏာတူညီသည့် အပင်များဖြစ်ပြီး တစ်ပင်သာလျှင် မိခင်အပင်နှင့် ဗီဇအရည်အသွေး လက္ခဏာ မတူညီသော လိင်ပေါင်းပင်ဖြစ်နေလေ့ရှိပါသည်။ ဤအချက်သည်လည်း စိန်တလုံးသရက်မျိုးကွဲ ဖြစ်ပေါ်စေမှုအပေါ် အကျိုးသက်ရောက်မှု ရှိ၊ မရှိ သုတေသနပညာရှင်များက သုတေသနပြုသင့်သော အချက်ဖြစ်ပါသည်။

နောက်တစ်ချက်မှာ မြန်မာ့စိန်တလုံးသရက်အတွက် ရတက်အေးရအောင် ဆောင်ရွက်ရန်ဖြစ်ပါသည်။ စိန်တလုံးသရက်စစ်စစ်နှင့် မျိုးကွဲများကို ကွဲကွဲပြားပြားဖြစ်အောင် DNA စစ်ဆေး စမ်းသပ်ရန်ဖြစ်ပါသည်။ DNA စစ်ဆေးချက် ရလဒ်များအရ မည်သည့် မျိုးသည် စိန်တလုံးသရက် စစ်စစ်ဖြစ်သည်ကို ပြည်သူသို့ အတိအလင်း ကြေညာပေးရန်လိုအပ်ပါသည်။ စိန်တလုံးစစ်စစ်မျိုးများကိုသာ ပြည်ပသို့ တင်ပို့ရောင်းချခွင့်ပြုသင့်ပါသည်။ စိန်တလုံး သရက်စစ်စစ် အသီးများနှင့် မျိုးကွဲအသီးများ ရောနှောတင်ပို့လျှင် ရေရှည်တွင် မြန်မာ့စိန်တလုံးသရက် အနီကတ်ပြခံရမည်မှာသေချာပါသည်။ နောင် စိန်တလုံးသရက်စိုက်ခင်းများ တိုးချဲ့စိုက်ပျိုးရန်အတွက် လိုအပ် သော ကိုင်းဆက်ပျိုးပင်များကို စိန်တလုံးသရက်စစ်စစ် အပင်ကသာ ပွားများ ဖြန့်ဖြူးရန် စီမံသင့်ပါသည်။ ဤသို့မဟုတ်ဘဲ စိန်တလုံးမျိုးကွဲအပင် များဆီမှ ကိုင်းဆက်ပျိုးပင်များပွားများ ဖြန့်ဖြူးနေမည်ဆိုပါက စိန် တလုံးမျိုးကွဲများ ရပ်တန့်မသွားဘဲ ဆက်လက်ပြန့်ပွားနေဦးမှာ ဖြစ်ပါ သည်။

နောက်တစ်ချက်မှာ မြန်မာ့စိန်တလုံးသရက်အတွက် ရတက်အေးစေရန်မှာ စိန်တလုံးစစ်စစ်မျိုးများကို အရည်အသွေး ထိန်းသိမ်းခြင်းလုပ်ငန်းဖြစ်ပါသည်။ မြန်မာ့စိန်တလုံး သရက်သီးများကို တရုတ်ပြည်နယ်စပ်မှတစ်ဆင့် ဈေးကွက်ရောင်းဝယ်ဆက်ဆံခဲ့သည်မှာ ၂၅ နှစ်ကျော်ပင် ရှိခဲ့ပြီဖြစ်ပါ သည်။ ယခင်က တရုတ်ပြည်နယ်စပ်မှ တင်းကျပ်သော စစ်ဆေးမှု မပြုလုပ်ဘဲ ဝယ်ယူခဲ့သဖြင့် အခက်အခဲကြုံတွေ့ရမှု နည်းပါးခဲ့ပါသည်။ ယခုအခါ တရုတ်နိုင်ငံနယ်စပ်မှလည်း အခြားနိုင်ငံများကဲ့သို့ပင် အရည်အသွေး စစ်ဆေးခြင်း၊ ပိုးမွှားရောဂါကင်းစင်မှု စစ်ဆေးခြင်း၊ ဓာတ်ကြွင်းအာနိသင် ကျန်ရှိမှုစစ်ဆေးခြင်းများ ပြုလုပ်ဝယ်ယူလျက်ရှိနေတာ တွေ့ရပါသည်။ ဒီအချက်ဟာလည်း မြန်မာ့စိန်တလုံး သရက်ဈေးကွက် မပျက်စေရေးအတွက် များစွာကြိုတင်ပြင်ဆင်လုပ်ဆောင်ဖို့ လိုလာမှာဖြစ်ပါသည်။

မြန်မာ့စိန်တလုံးသရက် အရည်အသွေးမကျအောင် အပင်ပြုစု ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ အာဟာရမှန်မှန် ကျွေးပေးခြင်း၊ ရေပေးသွင်းခြင်း၊ ပိုးမွှားရောဂါ စနစ်တကျ ကာကွယ်နှိမ်နင်းခြင်း၊ သရက်သီးအား အိတ်စွပ်ပေးခြင်း၊ ဆွတ်ခူးချိန် မှန်ကန်အောင် ဆွတ်ခူးခြင်း၊ စနစ်တကျ ဆွတ်ခူးခြင်း၊ သိုလှောင်ထုပ်ပိုးခြင်း၊ သယ်ယူပို့ဆောင်ခြင်းများကို ဂရုတစိုက် အလေးထားဆောင်ရွက်ရန် လိုအပ်ပါသည်၊ အပင်ပုံမှန် ပြုစုစောင့်ရှောက်ထိန်းသိမ်းခြင်းသည် သရက်သီး အရည်အသွေး ကောင်းမွန်မှုနှင့် အသီးတင်မှုကို အကျိုးပြုပါသည်။ အပင်သက်တမ်းအလိုက် ကိုင်းဒုတ်၊ ကိုင်းပို၊ ကိုင်းထွေးများကို နှစ်စဉ် မိုးဦးကျစတွင် ကိုင်းရှင်း၊ကိုင်းထွင်၊ ကိုင်းဖြတ်ပေးရန် လိုအပ်ပါသည်၊ ကိုင်းရှင်း၊ ကိုင်းထွင်၊ ကိုင်းဖြတ်ပေးခြင်းအားဖြင့် လေဝင်လေထွက်ကောင်းစေပြီး တစ်ပင်မှ အညွန့်သစ်များ (၃-၅)ကြိမ်ထိ ထွက်နိုင်ပါသည်။

သရက်ပင်သည် မြေတွင်းအာဟာရ လုံလောက်စွာရှိမှသာ အရည်အသွေးမီ ပြည့်ဖြိုးသော သရက်သီးများ ရနိုင်မည်ဖြစ်ပါသည်၊ မြေတွင်းအာဟာရ မပြည့်ဝလျှင် လုံးပိန်လုံးညှပ်သီးများသာ ရရှိပြီး အရည်အသွေး အရသာလည်းမမီ ဖြစ်ပါသည်။ ကောင်းစွာဖွံ့ဖြိုးပြီး အသီးယူနေသည့် သရက်ပင်တစ်ပင်အတွက် မိုးဦးတွင် နွားချေး၊ ကြက်ချေး၊ သဘာဝမြေဆွေး တစ်အိတ်၊ ယူရီးယားမြေဩဇာ (၈၅) ဂရမ်၊ တီစူပါ မြေဩဇာ ၄၀ ဂရမ်၊ ပိုတက်ရှ် မြေဩဇာ ၁၁၄ ဂရမ် ကျွေးရန်ဖြစ်ပါသည်။ မိုးနှောင်းကာလတွင် နွားချေး၊ ကြက်ချေး၊ သဘာဝမြေဆွေး တစ်အိတ်၊ ယူရီးယား ၈၅ ဂရမ်တို့ကို ကျွေးရန် ဖြစ်ပါသည်။ အသီးများများ ယူနေသော သရက်ပင်များကို တစ်နှစ်လျှင် ဓာတ်မြေဩဇာများနှင့် သဘာဝမြေဆွေးများ လေးကြိမ်ကျွေးရန် လိုအပ်ပါသည်။

ပထမအကြိမ် ဓာတ်မြေဩဇာ ကျွေးခြင်းကို အသီးများ ခူးပြီးနောက် ကိုင်းရှင်း၊ ကိုင်းထွင်၊ ကိုင်းဖြတ်ပြုလုပ်ပြီး ယူရီးယားမြေဩဇာ၊ တီစူပါမြေဩဇာ၊ ပိုတက်ရှ်မြေဩဇာများကို (၃း၁း၁)ရောစပ်၍ နွားချေး၊ ကြက်ချေး၊ သဘာဝမြေဆွေးနှင့် ကျွေးရန် လိုအပ်ပါသည်။ ဒုတိယ အကြိမ် ဓာတ်မြေဩဇာကျွေးခြင်းကို မိုးနှောင်းကာလ (စက်တင်ဘာ၊ အောက်တိုဘာလ)တွင် ယူရီးယားမြေဩဇာ၊ တီစူပါမြေဩဇာ၊ ပိုတက်ရှ်မြေဩဇာများကို (၁း၃း၁)ဖြင့် ရောစပ်၍ နွားချေး၊ ကြက်ချေး၊ သဘာဝမြေဆွေးများနှင့် ရောကျွေးရန် လိုအပ်ပါ သည်။ စတုတ္ထအကြိမ် ဓာတ်မြေဩဇာကျွေးခြင်းကို အသီးကြီးထွား ဖွံ့ဖြိုးချိန်တွင် ယူရီးယားမြေဩဇာ၊ တီစူပါမြေဩဇာ၊ ပိုတက်ရှ်မြေဩဇာများကို (၁း၁း၃)ဖြင့် ရောစပ်၍ နွားချေး၊ ကြက်ချေး၊ သဘာဝ မြေဩဇာများနှင့် ရောကျွေးရန် လိုအပ်ပါသည်။

နောက်တစ်ချက်မှာ မြန်မာ့စိန်တလုံးသရက်အတွက် ရတက်အေးရအောင် မြန်မာ့မူပိုင်ခွင့်ပြုလုပ်ရန် ဖြစ်ပါသည်။ စိန်တလုံးသရက်ပင် မူရင်းပေါ်ထွန်းစမှစ၍ တွက်ကြည့်လျှင် အပင်သက်တမ်း ၈၀ ကျော်ရှိခဲ့ပြီး ဖြစ်ပါသည်။ မြန်မာနိုင်ငံသားစစ် မြန်မာ့ဗီဇ အရင်းအမြစ် (အရှေ့တောင်အာရှတွင် မည်သည့်နိုင်ငံမျှ မူရင်း မဟုတ်ပါ) ဖြစ်ပါသည်။ မြန်မာ့မူပိုင်ခွင့် မပြုလုပ်ထားလျှင် မိမိ၏ စိန်တလုံးသရက်ဗီဇကို ခိုးယူခံရနိုင်ဖွယ်ရှိပါသည်။ အိန္ဒိယနိုင်ငံတွင် နာမည်ကြီး ဈေးကောင်းရနေသော ဘာစမာတီဆန်ကို မူပိုင်ခွင့် ပြုလုပ်ထားခြင်း မရှိသဖြင့် တက္ကဆပ်ပြည်နယ်မှ သနပ်ခါးလိမ်းပြီး "တက္ကဆာမာတီဆန်"ဟု နာမည်ပေးထုတ်လုပ်ခြင်းကို အိန္ဒိယနိုင်ငံက မည်သို့မျှ ပြောဆိုမရနိုင်သည့် အဖြစ်အပျက်မျိုး ရှိခဲ့ဖူးသည်။ ယခုအခါတွင် မြန်မာ့စိန်တလုံးသရက်ကို တရုတ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ယိုးဒယားနိုင်ငံများက စိုက်ပျိုး၍ အရည်အသွေး ကောင်းသည်ထက် ကောင်းအောင် သုတေသန စမ်းသပ်မှုများ ပြုလုပ်လျက်ရှိသည်ဟု သတင်းကြားရပါသည်။

မြန်မာနိုင်ငံသည် ဗုဒ္ဓဘုရားပေးခဲ့သော အမွေဖြစ်သည့် စိန်တလုံး သရက်ကို အရည်အသွေးတိုးတက်ကောင်းမွန်အောင် မည်သို့ သုတေသနပြုလုပ်စမ်းသပ်မည်ကို မစဉ်းစားဘဲ နှစ်ပေါင်း ၄၀ ကျော်ကြာသည်ထိ "မှိန်း"၍ စားသုံးနေခဲ့ကြသည်မှာ ယနေ့ထိပင် ဖြစ်ပါသည်။ မြန်မာ့စိန်တလုံးသရက် ရတက်အေးရအောင် သုတေသနပြုစမ်းသပ်မှုများ ခြေလှမ်းစသင့်နေပြီ ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရပိုင်းမှလည်း အလေးထားကူညီပံ့ပိုးပေးရန် လိုအပ်မည်ဖြစ်ပါသည်။

# စားနပ်ရိက္ခာဖူလုံရေး အဓိကအားထားရသည့် မွေးမြူရေးဇုန်

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် ရှမ်းရိုးမ မွေးမြူရေးဇုန်သို့စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်း၊ ရှမ်းပြည်နယ် ခေတ္တပြည်နယ်ဦးစီးမှူး ဦးခမ်လျန်စွမ်းနှင့် အဖွဲ့သည် စက်တင်ဘာ ၂၆ ရက်က သွားရောက်အားပေးခဲ့ကြသည်။

ရှမ်းရိုးမ မွေးမြူရေးဇုန်သည် အေးသာယာမြို့မှ ညောင်ရွှေမြို့သို့သွားသော ကားလမ်းဘေးတိလောကျေးရွာအုပ်စုတွင် တည်ရှိပြီး ဥစားကြက်များကို အဓိကထားမွေးမြူသောဇုန်ဖြစ်သည်။ ဇုန်ကော်မတီ၏ ရှင်းလင်းဆွေးနွေးမှုအရ ဇုန်၏အကျယ်အဝန်းမှာ ၄၂၉ ဒသမ ၆၇ ဧကရှိပြီး ကြက်ခြံပေါင်း ၂၂၀ခြံကို ဆောက်လုပ်ထားကြောင်း၊ မွေးမြူရေးဇုန်တွင် ကြက်ကောင်ရေ ရှစ်သိန်းခန့်ကို မွေးမြူထားရှိပြီး တစ်ရက်လျှင် ကြက်ဥ ၅ သိန်း ထုတ်လုပ်လျက်ရှိကြောင်းနှင့် ရှမ်းပြည်နယ်တွင် ကြက်မွေးမြူရေးခြံများက တစ်ရက်လျှင် ကြက်ဥ သိန်း ၃၀ ဝန်းကျင် ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

ရှမ်းရိုးမ မွေးမြူရေးဇုန်ကထုတ်လုပ်သောကြက်ဥများကို တောင်ကြီးမြို့ပေါ်ရှိ တက်ချောင်ပင်မကြက်ဥဒိုင်နှင့် အေးသာယာမြို့ရှိ CP ကုမ္ပဏီသို့ လည်းကောင်း၊ ရန်ကုန်မြို့ရှိ ကုမ္ပဏီများသို့လည်းကောင်း၊ မကွေးမြို့နှင့် အမ်းမြို့များသို့လည်းကောင်း၊ မကွေး၊ မော်လမြိုင်မှတစ်ဆင့် ထားဝယ်မြို့များသို့လည်းကောင်း အသီးသီးတင်ပို့လျက်ရှိပြီး ဒိုင်ကောက်ဈေး ၈၇ ကျပ်၊ လက္ကားဈေး ၉၇ ကျပ်၊ လက်လီဈေး ၁၀၇ ကျပ်နှင့် ပျမ်းမျှအမြတ်ငွေ ၅ ကျပ်ရှိကြောင်းသိရသည်။ ကြက်ဥတစ်လုံး ထုတ်လုပ်မှု ကုန်ကျစရိတ် ၇၀ ကျပ်မှ ၉၀ကျပ်အထိ ရှိကြောင်းနှင့် အချို့ကြက်ခြံပိုင်ရှင်များ ကြက်မွေးမြူရေးကို မိသားစုများကိုယ်တိုင် ဆောင်ရွက်ကြပြီး ပြင်ပလုပ်သား ၂၅၀ ခန့်ရှိကြောင်း သိရပါသည်။ မွေးမြူရေးကို ပိုင်ဆိုင်မှုတစ်ဦးချင်း စီဆောင်ရွက်ခြင်းဖြစ်သော်လည်း ဇုန်ကော်မတီဖွဲ့စည်းထားရှိပြီး ကော်မတီက လမ်း၊ ရေ၊ မီးများ ကြီးကြပ်ဆောင်ရွက်ပေးခြင်း၊ အဆောက်အအုံဆောက်လုပ်မှုများ စနစ်တကျရှိစေရန် ကြီးကြပ်ပေးခြင်း၊ နည်းပညာပိုင်းအချင်းချင်း ဖလှယ်ဆောင်ရွက်စေ ခြင်း၊ ရောဂါကာကွယ်မှုအနေနှင့် ဟောပြောပွဲများ ကျင်းပပြုလုပ်ပေးခြင်း၊ အချို့ဆေးကုမ္ပဏီများနှင့် ပူးပေါင်းပြီး ဟောပြောပွဲများပြုလုပ် ဆောင်ရွက်နေကြောင်း သိရသည်။

မွေးမြူရေးခြံတွင် အများအားဖြင့် ကြက်ကောင်ရေ၏ ၆၀ ရာခိုင်နှုန်း ဥနှုန်းသာရှိပါက အသားစားဖြင့် ရောင်းချကြောင်းနှင့်အ ဓိကအားဖြင့်ကြက်ဥဈေးနှုန်းပေါ်မူတည်၍ လည်းကောင်း၊ ကြက်ဥဈေးနှုန်းကျပြီး အစာဈေးမြင့်ပါက ၇၀ ရာခိုင်နှုန်းလောက် ဥနှုန်းရှိသော်လည်း တွက်ခြေမကိုက်၍ ရောင်းချကြတယ်လို့ သိရသည်။ ကြက်မျိုးများကို အဓိကအားဖြင့် တောင်ကြီးမြို့ တက်ချောင်ကုမ္ပဏီက အဓိက ဖြန့်ဖြူးကြောင်းနှင့် ဇုန်မှ တစ်ရက်လျှင် ကြက်ဈေးတန်း ၄၀ ခန့်ထွက်ရှိပြီး၊ ကြက်ချေး ၁ ဒသမ ၅ တင်းဝင် တစ်အိတ်ကို ကျပ် ၁၂၀၀ နှုန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများက လာရောက် ဝယ်ယူနေကြကြောင်း သိရသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းက ရှမ်းပြည်နယ်၏ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့မြင်ရကြောင်း၊ ဇုန်ကော်မတီ၏ လှုပ်ရှားမှုများကိုလည်း အားရဖွယ်တွေ့မြင်ရကြောင်း၊ ရှမ်းရိုးမမွေးမြူရေးဇုန်သည် စားနပ်ရိက္ခာဖူလုံရေးအတွက် အဓိကအားထားရသည့်ဇုန်ဖြစ်ရာ ကော်မတီဝင်များအနေဖြင့် နိုင်ငံအတွင်း နေရာအသီးသီးမှ မွေးမြူရေးလုပ်ငန်းများတွင်ဖြစ်ပေါ်သည့် ရောဂါအန္တရာယ်များ အစဉ်သတိပြုနားစွင့်ပြီး မျိုးကြက်များ အစားအစာများ ဆက်သွယ်မှုကို ဂရုပြုရမည်ဖြစ်ကြောင်း၊ စားသုံးသူများ အာဟာရပြည့်မီရေးအတွက် မွေးမြူရေးအစားအစာများတွင် ထည့်သွင်းဖော်စပ်ရမည့် အစားအစာ စံချိန်စံညွှန်းနှင့်အညီထည့်သွင်းသွားရေး၊ ရင်းနှီးမြှုပ်နှံမှုပမာဏများသည့်အတွက် မီးဘေးလုံခြုံရေးကို ပို၍အစဉ်အလေးဂရုပြု ဆောင်ရွက်ရေး၊ သက်ဆိုင်ရာဌာန အဖွဲ့အစည်းများထံမှ အကြံဉာဏ်များရယူခြင်းနှင့် အခြေအနေများ တင်ပြပေးခြင်းတို့ကို မပြတ်ပြုလုပ်သွားသင့်ကြောင်း ပြောကြားခဲ့တယ်လို့ သတင်းရရှိပါသည်။

**စောမောင်(တောင်ကြီး)**

## ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၁၀/၂၀၁၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ (၁၀/၂၀၁၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၃ ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၃)၌ ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ စားသုံးသူတိုင်ကြားမှုလက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်းကော်မတီတို့မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ ခရိုင်ဦးစီးမှူးများ စုစုပေါင်း ၃၃ ဦး တက်ရောက်ခဲ့ပါတယ်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သည် စားသုံးသူများကို အကာအကွယ်ပေးသည့်အဖွဲ့ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း စားသောက်ကုန်၊ လူသုံးကုန်နှင့် ပစ္စည်းအမျိုးစုံလင်စွာရှိသဖြင့် စားသုံးသူများကို အန္တရာယ်ကင်းစေရန်အတွက် ဝိုင်းဝန်းအကြံပြုပေးစေလိုကြောင်း၊ မိမိတို့အဖွဲ့ဆောင်ရွက်နေသည့်လုပ်ငန်းများတွင် စံနှုန်းမညီအမှတ်တံဆိပ်မပြည့်စုံသည့် စားသုံးဆီများရှိပါက ထိထိရောက်ရောက် အရေးယူဆောင်ရွက်သင့်ပါကြောင်း အဖွင့်အမှာစကားပြောကြားခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးမြင့်ချိုက (၉/၂၀၁၈) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးခဲ့မှု အခြေအနေ၊ စက်တင်ဘာလအတွင်း ဆက်စပ်ဌာနများဖြင့် ပူးပေါင်း၍ မြို့နယ်များသို့ အသိပညာပေးဟောပြောပွဲနှင့် ကွင်းဆင်းစစ်ဆေးပြုလုပ်ခဲ့မှု အခြေအနေ၊ ဓာတုပစ္စည်းနှင့်ပတ်သက်၍ အသိပညာပေးဟောပြောမှု အခြေအနေနှင့် ဌာနမှ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအကြောင်း ဆွေးနွေးခဲ့ပါတယ်။

စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက စက်တင်ဘာလအတွင်း စားသုံးသူများ၏ တိုင်ကြားလာမှုတွင် စားသောက်ကုန်(၂)ခု၊ ဝန်ဆောင်မှု(၂၀)ခု၊ လူသုံးကုန်(၂)ခုတို့ကို လက်ခံညှိနှိုင်းဖြေရှင်းခဲ့သည့် အခြေအနေ၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီ အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇေယျာဆွေက စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်အလိုက် ကွင်းဆင်းစစ်ဆေးမှုအခြေအနေ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် ပူးပေါင်းကွင်းဆင်းစစ်ဆေးခဲ့မှု အခြေအနေနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြပါတယ်။ **မြတ်မွန်(စားသုံးသူ)ရန်ကုန်**

**စာမျက်နှာ (၈) ၂၀၁၈ ခုနှစ်ဘဏ္ဍာနှစ်တွင် . . . . မှအဆက်**

ဝင်ရောက်လာသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမှ လိုအပ်သည့်ကုန်ပစ္စည်းများတင်သွင်းမှုများပြားနေခြင်းကြောင့် ကုန်သွယ်ရေးလိုငွေ ဖြစ်ပေါ်နေဆဲ ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၅ ဒသမ ၄ ဘီလီယံ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၅ ဒသမ ၂၁ ဘီလီယံရှိခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၈ ဘီလီယံထိ လျှော့ချနိုင်ခဲ့ပါတယ်။ ယခုနှစ် ၂၀၁၈ ခုနှစ် (Mini Budget) အတွင်း ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံရှိပြီး ယခင်နှစ် ကာလတူတွင် ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံကျော်ရှိသည့်အတွက် ယခင်နှစ်ကာလတူထက် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ သုည ဒသမ ၅ ဘီလီယံကျော်လျော့နည်းသွားတာကို တွေ့ရှိရပါတယ်။

ကုန်သွယ်မှုလိုငွေ ဖြစ်ပေါ်ရတဲ့အကြောင်းကတော့ နိုင်ငံအနေနဲ့ တည်ဆောက်ဆဲ ကာလတစ်ခုဖြစ်သဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအတွက် လိုအပ်တဲ့ကုန်ပစ္စည်းများကို တင်သွင်းရခြင်းဖြစ်ပြီး အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် သွင်းလာတဲ့ ကုန်ပစ္စည်းတွေဟာ တစ်ဘက်မှာ ငွေသားစီးထွက်မှုမရှိတဲ့ Draw back၊ Capital in Kind၊ Loan in Kind တွေအနေနဲ့ ဝင်လာတာဖြစ်ပါတယ်။

ကုန်သွယ်မှုလိုငွေပြမှုများ လျော့နည်းစေရန်နှင့် ကုန်သွယ်မှုပိုငွေ ဖြစ်ပေါ်လာစေဖို့အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရန် အမျိုးသားအဆင့် ပို့ကုန်မဟာဗျူဟာ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ ချမှတ်ခြင်း၊ လုပ်ထုံးလုပ်နည်းများ ဖြေလျော့ခြင်း၊ ပုဂ္ဂလိက ကဏ္ဍအား အားပေးခြင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်များ တင်ပို့နိုင်ရေးအားပေးခြင်း၊ GSP ကဲ့သို့ ပို့ကုန်ဆိုင်ရာ အခွန်သက်သာခွင့်ရရှိပြီး လုပ်ငန်းရှင်များ ပို့ကုန်ဈေးကွက် တိုးချဲ့တင်ပို့နိုင်ရေးကိစ္စများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

နိဂုံးချုပ်အားဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ဟာ မြန်မာနိုင်ငံရဲ့ ကုန်သွယ်မှုပမာဏလျာထားချက် ပြည့်မီကျော်လွန်တဲ့ ထူးခြားသော နှစ်ဖြစ်ခဲ့တဲ့အပြင် ၂၀၁၈ ခုနှစ် (Mini Budget) သည်လည်း မိုးရာသီ၌ ရေကြီးရေလျှံခြင်းစတဲ့ သဘာဝအန္တရာယ်များနှင့် ကြုံတွေ့ရသည့် အချိန်ကာလဖြစ်သော်လည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနှင့် ကုန်သွယ်ဖက်နိုင်ငံများ၏ ဈေးကွက်လိုအပ်ချက်၊ မိမိနိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်ထွက်ရှိမှုအခြေအနေ၊ ကုန်သွယ်ဖက်နိုင်ငံများ အချင်းချင်း စေ့စပ်ညှိနှိုင်း ဆောင်ရွက်မှုအခြေအနေနှင့် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိကများပေါင်း စပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ခြင်းကြောင့် ယခုကဲ့သို့ ကုန်သွယ်မှုများ တိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းဖြစ်ပါကြောင်း သုံးသပ်တင်ပြလိုက်ရပါတယ်။

## ဟသ်ာတခရိုင် မီးသတ်တပ်ဖွဲ့တွင် စားသုံးသူ အကာအကွယ်ပေးရေးအသိပညာပေးဟောပြောပွဲပြုလုပ်

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့ လယ်တီကွင်းရပ်ကွက်၊ အင်္ဂပိုလမ်းရှိ ဟသ်ာတခရိုင်မီးသတ်တပ်ဖွဲ့၊ ခရိုင်ဦးစီးမှူးရုံး၌ စက်တင်ဘာ ၂၆ ရက် မွန်းလွဲ ၂ နာရီတွင် စားသုံးသူရေးရာဦးစီးဌာန ၊ ဟသ်ာတခရိုင်ဦးစီးမှူး ဦးကြည်ဟန် ဦးဆောင်သောအဖွဲ့မှ ဟသ်ာတခရိုင်အတွင်းရှိ ဟသ်ာတ၊ ဇလွန်၊ လေးမျက်နှာ၊ မြန်အောင်၊ ကြံခင်း၊ အင်္ဂပူမြို့နယ်များမှ မြို့နယ်မီးသတ်တပ်ဖွဲ့မှူးများ၊ ခရိုင်တပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ စုစုပေါင်းအင်အား ၇၀ ဦးတို့အား စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောခဲ့ပါသည်။

ဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာန၊ ဟသ်ာတခရိုင်ဦးစီးမှူး ဦးကြည်ဟန်မှ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ၊ စားသုံးသူတို့၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များ၊ စီးပွားရေးလုပ်ငန်းရှင်တို့၏ တာဝန်များ၊ ကြော်ငြာများနှင့် ပတ်သက်၍ သတိပြုစရာများ၊ မိမိတို့ပတ်ဝန်းကျင်တွင် စားသုံးသူတို့အနေနှင့် သတိပြုရှောင်ကြဉ်စရာများ၊ စားသုံးသူများ ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်လာပါက တိုင်ကြားနိုင်မှုများ၊ CICC တိုင်ကြားမှုများကို ဖြေရှင်းဆောင်ရွက်ပုံ အဆင့်ဆင့်များနှင့် စားသုံးသူနစ်နာမှု တိုင်ကြားခြင်းကို www.doca.gov.mm website မှလည်း တိုင်ကြားနိုင်ကြောင်း ဟောပြောဆွေးနွေးခဲ့ပြီး စားသုံးသူအသိပညာပေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေခဲ့ကြောင်း သိရှိရပါသည်။

**မောင်မောင်မြတ်ခိုင်**

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက် Global Petrol Prices Website တွင်ဖော်ပြထားရှိသည့် ဈေး နှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် အောက်တိုဘာလ ပထမပတ်အတွင်းဈေးနှုန်း မြင့်တက်ခဲ့သည့် နိုင်ငံပေါင်း (၄၈) နိုင်ငံရှိ၍ တောင်အာဖရိက နိုင်ငံသည် ယခင်တစ်ပတ်ဈေးနှုန်းထက် ၆ ဒသမ ၃၀ ရာခိုင်နှုန်းထိ အမြင့်မားဆုံးအဖြစ် ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။

ယခုတစ်ပတ်အတွင်း ဓာတ်ဆီဈေးနှုန်း တည်ငြိမ်သည့် နိုင်ငံ ၅၆ နိုင်ငံရှိပြီး အယ်လ်ဂျီးရီးယား၊ ဘာဘေဒို၊ မြန်မာ၊ တရုတ်၊ ဟောင်ကောင်၊ လာအို၊ မလေးရှား၊ နီပေါ ၊ ပါကစ္စတန်၊ ရုရှား၊ သီရိလင်္ကာ၊ ထိုင်ဝမ်နှင့် ဗီယက်နမ် စသည့် နိုင်ငံများပါဝင်၍ ၎င်းနိုင်ငံများသည် ယခင်တစ်ပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်း ပြောင်းလဲခြင်း မရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ဈေးနှုန်းကျဆင်းသွားသည့် နိုင်ငံအနေဖြင့် (၈) နိုင်ငံရှိ၍ အီတလီ၊ နယ်သာလန်၊ ပိုလန်နှင့် ဟန်ဂေရီနိုင်ငံတို့ ပါဝင်ပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ သုညဒသမ ၈၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့သည်ကို တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ် အောက်တိုဘာလ (၁) ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီ ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ထိုင်းနိုင်ငံသည် ၂ ဒသမ ၄၀ ရာခိုင်နှုန်း၊ အင်ဒိုနီးရှားနိုင်ငံသည် ၁ ဒသမ ၈၀ ရာခိုင်နှုန်း၊ စင်ကာပူနိုင်ငံသည် ၁ ဒသမ ၇၀ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယားနိုင်ငံသည် သုည ဒသမ ၈၀ ရာခိုင်နှုန်းနှင့် ဖိလစ်ပိုင်နိုင်ငံသည် သုည ဒသမ ၆၀ ရာခိုင်နှုန်းဈေးနှုန်းမြင့်တက်ခဲ့ပြီး မြန်မာ၊ လာအို၊ မလေးရှားနှင့် ဗီယက်နမ်နိုင်ငံများသည် ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် အောက်တိုဘာလ ပထမပတ်အတွင်း ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၅၁ နိုင်ငံရှိခဲ့၍ (Oman) နိုင်ငံသည် ယခင်တစ်ပတ် ဈေးနှုန်းထက် ၁၄ ဒသမ ၃၀ ရာခိုင်နှုန်းထိ အမြင့်မားဆုံးအဖြစ် ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။

ယခုတစ်ပတ်အတွင်း ဒီဇယ်ဈေးနှုန်း တည်ငြိမ်သည့် နိုင်ငံများသည် အယ်လ်ဂျီးရီးယား၊ ဘာဘေဒို၊ မြန်မာ၊ ကမ္ဘောဒီးယား၊ တရုတ်၊ ဟောင်ကောင်၊ အိုက်စလန်၊ အီတလီ၊ လာအို၊ မလေးရှား၊ နီပေါ၊ သီရိလင်္ကာ၊ ပါကစ္စတန်၊ ထိုင်ဝမ်နှင့် ဗီယက်နမ် စသည့်နိုင်ငံများ အပါအဝင် ၅၄ နိုင်ငံရှိပြီး ၎င်းနိုင်ငံများသည် ယခင်တစ်ပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းပြောင်းလဲခြင်းမရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ဈေးနှုန်းကျဆင်းသွားသည့် နိုင်ငံအနေဖြင့် ခုနစ်နိုင်ငံရှိ၍ ဂျာမနီ၊ ရုရှား၊ ဆွစ်ဇာလန်နှင့် နယ်သာလန်နိုင်ငံ စသည်တို့ပါဝင်ပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ သုည ဒသမ ၆၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့သည်ကိုတွေ့ ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် အင်ဒိုနီးရှားနိုင်ငံသည် ၃ ဒသမ ၀၀ ရာခိုင်နှုန်း၊ စင်ကာပူနိုင်ငံသည် ၂ ဒသမ ၈၀ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံသည် ၁ ဒသမ ၀၀ ရာခိုင်နှုန်းနှင့် ဖိလစ်ပိုင်နိုင်ငံသည် သုညဒသမ ၄၀ ရာခိုင်နှုန်းထိဈေးတက်ခဲ့ကာ မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံများသည် ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေသည်ကို လေ့လာတွေ့ရှိရပါသည်။ အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ်တစ်လီတာဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး - အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၅၇ | ၀.၅၆ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၆၈ | ၀.၇၉ |
| ၃ | ထိုင်း | လီတာ | ၁.၂၀ | ၀.၉၂ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၉၄ | ၀.၇၈ |
| ၅ | စင်္ကာပူ | လီတာ | ၁.၆၅ | ၁.၃၀ |
| ၆ | မလေးရှား | လီတာ | ၀.၅၃ | ၀.၅၃ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၁၀ | ၀.၈၇ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၀၈ | ၀.၉၅ |
| ၉ | လာအို | လီတာ | ၁.၂၂ | ၀.၉၈ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

## ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၈ခုနှစ်၊ အောက်တိုဘာ ၁ ရက်တွင် International Rice Market Website တွင် ဖော်ပြချက်အရ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၂ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၀ ဖြင့်လည်းကောင်း၊ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၅ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၅ ဖြင့်လည်းကောင်း၊ ဧည့်မထ ၅မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၅ဖြင့်လည်းကောင်း ရှိခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၀ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၀ ဖြင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၈ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၈ ဖြင့်လည်းကောင်း အသီးသီးရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ယခင်တစ်ပတ်ဈေးများနှင့်နှိုင်းယှဉ်ပါက ဗီယက်နမ်နိုင်ငံတွင် ဧည့်မထ ၅ မှတ်၊ ၂၅ မှတ်ဆန် အမျိုးအစားများ အနည်းငယ်ဈေးမြင့်တက်ခဲ့ပြီး ထိုင်းနိုင်ငံတွင် ဧည့်မထ ၅ မှတ်၊ ၂၅ မှတ်ဆန်များနှင့် ပေါင်းဆန်အမျိုးအစား ဆန်ဈေးနှုန်းများ ဈေးတည်ငြိမ်နေခဲ့ပါသည်။ ပါကစ္စတန်နှင့်အိန္ဒိယနိုင်ငံတို့၏ ဧည့်မထ ၅ မှတ်၊ ၂၅ မှတ်ဆန်နှင့်ပေါင်းဆန်အမျိုးအစားများ အနည်းငယ် ဈေးကျခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

Thai Rice Exporters Association ၏အစီရင်ခံစာအရ ကမ္ဘာ့ဆန်တင်ပို့မှု ဒုတိယအများဆုံးဖြစ်သည့် ထိုင်းနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် နှစ်နိုင်ငံ အစိုးရအချင်းချင်း သဘောတူညီချက်အရ တရုတ်နိုင်ငံမှ ဆန်တန်ချိန် တစ်သိန်း ဝယ်ယူရန် နှစ်နိုင်ငံသဘောတူညီခဲ့ကြပြီး ယင်းသို့ တရုတ်နိုင်ငံမှဆန်ဝယ်ယူမှုသည် ထိုင်းနိုင်ငံ၏ ပြည်တွင်းဆန်ဈေးနှုန်းနှင့်ဆန်တင်ပို့မှုကို အချိန်အဟုန်နှင့် တိုးတက်နိုင်စေရန် အထောက်အပံ့ကောင်းများရရှိနိုင်မည်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီး Mr Sontirat က ပြောကြားခဲ့ပါသည်။

၂၀၁၈ ခုနှစ် ဖိလစ်ပိုင်နိုင်ငံ၏ ဒုတိယသုံးလပတ် စပါးထုတ်လုပ်မှု ၁ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ဇူလိုင်လမှ စက်တင်ဘာလတွင်လည်း ကောက်စိုက်စရိတ်ဧရိယာနှင့် အထွက်နှုန်း ၂ ဒသမ ၈ ရာခိုင်နှုန်းနှင့် သုည ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းနိုင်မည်ဖြစ်ကြောင်း၊ မိုးကြီးရေလျှံမှု ဖြစ်စေခဲ့သည့် ရာသီဥတု ဖြစ်စဉ်များကြောင့် သိုလှောင်ကန်အပျက်အစီးများရှိခဲ့ရာ ပြည်တွင်းဆန်သုံးစွဲနှုန်းမှာ မက်ထရစ်တန်ချိန် ၅၀၀၀၀ ခန့် မြင့်တက်လာနိုင်သည်ကိုလည်း ၎င်းကပြောကြားခဲ့ပါသည်။

ပြည်တွင်းဆန်ဈေးကွက်အနေဖြင့် တရုတ်နိုင်ငံသို့ မြန်မာ့ဆန် တရားဝင်တင်ပို့ခွင့် စာချုပ်သက်တမ်းသည် စက်တင်ဘာ ၂၄ ရက်က သက်တမ်းကုန်ဆုံးသွားပြီဖြစ်သည့်အတွက် လာမည့် ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလအထိ သက်တမ်းထပ်မံ တိုးမြှင့်လိုက်ကြောင်း မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်က ထုတ်ပြန်ခဲ့သည်ကို သိရှိရပါသည်။ ယင်းစာချုပ်အရ ဆန်ကိုပုံမှန်တင်ပို့မှုအတိုင်း ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ဆန်ကွဲတင်ပို့နိုင်ရေး အတွက်ကိုလည်း တရုတ်နိုင်ငံဘက်မှ စိစစ်ဆောင် ရွက်နေဆဲဖြစ်ကြောင်း သိရှိရပါသည်။ ၂၀၁၄ ခုနှစ်က Sanitary and Phyto-Sanitary (SPS Protocol) ဖြင့်ချုပ်ဆိုခဲ့သည့် တရုတ်နိုင်ငံ ကုန်ပစ္စည်းအရည်အသွေးစစ်ဆေးရေး (AQSIQ) ဝန်ကြီးနှင့် ဆန်စပါးအရည်အသွေးပိုင်းနှင့် စစ်ဆေးရေးပိုင်းဆိုင်ရာ စာချုပ် ကိုလည်းကောင်း၊ တရုတ်နိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနနှင့် လယ်ယာကဏ္ဍပူးပေါင်းဆောင်ရွက်ရေးနှင့် လယ်ယာသီးနှံ ဈေးကွက်ရရှိရေးစာချုပ်ကိုလည်းကောင်း အသီးသီးလက်မှတ်ရေး ထိုးခဲ့ပြီးဖြစ်ကြောင်း၊ ဆန်ကို တရုတ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံးရောင်းချခဲ့ခြင်းဖြစ်ပြီး ဆန်ကွဲကို ဘယ်လ်ဂျီယံ၊ တရုတ်နှင့် အင်ဒိုနီးရှားနိုင်ငံများသို့ အများဆုံး ရောင်းချနိုင်ခဲ့ခြင်းဖြစ်သည်ကို အသင်းချုပ်ထံမှ လေ့လာသိရှိရပါသည်။ လက်ရှိ မြန်မာ့ဆန်များအား ပင်လယ်ရေကြောင်းမှ တင်ပို့နေသည့် ဆန်ဈေးကွက်တွင် ၂၅ မှတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၀ မှ ၃၄၀ ခန့်၊ ၅ မှတ်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၂၀ မှ ၄၃၀ ခန့်ဈေးနှုန်းရှိသည်ကို သိရှိရပါသည်။ ပြည်တွင်း ဈေးကွက်၏ ဆန်ဈေးနှုန်းအခြေအနေကို လေ့လာကြည့်ပါက ပြည်ပတင်ပို့နေရသည့် ဆန်ဈေးထက်ပင် ဈေးပိုမြင့်နေပြီး ထိုသို့ဖြစ်ရခြင်းမှာ ကုန်သည်ကြီးများ၏ ဈေးကစားမှုများ ကြောင့်ဖြစ်ကြောင်း၊ ယခင်နှစ် စက်တင်ဘာလ၊ အောက်တိုဘာလများနှင့်ယှဉ်လျှင် ဈေးအများကြီး တက်လာကြောင်း ဆန်ပွဲရုံပိုင်ရှင်များထံမှသိရှိရပါသည်။ ပြည်တွင်းစားသုံးမှုများသည့် ရွှေဘိုပေါ်ဆန်း၊ ရန်ကုန်ပေါ်ဆန်း၊ ရွှေဘိုဧရာမင်းနှင့် မဂျမ်းတောဆန်များမှာ တစ်အိတ်လျှင် ကျပ် ၄၅၀၀၀-၅၀၀၀၀-၆၀၀၀၀ ဈေးထိ ပေါက်ဈေးရှိနေပြီး ပြည်ပပို့ကုန်ဆန်ဈေးမှာ ကျပ် ၁၇၀၀၀- ၂၆၀၀၀ ခန့်ပေါက်ဈေးရှိနေသဖြင့် စားသုံးသူများနှင့် ပြည်ပတင်ပို့နိုင်မည့်ဆန်ကို အဓိကစိုက်ပျိုးသည့် တောင်သူများအတွက် အကျိုးမရှိသည့် အခြေအနေဖြစ်နေကြောင်း၊ “တောင်သူများ အများဆုံး စိုက်ပျိုးသည်မှာ ပို့ကုန်ဆန်အမျိုးအစားများကိုသာ အဓိကစိုက်ပျိုးခြင်းဖြစ်ပြီး ပို့ကုန်တင်ပို့မည့်ဆန်များမှာ ဈေးမရရှိဘဲ ထက်ဝက်မကဈေးကွာနေကြောင်း” သိရှိရပါသည်။ ပြည်တွင်း မိုးစပါးဆန်အသစ်များ မကြာမီ လှိုင်လှိုင်ထွက်ရှိလာပါက ဈေးကျဆင်းနိုင်သော်လည်း လက်ရှိအချိန်တွင် ပြည်တွင်းစားသုံးသည့်ဆန်ဈေးမြင့်တက်နေသဖြင့် အရောင်းအဝယ်အေးနေကြောင်း ဆန်ကုန်သည်များထံမှ သိရှိရပါသည်။ မန္တလေးဈေးကွက်တွင် မဂျမ်းတောဆန်ကို မန္တလေးဒေသတွင် စားသုံးမှုများပြားပြီး ဈေးကွက်အတွင်း တစ်အိတ်လျှင် ကျပ် ၄၇၀၀၀-၄၈၀၀၀ ပေါက် ဈေးရှိနေကြောင်း၊ ပေါ်ဆန်းရွှေဘိုဘေးကြား (ရှယ်) ကျပ် ၅၉၀၀၀-၆၀၀၀၀၊ ရန်ကုန်ပေါ်ဆန်း (ရှယ်) ကျပ် ၅၀၀၀၀-၅၂၀၀၀၊ ရွှေဘို ဧရာမင်း ကျပ် ၄၀၀၀၀-၄၂၀၀၀၊ မဂျမ်းတော ကျပ် ၄၇၀၀၀-၄၈၀၀၀၊ နွေဇီယာ ကျပ် ၂၆၀၀၀-၂၇၀၀၀၊ ပုသိမ်မြီး ကောက် ကျပ် ၃၂၀၀၀-၃၃၀၀၀ အသီးသီး ပေါက်ဈေးရှိကြောင်း လေ့လာသိရှိရပါသည်။ ထို့ပြင် ပြည်တွင်းမှ စပါးအား နယ်စပ်ထွက်ပေါက်များမှတစ်ဆင့် မှောင်ခိုတင်ပို့မှုများ ဖြစ်ပေါ်နေကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ထံမှ သိရှိရပါသည်။

စပါးများမှောင်ခိုထွက်နေသည့် ပုံစံမှာပြည်နယ်အတွင်းရှိ ပြည်သူ့စစ်များက ၎င်းတို့၏ စားနပ်ရိက္ခာအတွက် သယ်ယူရာတွင် တရားဝင်ခွင့်ပြုချက်ဖြင့် သွားခြင်းကိုနွယ်၍ မှောင်ခိုသွားနေခြင်းများလည်းရှိကြောင်း၊ အဓိကအားဖြင့် မူဆယ်ဘက်လမ်းကြောင်းထက် နမ့်ခမ်းလမ်းကြောင်းဘက်မှသွားနေခြင်းမှာ ပိုများကြောင်း ကုန်သည်များထံမှ လေ့လာတွေ့ရှိရပါသည်။ ယခုအချိန်တွင် စပါးတင်း တစ်ရာလျှင် ငွေကျပ်ငါးသိန်းကျော်မှ ၆ သိန်း ၃ သောင်းကျော်အထိ တရုတ်ကုန်သည်များက

စာမျက်နှာ ၁၇ သို့

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

၂၀၁၈ ခုနှစ်အောက်တိုဘာ ၁ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၇ နှင့် ဒီဇယ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၇ ရှိပြီး စက်သုံးဆီဈေးနှုန်း နိုင်ငံအလိုက်နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း ၁၈ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း ၁၇ နိုင်ငံမြောက်တွင် ရှိနေသောကြောင့် ကမ္ဘာ့ နိုင်ငံများနှင့်နှိုင်းယှဉ် လျှင် စက်သုံးဆီဈေးနှုန်းသက်သာ သောနိုင်ငံများ တွင် ပါဝင်ပါသည်။ ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး၊ အများဆုံး နိုင်ငံများစာရင်းကို တစ်လီတာ ဈေးနှုန်းများဖြင့် အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး - အမေရိကန်ဒေါ်လာ

| စဉ် | ဓါတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓါတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၁ | နယ်သာလန် | လီတာ | ၁.၉၃ |
| ၂ | အီရန် | လီတာ | ၀.၂၉ | ဘာဘေဒို | လီတာ | ၁.၉၅ |
| ၃ | ဆူဒန် | လီတာ | ၀.၃၄ | အိုက်စလန် | လီတာ | ၂.၀၂ |
| ၄ | အယ်ဂျီးရီးယား | လီတာ | ၀.၃၅ | နော်ဝေ | လီတာ | ၂.၀၇ |
| ၅ | ကူဝိတ် | လီတာ | ၀.၃၅ | ဟောင်ကောင် | လီတာ | ၂.၁၉ |

တန်ဖိုး - အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၀၇ | မိုနာကို | လီတာ | ၁.၇၈ |
| ၂ | ဆော်ဒီအာရေးဗျ | လီတာ | ၀.၁၃ | ဟောင်ကောင် | လီတာ | ၁.၇၉ |
| ၃ | အယ်ဂျီးရီးယား | လီတာ | ၁.၁၉ | ဆွီဒင် | လီတာ | ၁.၈၂ |
| ၄ | ဆူဒန် | လီတာ | ၀.၂၃ | နော်ဝေ | လီတာ | ၁.၉၆ |
| ၅ | Ecuador | လီတာ | ၀.၂၇ | အိုက်စလန် | လီတာ | ၁.၉၇ |

ရေနံစက်သုံးဆီအနေဖြင့် အမေရိကန်က အီရန်အပေါ် ချမှတ်မည့်အရေးယူပိတ်ဆို့မှု Sanction သည် နိုဝင်ဘာ ၄ ရက်တွင် စတင်မည်ဖြစ်ပြီး ယင်းအခြေအနေသည် ကမ္ဘာ့ရေနံဈေးကို မြင့်တက်လာစေမည့် လတ်တလော အကြောင်းတစ်ခု ဖြစ်လာခဲ့ပါသည်။ ပင်လယ်ရေကြောင်းမှ နေ့စဉ်ရေနံစည်သန်းပေါင်းများစွာ ထုတ်ရောင်းနေသည့် အီရန်နိုင်ငံသည် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလအတွင်း၌ ရေနံစည်ပေါင်း ၁ ဒသမ ၉ သန်းသာတင်ပို့နိုင်ပြီး နှစ်နှစ်အတွင်း အနည်းဆုံးတင်ပို့နိုင်သည့် အခြေအနေတစ်ခုဖြစ်ကြောင်းလည်း လေ့လာတွေ့ရှိရပါသည်။

တရုတ်၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ တူရကီ စသည့် နိုင်ငံများသည် အီရန်နိုင်ငံမှ ရေနံ အဓိကဝယ်ယူနေကြသည့်နိုင်ငံများဖြစ်ပြီး အမေရိကန်အနေဖြင့် အီရန်မှ ရေနံဝယ်ယူခြင်းမပြုရန် တောင်းဆိုခဲ့ပြီး တရုတ်နိုင်ငံအနေဖြင့် သဘောမတူညီခဲ့သော်လည်း အိန္ဒိယနှင့် တောင်ကိုရီးယားနိုင်ငံတို့သည် အီရန်နိုင်ငံမှ ရေနံဝယ်ယူခြင်းမပြုရန် ဆုံးဖြတ်တော့မည့်အခြေအနေဖြစ်လျက်ရှိသည်ကို တွေ့ရှိရ ပါသည်။ ယခုရေနံဈေးမြင့်တက်မှုအခြေအနေသည် ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလအတွင်း ဈေးနှုန်းအမြင့်ဆုံးရောက်ရှိခဲ့သည့် စံချိန်ကိုကျော်သွားနိုင်မည့် အနေအထားတစ်ခုဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ မြန်မာနိုင်ငံ မြို့ကြီးများတွင် နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများအား အထက်ပါအတိုင်း ဖော်ပြအပ်ပါသည်။ သို့ဖြစ်ပါ၍ စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်ဆီ) ဈေးနှုန်းများသည် ယခု အောက်တိုဘာလ ပထမပတ်အတွင်း ကမ္ဘာ့ဈေးနှုန်းများ မှာ ဆက် လက်မြင့်တက်လျက်ရှိကြောင်း သိရှိရပါသည်။ Global Petrol Prices Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်အတွင်း အာရှဒေသနိုင်ငံများဖြစ်သော မြန်မာ၊ တရုတ်၊ ဟောင်ကောင်၊ လာအို၊ မလေးရှား၊ နီပေါ၊သီရိလင်္ကာ၊ ပါကစ္စတန်၊ ထိုင်ဝမ်နှင့် ဗီယက်နမ်နိုင်ငံများ၏ဈေးနှုန်းမှာ တည်ငြိမ်နေပြီး မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ စက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းမြင့်တက်လာကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

## ကြယ်စင်(တန့်ဆည်မြေ)

| စဉ် | မြို့အမည် | စက်သုံးဆီ(ကျပ်/ဂါလံ) | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ဓါတ်ဆီ | | | | | ဒီဇယ်ဆီ | | | | |
| | | စက်တင်ဘာ ၂၈ | အောက်တိုဘာ ၁ | အောက်တိုဘာ ၂ | အောက်တိုဘာ ၃ | အောက်တိုဘာ ၄ | စက်တင်ဘာ ၂၈ | အောက်တိုဘာလ ၁ | အောက်တိုဘာလ ၂ | အောက်တိုဘာလ ၃ | အောက်တိုဘာလ ၄ |
| ၁ | မြစ်ကြီးနား | ၅၂၀၀ | ၅၂၀၀ | ၅၂၀၀ | ၅၂၀၀ | ၅၂၅၀ | ၅၂၀၀ | ၅၂၀၀ | ၅၂၀၀ | ၅၂၀၀ | ၅၂၇၀ |
| ၂ | လားရှိုး | ၅၁၀၀ | ၅၁၀၀ | ၅၁၀၀ | ၅၁၀၀ | ၅၁၀၀ | ၅၁၅၀ | ၅၁၅၀ | ၅၁၅၀ | ၅၂၀၀ | ၅၂၀၀ |
| ၃ | ကျိုင်းတုံ | ၅၇၆၀ | ၅၇၆၀ | ၅၇၆၀ | ၅၇၆၀ | ၅၇၆၀ | ၅၈၅၀ | ၅၈၅၀ | ၅၈၅၀ | ၅၈၅၀ | ၅၈၅၀ |
| ၄ | တောင်ကြီး | ၅၁၀၀ | ၅၁၀၀ | ၅၁၀၀ | ၅၁၀၀ | ၅၁၅၀ | ၅၁၀၀ | ၅၁၀၀ | ၅၁၀၀ | ၅၁၀၀ | ၅၂၀၀ |
| ၅ | လွိုင်ကော် | ၅၀၀၀ | ၄၈၀၀ | ၄၈၀၀ | ၅၀၀၀ | ၅၀၀၀ | ၅၁၅၀ | ၅၀၀၀ | ၅၀၀၀ | ၅၁၅၀ | ၅၁၅၀ |
| ၆ | ဘားအံ | ၄၇၇၀ | ၄၇၇၀ | ၄၇၇၀ | ၄၇၇၀ | ၄၇၇၀ | ၄၉၅၀ | ၄၉၅၀ | ၄၉၅၀ | ၄၉၅၀ | ၄၉၅၀ |
| ၇ | မော်လမြိုင် | ၄၉၅၀ | ၄၉၇၂ | ၅၀၁၇ | ၅၀၄၀ | ၅၀၆၂ | ၄၉၀၅ | ၄၉၀၅ | ၄၉၅၀ | ၄၉၉၅ | ၄၉၉၅ |
| ၈ | ထားဝယ် | ၅၁၅၀ | ၅၁၅၀ | ၅၁၅၀ | ၅၁၅၀ | ၅၁၅၀ | ၄၉၅၀ | ၄၉၅၀ | ၄၉၅၀ | ၄၉၅၀ | ၄၉၅၀ |
| ၉ | မြိတ် | ၄၆၃၅ | ၄၆၃၅ | ၄၆၃၅ | ၄၆၃၅ | ၄၆၃၅ | ၄၆၈၀ | ၄၆၈၀ | ၄၆၈၀ | ၄၆၈၀ | ၄၆၈၀ |
| ၁၀ | ရန်ကုန် | ၄၀၀၀ | ၃၈၅၀ | ၃၈၅၀ | ၃၈၅၀ | ၃၈၅၀ | ၄၈၄၁ | ၄၈၄၁ | ၄၈၈၇ | ၄၈၈၇ | ၄၈၈၇ |
| ၁၁ | ပုသိမ် | ၄၆၀၀ | ၄၅၅၀ | ၄၅၅၀ | ၄၆၅၀ | ၄၇၅၀ | ၄၇၅၀ | ၄၈၀၀ | ၄၇၅၀ | ၄၈၅၀ | ၄၉၅၀ |
| ၁၂ | စစ်တွေ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၈၀ | ၄၆၆၀ | ၄၆၆၀ | ၄၆၆၀ | ၄၆၆၀ | ၄၆၈၀ |
| ၁၃ | ဟားခါး | ၅၃၃၀ | ၅၃၃၀ | ၅၃၃၀ | ၅၃၃၀ | ၅၃၃၀ | ၅၁၂၀ | ၅၁၂၀ | ၅၁၂၀ | ၅၁၂၀ | ၅၁၂၀ |
| ၁၄ | မုံရွာ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၉၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၉၀၀ |
| ၁၅ | မန္တလေး | ၄၇၀၀ | ၄၆၀၀ | ၄၆၀၀ | ၄၆၀၀ | ၄၆၀၀ | ၅၀၀၀ | ၄၉၀၀ | ၄၉၀၀ | ၄၉၀၀ | ၄၉၀၀ |
| ၁၆ | ပခုက္ကူ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၁၅၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ | ၄၂၀၀ |
| ၁၇ | မကွေး | ၄၈၀၀ | ၄၈၅၀ | ၄၈၅၀ | ၄၈၅၀ | ၄၈၅၀ | ၅၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၅၀၀၀ |
| ၁၈ | ပြည် | ၄၇၀၀ | ၄၇၀၀ | ၄၇၀၀ | ၄၈၀၀ | ၄၇၅၀ | ၄၉၀၀ | ၄၉၀၀ | ၄၉၀၀ | ၄၉၅၀ | ၄၉၀၀ |
| ၁၉ | ပဲခူး | ၄၇၀၀ | ၄၇၂၅ | ၄၇၆၅ | ၄၇၆၅ | ၄၇၆၅ | ၄၈၀၀ | ၄၈၀၀ | ၄၈၃၅ | ၄၈၃၅ | ၄၈၃၅ |
| ၂၀ | ပျဉ်းမနား | ၄၉၂၈ | ၄၉၂၈ | ၄၉၂၈ | ၄၉၂၈ | ၄၉၂၈ | ၄၉၇၃ | ၄၉၇၃ | ၄၉၇၃ | ၄၉၇၃ | ၄၉၇၃ |
| ၂၁ | နေပြည်တော် | ၄၉၂၈ | ၄၉၂၈ | ၄၉၂၈ | ၄၉၂၈ | ၄၉၂၈ | ၄၉၇၃ | ၄၉၇၃ | ၄၉၇၃ | ၄၉၇၃ | ၄၉၇၃ |
| ၂၂ | ကလေး | ၄၉၀၀ | ၄၉၀၀ | ၄၉၀၀ | ၄၉၀၀ | ၅၀၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၉၀၀ |

Source : DOCA-Domestic

## ရွှေနှင့် အမေရိကန်ဒေါ်လာငွေ လဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ရန်ကုန်အပါအဝင် ရွှေဈေးကွက် ပြန်လည်ဖွင့်လှစ်သော်လည်း အရောင်းအဝယ်ဖြစ်၍ ရွှေဈေးဆက်လက်ကျဆင်းနေပြီး တစ်ပတ်အတွင်း ကျပ်ခြောက်သောင်းကျော် ပြန်လည်ကျဆင်းခဲ့ပါသည်။ ဒေါ်လာဈေးကစားမှုကြောင့် စက်တင်ဘာလ ၂၁ ရက်က ပြည်တွင်းအခေါက်ရွှေဈေး တစ်ကျပ်သားလျှင် ကျပ် ၁၀၃၇၀၀၀ အထိ မြင့်တက်လာခဲ့ခြင်းဖြစ်ရာ အစိုးရက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ခြင်းကြောင့် ဒေါ်လာဈေးအပါအဝင် ရွှေဈေးများ ပြန်လည်ကျဆင်းလာခဲ့ခြင်းဖြစ်ပါသည်။ မန္တလေး ရွှေဈေးကွက်သည် ရန်ကုန်ရွှေဈေးကွက်ထက် ပိုမိုစောဖွင့်ပြီး ဈေးကွက်အတွင်း အရောင်းအဝယ် ပုံမှန်သာရှိသည်ဟု မန္တလေး ရွှေလုပ်ငန်းရှင်များအသင်းထံမှ သိရှိရပါသည်။ ရန်ကုန်ရွှေဈေးကွက်သည် မြန်မာတစ်နိုင်ငံလုံး၏ ရွှေဈေးသတ်မှတ်ရာ နေရာဖြစ်ပြီး အခြားမြို့များက ရန်ကုန်ဈေးကွက်ပေါ် မူတည်၍ ဈေးဖွင့်ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ရန်ကုန်ဈေးကွက်ရှိ ရွှေဘုံသာ (မဂို)လမ်းတွင် စက်တင်ဘာ ၂၄ ရက်၌ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန (စစစ) က ဝင်ရောက်စစ်ဆေးပြီး စက်တင်ဘာ ၂၅ ရက်တွင် ရွှေဈေးကွက် ရပ်တန့်ခဲ့ခြင်းဖြစ်ပြီး ရန်ကုန်မီးလင်းရွှေဈေးကွက်သည် ၂ ရက်ခန့် အရောင်းအဝယ်ရပ်ဆိုင်းခဲ့ပြီးနောက် ရွှေဈေးများလည်း ပြန်လည်ကျဆင်းလာခဲ့သည်ကို တွေ့ရှိရပါသည်။ စက်တင်ဘာ ၂၇ ရက်တွင် အရောင်းအဝယ်များ ပြန်လည်စတင်နိုင်ပြီး ဈေးကွက်ပြန်လည် စဖွင့်ချိန်မှ ဈေးကွက်ပိတ်ချိန်အထိ အခေါက်ရွှေ ၅ ပိဿာ အရောင်းအဝယ်ဖြစ်ကြောင်း သိရှိရပါသည်။ ရွှေဈေးသည် အောက်တိုဘာ ၁ ရက်တွင် ၉၇၀၀၀၀ ကျပ်ထိ ပြန်လည်ကျဆင်းလာခဲ့ပြီး ရင်းနှီးမြှုပ်နှံသူများက အလျှော့အတင်းကစားခြင်းကြောင့် ဈေးပြန်တက်လာခဲ့ပါသည်။

အောက်တိုဘာ ၂ ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၉၇၃၀၀၀၊ အောက်တိုဘာ ၃ ရက်တွင် ကျပ် ၉၇၅၀၀၀၊ အောက်တိုဘာ ၄ ရက်တွင် ကျပ် ၉၇၇၀၀၀ နှင့် အောက်တိုဘာလ ၅ ရက်တွင် ကျပ် ၉၈၅၀၀၀ အထိ ပြန်လည်မြင့်တက်လာခဲ့သည်ကို တွေ့ရှိရပါသည်။

**စာမျက်နှာ ၁၇ သို့**

## သကြား ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာ့သကြားဈေးကွက်အနေဖြင့် ယခုတစ်ပတ်အတွင်း ဖြစ်ပေါ်နေသော ဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ ကမ္ဘာ့သကြားဈေးအနေဖြင့် ယခင်တစ်ပတ်အတွင်း ဖြစ်ပေါ်ခဲ့သော ဈေးနှုန်းများနှင့်နှိုင်းယှဉ်လျှင် ယခုတစ်ပတ်တွင် ဈေးနှုန်းကျဆင်းလာကြောင်း လေ့လာတွေ့ရှိရပါသည်။ အဆိုပါ website တွင် ဖော်ပြချက်များအရ သကြားဖြူ (White Sugar ) တစ်တန်လျှင် စက်တင်ဘာ ၂၇ ရက်တွင် အမေရိကန်ဒေါ်လာ ၃၁၃ ဒသမ ၆၅ ပေါက် ဈေးရှိခဲ့ရာမှ စက်တင်ဘာ ၂၈ ရက်တွင် အမေရိကန်ဒေါ်လာ ၃၂၀ ဒသမ ၁၀ သို့ အနည်းငယ်ပြန်လည်မြင့်တက်ခဲ့ပြီး အောက်တိုဘာ ၃ ရက်တွင် အမေရိကန်ဒေါ်လာ ၃၃၉ ဒသမ ၆၅ အထိ ဈေးပြန်လည်မြင့်တက်လာသည်ကို တစ်ဖက်ပါအတိုင်းတွေ့ရှိရပါသည်။

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 3-Oct-18 | 12.37 cts/lb | 11.41 cts/lb | 339.65 $/T | 15.41 cts/lb |
| 2-Oct-18 | 12.17 cts/lb | 11.40 cts/lb | 333.70 $/T | 15.14 cts/lb |
| 1-Oct-18 | 11.77 cts/lb | 11.37 cts/lb | 326.95 $/T | 14.83 cts/lb |
| 28-Sep-18 | 10.97 cts/lb | 11.38 cts/lb | 320.10 $/T | 14.52 cts/lb |
| 27-Sep-18 | 10.66 cts/lb | 11.42 cts/lb | 313.65 $/T | 14.23 cts/lb |
| 26-Sep-18 | 10.62 cts/lb | 11.46 cts/lb | 312.70 $/T | 14.18 cts/lb |
| 25-Sep-18 | 10.92 cts/lb | 11.52 cts/lb | 318.55 $/T | 14.45 cts/lb |
| 24-Sep-18 | 10.99 cts/lb | 11.54 cts/lb | 319.40 $/T | 14.49 cts/lb |
| 21-Sep-18 | 11.44 cts/lb | 11.55 cts/lb | 332.00 $/T | 15.06 cts/lb |
| 20-Sep-18 | 11.39 cts/lb | 11.53 cts/lb | 331.35 $/T | 15.03 cts/lb |
| 19-Sep-18 | 11.39 cts/lb | 11.52 cts/lb | 331.45 $/T | 15.03 cts/lb |
| 18-Sep-18 | 11.22 cts/lb | 11.48 cts/lb | 330.20 $/T | 14.98 cts/lb |
| 17-Sep-18 | 11.32 cts/lb | 11.46 cts/lb | 331.15 $/T | 15.02 cts/lb |
| 14-Sep-18 | 11.79 cts/lb | 11.44 cts/lb | 334.30 $/T | 15.16 cts/lb |
| 13-Sep-18 | 12.20cts/lb | 11.38 cts/lb | 341.80 $/T | 15.50 cts/lb |
| 12-Sep-18 | 12.15 cts/lb | 11.29 cts/lb | 341.10 $/T | 15.47 cts/lb |
| 11-Sep-18 | 11.79 cts/lb | 11.20 cts/lb | 332.95 $/T | 15.10 cts/lb |
| 10-Sep-18 | 11.80 cts/lb | 11.14 cts/lb | 331.85 $/T | 15.05 cts/lb |

Source: www.isosugar.org

၂၀၁၈ ခုနှစ် အောက်တိုဘာလ ပထမပတ်အတွင်း တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၉၇ ဖြစ်ပေါ်ခဲ့ပြီး အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၂၃၊ ပါကစ္စတန်နိုင်ငံ တွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၆-၄၁၇၊ အိန္ဒိယနိုင်ငံတွင် အမေရိကန် ဒေါ်လာ ၄၃၄ -၅၇၉ ဖြစ်ပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက အမေရိကန် နိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့်တရုတ်နိုင်ငံတို့၏ သကြားဈေးမှာ မြင့်တက်လာခဲ့ကြောင်း သိရှိရပါသည်။ မြန်မာ-တရုတ်နယ်စပ်ရှိ တစ်ဖက်နိုင်ငံဒေသပေါက်ဈေးမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၆၅၀ ဖြစ်ကြောင်း သိရှိရပါသည်။

၂၀၁၈ ခုနှစ် အောက်တိုဘာလ ပထမပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၆၅၂ သာရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၇၉၇ ပေါက်ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၁၄၅ ဒေါ်လာဈေးနှုန်း ကွာဟချက်ရှိပါသည်။ မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၈၄ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၂၅ ဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရပါသည်။

ထို့အပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ရန်ကုန် မြို့နှင့် ဟားခါးမြို့တို့တွင် တစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး ဘားအံမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၁၀၀ ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။

Trading Economic Website တွင် ဖော်ပြချက်အရ ၂၀၁၈ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့တွင် ကမ္ဘာ့သကြားဈေးနှုန်းသည် ယခင်တစ်ပတ်ထက် သုည ဒသမ ၉၀ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ် အောက်တိုဘာလ ပထမပတ်အတွင်း သကြားဈေးနှုန်း သိသိသာသာပြောင်းလဲမှု မရှိကြောင်း တွေ့ရှိရပါသည်။

# ကယားပြည်နယ်၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းကောင်းများ သတ္တိရှိရှိရဲရဲရင့်ရင့်နဲ့ ပူးပေါင်းဖော်ဆောင်ကြပါစို့

ညီညီအောင်(UMFCCI)

မြန်မာအမျိုးသား လေကြောင်းလိုင်းပိုင် ခရီးသည်တင်လေယာဉ်ငယ်ကလေးကား ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ် ပြည်တွင်းထွက်ခွာ အဆောက်အဦးတည့်တည့် လေယာဉ်ကွင်းအတွင်း ရပ်နားကာ ခရီးသည်များကို စောင့်ဆိုင်းလျက်ရှိသည်။ ကောင်းကင်၌ မိုးသားတိမ်လိပ်တို့ကင်းစင်နေသည်ကို တွေ့ရ၏။

ရာသီဥတုကား အေးမြလျက်ရှိသည်။ ခရီးသည်အပြည့် တင်ဆောင်လာသော ရန်ကုန်-လွိုင်ကော်လေယာဉ်ကလေးကား မင်္ဂလာဒုံလေယာဉ်ကွင်းမှ နံနက် ၇ နာရီ ၅၅မိနစ်တွင် စတင်ထွက်လာခဲ့ရာ လွိုင်ကော်လေဆိပ်သို့ နံနက် ၉ နာရီတွင်ဆိုက်ရောက်သည်။

မြို့တော်လွိုင်ကော်မှာတော့ မိုးဦးမိုးဖျား ရွာသွန်းထားပုံရသည်။ မော်တော်ကားလမ်းဘေးဝဲ/ယာတစ်လျှောက် ရေဗွက်အိုင်ကလေးတချို့နှင့် သစ်ပင်ကိုင်းဖျားကိုင်းနားရှိ သစ်ရွက်တို့တွင် မိုးစက်တို့က ယီးလေးခိုနေတုန်းပင် ရှိသေးသည်။ လေဆိပ်မှ လွိုင်ကော်မြို့တွင်းသို့ သွားရာလမ်းတစ်လျှောက် ကတ္တရာလမ်းမကြီးများဖြင့် ပြည့်နှက်နေပြီး တချို့သောလမ်းသွယ်ကလေးများမှာ တိုးချဲ့ပြင်ဆင်မွမ်းမံနေသည်ကိုတွေ့ရ၏။

ကျွန်တော်တို့အဖွဲ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ အထွေထွေ အတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်(၂)ဦး၊ ကရင်ပြည်နယ် ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌနှင့် ရုံးအဖွဲ့မှူးတစ်ဦးပါဝင်ကာ ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှုပြပွဲ (Kayah State Investment Forum)သို့ တက်ရောက်ရန် ထွက်ခွာလာခဲ့ကြခြင်းဖြစ်သည်။

ရောက်သည့်နေ့နံနက် ၁၀ နာရီတွင် ကယားပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ ပြည်နယ်ဝန်ကြီးများအား သွားရောက်တွေ့ဆုံ နှုတ်ဆက်ခဲ့ကြပါသည်။ အဆိုပါ တွေ့ဆုံနှုတ်ဆက်ပွဲသို့ ပြည်နယ်အဆင့်ဌာနဆိုင်ရာအရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H. E Mr. Jukr Boon Long၊ Thai Business Association of Myanmar (TBAM) မှ ဒုတိယဥက္ကဋ္ဌ Mr. Nattawin Phongsphetrarat၊ Bangkok Bank Public Company Limited မှ Vice President Mr. Tossatis Rodprasert၊ EXIM Export Import Bank of Thailand မှ ဌာနေကိုယ်စားလှယ် Mr. Woramin Thavarabha၊ Kasikorn Bank မှ ဌာနေကိုယ်စားလှယ်များ၊ အခြားသော ထိုင်းနိုင်ငံမှ ရင်းနှီးမြှုပ်နှံမည့်သူများလည်း တက်ရောက်ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်က တက်ရောက်လာကြသူအားလုံးအား စီးပွားရေးဖိုရမ်ကြီး ဖြစ်မြောက်ရေးအတွက် လွန်ခဲ့သည့်သုံးလခန့်ကပင် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အကြိတ်အနယ်ဆွေးနွေးပြီးမှ ယခုကဲ့သို့ ဖိုရမ်ကြီးကျင်းပရခြင်းဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာမည်ဟုလည်း ယုံကြည်ကြောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြားခဲ့သည်။

"ဒီပြပွဲကြီး ဘာကြောင့်ပြုလုပ်ရသလဲဆိုတော့ ကျွန်တော်တို့ ကယားပြည်နယ်အတွင်းမှာ ရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာပြီး ကယားပြည်နယ်ကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေဖို့အတွက် ရည်ရွယ်ပြီး ဖိုရမ်ကို ကျင်းပပြုလုပ်ခြင်းပဲဖြစ်ပါတယ်"ဟု ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ကယားပြည်နယ်စီးပွားရေးဖိုရမ် ဖွင့်ပွဲအခမ်းအနားတွင် ဦးစွာပထမပြောကြားလိုက်သည်။



## အကျယ်အဝန်း တည်နေရာ

မှန်ပါသည်။ ကယားပြည်နယ်သည် မြန်မာနိုင်ငံတွင် တည်ရှိသော တိုင်းနှင့် ပြည်နယ် ၁၄ ခုအနက် ဧရိယာ အကျယ်အဝန်း အသေးငယ်ဆုံးသောပြည်နယ် ကလေးတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံ၏ အရှေ့ပိုင်းတွင်တည်ရှိပြီး ပြည်နယ်၏ အရှေ့ဘက်တွင် ထိုင်းနိုင်ငံ၊ မြောက်ဘက်ခြမ်းတွင် ရှမ်းပြည်နယ်၊ တောင်ဘက်ခြမ်းတွင် ကရင်ပြည်နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။ ပြည်နယ်၏ အကျယ်အဝန်းမှာ ၄၅၂၉ ဒသမ ၆ စတုရန်းမိုင်ရှိပြီး တောင်မြောက်အကျယ်ဆုံး နေရာမှာ ၁၀၅ မိုင်ရှိပြီး အရှေ့အနောက် အကျယ်ဆုံးနေရာမှာ ၆၅ မိုင်ကျယ်ဝန်း ပေသည်။ လွိုင်ကော်၊ ဖားဆောင်း၊ ဒီမော့ဆို၊ ဘော်လခဲ၊ ရွာသစ်၊ ဖရူဆို၊ မယ်စဲ့ စသည့်မြို့နယ် ခုနစ်မြို့နယ်မှာ ကယားပြည်နယ်အတွင်း ပါရှိပြီး မြို့တော်မှာ လွိုင်ကော်ဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်အထက် ၉၈၅ ပေမှ ပေ ၆၀၀၀ အထိရှိပြီး လွိုင်ကော်မြို့မှာ ပင်လယ်ရေမျက်နှာပြင် အမြင့်ပေ ၂၇၀၀ တွင် တည်ရှိသည်။

ကျွန်တော်တို့ ကယားပြည်နယ်ဟာ တခြားသော တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေနဲ့နှိုင်းယှဉ်ရင် ဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျနေဆဲဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျနေတဲ့ အကြောင်းရင်းကို ပွင့်ပွင့်လင်းလင်းရိုးသားစွာ ချပြရရင် ကျွန်တော်တို့ ကယားပြည်နယ်ဟာ တစ်ဖက်ပိတ်ပြည်နယ်ငယ်ကလေးတစ်ခုဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့ ဒီတာဝန်ကိုစတင်ထမ်းဆောင်တဲ့အချိန်မှာ ဒီတစ်ဖက်ပိတ်ပြည်နယ်လေးကို ပွင့်သွားဖို့အတွက် နယ်စပ်ကုန်သွယ်ရေးစခန်းကို ဖွင့်ဖြစ်ပါတယ်။ နယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်ဖြစ်တာကလည်းပဲ ထိုင်းနိုင်ငံ မယ့်ဟောင်ဆောင်ခရိုင်နဲ့ ကယားပြည်နယ် ညီအစ်မမြို့တော်လုပ်ပြီး ကုန်သွယ်ရေးလမ်းကြောင်းပွင့်လာဖို့၊ နိုင်ငံခြားခရီးသွား လုပ်ငန်းကြီး အရှိန်အဟုန်နဲ့ပွင့်လာဖို့၊ အလုပ်အကိုင် အခွင့်အလမ်းတွေ ပေါ်ပေါက်လာဖို့အတွက် ပြုလုပ်ဖို့ရည်ရွယ်ပြီး ပူးပေါင်း ဆောင်ရွက်နိုင်တဲ့ အခွင့်အရေးတွေကို ရှာဖွေကာ နှစ်နိုင်ငံ ချိတ်ဆက်ပြီး ပူးပေါင်းဆောင်ရွက်ခဲ့တာဆိုရင် ယနေ့အထိ မယ့်ဟောင်ဆောင်ခရိုင်နဲ့ ကယားပြည်နယ် ညီအစ်မမြို့တော် Sister City အဖြစ် MOU လက်မှတ်ရေးထိုးနိုင်ခဲ့ပြီးဖြစ်ပါတယ်။ ကုန်သွယ်ရေးစခန်းလည်း ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ လမ်းကြောင်းကြီးပွင့်သွားပြီဆိုတဲ့အတွက် ပြည်နယ်ကြီးအရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်လာဖို့၊ တိုးရစ်ဇင်လုပ်ငန်းတွေပေါ်ပေါက်လာဖို့၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍတွေ ဖွံ့ဖြိုးတိုးတက်လာဖို့ ကျွန်တော်တို့ပြည်နယ်ဟာ ဒီကနေ့အချိန်အခါမှာ ဒီလိုအခွင့်အလမ်းကောင်းတွေကို ရရှိပိုင်ဆိုင်နေပြီဆိုတဲ့ အကြောင်းကိုလည်းပဲ ယနေ့ဖိုရမ်မှာ တက်ရောက်လာတဲ့ ရင်းနှီးမြှုပ်နှံတဲ့ ပုဂ္ဂိုလ်တွေအားလုံးကို သိစေချင်တဲ့အတွက်ကြောင့် ချပြခြင်းပဲဖြစ်ပါတယ်။

## ကုန်သွယ်မှုကဏ္ဍ

ထိုင်းနိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်လှစ်ထားပြီးဖြစ်သဖြင့် ထိုင်းနိုင်ငံသို့ မယ်စဲ့နယ်စပ်ကုန်သွယ်မှုစခန်းမှတစ်ဆင့် တင်ပို့၊ တင်သွင်းနိုင်ကြပြီဖြစ်သည်။ နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်ပြီးသည့်အပြင် ယခုကျင်းပသော စီးပွားရေးဖိုရမ်မှ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကိုပါ အမြဲတမ်းနေထိုင်နိုင်ရေးအတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ နိုင်ငံခြား အမြဲတမ်းနေထိုင်ခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်များကိုလည်း ထုတ်ပြန်ထားပြီး ဖြစ်ပေသည်။ သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်တွင် အရည်အချင်းပြည့်မီသူပညာရှင်များ၊ ကျွမ်းကျင်ပညာရှင်များ၊ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုသည့် စီးပွားရေးလုပ်လိုသူများ၊ ကျွမ်းကျင်ပညာရှင်နှင့် ရင်းနှီးမြှုပ်နှံနိုင်သူ မဟုတ်သော်လည်း နိုင်ငံတော်ကိုအထောက်အကူပြုမည့် မြန်မာနိုင်ငံသားဟောင်းများ၊ မြန်မာနိုင်ငံသားနှင့်သွေးဆက်စပ်နေသည့် နိုင်ငံခြားသားများကို အမြဲတမ်းနေထိုင်ခွင့်ပေးသွားမည်ဖြစ်သည်။

အဲဒီတော့ ကျွန်တော်တို့ ခုနကပြောတဲ့နေရာမှာ ဒီတစ်ဖက်ပိတ်ပြည်နယ်ကြီးဟာ တစ်ဖက်ပိတ် ပြည်နယ်ကြီးမဟုတ်တော့ပါဘူး။ မကြာခင်မှာ International Trade Centre ကြီးအဖြစ် ပေါ်ပေါက်လာဖို့အတွက် နိုင်ငံတော်အကြီးအကဲများကလည်း ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ကြသလို ကျွန်တော်တို့ပြည်နယ်အစိုးရကလည်းပဲ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်နေပါတယ်။ ဒီ International Trade Centre ပုံစံကြီးမဖြစ်ခင်မှာတောင်မှ ကျွန်တော်တို့ တစ်ဆင့်ချင်းတစ်ဆင့်ချင်းသွားနိုင်တဲ့ အခွင့်အရေးကောင်းတွေဟာ ကျွန်တော်တို့ပြည်နယ်မှာ အပြည့်အဝ ရရှိပိုင်ဆိုင်နေပြီဆိုတာကိုလည်းပဲ ရင်းနှီးမြှုပ်နှံတဲ့သူတွေကို သိစေချင်ပါတယ်။


အဘက်ဘက်က စီးပွားရေး ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းကောင်းများပိုင်ဆိုင်လာပြီဖြစ်သော ကယားပြည်နယ် မြို့တော် လွိုင်ကော်တွင် အပြည်ပြည်ဆိုင်ရာကူးသန်းရောင်းဝယ်ရေး အဆောက်အအုံ (International Trade Centre)ကြီး မနီးမဝေးတော့သည့် အနာဂတ်တွင် တည်ဆောက်ရန် စီစဉ်ထားကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ထည့်သွင်းပြောကြားသွားပေသည်။ မှန်ပါသည်။ ကယားပြည်နယ်ဝန်ကြီးချုပ် မိန့်ကြားသွားသော အဘက်ဘက်က ပြည့်စုံလာပြီဆိုသည်မှာ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြေပေါ်မြေအောက် သယံဇာတပစ္စည်းများ၊ စီမံခန့်ခွဲမှုဆိုင်ရာ အခြေခံအဆောက်အဦများ ပြည့်စုံလာပြီကို ဆိုလိုခြင်းဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ ကူးသန်းရောင်းဝယ်ရေးစင်တာကြီးတည် ဆောက်နိုင်ရန် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းကြီး တွင်ကျယ်စွာစီးဆင်းနိုင်ဖို့လိုသည်။ ဒေသတွင်းပြည်သူများသည်လည်း နယ်စပ်ကုန်သွယ်မှု ပုံမှန်ကုန်သွယ်မှုတို့၏ သဘောသဘာဝကို ကောင်းစွာသိနားလည်ရန်လိုသည်။ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသော အိမ်နီးချင်းနိုင်ငံတစ်ခုခုနှင့် နယ်နိမိတ်ကိုဖြတ်ကျော်၍ သတ်မှတ်ခွင့်ပြုထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ကုန်ပစ္စည်းများ တင်သွင်းခြင်း၊ တင်ပို့ခြင်းကို နယ်စပ်ကုန်သွယ်ရေးဟုခေါ်ဆိုပြီး နိုင်ငံတကာ အဖွဲ့အစည်းများမှ သဘောတူသတ်မှတ်ထားသည့် ကုန်သွယ်မှုစနစ်၊ ဘဏ်လုပ်ထုံးလုပ်နည်းစနစ်များနှင့်အညီ တင်သွင်းခြင်း၊ တင်ပို့ခြင်းကို ပုံမှန်ကုန်သွယ်မှုဟု ခေါ်ဆိုပေသည်။

ယခုအခါ နယ်စပ်ကုန်သွယ်ရေးသည်လည်း ပုံမှန်ကုန်သွယ်ရေးကဲ့သို့ပင် လုပ်ကိုင်ဆောင်ရွက်နိုင်ပြီဖြစ်သည်။ နယ်စပ်ကုန်သွယ်ရေးစခန်းများ ဖွင့်လှစ်နိုင်ရန် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုရှိခြင်း၊ ဒေသတွင်းလုံခြုံငြိမ်းချမ်းမှုရှိခြင်း၊ လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ခြင်း၊ နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းအစီအစဉ်နှင့် ဘဏ်လုပ်ငန်း အစီအစဉ်များ ညှိနှိုင်းသဘောတူညီမှုနှင့် ယင်းအခြေခံအဆောက်အဦများ ထူထောင်ပေးနိုင်မှုရှိခြင်း၊ ဒေသတွင်းစားသုံးမှုဖူလုံသည့်အပြင် ပိုလျှံမှုရှိပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ ရောင်းချနိုင်မည့်ကုန်စည်များရှိခြင်းနှင့် ဈေးကွက်ဖွံ့ဖြိုးမှုရှိခြင်းတို့လိုအပ်သည်။ ကယားပြည်နယ်တွင် ဖော်ပြပါအချက်အလက်များနှင့် ပြည့်စုံသဖြင့် မယ်စဲ့နယ်စပ်ကုန်သွယ်မှုစခန်းကြီး ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။ ပုံမှန်ကုန်သွယ်မှုတွင် ကုန်ပစ္စည်းများတင်သွင်းတင်ပို့ရာ၌ အမေရိကန်ဒေါ်လာ၊ ယူရို၊ ဂျပန်ယန်းနှင့် စင်ကာပူဒေါ်လာကို သုံးစွဲခွင့်ပြုထားပြီး နယ်စပ်ကုန်သွယ်မှုနည်းလမ်းဖြင့် တင်သွင်းတင်ပို့ရာတွင် မြန်မာ-ထိုင်းနယ်စပ်တွင် (ကျပ်၊ ဘတ်၊ ဒေါ်လာ)နှင့် နိုင်ငံတော်မှ ခွင့်ပြုသည့် နိုင်ငံခြားငွေကြေးအမျိုးအစား သီးခြားဆောင်ရွက်ခွင့်ပြုထားသည့် ပို့ကုန်သွင်းကုန်ပစ္စည်းများအတွက် မြန်မာကျပ်ကိုလည်းကောင်း ပေးချေခွင့်ပြုထားပြီးဖြစ်သည်။


(ဆက်လက်ဖော်ပြပါမည်။)



GREEN AUTO SERVICES CO., LTD.
115 B, University Avenue Road, Kamayut Township, Yangon, Myanmar.
Ph : 09 5066800, 09 5100390, 09 5047647 Email : gasmyanmar@gmail.com

Victoria Harbour Embroidery Factory
維多利亞港電腦繡花,雷射切割廠
Jack Wolfskin
mont-bell
THE NORTH FACE
CTF
Bergans
No. (73-B), Min Theikdi Kyaw Swar Road,
Hlaing Thar Yar Industrial Zone (3), Yangon, Myanmar.
Tel : 09 450006221, 09 420011250
Email : moemoe.mm824@gmail.com

MYAWADDY
TRADING LIMITED
DUTY FREE SHOP
Vision
To be the leading organization in trading sector
Mission
To deliver best supports to achieve business goals by implementing the trading business in most efficient and effective way
MYAWADDY TRADING LIMITED


မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
MWD BANK
မြဝတီဘဏ်(ရုံးချုပ်)
အမှတ် ၁၅၁၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့်ဒါးတန်းလမ်းထောင့်
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ ။
Phone : (01) 2301367, 2301368, 2301452, 2301378,
Fax (01) 2301395, 2301450, 2301402, 2301418
Email : mwdbankygn@mptmail.net.mm
Safe Deposit Box
အရွယ်အစား နှစ်စဉ်ကြေး
(က) ၅"x ၅"x ၂၄" ကျပ် ၅၀,၀၀၀/-
(ခ) ၅"x ၁၀"x ၂၄" ကျပ် ၇၅,၀၀၀/-
(ဂ) ၁၀"x ၁၀"x ၂၄" ကျပ် ၁၀၀,၀၀၀/-
မြဝတီဘဏ်(နေပြည်တော်)
Phone (067) 421441, 421581, 421582
Fax (067) 421442, 421443
Email : mwdbanknpt@gmail.com
လုံခြုံလျှို့ဝှက်
ဆောင်ရွက် မြန်မှန်
မြဝတီဘဏ်
လူကြီးမင်းတို့၏ အရေးကြီးသော စာရွက်စာတမ်းများနှင့်
အဖိုးတန်လက်ဝတ်ရတနာများကို
သဘာဝဘေးအန္တရာယ်များမှ ကာကွယ်သိမ်းဆည်းနိုင်ရန်အတွက်
လုံခြုံစိတ်ချရသော Chubb တံဆိပ် Locker များဖြင့်
မြဝတီဘဏ် (ရုံးချုပ်)နှင့် နေပြည်တော်ဘဏ်တို့တွင်
ဝန်ဆောင်မှုပေးလျက်ရှိပါသည်


MYO CHIT MYANMAR TRADING CO.,LTD.
ဂျပန်ကားအမျိုးမျိုးရောင်းဝယ်ရေး
MITSUBISHI
NISSAN
TOYOTA
ISUZU
SUZUKI
mazda
HONDA
HINO
အမှတ် ၁၀၊ပြည်သာယာလမ်း၊(ဃ)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း ၀၉-၅၄၁၀၂၅၇၊၀၉-၂၆၀ ၈၀၀ ၀၀၆

# သတိထားဆင်ခြင်ဖွယ်၊ ဆင့်ပွားရောင်းချခြင်းအန္တရာယ်

နိုင်ဦး (DOCA)

ငယ်ငယ်တုန်းက ဖတ်ခဲ့ဖူးသော ပုံပြင်လေးတစ်ပုဒ်ကို ကျွန်တော် မဆီမဆိုင် သွားသတိရမိသည်။ အမြတ်ကြီးစားသူဌေးကြီး တစ်ဦးသည် သူ့ထံတွင်အကြွေးမဆပ်နိုင်၍ ကျွန်အဖြစ် လုပ်ကိုင်နေရသူများစွာကို ပိုင်ဆိုင်သည်ကို ဘုရင်ကြီးသိသောအခါ ပညာရှိတစ်ဦးအား ရုပ်ဖျက်၍သွားရောက်စုံစမ်းရန် စေခိုင်းခဲ့သည်။ ပညာရှိအမတ်ကြီးသည် သူဆင်းရဲသားဟန်ဆောင်၍ ထိုသူဌေးကြီးထံသွား၍ ကုန်ရောင်းကုန်ဝယ်ပြုရာတွင် ဆုံးရှုံးခဲ့၍ ထမင်းနပ်မှန်စွာ စားနိုင်ရန် အလုပ်တစ်ခုပေးပါရန် ခွင့်တောင်းသည်။ သူဌေးကြီးမှ ကောင်းမွန်စွာဧည့်ခံကျွေးမွေးပြီးနောက် အမောင်ကုန်ရောင်းကုန်ဝယ်ပြုလုပ်ဖို့ အရင်းအနှီးမလိုအပ်ဘူးလားဟု မေးရာလုပ်ချင်တာပေါ့ဟု ပြန်ဖြေသည်။ ဒီလိုဆို ငါအမောင့်ကို အသပြာငွေတစ်သိန်းချေးပေးမယ်၊ ရက် ၃၀ အတွင်း အကြေပြန်ဆပ်ရမယ်။ ဆပ်ရမယ့် စည်းကမ်းက ပထမရက်မှာ အသပြာတစ်ကျပ်နဲ့စဆပ်ပြီး ရက် ၃၀ ပြည့်သည်အထိ ဆတိုးဆပ်သွားရမယ်။ အမောင်လက်ခံရင် ငါချေးမယ်ဟုပြောသည်။

သူဆင်းရဲသားဟန်ဆောင်ထားသော ပညာရှိအမတ်ကြီးသည် စဉ်းစားသည်။ အသပြာတစ်သိန်းချေးပေးပြီး ပထမတစ်ရက်တွင် အသပြာတစ်ကျပ်ကစပြီး ဆပ်ရမယ်။ ကျန်ရက်တွေမှာ ရက်သုံးဆယ်ပြည့်သည်အထိ ဆတိုးဆပ်သွားရမယ်ဆိုတော့ "အားလားလား ပြန်ဆပ်ရမည့် အသပြာစုစုပေါင်းသည် သိန်းနှစ်ထောင်ကျော်နေပါပကော ဟု ကျောချမ်းစွာ အံ့သြသွားရသည်။ သူဌေးကြီး၏ ကျွန်ဖြစ်သူများကိုလည်း မေးမြန်းကြည့်ရာတွေးခေါ် ဆင်ခြင်မှုအားနည်း၍ အတ္တ၊ လောဘများကြောင့် အသပြာတစ်သိန်းရမည်၊ တစ်ကျပ်ကစ၍ ဆပ်ရမည်ဖြစ်၍ ပေါ့ပေါ့ပါးပါးသဘောထားကာ ချေးယူမိခဲ့၍ ယခုကဲ့သို့ တစ်မိသားစုလုံး သူဌေးကြီး၏ ကျွန်လုံးလုံးဖြစ်ရကြောင်း ပြောပြကြလေသည်။

နောက်တစ်နေ့တွင် ပညာရှိအမတ်ကြီးသည် သူဌေးကြီးထံ လိမ္မာပါးနပ်စွာပြောဆို၍ ပြန်သွားပြီးနောက် ဘုရင်ကြီးထံလျှောက်တင်သည်။ ကျွန်များစွာ ပိုင်ဆိုင်သောသူဌေးကြီးသည် ရိုးရိုးသားသားဖြင့် ပိုင်ဆိုင်ချမ်းသာလာခြင်းမဟုတ်ကြောင်း၊ မသိနားမလည်သော သူများကိုမက်လုံးပေးဆွဲဆောင်၍ အမြတ်ထုတ်ထားခြင်းဖြစ်ကြောင်း၊ ကိုယ်တိုင်ကြုံတွေ့လာရသည့် အဖြစ်အပျက်များကိုလည်း ပြောပြပြီး မိမိမစဉ်းစားမဆင်ခြင်ဘဲ သူဌေးကြီးပေးသောအသပြာတစ်သိန်းကို လက်ခံလိုက်ပါက ယခုကဲ့သို့ဘုရင်ကြီးထံ မလျှောက်တင်နိုင်ဘဲ သူဌေးကြီး၏ကျွန်ဖြစ်နေလောက်ပြီးဖြစ်ကြောင်း သေသေချာချာ ရှင်းပြခဲ့သည်။

ဘုရင်ကြီးသည် မသိနားမလည်သော တိုင်းသူပြည်သားများ၏ဒုက္ခကိုသိရှိပြီး လွန်စွာစိတ်မကောင်းဖြစ်သွားပြီး ကောက်ကျစ်စဉ်းလဲ လောဘကြီးသော သူဌေးကြီးအား သူဌေးအရာမှ ချလိုက်သည်။ သူ့ထံကျွန်အဖြစ်လုပ်ကိုင်နေသူများကို ကျွန်ဘဝမှ လွတ်စေ၍သူဌေးကြီးပိုင်ဆိုင်ခဲ့သော လယ်ယာပစ္စည်းများကို အညီအမျှခွဲဝေပေးလိုက်သည်။ နောင်တွင်လည်း အလားတူမသိနားမလည်သူများ အပေါ် မက်လုံးပေးဆွဲဆောင်၍ အမြတ်ထုတ်ခြင်း မပြုရန်တားမြစ်ပေးခဲ့ပါသည်။

ပုံပြင်လေးနှင့်ပတ်သက်၍ ကျွန်တော်ချဲ့၍ စဉ်းစားမိသည်။ ယနေ့ကမ္ဘာနယ်ပယ်စုံတွင် မသိနားမလည်သော၊ ဆင်ခြင်တုံတရားနည်းပါးသော၊ အတ္တလောဘကြီးမားသောသူများအပေါ်တွင် လုပ်ငန်းရှင်အချို့သည် နည်းလမ်းပေါင်းစုံကိုအသုံးပြု၍ အမြတ်ထုတ်နေကြသည်ကို နေရာတကာတွင် တွေ့ရှိရသည်။ တချို့သည် မကြာမီ ပြိုလဲပျောက်ကွယ်သွားသည်။ ကိစ္စမရှိပေ။ တချို့သည် အမြစ်တွယ်လာပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အနှောင့်အယှက်အဟန့်အတားဖြစ်လာသဖြင့် သက်ဆိုင်ရာဌာနများသည် တားမြစ်မိန့်များ၊ ဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်၍ တားမြစ်ကြရသည်။ ထိန်းကျောင်းကြရသည်။ နိုင်ငံတော်နှင့် ပြည်သူများ အကျိုးစီးပွားအတွက် လိုက်နာမှုမရှိပါက ထိုက်သင့်သလို အရေးယူ ဆောင်ရွက်ရသည်မှာ ဓမ္မတာပင်ဖြစ်သည်။

လက်ရှိကမ္ဘာ့နိုင်ငံ အသီးသီးသည် မိမိနိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်အမျိုးမျိုးကို မိမိနိုင်ငံ၏တည်နေရာအနေအထား၊ လူမျိုး၊ ဘာသာရေး ယုံကြည်ချက်များအရ အသုံးပြုခဲ့ကြသည်။ ရှေးယခင်က နိုင်ငံတစ်နိုင်ငံရေရှည်တည်တံ့နိုင်ရန်၊ ပုံမှန်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အမာခံပစ္စည်းသည်ရွှေဟုယူဆကြ၍ ရွှေစုဆောင်းရေးစနစ်ကို ကျင့်သုံးခဲ့ကြသည်။ နောက်ပိုင်းတွင် သဘာဝဘေး၊ စစ်မက်ဘေးများကြုံတွေ့လာရသောအခါ စုဆောင်းထားသောရွှေများကို အခြားစားစရာ၊ အသုံးအဆောင်ပစ္စည်းများနှင့်ဖလှယ်ကြရာမှ ကုန်သည်စနစ်ပေါ်ပေါက်လာသည်။ မိမိနိုင်ငံမှ ပိုလျှံသောပစ္စည်းများကို အသုံးပြု၍ မိမိနိုင်ငံအတွက် လိုအပ်သောပစ္စည်းရရှိရန်ဆောင်ရွက်ကြသည်။ အမြတ်အစွန်းများရရှိရန် စွန့်စားသွားလာရောင်းဝယ်ကြသည်။ ထိုအခါ ကုန်သည်အချင်းချင်း ကုန်ကူးသန်းရောင်းဝယ်ရာတွင်ဝေစုမတည့်ခြင်း၊ အမြတ်အစွန်းရရှိမှုနည်းပါးလာခြင်းများကြောင့် ဈေးကွက်အပိုင်ရရှိရန် မြေယာများသည် အဓိကကျသည့် စနစ်ပေါ်ပေါက်လာသည်။ ထို့ကြောင့် စစ်မက်များဖြစ်ပွား၍ တိုင်းနိုင်ငံများကို စစ်ပြုသိမ်းပိုက်ကာ စီးပွားရေးဈေးကွက် ချဲ့ထွင်ရန်ကြိုးစားလာကြသည်။ အရင်းရှင် စီးပွားရေးစနစ်၊ ဆိုရှယ်လစ်စီးပွားရေးစနစ် စသည်ဖြင့် အဆင့်ဆင့် ပြောင်းလဲခဲ့ရာ ယနေ့အချိန်အခါတွင် ဈေးကွက်စီးပွားရေးစနစ်သည် လွန်စွာခေတ်စား၍ ဈေးကွက်ကို လွှမ်းမိုးနိုင်ရေး၊ ချုပ်ကိုင်နိုင်ရေး၊ အကျိုးအမြတ်ကြီးမားစွာရရှိရေးအတွက် နည်းလမ်းပေါင်းစုံက အသုံးပြု၍ ဆောင်ရွက်နေသည့် အချိန်ကာလဖြစ်သည်။

ခေတ်မီတိုးတက်လာသည်နှင့်အမျှဈေးကွက်စီးပွားရေးစနစ်ကို လိုသလိုအကျိုးရှိစွာ အသုံးချနိုင်ရန် ကြိုးစားနေကြသည်။ မကြာမီကပင် အင်အားကြီးနိုင်ငံနှစ်နိုင်ငံ၏ ကုန်သွယ်ရေးစစ်ပွဲအသွင် ဈေးကွက်ဝေစုပိုမိုရရှိရန်၊ ယှဉ်ပြိုင်ဖက်နိုင်ငံကိုအလဲထိုးရန်၊ ကိုယ်ကျိုးစီးပွားကာကွယ်ရန်အတွက် ကြိုးစားလာမှုများကြောင့် ခနအင်အားနည်းပါသော နိုင်ငံများတွင် ငွေကြေးမတည်မငြိမ်ဖြစ်မှု၊ စီးပွားရေးမရေမရာဖြစ်မှု၊ ကုန်သွယ်ရေးကမောက်ကမဖြစ်မှုများ ကြုံတွေ့နေရသည်။ ကြုံတွေ့နေရဆဲဖြစ်သည်။ အလုပ်လက်မဲ့နှုန်းထားများ အဆမတန် မြင့်တက်လာသည်။ အချို့သောစက်ရုံ၊ အလုပ်ရုံများ ရပ်နားထားကြရသည်။ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်များ ကျဆင်းခဲ့ရသည်။

ထို့ကြောင့်ပင်လုပ်ငန်းရှင်များသည် မိမိလုပ်ငန်းရေရှည်စွာရပ်တည်နိုင်ရေး၊ တိုးတက်ရေး၊ အခြားလုပ်ငန်းများနှင့် ယှဉ်ပြိုင်နိုင်ရေးအတွက် ကြိုးစားလာကြသည်။ နည်းပညာများကိုအသုံးပြု၍ ခေတ်မီသောကုန်ပစ္စည်းများ တိုးတက်ထုတ်လုပ်၍ လုပ်ငန်းတူလုပ်ငန်းရှင်များကို ဈေးကွက်အတွင်းမှဖယ်ရှားနိုင်ရန် ကြိုးစားနေကြသည်။ ပစ္စည်းချင်းတူနေလျှင် ဈေးနှုန်းသက်သာရေး၊ ဈေးနှုန်းသက်သာတာချင်းတူနေလျှင် အမြင်လှလှအသွင်ကြွကြွထုပ်ပိုး၍ ကြော်ငြာအားကောင်းကောင်းဖြင့် ဆောင်ရွက်ရေးစသည်ဖြင့် အပြိုင်အဆိုင်ကြိုးစားဆောင်ရွက်နေသည့် ကာလဖြစ်သည်။ ခေတ်နှင့်အညီ ရင်ပေါင်တန်းမလိုက်နိုင်ဘဲနေပါက နောက်ကောက်ကျကျန်ခဲ့မည်ဖြစ်ပါသည်။

ယနေ့ခေတ်တွင်ဖွံ့ဖြိုးတိုးတက်မှု အလျင်မြန်ဆုံးပစ္စည်းကို ပြပါဆိုလျှင် လက်ကိုင်ဖုန်းများကိုပြရပေမည်။ မြန်မာနိုင်ငံအတွင်းရှိ လူဦးရေ ၅၁ သန်းကျော်အနက် သန်း ၄၀ ကျော်သည် တယ်လီဖုန်းများ ကိုင်ဆောင်နိုင်ခဲ့သည်က သက်သေပင်ဖြစ်သည်။ ဤသို့ဖွံ့ဖြိုးလာသော စမတ်ဖုန်းများကိုအသုံးပြု၍ စီးပွားရေးနယ်ပယ်အသီးသီးတွင် ကြော်ငြာခြင်း၊ ဈေးကွက်ချဲ့ထွင်ခြင်း၊ ရောင်းဝယ်ခြင်း၊ သတင်းအချက်အလက်များဖြန့်ဝေခြင်းစသည့် လုပ်ငန်းများကိုငွေကြေးအင်အားနည်းနည်းဖြင့် အချိန်တိုအတွင်းဆောင်ရွက်လာနိုင်ခဲ့သည်။ အချိန်ကုန်၊ ငွေကုန်၊ လူပန်းကိစ္စများကို လျှော့ချနိုင်ခဲ့သည်။

ထို့ကြောင့်ပင် လူမှုကွန်ရက်ပေါ်တွင်ကုန်စည်ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံသည် လူထုအကြားဖက်ရှင်သဘောသဖွယ် ကျယ်ပြန့်ကြီးမားလာပါသည်။ ရောင်းချသော လုပ်ငန်းရှင်က အကျိုးအမြတ်ရသည်။ ဝယ်ယူသူက အချိန်ကုန်သက်သာသည်။ ကောင်းမွန်သောလုပ်ငန်းများဖြစ်သည်။ ရောင်းသူကိုမမြင်ရ၊ ဝယ်သူကိုမသိရ လုပ်ငန်းရှင်တစ်ခုဖြစ်ပြီး ယုံကြည်စိတ်ချ တန်ဖိုးထားမှုအပေါ် အခြေခံထားပါသည်။ ယနေ့အချိန်အခါသည် ငွေနှင့်အချိန်ကို လဲလှယ်နေကြသည်။ ထိုအထဲတွင် မသမာသူလုပ်ငန်းရှင်များ၊ စီးပွားရေးကျင့်ဝတ်နှင့်အညီ ဆောင်ရွက်မှုမရှိသောလုပ်ငန်းရှင်များ၊ မိမိကိုယ်ကျိုးအတွက်သာ ဦးတည်ဆောင်ရွက်သော လုပ်ငန်းရှင်များကြောင့် စားသုံးသူများ နစ်နာဆုံးရှုံးမှုများမှာ ဒုနှင့်ဒေး ဖြစ်လာပါသည်။ လေထဲတွင် ရောင်းဝယ်မှုပြုကြသဖြင့် ရောင်းသူနှင့်ဝယ်သူ နှစ်ဦးသာ သိကြသဖြင့် အရေးယူတားမြစ်ဆောင်ရွက်မှုများ အားနည်းခဲ့သည်။

ကမ္ဘာ့နိုင်ငံအချို့တွင်လည်း အလားတူပင်ဖြစ်သည်။ ဥပဒေ၏ အားနည်းချက်များ၊ နိုင်ငံ၏ဖြေလျှော့ပေးမှုများကို ကိုယ်ကျိုးစီးပွားအတွက် အသုံးချသောလုပ်ငန်းရှင်အချို့ကြောင့် စားသုံးသူများ၊ လုပ်ငန်းရှင်များ၏ နစ်နာဆုံးရှုံးမှုများကို ကုစားဖြေရှင်းပေးရေးအတွက် ဆောင်ရွက်နေကြသည်။ မကြာမီက သတင်းတစ်ခုတွင် တောင်ကိုရီးယားနိုင်ငံမှ ကမ္ဘာကျော်ကုမ္ပဏီကြီးများဖြစ်သည့် Amazon သည် စားသုံးသူမှာယူသည့် ပစ္စည်းများကိုအခမဲ့ပို့ဆောင်ပေးပြီး ဈေးကွက်ကို ထိုးဖောက်နေသည်။ လုပ်ငန်းရှင်ထံမှ ရာခိုင်နှုန်းလိုက် အကျိုးအမြတ် ဘီလီယံပေါင်းများစွာရရှိသည်။ အလားတူ Google နှင့် Apple ကုမ္ပဏီများသည်လည်း ၎င်းတို့၏Application များကို ရောင်းချ၍ အကျိုးအမြတ်များစွာရရှိသော်လည်း၊ အခြားနိုင်ငံတွင် အခြေစိုက်ထားသဖြင့် အခွန်ကင်းလွတ်ခွင့်ရနေသည်။ တောင်ကိုရီးယားနိုင်ငံ၏ ဥပဒေအရ တောင်ကိုရီးယားနိုင်ငံအတွင်း အခြေစိုက်ကုမ္ပဏီများထံမှသာ အခွန်ကောက်ရမည်ဟု ပြဋ္ဌာန်းထား၍ဖြစ်သည်။ ထို့ကြောင့်ပင် ရောင်းသူနှင့်ဝယ်သူကြားအဆင်မပြေမှု၊ အငြင်းပွားမှု၊ ပဋိပက္ခမှုများကို ဖြေရှင်းရာတွင် အားနည်းမှုများရှိခဲ့ သည်။ ပြည်တွင်းကုမ္ပဏီတို့၏ ထိခိုက်နစ်နာဆုံးရှုံးမှုများ ကြီးမားလာသည်။ သို့ဖြစ်၍ ပြည်တွင်းကုမ္ပဏီများနှင့် စားသုံးသူများ ထိခိုက် နစ်နာမှုများမှ ကာကွယ်ရေး၊ အခွန်အခများရရှိရေးတို့အတွက် တားမြစ်အမိန့်များ ထုတ်ပြန်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

တိုးတက်လာသော ဆက်သွယ်ရေးနည်းပညာများနှင့်အညီ မြန်မာနိုင်ငံတွင်လည်း နောက်ဆုံးပေါ် ရောင်းဝယ်မှုစနစ်အသစ်အဆန်းများပေါ်ပေါက်လာနေပါသည်။ ဆင့်ပွားဈေးကွက်ဖြန့်ချိရေးလုပ်ငန်း (Multi Level Marketing) (MLM) ဖြစ်သည်။ ပထမပိုင်း ဦးစွာ Smart Phone မှ မိတ်ဖွဲ့မည်။ သူ့ကုမ္ပဏီမှ ထုတ်လုပ်သောပစ္စည်းများကိုပြသစည်းရုံးမည်။ အစားအသောက်၊ အသုံးအဆောင်၊ အဝတ်အထည်အလှကုန်များမှအစ လူသုံး၊ အိမ်သုံးပစ္စည်းများ၊ ဆေးဝါးများပါပါဝင်မည်။ နောက်ထပ်မည်မျှဈေးနှုန်းချိုသာကြောင်း၊ အခြားပစ္စည်းများထက် ဘယ်လိုကောင်းကြောင်း ဆွဲဆောင်မည်။ ကုမ္ပဏီမှ ထုတ်လုပ်သောကုန်ပစ္စည်းကို ဘယ်လောက်ဖိုးဝယ်ယူပါက၊ ဝင်ကြေးငွေမည်မျှသွင်းပါက၊ Member အဖြစ်သတ်မှတ်၍ အခွင့်ထူးများ ခံစားရမည်။ ရောင်းချပေးပါက ဘယ်ရာခိုင်နှုန်းလိုက် အကျိုးခံစားရမည်။ အခြား Member များကို စည်းရုံးပေးပါက မည်မျှဆုကြေးငွေရမည်စသည်ဖြင့် မက်လုံးပေးကာ ကုမ္ပဏီ၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးရန် တာဝန်ပေးတော့သည်။ ထိုမက်လုံးပေး နွံ့အတွင်းနစ်နေသော ပြည်သူများ၊ ထိုကုမ္ပဏီမှ ရောင်းချသော ကုန်စည်/ဝန်ဆောင်မှုများကြောင့် ထိခိုက်နစ်နာ ဆုံးရှုံးလျက်ရှိသော စားသုံးသူများ မည်မျှရှိနေပြီကို မသိနိုင်ချေ။

ဆင့်ပွားရောင်းချခြင်းဆိုသည်မှာ လွယ်လွယ်ပြောဆိုပါက ကုမ္ပဏီသို့ အဖွဲ့ဝင်အဖြစ်ပါဝင်ရန် သတ်မှတ်ထားသော ငွေကြေး (သို့မဟုတ်) သတ်မှတ်ထားသော ထိုကုမ္ပဏီမှဖြန့်ချိသည့် ကုန်ပစ္စည်းများကို သတ်မှတ်ထားသော အတိုင်းအတာအတိုင်းရောင်းချပေးရန် လိုအပ်သည်။ အဖွဲ့ဝင်ဖြစ်သောအခါ သတ်မှတ်ထားသော ကုန်ပစ္စည်းများကို ရောင်းချပေးခြင်းမှ အချိုးကျရာခိုင်နှုန်းအလိုက် အကျိုးအမြတ်ခွဲဝေပေးခြင်း၊ နောက်ထပ်အသစ်အသစ်သော အဖွဲ့ဝင်များကို ရရှိရေးအတွက် စည်းရုံးပေးနိုင်ပါက ဆုကြေးငွေချီးမြှင့်ပေးခြင်း၊ စတား ဒိုင်းမွန်း၊ ရွှေ စသည်ဖြင့် အဆင့်သတ်မှတ်ကာ ကုမ္ပဏီမှ ဖြန့်ဖြူးသော ကုန်စည်များ ရောင်းချမှုအပေါ် အကျိုးခံစားခွင့်ပိုမိုပေးခြင်းဖြင့် မက်လုံးပေးဆွဲဆောင်ကာ ဆောင်ရွက်သည့် လုပ်ငန်းမျိုး ဖြစ်သည်။

စာမျက်နှာ (၃၁)သို့

# ခရီးသွားလုပ်ငန်းဖြင့် စီးပွားအောင်ရန် ဝန်ဆောင်မှုလုပ်ငန်းများကို အစွမ်းကုန် မြှင့်တင်ရမည်

မောင်လွင်ပြင်

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် လက်ရှိအချိန်ကာလသည် အချိန်ကောင်းဖြစ်သည်ဟု နိုင်ငံတော်အကြီးအကဲများနှင့် တာဝန်ရှိသူများက ဆိုသည်။ မြန်မာနိုင်ငံ ကမ္ဘာလှည့်ခရီးသွားဧည့်သည် အဝင်လျော့ကျသွားရခြင်းတွင် ရခိုင်ပြည်နယ် ဘင်္ဂါလီအရေးကြောင့်လည်း တစ်ကြောင်းပါဝင်သည်ဟုလည်း တာဝန်ရှိပုဂ္ဂိုလ်များ လက်ခံထားသည်။ ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှုကိုကြည့်လျှင် ၂၀၁၇ ခုနှစ်တွင် ၃ ဒသမ ၄၄ သန်း ရှိခဲ့ပြီး ၂၀၁၈ ခုနှစ် ဇူလိုင်လအထိ ခရီးသွားဧည့်သည် ၁ ဒသမ ၉၃ သန်းသာရှိနေသည်ဟု အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက စက်တင်ဘာ ၂၇ ရက်တွင် ကျရောက်သော ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ပြောကြားခဲ့သည်။ ထို့ကြောင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍ ပြန်လည်ဖွံ့ဖြိုးလာရေးနှင့် ခရီးသည် ပိုမိုလာရောက်လည်ပတ်ရေး အတွက် ခရီးစဉ်အသီးသီးသို့ အဆင်ပြေလွယ်ကူစွာ သွားလာနိုင်စေရန် စီစဉ်ဆောင်ရွက်ပေးနိုင်မှု၊ ဝင်ထွက်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်း ကန့်သတ်ချက်များ ဖြေလျော့ပေးနိုင်မှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခရီးသွားထုတ်ကုန်များ မြှင့်တင်ပြီး တစ်နှစ်ပတ်လုံး လည်ပတ်နိုင်ရေး စီမံဆောင်ရွက်မှု၊ လူထုအခြေပြု ခရီးသွားလုပ်ငန်းကဲ့သို့သော ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေမှု၊ ခရီးစဉ်အသစ်များ ဖော်ထုတ်ခြင်းနှင့် ပြည်တွင်းခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေမှုတို့အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အခမ်းအနားတွင် မှာကြားခဲ့သည်။

ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (UNWTO) ၏ ထုတ်ပြန်ချက်အရ ၂၀၁၇ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း၌ ခရီးသွားလာကြသည့် အရေအတွက်သည် ၁၃၂၃ သန်းခန့်ရှိသည်။ ယင်းအရေအတွက် သည် ယမန်နှစ်ကထက် ၈၄ သန်းကျော် တိုးတက်လာခဲ့ခြင်းဖြစ်သည်။ ၂၀၁၇ ခုနှစ်သည် ဥရောပနှင့် အာဖရိကနိုင်ငံများအတွက် ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှု အမြင့်ဆုံးနှစ်တစ်နှစ်လည်း ဖြစ်သည်ဟုဆိုသည်။ ၂၀၁၇ ခုနှစ်သည် ခရီးသွားလုပ်ငန်းက ရရှိသည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ထရီလီယံအထိ တိုးတက်ခဲ့သည့်နှစ်လည်း ဖြစ်သည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့ပို့ကုန်ကဏ္ဍ၏ ၇ ရာခိုင်နှုန်းအထိ ဖြည့်ဆည်းပေးလျက်ရှိသည်ဟုလည်းဆိုသည်။ ၂၀၁၈ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှုသည် တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ၂၀၁၇ ခုနှစ်ကထက် ၆ ရာခိုင်နှုန်း တိုးတက်မည်ဖြစ်ပြီး အရှေ့တောင်အာရှတွင် ၁၀ ရာခိုင်နှုန်း တိုးတက်လာမည်ဟု ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်က ခန့်မှန်းထားသည်။ ၂၀၂၀ ပြည့်နှစ်တွင် တစ်ကမ္ဘာလုံး ခရီးသွားလာသူပေါင်း ၁ ဒသမ ၆ ဘီလီယံခန့် ရှိလာမည်ဖြစ်ပြီး အရှေ့တောင်အာရှနိုင်ငံများသို့ ၁၂၃ သန်းခန့် လာရောက်လည်ပတ်မည်ဟုလည်း ခန့်မှန်းထားသည်။

ဆက်လက်ပြီး ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (UNWTO) ၏ အာဆီယံနိုင်ငံများ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ် ခရီးသည် အဝင်နှင့် ဝင်ငွေရရှိမှု အခြေပြဇယားကိုလည်း လေ့လာကြည့်မိသည်။ အိမ်နီးချင်းနိုင်ငံများ၏ ခရီးသည်အဝင်နှင့် ဝင်ငွေ အခြေအနေသည် အလွန်အားရဖွယ်ကောင်းသည်။ အာဆီယံနိုင်ငံများတွင် ထိုင်းနိုင်ငံ အခြေအနေက ထိပ်ဆုံးကရပ်တည်နေပြီး အားကျသွားရည်ယိုစရာ အခြေအနေတွင် ရှိနေသည်။ ထိုင်းနိုင်ငံ၏ ၂၀၁၆ ခုနှစ် ခရီးသည် အဝင် ၃၂ ဒသမ ၅၂ သန်း၊ ဝင်ငွေ အမေရိကန်ဒေါ်လာ သန်းပေါင်း ၄၈၁၄၃ ဒသမ ၁၆၊ ၂၀၁၇ ခုနှစ် ခရီးသည်အဝင် ၃၅ ဒသမ ၃၈ သန်း၊ ဝင်ငွေ ဒေါ်လာသန်းပေါင်း ၅၃၇၅၈ ဒသမ ၉၈၊ မလေးရှားနိုင်ငံ ၂၀၁၆ ခုနှစ် ခရီးသည် အဝင် ၂၆ ဒသမ ၇၅ သန်း၊ ဝင်ငွေ မလေးရှားရင်းဂစ် ၈၂ ဒသမ ၁ ဘီလီယံ၊ ၂၀၁၇ ခုနှစ် ခရီးသည်အဝင် ၂၅ ဒသမ ၉၄ သန်း၊ ဝင်ငွေ ရင်းဂစ် ၈၂ ဒသမ ၀ ဘီလီယံ၊ စင်ကာပူနိုင်ငံ ၂၀၁၆ ခုနှစ် ခရီးသည် အဝင် ၁၆ ဒသမ ၄၀ သန်း၊ ဝင်ငွေ ဒေါ်လာ သန်းပေါင်း ၁၈၈၆၆ ဒသမ ၇၆၇၊ ၂၀၁၇ ခုနှစ် ခရီးသည် အဝင် ၁၇ ဒသမ ၄၂ သန်း၊ ဝင်ငွေ ဒေါ်လာသန်းပေါင်း ၁၉၆၃၂ ဒသမ ၂၀၊ ဗီယက်နမ်နိုင်ငံ ၂၀၁၆ ခုနှစ် ခရီးသည်အဝင် ၁၀ ဒသမ ၀၁ သန်း၊ ဝင်ငွေ ဒေါ်လာ သန်းပေါင်း ၁၀၈၆၈၊ ၂၀၁၆ ခုနှစ် ခရီးသည် အဝင် ၁၂ ဒသမ ၉၂ သန်း၊ ဝင်ငွေ ဒေါ်လာ သန်းပေါင်း ၁၄၁၅၀၊ အင်ဒိုနီးရှားနိုင်ငံ ၂၀၁၆ ခုနှစ် ခရီးသည်အဝင် ၁၀ ဒသမ ၄၀ သန်း၊ ဝင်ငွေ ဒေါ်လာသန်းပေါင်း ၁၂၉၁၀၊ ၂၀၁၇ ခုနှစ် ခရီးသည်အဝင် ၁၂ ဒသမ ၆၇ သန်း၊ ဝင်ငွေ - စာရင်းပြုစုဆဲ၊ ဖိလစ်ပိုင်နိုင်ငံ ၂၀၁၆ ခုနှစ် ခရီးသည်အဝင် ၅ ဒသမ ၉၆ သန်း၊ ဝင်ငွေ ဒေါ်လာသန်းပေါင်း ၄၈၅၀ ဒသမ ၂၃ သန်း၊ ၂၀၁၇ ခုနှစ် ခရီးသည်အဝင် ၆ ဒသမ ၆၂ သန်း၊ ဝင်ငွေ ဒေါ်လာသန်းပေါင်း ၆၆၅၂ ဒသမ ၂၅၊ ကမ္ဘောဒီးယားနိုင်ငံ ၂၀၁၆ ခုနှစ် ခရီးသည်အဝင် ၅ ဒသမ ၀၁ သန်း၊ ဝင်ငွေ ဒေါ်လာ သန်းပေါင်း ၃၂၁၂၊ ၂၀၁၇ ခုနှစ် ခရီးသည် အဝင် ၅ ဒသမ ၆၀ သန်း၊ ဝင်ငွေ ဒေါ်လာသန်းပေါင်း ၃၆၃၈၊ လာအိုနိုင်ငံ ၂၀၁၆ ခုနှစ် ခရီးသည်အဝင် ၄ ဒသမ ၂၃ သန်း၊ ဝင်ငွေဒေါ်လာ သန်းပေါင်း ၇၂၄ ဒသမ ၁၉၊ ၂၀၁၇ ခုနှစ် ခရီးသည်အဝင် ၃ ဒသမ ၈၆ သန်း၊ ဝင်ငွေ ဒေါ်လာသန်းပေါင်း ၆၄၈ ဒသမ ၀၇၊ မြန်မာနိုင်ငံ ၂၀၁၆ ခုနှစ် ခရီးသည် အဝင် ၂ ဒသမ ၉ သန်း၊ ဝင်ငွေ ဒေါ်လာသန်းပေါင်း ၁၉၆၈ ဒသမ ၈၆၊ ၂၀၁၇ ခုနှစ် ခရီးသည်အဝင် ၃ ဒသမ ၄၄ သန်း၊ ဝင်ငွေ ဒေါ်လာသန်းပေါင်း ၂၁၉၇ ဒသမ ၁၅၊ ဘရူနိုင်းနိုင်ငံ ၂၀၁၆ ခုနှစ် ခရီးသည်အဝင် ၂ သိန်း ၁ သောင်းကျော်၊ ဝင်ငွေ ဒေါ်လာ သန်း ၅၁ ဒသမ ၁၊ ၂၀၁၇ ခုနှစ် ခရီးသည် အဝင် ၂ သိန်း ၅ သောင်း ကျော်၊ ဝင်ငွေ ဒေါ်လာ သန်း ၆၀ ဒသမ ၅ အသီးသီးဖြစ်ကြောင်း တွေ့ရှိရသည်။

—❝—

**ဧည့်ဝတ်ကျေပွန်ခြင်းဖြင့် ငွေရှာရသည့် လုပ်ငန်းဖြစ်၍ အရင်းအနှီး နည်းနည်းဖြင့် ဒေါ်လာငွေ အမြောက်အမြား ရှာပေးနိုင်သည့် လုပ်ငန်းမျိုးလည်း ဖြစ်သည်။**

ခရီးသွားလုပ်ငန်း၏ သဘောသဘာဝသည် အခြားစီးပွားရေး လုပ်ငန်းများနှင့်မတူဘဲ အကဲဆတ်သိမ်မွေ့သည့်သဘောရှိသည်ဟု ပညာရှင်များ ဆိုသည်။ သဘာဝဘေးကြောင့်လည်းကောင်း၊ လူ့ပယောဂကြောင့်ဖြစ်သော နိုင်ငံတွင်း အကြမ်းဖက်မှုများရှိပြီး မတည်မငြိမ် ရှိနေမည်ဆိုလျှင်လည်းကောင်း၊ စစ်ပွဲများရှိနေလျှင် လည်းကောင်း၊ လုံခြုံရေး စိုးရိမ်ရသည့် အခြေအနေရှိနေလျှင် လည်းကောင်း ခရီးသည်လာရောက်မှု ရုတ်တရက်ကျဆင်းမှုများ ရှိတတ်သည်ဟုလည်း ဆိုသည်။ အခြားနိုင်ငံများထက် မိမိတို့နိုင်ငံအတွင်း ကြည့်ရှုလည်ပတ်စရာခရီးစဉ် များပြားခြင်း၊ အလွယ်တကူသွားရောက်နိုင်ခြင်း၊ ဧည့်ဝတ်ကျေပွန်ခြင်း၊ နေထိုင်သွားလာ တည်းခိုစရိတ်များ သက်သာခြင်း၊ ကြော်ငြာအားကောင်းခြင်း စသည်တို့သည် ခရီးသွားလုပ်ငန်းအတွက် အရေးကြီးသည်ဟုဆိုသည်။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည် အခရာကျသော်လည်း တစ်ဦးကောင်း၊ တစ်ဖွဲ့ကောင်းဖြင့် ဆောင်ရွက်၍ မရနိုင်ဘဲ အဖွဲ့အစည်းအလိုက်၊ ဝန်ကြီးဌာနများအလိုက် Team Work ဖြင့် လုပ်ဆောင်သွားကြရမည်ဟုလည်း နိုင်ငံတော်တာဝန်ရှိသူများက အကြံပြုပြောကြားနေသည်။

ခရီးသွားလုပ်ငန်းကဏ္ဍ အခြေအနေသည် မြန်မာနိုင်ငံအဖို့ အာဆီယံနိုင်ငံများစာရင်းတွင် အောက်ဆုံးအဆင့်၌ ရှိနေသည်။ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးဖို့ လိုနေသည်။ ယခုလို ပို့ကုန်များများ တင်ပို့နိုင်ခြင်း မရှိသေးသည့် အနေအထားတွင် မီးခိုးမထွက်သော စက်မှုလုပ်ငန်း (Smoke EIEs Industry) ဟု တင်စားခေါ်နေသည့် ခရီးသွားလုပ်ငန်းကို ပိုမိုအားပြုလုပ်ကိုင်သင့်သည်၊ နိုင်ငံခြားဝင်ငွေ ရှာဖွေသင့်သည်ဟု နိုင်ငံတော်အကြီးအကဲများက လမ်းညွှန်မှာကြားနေသည်။ ခရီးသွားလုပ်ငန်းဟူသည် ထိတွေ့ကိုင်တွယ်၍မရသော ထုတ်ကုန်လုပ်ငန်းဟုလည်း ဆိုသည်။ တစ်နည်းအားဖြင့် ဝန်ဆောင်မှု ပေးရသော လုပ်ငန်းမျိုးဖြစ်သည်။ ထို့ကြောင့် ဧည့်ဝတ်ကျေပွန်မှု (Hospitality) သည် အဓိကကျသည်။ ဧည့်ဝတ်ကျေပွန်ခြင်းဖြင့် ငွေရှာရသည့် လုပ်ငန်းဖြစ်၍ အရင်းအနှီး နည်းနည်းဖြင့် ဒေါ်လာငွေ အမြောက်အမြား ရှာပေးနိုင်သည့် လုပ်ငန်းမျိုးလည်းဖြစ်သည်။ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် ခရီးသည်ဝင်ရောက်မှု လွယ်ကူစေရေး ဗီဇာထုတ်ပေး သည့်ဌာန၊ လူဝင်မှုကြီးကြပ်ရေးဌာန၊ ပို့ဆောင်ရေးလုပ်ငန်းဌာနများ၊ ကျန်းမာရေးနှင့် လုံခြုံရေးဌာန အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရမည်ဟု ပညာရှင်များ ဆော်ဩနေသည်။ ခရီးသွားလုပ်ငန်းကို မြန်မာနိုင်ငံအဖို့ အားကိုးရမည်။ အိမ်နီးချင်းထိုင်းနိုင်ငံကဲ့သို့ တစ်နှစ် တစ်နှစ် ခရီးသည် ၃၅ သန်းကျော် အဝင်ရှိပြီး ဝင်ငွေသည်လည်း နှစ်စဉ် ဒေါ်လာသန်းပေါင်း ငါးသောင်းသုံးထောင်ကျော် (၅၃ ဘီလီယံ ဒေါ်လာ) ရနေမည်ဆိုလျှင် မြန်မာနိုင်ငံသည် ဆင်းရဲနွမ်းပါးသော နိုင်ငံစာရင်းက နေ့ချင်းညချင်း လွတ်မြောက်သွားနိုင်မည်ဟုလည်း စီးပွားရေးပညာရှင်များက တွက်ချက်ပြသည်။ ယခုတော့ မြန်မာနိုင်ငံသို့ အဝင်များလာသော ဂျပန်နှင့် တောင်ကိုရီးယား နိုင်ငံသားများအတွက် Free Visa ဖြေလျော့ခွင့်ပေးထားပြီးဖြစ်သည်။ တရုတ်နိုင်ငံသားကိုလည်း မကြာခင် ဆိုက်ရောက်ဗီဇာ ခွင့်ပြုတော့မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

Commerce ကာတွန်း



## မြန်မာနိုင်ငံမှ ဆန်အပြင် ဆန်ကွဲကိုပါ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တရားဝင်တင်ပို့ခွင့် ရရှိတော့မည်ဖြစ်

မြန်မာနိုင်ငံ၊စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန (ယခင်လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယခင်ကုန်ပစ္စည်း အရည်အသွေး ကြီးကြပ်ရေး၊ စစ်ဆေးရေးနှင့် ပိုးမွှားကင်းစင်မှုအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (AQSIQ) (ယခုအကောက်ခွန် အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ -GACC) တို့အကြား မြန်မာနိုင်ငံမှ ဆန်ကို တရုတ်နိုင်ငံသို့ တင်ပို့ရန် စစ်ဆေးခြင်းနှင့် ပိုးမွှားကင်းစင်ရေး သဘောတူစာချုပ်အား ၂၀၁၄ ခုနှစ်၊ စက်တင်ဘာ ၂၄ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး တရုတ်နိုင်ငံသို့ ဆန်ကုန်စည်များ တင်ပို့လျက်ရှိရာ အဆိုပါ သဘောတူစာချုပ်သည် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာ ၂၄ ရက်တွင် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ပါသည်။ သို့သော် ၎င်းစာချုပ်အား ရပ်ဆိုင်းခြင်းမရှိသောကြောင့် ၂၀၂၀ ခုနှစ်အထိ အလိုအလျောက် ဆက်လက်သက်တမ်းတိုးရှိနေမည်ဖြစ်ပါသည်။ ထို့အပြင် တရုတ်နိုင်ငံသို့ မြန်မာနိုင်ငံမှ ဆန်အပြင် ဆန်ကွဲကိုပါ တင်ပို့နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိရာ တရုတ်နိုင်ငံ၏ Import and Export Food Safety Bureau မှ ၎င်းတို့၏ ကျွမ်းကျင်ပညာရှင်အဖွဲ့နှင့် Pest Risk Analysis – PRA လုပ်ငန်းစဉ်ဆောင်ရွက်လျက်ရှိပြီး PRA လုပ်ငန်းစဉ် ပြီးဆုံးပါက မြန်မာ့ဆန်အပြင် ဆန်ကွဲကိုလည်း တရားဝင်တင်ပို့ခွင့် ရရှိတော့မည်ဖြစ်ကြောင်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အကြောင်းကြားလာမှုအရ သတင်းရရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**မေဖြိုးသူ**

## ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီ(၂)ရပ်တို့၏ (၈/၂၀၁၈)လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၂၈ ရက်က ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၊ စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်း ကော်မတီနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီတို့၏ (၈/၂၀၁၈) လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးက (၇/၂၀၁၈) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးဆောင်ရွက်ခဲ့မှုများ၊ ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာနှစ် (၆)လ ဆောင်ရွက်ပြီးစီးမှုများ၊ ဆက်လက် ဆောင်ရွက်ရန် ဆုံးဖြတ်ချက်များအား တင်ပြပါသည်။ ကော်မတီဝင်အသီးသီးက ပါဝင်တင်ပြချက်အပေါ် အမြင်နှင့် မြေပြင်လက်တွေ့လုပ်ဆောင်ရာတွင် အကောင်းဆုံးနည်းလမ်းများဖြင့် ဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ကြသည်။ နိဂုံးချုပ်အားဖြင့် အတွင်းရေးမှူး ဦးတင့်ဆန်း မှ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ၂၀၁၈ အောက်တိုဘာလမှ ၂၀၁၉ စက်တင်ဘာအထိ ဆောင်ရွက်မည့် လျာထားချက်များကို တင်ပြ၍ လျာထားချက်များကိုလည်း ပြည့်မီအောင် ဆောင်ရွက်သွားရန်၊ ဆက်စပ်ဌာနများမှလည်း ပူးပေါင်းပါဝင်ပေးရန်နှင့် အစည်းအဝေး ပုံမှန်ဆောင်ရွက်ခြင်းကြောင့် အကျိုးကျေးဇူးများစွာ၊ အထောက်အပံ့များစွာ ရရှိမှုအား တင်ပြဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ခင်ကြည်(ကရင်)**

## စက်တင်ဘာလအတွင်း ရော်ဘာ တန်ချိန် ရှစ်ထောင်ကျော် တင်ပို့

စက်တင်ဘာ ၂၂ ရက်မှ ၂၈ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၁၀ သန်း တန်ဖိုးရှိ ရော်ဘာ တန်ချိန် ၉၁၀ တင်ပို့ခဲ့ကြောင်း သိရပါတယ်။ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ Rss-3 အမျိုးအစား ၆၈၃ တန်၊ Rss-5 အမျိုးအစား ၉၂ တန်ကျော်၊ MSR-20 အမျိုးအစား ၁၁၅ တန်ခန့်၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ Concentrate Latex 60 ရာခိုင်နှုန်း၊ DRC အမျိုးအစား တန်ချိန် ၂၀ တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ မြန်မာ-ထိုင်း နယ်စပ်မှ ရော်ဘာ တင်ပို့မှု မရှိခဲ့ပါဘူး။ စက်တင်ဘာလအတွင်း ကုန်သွယ်ရေးစခန်းများမှ ရော်ဘာ တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၂၆၉ သန်း တန်ဖိုးရှိ ရော်ဘာ တန်ချိန် ၄၇၈၀ တင်ပို့ခဲ့ပြီး အနီးစပ်ဆုံး ဩဂုတ်လ တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၇၃၉ တန် လျော့ကျခဲ့ကြောင်း သိရပါတယ်။ ယခုတစ်ပတ် မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာ ပေါက်ဈေးမှာ RSS-3 အမျိုးအစား တစ်တန်လျှင် ကျပ် ၁၇ ဒသမ ၁၃၆ သိန်း ရှိပြီး၊ ယခင်တစ်ပတ်ဈေးထက် တစ်တန်လျှင် ၈၃၁၁၁ ကျပ်ဈေးကျကြောင်း သိရပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ စက်တင်ဘာ ၂၃ ရက်မှ ၂၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၈၃၄ သန်း တန်ဖိုးရှိ ရော်ဘာ ၆၅၉ တန် တင်ပို့ခဲ့ရာ ဂျပန်နိုင်ငံသို့ MSR-20 အမျိုးအစား ၁၉၆ တန်၊ အိန္ဒိယနိုင်ငံသို့ MSR-20 အမျိုးအစား ၂၀၁ တန်ကျော်၊ မလေးရှားနိုင်ငံသို့ RSS-3 အမျိုးအစား တန်ချိန် ၆၀ ခန့်၊ တရုတ်နိုင်ငံသို့ MSR-20 အမျိုးအစား ၂၀၂ တန်ခန့် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ စက်တင်ဘာလအတွင်းမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၉၆ သန်း တန်ဖိုးရှိ ရော်ဘာ ၃၃၉၂ တန်ခန့် တင်ပို့ခဲ့ပြီး ဩဂုတ်လ တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၄၄၆ တန် ပိုမို တင်ပို့ခဲ့ကြောင်း သိရပါတယ်။

ယခုတစ်ပတ်နိုင်ငံတကာ ရော်ဘာဈေးအတက်အကျ အနည်းငယ်သာရှိတဲ့အတွက် ပြည်ပတင်ပို့မယ့် မြန်မာ့ရော်ဘာ FOB ဈေးလည်း မပြောင်းလဲကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းရဲ့ ဈေးနှုန်းထုတ်ပြန်ချက်အရ သိရှိရပါတယ်။ စက်တင်ဘာလ ရော်ဘာတင်ပို့မှု စုစုပေါင်းမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၆၆၅ သန်းနဲ့ ၈၁၇၂ တန် ဖြစ်ကြောင်း သိရပါတယ်။ **ယဉ်ယဉ်အေး**

## တစ်ဆင့်ဖြတ်သန်းကုန်သွယ်မှု (Transit Trade) လုပ်ထုံးလုပ်နည်း ဖြေလျှော့ပေးလျက်ရှိ

တစ်ဆင့်ဖြတ်သန်းကုန်သွယ်မှု (Transit Trade) ကို ဝန်ဆောင်မှုပြုရန်အတွက် သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း မှတ်ပုံတင်လက်မှတ်များကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပေးလျက်ရှိပါသည်။

ယခုအခါ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ၂၀၁၈ခုနှစ်၊ အောက်တိုဘာ ၁ ရက် မှစတင်၍ Domestic Operator License၊ International Operator License များကို စတင်ထုတ်ပေးမည်ဖြစ်ရာ လုပ်ငန်း လုပ်ကိုင်သူများအနေဖြင့် မိမိလုပ်ငန်းအလိုက် လိုအပ်သည့် လုပ်ငန်းလိုင်စင် အမျိုးအစားကို ရယူခြင်းဖြင့် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။ သို့ဖြစ်၍ တစ်ဆင့် ဖြတ်သန်းကုန်သွယ်မှုများအတွက် ယခင်ထုတ်ပေးလျက်ရှိသည့် ဝန်ဆောင်မှု လက်မှတ်ရယူရန် လိုအပ်ခြင်း မရှိတော့ပါကြောင်းနှင့် ထုတ်ပေးထားသည့် ကုမ္ပဏီ/ အဖွဲ့များသို့လည်း ပယ်ဖျက်ထားမှုအခြေအနေများအား အသိပေးသွားမည်ဖြစ်ပါကြောင်း သက်ဆိုင်ရာဌာနမှ သိရှိရပါသည်။

**နီနီဇော်**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | မီနီကွန်ဒို | စမ်းချောင်းမြို့နယ်၊ သံတံတားလမ်း | ၁၁၀၀ စ/ပေ | MB(1) BR(2) (၇) လွှာ | ၁၀ သိန်း | ၁လ အငှားနှုန်း | ၀၉/၂၅၀၃၇၆၃၇၉ |
| ၂။ | အဆင့်မြင့်တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ ရှမ်းကုန်းလမ်း | (၃၀ x ၇၀ )ပေ | MB(2) ခန်း၊ ပထမထပ် | ၁၂ သိန်း | ၁လ အငှားနှုန်း | ၀၉/၅၁၁၇၂၆၂ |
| ၃။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂) ရပ်ကွက်၊ မယ်ညိုလမ်း | ၁၅၀၀ စ/ပေ | BN(၁)ထပ် | ၂၁၅၀ သိန်း | မြေပိုပါ | ၀၉/၅၁၁၇၂၆၂ |
| ၄။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ ဟသ်ာလမ်း | (၈၀ x ၅၀)ပေ | RC (1)ထပ်နှစ်လုံး | ၅၅၀၀ သိန်း | | ၀၉/၅၁၁၇၂၆၂ |
| ၅။ | ကွန်ဒို | အောကစ်ကွန်ဒို၊ အလုံ | (၁၈၀၀) စ/ပေ | MB(1) BR(1) | ၂၃၀၀ သိန်း | အသင့်နေ | ၀၉/၂၅၀၃၇၆၃၇၉ |
| ၆။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ မန္တလေး | (၇၅၀) စ/ပေ | (၇)လွှာ၊ ခန်းဖွဲ့ | ၂၈၀ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |
| ၇။ | တိုက်ခန်း | ဒဂုံမြို့နယ်၊ ဗိုလ်ရာညွန့်လမ်း | (၇၅၀) စ/ပေ | မြေညီ နှင့် (ပ) ထပ်တွဲ | ၁၀၀ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |
| ၈။ | မြေ | ဖောင်ကြီးကျေးရွာအနီး | (၄၀ x ၆၀)ပေ | ရွာမြေသီးသန့် | ၇၅ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |
| ၉။ | မြေ | ပြင်ဦးလွင်၊ ပြည်တော်သာ(၄)လမ်း | (၃၀ x ၅၀)ပေ | RC (၁)ထပ် | ၁၃၅၀ သိန်း | | ၀၉/၅၁၁၇၂၆၂ |

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပရိုဘောက် (၂၀၁၁) | G | ၁၈၅ သိန်း | ၁.၅ ဓာတ်ဆီ၊ ရန်ကုန် |
| ၂။ | ဗွရှ် (၂၀၀၃) | J | ၂၄၈ သိန်း | ၁.၈ ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | ဟွန်ဒါဖစ်/ရှပ်တဲလ် (၂၀၁၁) | M | ၂၆၅ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | ကလူဂျာ(၂၀၀၃/ခုံ(၃)တန်း) | H | ၄၂၅ သိန်း | ၂.၄ ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | ပါဆို (၂၀၀၉) | G | ၁၁၈ သိန်း | ၁.၈ ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | ဗင် (၂၀၀၉) | E | ၁၂၅ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | ဘယ်လ်တာ (၂၀၁၀) | G | ၁၆၅ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | အေဒီဗင်(၂၀၀၉) | F | ၁၂၅ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၉။ | အပ်ကား(၂၀) | | ၁၂၀ သိန်း | |

# (၉)ကြိမ်မြောက် အာဆီယံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ ပြန်လည်ထူထောင်ရေး လုပ်ငန်းအဖွဲ့အစည်းအဝေးကျင်းပ

(၉)ကြိမ်မြောက် အာဆီယံ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု ကော်မတီ ပြန်လည်ထူထောင်ရေး လုပ်ငန်းအဖွဲ့ အစည်းအဝေးကို စက်တင်ဘာ ၂၈ ရက်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် မြို့ပတ်လမ်းရှိ ရွှေပြည်သာဟိုတယ် ခန်းမတွင် ကျင်းပရာ မြန်မာ၊ အင်ဒိုနီးရှား၊ လာအို၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် ဘရူနိုင်း ဒါရူဆလမ်နိုင်ငံတို့မှ ပြန်လည် ထူထောင်ရေးအဖွဲ့ဝင်များ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံး ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် မြန်မာနိုင်ငံဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနတို့မှ ကိုယ်စားလှယ်များ မိတ်ဖက်အဖွဲ့အစည်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်တက်ရောက်၍ အမှာစကားပြောကြားရာတွင် အာဆီယံဒေသတွင် နှစ်စဉ်သဘာဝဘေးမျိုးစုံ ကြုံတွေ့ခံစားနေရပြီး ဒေသတွင်းစီးပွားရေး အမေရိကန်ဒေါ်လာ ၄၄ ဘီလီယံခန့် ဆုံးရှုံးနေရကြောင်း ရာသီဥတု ပြောင်းလဲမှုကြောင့် ဘေးအန္တရာယ်များသည် ပုံစံအမျိုးမျိုးဖြင့် ဖြစ်ပွားလျက်ရှိပြီး မိုးများခြင်းကြောင့် ရေလွှမ်းမိုးမှုအပြင် နောက်ဆက်တွဲ မြေပြိုခြင်း ရေကာတာများ ကျိုးခြင်းဖြစ်စေကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ယခုနှစ်တွင် တိုင်းဒေသကြီးနှစ်ခုနှင့် ပြည်နယ်နှစ်ခုတွင် ရေလွှမ်းမိုးမှုကြောင့် ထိခိုက် ဆုံးရှုံးမှုများရှိကြောင်း၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် ရေဘေးသင့်ဒေသများသို့ အရေးပေါ် တုံ့ပြန်ကယ်ဆယ်ရေး ပြန်လည်ထူထောင်ရေး လုပ်ငန်းဆောင်ရွက်ခဲ့ကြောင်း အနာဂတ်ဘေးအန္တရာယ်များ ရင်ဆိုင် တုံ့ပြန်နိုင်စွမ်းရှိရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် နည်းပညာများ အတွေ့အကြုံများမျှဝေ၍ ရှေ့လုပ်စဉ်များ ဆွေးနွေးကြရန် တိုက်တွန်း ပြောကြားသည်။




ဆက်လက်၍လုပ်ငန်းအဖွဲ့ပူးတွဲဥက္ကဋ္ဌ ဘေးအန္တရာယ် စီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်နှင့် အင်ဒိုနီးရှားနိုင်ငံ ဘေးအန္တရာယ် စီမံခန့်ခွဲမှုဌာနမှ ကိုယ်စား လှယ်တို့က ဦးဆောင်၍ ၂၀၁၉ ခုနှစ်အတွက် သဘာဝဘေးအန္တရာယ် တုံ့ပြန်ရေး ကူညီကယ်ဆယ်ရေး ပြန်လည်ထူထောင်ရေးဆိုင်ရာ ဦးစားပေးလုပ်ငန်းများအား ဆွေးနွေး အတည်ပြုကြသည်။

**မောင်ပြည်သူ(မန္တလေး)**

## သာပေါင်းမြို့နယ်တွင် ဈေးကွက်ဝင်အစေ့ထုတ်ပြောင်း တိုးချဲ့စိုက်ပျိုးရေး အသိပညာပေး ဆွေးနွေး

ပုသိမ်ခရိုင်၊ သာပေါင်းမြို့နယ် စားသုံးသူရေးရာဦးစီးဌာနရုံးတွင် ဈေးကွက်ဝင်အစေ့ထုတ်ပြောင်း တိုးချဲ့စိုက်ပျိုးရေး အသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၁ ရက်က ကျင်းပပြုလုပ်ရာ မြို့နယ်တာဝန်ခံ ဦးထွန်းမင်းလတ်၊ စိုက်ပျိုးရေးဦးစီးဌာနမန်နေဂျာ ဦးကျော်မြင့်၊ မြန်မာ့သြဘာလုပ်ငန်းစု၊ မျိုးစေ့တာဝန်ခံ ဒေါ်ခင်နွယ်နှင့် ဝန်ထမ်းများ၊ စိုက်ပျိုးထုတ်လုပ်သူတောင်သူ ၅၀ ဦးခန့် တက်ရောက်ခဲ့ပါသည်။ စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်မြင့်က စိုက်ပျိုးရေးနှင့် ပတ်သက်သော အသိပညာဗဟုသုတများ ဟောပြောဆွေးနွေး၍ အစေ့ထုတ်ပြောင်းအစိုဓါတ်တိုင်းရန် စိုက်ပျိုးရေးဌာနမှ ကူညီဆောင်ရွက်ပေးမှာဖြစ်ပြီး မြန်မာ့သြဘာမှ ဒေါ်ခင်နွယ်က အစေ့ထုတ်ပြောင်းစိုက်နည်းစနစ်များ ပိုးသတ်ဆေး၊ ဓာတ်မြေသြဇာသုံးစွဲရန် အညွှန်းများ၊ မျိုးစေ့ရရှိနိုင်မည့်အခြေအနေ၊ တစ်ဧကထုတ်လုပ်မှု ကုန်ကျစရိတ် အထွက်နှုန်း၊ ဝယ်ယူမည့်ဈေးကွက်အခြေအနေများကို အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ထို့နောက် မြို့နယ်တာဝန်ခံ ဦးထွန်းမင်းလတ်က ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် မိရိုးဖလာသီးနှံများ စိုက်ပျိုးခြင်းဖြင့် အခြားဈေးကွက်ဝင်သီးနှံများကိုလည်း ပြောင်းလဲစိုက်ပျိုးသင့်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနမှလည်း ကုန်သွယ်မှုလုပ်ငန်းများဖြင့် အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေချိန် ပြည်တွင်း စားသုံးမှု ပိုလျှံ၍ ပြည်ပသို့ တင်ပို့နိုင်ရေးအတွက် အရည်အသွေးပိုင်းကို ဦးစားပေးဆောင်ရွက်ရန်၊ ဈေးနှုန်း ဝယ်လိုအား၊ ရောင်းလိုအား ဈေးကွက်အခြေအနေ၊ အကျိုးအမြတ်ရရှိမှုနှင့် ပြည်တွင်းကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်ရန် အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**မင်းမင်းဦး၊ ထွန်းမင်းလတ်**

## တောင်ငူခရိုင်၊ ဖြူးမြို့တွင် မတ်ပဲအစား ဈေးကွက်ဝင်အခြားသီးနှံများ ပြောင်းလဲစိုက်ပျိုးရေး လယ်ယာထွက်ကုန်သီးနှံ ဈေးနှုန်း၊ ဈေးကွက်နှင့် ပြည်ပတင်ပို့နိုင်မှုအခြေအနေ ရှင်းလင်းဆွေးနွေး

တောင်ငူခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ မတ်ပဲအစားဈေးကွက်ဝင် အခြားသီးနှံများ ပြောင်းလဲစိုက်ပျိုး ရေး လယ်ယာထွက်ကုန်သီးနှံဈေးနှုန်း၊ ဈေးကွက်နှင့် ပြည်ပတင်ပို့နိုင်မှု အခြေအနေ ရှင်းလင်းဆွေးနွေးခြင်းနှင့် ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်သူများအစုအဖွဲ့ ဖွဲ့စည်းခြင်း အခမ်းအနားကို စက်တင်ဘာ ၃၀ ရက်က တောင်ငူခရိုင်၊ ဖြူးမြို့ စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ရာ ဖြူးမြို့နယ်မှ စိတ်ပါဝင်စားသူ တောင်သူလယ်သမားကြီးများ တက်ရောက်ကြပါသည်။

အခမ်းအနားတွင် ဖြူးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးက အဖွင့်အမှာစကား ပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာန တောင်ငူခရိုင်ဦးစီးမှူး ဦးမျိုးအောင်က မတ်ပဲအစားဈေးကွက်ဝင်အခြားသီးနှံများ ပြောင်းလဲစိုက်ပျိုးရေး၊ လယ်ယာထွက်ကုန်သီးနှံဈေးနှုန်း၊ ဈေးကွက်နှင့် ပြည်ပတင်ပို့နိုင်မှု အခြေအနေများကို ရှင်းလင်းဆွေးနွေးပါသည်။

ဆက်လက်၍ အရည်အသွေးပြည့်မီသော သီးနှံများ ထွက်ရှိရေး၊ ဈေးကွက်ပိုမိုရရှိရေးနှင့် ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်၍ စုပေါင်းဆွေးနွေးပြီး တက်ရောက်လာသော တောင်သူလယ်သမားကြီးများ၏ ဆန္ဒဖြင့် ဖြူးမြို့နယ် ပဲတီစိမ်းစိုက်ပျိုးထုတ်လုပ်သူများအစုအဖွဲ့ကို အလုပ်အမှုဆောင် ၁၅ ဦး၊ အဖွဲ့ဝင် ၈၁ ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

**စောသန်းထိုက်ကျော်**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC)**
**စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

**၈-၁၀-၂၀၁၈ မှ ၁၄-၁၀-၂၀၁၈ ရက်နေ့ထိ**

**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** မိမိကိုယ်တိုင်ဦးဆောင်မှုဖြင့် စီးပွားရေးလုပ်ကိုင်ရတတ်ပြီး သတ္တုပစ္စည်း၊ အလူမီနီယံပစ္စည်းများနှင့်ပတ်သက်သောလုပ်ငန်းများအောင်မြင်ဖြစ်ထွန်းမည့်ကာလဖြစ်နေတတ်ပါသည်။ ပညာရေးတွင် ဉာဏ်ရည်ထက်မြက်မှုအားကောင်းနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးသင့်တင့်သော ဆက်ဆံမှုများရှိနေတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် ဦးခေါင်းကိုက်ခြင်းဝေဒနာ၊ အကြောတက်ခြင်း ဝေဒနာများခံစားရမှုရှိနေတတ်ပါသည်။

**ယတြာ။ ။အုန်းသီးလှူပါ။**



**တနင်္လာသားသမီးများအတွက်** ပျော်ပျော်ရွှင်ရွှင်နေတတ်မည်။ စီးပွားရေးတွင်မင်းအစိုးရနှင့်ပတ်သက်သော စီးပွားရေးလုပ်ငန်းများအကျိုးရှိနေမည်။ တရားရေးဝန်ထမ်း၊ စာရင်းအင်းပညာနှင့်သက်ဆိုင်သော စီးပွားရေးလုပ်ငန်းများအောင်မြင်ပြီး ဝင်ငွေကောင်းနေတတ်ပါသည်။ ဉာဏ်ရည်ထက်မြက်မှုကြောင့် ပညာရေးအားကောင်းနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးတည်ငြိမ်မှုရှိနေမည်။ ကျန်းမာရေးအနေဖြင့် အဆုတ်ရောင်ရောဂါ၊ အစာမကြေဝေဒနာ ခံစားရတတ်သည်။

**ယတြာ။ ။ဥသျှစ်သီးလှူပါ။**



**အင်္ဂါသားသမီးများအတွက်** အသိုင်းအဝိုင်းနှင့်ဆက်သွယ်လုပ်ကိုင်ရသော အကျိုးဆောင်လုပ်ငန်း၊ မြေနှင့်ပတ်သက်သော စီးပွားရေးလုပ်ငန်း၊ အုတ်၊ သဲ၊ ကျောက်ရောင်းဝယ်ရေး လုပ်ငန်းတို့ အားကောင်းနေတတ်ပါသည်။ လက်အောက်ငယ်သားများစွာနှင့် စီးပွားရေးလုပ်ကိုင်ရမည်။ ပညာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေးသင့်တင့်မှု ရှိနေမည်။ ကျန်းမာရေးအနေဖြင့် ထိခိုက်ဒဏ်ရာမှရသောဝေဒနာခံစားရမှုရှိ တတ်ပါသည်။

**ယတြာ။ ။စတော်ဘယ်ရီသီးလှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** ခရီးသွားလုပ်ငန်းမှ ဝင်ငွေအားကောင်းလိမ့်မည်။ ယာဉ်/စက်ကိရိယာပစ္စည်းများရောင်းဝယ်ခြင်းဖြင့် စီးပွားတိုးတက်မှုများရရှိနိုင်ပါသည်။ ပညာရေးတွင် ထိုးထွင်းအသိဉာဏ်အား ပိုကောင်းနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးတို့တွင် စိတ်တိုင်းကျမှုမရှိသေးသောကာလ ဖြစ်နေတတ်သည်။ အနေအထားတည်မြဲရန် ကြိုးပမ်းနေရမည်။ ကျန်းမာရေးအနေဖြင့် အရေပြားပွိုင်စင်ရောဂါ ဖြစ်တတ်သည်။ သတိရှိပါ။ သွေးလေမမှန်သော ဝေဒနာ ခံစားရမှု ရှိနေတတ်ပါသည်။**ယတြာ။ ။စပျစ်သီးလှူပါ။ အပေါင်းအသင်းကျွေးပါ။**



**ကြာသပတေးသားသမီးများအတွက်** တိုင်းရင်းဆေး၊ ဘယဆေး၊ သစ်သီး၊ သစ်မြစ်၊ သစ်ရွက်မှထုတ်သော ဆေးပစ္စည်းများပိုမို အကျိုးပေးတတ်ပါသည်။ ပညာရေးကောင်းနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးစိတ်ဝင်စားမှုနည်းနေလိမ့်မည်။ ဘာသာရေးအားသန်နေသောကာလဖြစ်နေတတ်သည်။ လူမှုရေးလုပ်ငန်းများ လုပ်ဆောင်နေရမည်။ ကျန်းမာရေးအနေဖြင့် နှလုံး၊ သွေးလျှံခြင်း၊ ပိတ်ဆို့ခြင်း တို့ဖြစ်နေတတ်ပါသည်။

**ယတြာ။ ။မာလကာသီးလှူပါ။**



**သောကြာသားသမီးများအတွက်** လုပ်ငန်းဆောင်တာများလုပ်ကိုင်ရာတွင်လောဘစိတ်များ နေတတ်သည်။ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများပို၍ အားကောင်းနေမည်။ စီးပွားရေးလုပ်ငန်းများကို ရှယ်ယာလုပ်ကိုင်ရတတ်သည်။ ဝင်ငွေ၊ ထွက်ငွေမျှနေမည့်ကာလဖြစ်နေတတ်သည်။ ဉာဏ်ကောင်း၍ပညာရေးတော်နေမည်။ အချစ်ရေးတွင် ရွေးချယ်ရခက်နေမည်။ အိမ်ထောင်ရေးသာယာပျော်ရွှင် မှုရှိနေလိမ့်မည်။ ကျန်းမာရေးတွင် သွေးတိုး၊ ဆီးချိုဝေဒနာခံစားနေရတတ်သည်။

**ယတြာ။ ။ ပန်းသစ်တော်လှူပါ။**



**စနေသားသမီးများအတွက်** အလုပ်ရုံ၊ စက်ရုံလုပ်ငန်းများအကျိုးပေး အားကောင်းနေမည်။ လက်အောက်ငယ်သား၊ အလုပ်သမားများအဝင်အထွက်များနေမည်။ ပင်ကိုယ်ဉာဏ်ကောင်းသော်လည်း ပညာရေးတွင် အပျင်းများနေတတ်သည်။ အချစ်ရေးစိတ်ဝင်စားမှုများမည်။ အိမ်ထောင်ရေး အဆင်မပြေတတ်သေးပါ။ ကျန်းမာရေးတွင် အကြော၊ လေရောဂါများ အထူးသတိထားပါ။ နာတာရှည်ရောဂါဖြစ်တတ်သည်။ ဘာသာရေးကို အချိန်ပေးလုပ်ဆောင်ပါ။ **ယတြာ။ ။ နွားနို့လှူပါ။**

# ပခုက္ကူခရိုင်ဦးစီးမှူးရုံးတွင် ရေသန့်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနတွင် စက်တင်ဘာ ၂၅ ရက်က ရေသန့်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကျင်းပခဲ့ရာ မကွေးတိုင်းဒေသကြီး ရေသန့်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပခုက္ကူခရိုင်၊ ဂန့်ဂေါခရိုင်အတွင်းရှိ ရေသန့်လုပ်ငန်းရှင်များ စုစုပေါင်း ၁၈ ဦး တက်ရောက်ခဲ့ပါသည်။

ပခုက္ကူခရိုင်၊ စားသုံးသူရေးရာဦးစီးဌာန၊ ဦးစီးမှူး ဦးမြင့်ဦးက ရေသန့်လုပ်ငန်းရှင် များ တစ်ဦးနှင့် တစ်ဦး ပွင့်ပွင့်လင်းလင်းဆွေးနွေးရန်၊ တိုင်တန်းစာများရရှိထားမှု အခြေအနေ၊ အချက်အလက်မပြည့်စုံဘဲ ထုတ်လုပ်ရောင်းချဖြန့်ဖြူးနေသည်ကို စစ်ဆေးတွေ့ရှိလျှင် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအရ အပြစ်ပေး အရေးယူသွားမည့်ကိစ္စတို့အား ရှင်းလင်း ဆွေးနွေးခဲ့သည်။

ထို့နောက် ပခုက္ကူခရိုင်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)မှ ဒုကြီးကြပ်ရေးမှူး ဒေါ်အေးမြတ်မိုးက ရေသန့်များသိုလှောင်ရာတွင် စနစ်တကျ သိုလှောင်ရန်ကိစ္စများအား အကြံပြုဆွေးနွေးခဲ့ပြီး၊ မကွေးတိုင်းဒေသကြီး ရေသန့်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဝင်းမင်းက ရေသန့်လုပ်ငန်းရှင်များအသင်းအား အသင်းဖြစ်မြောက်ရေးအတွက် မကွေးတိုင်းဝန်ကြီးချုပ်နှင့် တိုင်း FDA တာဝန်ခံ ဒေါက်တာပြည့်ထူးတို့မှလည်း ပံ့ပိုးကူညီပေးကြောင်း၊ အစိုးရဌာနဆိုင်ရာများမှ မိမိတို့ရေသန့်လုပ်ငန်းရှင်များအသင်းကို အားပေးကူညီကြသည့်အတွက် ရေသန့်လုပ်ငန်းရှင်များဘက်မှလည်း စည်းလုံးညီညွတ်ဖို့လိုအပ်ကြောင်း၊ အသင်းမှ ငါးနှစ်တာစီမံကိန်းကို ကြိုတင်ပြင်ဆင်ရေးဆွဲထားကြောင်း၊ တစ်ဆင့်ပြီးတစ်ဆင့် လုပ်ဆောင်သွားရင်းဖြင့် အသင်းပုံရိပ်ကို ဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ စည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်ပြီး အလုပ်ရှင် အလုပ်သမားပြဿနာများ ၊ ရေသန့်ဈေးနှုန်းများ၊ သတ်မှတ်ထားသော အထောက်အထားအချက် အလက်များ၊ ဘူးပေါ်တွင် အမှတ်တံဆိပ်ရိုက်နှိပ်ရမည့် စည်းကမ်းချက်များ စသည့်အချက်အလက်များကို ၂၀၂၀ တွင် အသင်းအနေဖြင့် စည်းကမ်းချက်ရေးဆွဲသွားဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ တက်ရောက်လာသော ရေသန့်လုပ်ငန်းရှင်များအနေဖြင့် ယခုလို အစည်းအဝေးပြုလုပ်ရာတွင် မန်နေဂျာများ မတက်ရောက်ဘဲ လုပ်ငန်းရှင်ကိုယ်တိုင် တက်ရောက်သင့်ကြောင်း၊ မိမိတို့လုပ် ငန်း သဘောထားများကို အလုပ်သမားများနှင့် စေလွှတ်မထားဘဲ လိုက်လံကြည့်ရှုရန် လိုအပ်ကြောင်း၊ လုပ်ငန်းရှင်များသည် သိက္ခာ၊ သဒ္ဓါနှင့် ဝိသမလောဘများ ထိန်းစေလိုကြောင်း၊ လိုအပ်လျှင် ငွေဒဏ်ရိုက်၍လည်း တည်ငြိမ်တဲ့ဈေးကွက်ကို ထိန်းသိမ်းနိုင်မှာဖြစ်ကြောင်း၊ အသင်းအနေဖြင့် စနစ်တစ်ခုကို ထားရှိရမှာဖြစ်ကြောင်း စသည်ဖြင့် အပြန်အလှန် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**သူဇာကျော် (ပခုက္ကူ)**

# ကသာခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၂၀)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ကသာခရိုင် စားသုံးသူအငြင်း ပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂၀)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၅ ရက်က ကသာခရိုင် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌရုံးခန်းတွင် ကျင်းပပြုလုပ်ခဲ့ရာ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှ အဖွဲ့ဝင် ကိုးဦး၊ အခြားတက်ရောက်သူ ခြောက်ဦး စုစုပေါင်း ၁၅ ဦး တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်အုန်းက ကသာခရိုင် စားသုံးသူရေးရာအနေဖြင့် ကွင်းဆင်းအသိပညာပေးဟောပြောပွဲ (၂၉)ကြိမ်၊ ဈေး၊ ကျောင်းဈေး၊ လက်လီဆိုင်၊ ဆေးဆိုင်များ စစ်ဆေးခြင်း (၁၅)ကြိမ်၊ လုပ်ငန်းရှင် တွေ့ဆုံမှု(၉)ကြိမ်၊ SME လုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေးအတွက် ဆွေး နွေးခြင်း (၇)ကြိမ် စုစုပေါင်း (၆၀)ကြိမ် ဆောင်ရွက်ခဲ့ကြောင်း၊ (၁၉)ကြိမ်မြောက်အစည်းအဝေး ဆုံးဖြတ်ချက်များပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ရန် ကျန်ရှိသည်များကို အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ပြီး၊ ဗန်းမော်မြို့ မြို့မရပ်ကွက် စားသုံးသူတစ်ဦးမှ ဗန်းမော်မြို့တွင် FDA ထောက်ခံချက်ရယူခြင်းမရှိဘဲ ရေသန့် ထုတ်လုပ်ရောင်းချနေသော မြနန္ဒာရပ်ကွက်ရှိ သောက်ရေသန့်လုပ်ငန်းအား ကသာခရိုင် CICC သို့ စာဖြင့် တိုင်ကြားလာသည့်အတွက် တိုင်ကြားမှုအပေါ် ဆောင်ရွက်ရန်ကိစ္စတို့အား ဆွေးနွေးခဲ့ပါသည်။ ထို့နောက် ကသာခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင့်ဝေသုံးက ကုန်အမှတ်တံဆိပ်များတွင် ညွှန်ကြားချက်အတိုင်း ထုတ်လုပ်ရက်စွဲ၊ ကုန်ဆုံးရက်စွဲများ ဖော်ပြပါရှိခြင်းမရှိသော လုပ်ငန်းရှင်များနှင့် ဗန်းမော် ရေသန့် ထုတ်လုပ်သူကိုနောင်တွင်ဥပဒေကြောင်းအရ အရေးယူ ဆောင်ရွက်နိုင်ရေးအတွက် နောက်ဆုံးအကြိမ် သတိပေး ဝန်ခံကတိ လက်မှတ်ရေးထိုးရန်လိုကြောင်း၊ ချက် ချင်းအရေးယူမှုပြုလုပ်ပါက လုပ်ငန်းရှင်သာမက အလုပ်သမားများပါ ထိခိုက်နစ်နာမှုရှိကြောင်း၊ တစ်ဆင့်ချင်း လုပ်ဆောင်မှ အဆင်ပြေမည်ဖြစ်ကြောင်း၊ မိမိတို့အဖွဲ့အစည်းများနှင့် ပြည်သူတွေလက်တွဲပါဝင်လာမှသာ လုပ်ငန်းအောင်မြင်မည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့်လည်း ပူးပေါင်းလုပ်ဆောင်ကြရန် ပြောကြားခဲ့ပြီး တက်ရောက်လာသော သက်ဆိုင်ရာဌာနများမှလည်း ကဏ္ဍအလိုက် လိုအပ်သည်များ ဖြည့်စွက် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။ **လှလှခိုင်(ကသာ)**



# ပုသိမ်မြို့ စားသုံးသူရေးရာဦးစီးဌာနမှ ST, John Private School တွင် စားသုံးသူအသိပညာပေး ဟောပြောပွဲကျင်းပ

ပုသိမ်မြို့ စားသုံးသူရေးရာ ဦးစီးဌာန၊ တိုင်းဦးစီးမှူး ဦးကျော်ကျော်လွင်နှင့် ဝန်ထမ်းများသည် စက်တင်ဘာ ၂၈ ရက်က ပုသိမ်မြို့၊ မရမ်းချိုရပ်ကွက်ရှိ ပုဂ္ဂလိက ST, John Private School တွင် စားသုံးသူအသိပညာပေး ဟောပြောပွဲ ကျင်းပပြုလုပ်ရာ ဆရာ/ဆရာမ၊ ကျောင်းသား/ ကျောင်းသူ ၂၀၀ ဦး တက်ရောက်ခဲ့ပါသည်။

ဟောပြောပွဲတွင် တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်ကျော်လွင်က စားသုံးသူရေးရာဦးစီးဌာန ပေါ်ပေါက်လာပုံနှင့် စားသုံးသူအကာအကွယ်ပေးရေး၊ ဥပဒေအကြောင်း သိကောင်းစရာများ ရည်ရွယ်ချက်၊ ရည်မှန်းချက်များအား ရှင်းလင်း၍ ဦးစီးအရာရှိ ဒေါ်ထက်ထက်အိက စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေး စင်တာ ဖွင့်လှစ် ဆောင်ရွက်နေမှုများအကြောင်း၊ စားသုံးသူရေးရာဌာနခွဲမှူး ဦးစောမိုက်ကယ်မှ တားမြစ်ကုန်စည်နှင့် ဓာတုဆိုးဆေးပါ စားသောက်ကုန်များ၊ FDA ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စားသောက်ကုန်၊ လူသုံးကုန် အလှကုန်နှင့် ဆေးဝါးများ၊ ခွင့်မပြုဆိုးဆေးများနှင့် ဘေးဥပဒ်အန္တရာယ်များ၊ စားသုံးသူများ၏ အခွင့်အရေးနှင့် တာဝန်များ၊ လုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့် တာဝန်များနှင့် စားသုံးသူအကာအကွယ်ပေးရေး အသိပညာဗဟုသုတများကို အကျယ်တဝင့် ဟောပြောဆွေးနွေးခဲ့ကြောင်းသိရပါသည်။ **စောမိုက်ကယ်**

# ကမ္ဘာ့အကြီးဆုံးလွတ်လပ်သော ကုန်သွယ်ရေးသဘောတူစာချုပ် ချုပ်ဆိုတော့မည့် အာဆီယံ

ကုန်သွယ်ရေးစစ်ပွဲအပေါ် စိုးရိမ်မှုမြင့်မားနေသည့် ကာလအတွင်း အာဆီယံနိုင်ငံများနှင့် ၎င်းတို့၏ အဓိက မိတ်ဖက်နိုင်ငံများသည် ၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းတွင် ဒေသတစ်ဝန်း ကျယ်ပြန့်သည့် ကုန်သွယ်ရေး သဘောတူစာချုပ် (Region-wide trade pact) ကို အပြီးသတ်ချုပ်ဆိုရန် အစွမ်းကုန်ကြိုးပမ်းအားထုတ်နေကြသည်။ အဆိုပါစာချုပ်ကို အပြီးသတ်ချုပ်ဆိုလက်မှတ်ရေးထိုးပြီးပါက ၁၆ နိုင်ငံပါဝင်သော ဒေသဆိုင်ရာဘက်စုံ စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှု (Regional comprehensive Economic Partnership-RCEP) သည် ကမ္ဘာ့အကြီးဆုံး လွတ်လပ်သော ကုန်သွယ်ရေးသဘောတူစာချုပ် ဖြစ်လာပါမည်။

အာဆီယံ ၁၀ နိုင်ငံနှင့် ယင်း၏မိတ်ဖက်နိုင်ငံများသည် နိုင်ငံစုံ ကုန်သွယ်သည့် စည်းမျဉ်းစည်းကမ်း အခြေခံသော ကုန်သွယ်မှုစနစ် (Multilateral, rules-based trading system) က အာဆီယံနှင့် မိတ်ဖက်နိုင်ငံများ၏ တိုးတက်မှုနှင့် ငြိမ်းချမ်းရေးကို ထောက်ပံ့ပေးထားသည်ဟု လက်ခံထားကြပါသည်။ ထိုကဲ့သို့ လက်ခံထားခဲ့သည်မှာ နှစ်ပေါင်း ၅၀ ကျော်ခဲ့ပြီဖြစ်သည်။ သို့သော်လည်း လက်ရှိအချိန်ကာလတွင် အဆိုပါနိုင်ငံစုံကုန်သွယ်မှုစနစ်က အာဆီယံနှင့် မိတ်ဖက်နိုင်ငံများကို ဖိအားပေးလျက်ရှိပါသည်။ ထို့ကြောင့် စည်းမျဉ်းစည်းကမ်းအခြေခံသည့် နိုင်ငံစုံကုန်သွယ်သည့်စနစ်ကို ပြန်လည်ဆန်းစစ်ရန် လိုအပ်ပါသည်။ ထို့ပြင် အာဆီယံနှင့် မိတ်ဖက်နိုင်ငံများတွင် ရှိသော အလားအလာကို အများဆုံးရရှိရန်အတွက် ၎င်းတို့၏ ရည်ရွယ်ချက်၊ မဟာဗျူဟာနှင့် လုပ်ဆောင်ချက်များကို ပြောင်းလဲရန် လိုအပ်ပါသည်။

တရုတ်နိုင်ငံအပါအဝင် အမေရိကန်ပြည်ထောင်စုနှင့် ယင်း၏ အဓိကကုန်သွယ်ဖက်နိုင်ငံများကြား လက်ရှိဖြစ်ပေါ်လျက်ရှိသော ကုန်သွယ်ရေးတင်းမာမှုများကို ပိုမို အာရုံစိုက်ဆွေးနွေးနေကြပါသည်။ အဆိုပါ နိုင်ငံများကြားရှိ လုံခြုံရေးကိစ္စရပ်များသည်လည်း အာရုံစိုက်စရာဖြစ်နေပါသည်။ RCEP ကို လက်မှတ်ရေးထိုး အဆုံးသတ်ခြင်းသည် အာဆီယံနှင့် သက်ဆိုင်ရာနိုင်ငံများအတွက် နိုင်ငံရေးကောင်းကျိုးများကို ရရှိနိုင်သည်။ ထို့ပြင် ကုန်သွယ်ရေးစစ်ပွဲများနှင့် ပတ်သက်သော စိုးရိမ်သောကများကိုလည်း ပြေပျောက်စေနိုင်သည်။ RCEP က ပြင်ပတွင်ဖြစ်ပွားနေသော အဆိုပါကုန်သွယ်ရေးစစ်ပွဲများကို မရပ်တန့်စေပါလျှင် အာဆီယံသည် ဒေသတွင်း ကုန်သွယ်ရေး (Intra-ASEAN trade) ကို အားပြုတိုးချဲ့သွားမည်ဖြစ်ပါသည်။

အရှေ့တောင်အာရှဒေသသည် လူလတ်တန်းစားအရေအတွက် တိုးပွားလျက်ရှိပြီး ခေတ်သစ် (New age) တစ်ခုသို့ အသွင်ကူးပြောင်းလျက်ရှိပါသည်။ အာဆီယံသည် လူဦးရေ သန်း ၆၀၀ ကျော်သည့် ဈေးကွက်နှင့်အတူ ကိုယ်ပိုင်စားသုံးသူများကို ပိုင်ဆိုင်ထားပါသည်။ အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) ကို အကောင်အထည်ဖော်နေခြင်းကလည်း ထူးခြားသော စီးပွားရေးတိုးတက်မှုကို ရရှိနိုင်ပါသည်။

ကမ္ဘာ့စီးပွားရေးအင်အားကြီးမားသော နိုင်ငံအများစုသည်လည်း ဖြစ်ပွားလျက်ရှိသော သဘောထားကွဲလွဲမှုနှင့် ပဋိပက္ခများအတွက် အနာဂတ်အစီအစဉ်များကို ကြိုတင်ပြင်ဆင် ချမှတ်ဆောင်ရွက်နေကြပါသည်။ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ လဆန်းပိုင်းတွင် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးသည် အင်ဒို-ပစိဖိတ်နယ်မြေအတွင်း လုံခြုံရေးပူးပေါင်းဆောင်ရွက်ရန်အတွက် အမေရိကန်ဒေါ်လာ သန်း ၃၀၀ ထောက်ပံ့ကြောင်း ကြေညာခဲ့သည်။ အဆိုပါကြေညာချက်သည် တရုတ်နိုင်ငံကို ထပ်မံနာကျည်းစေသော လုပ်ရပ်ဖြစ်ကြောင်း နိုင်ငံရေး လေ့လာသူများက သုံးသပ်ပြောကြားပါသည်။

အရှေ့တောင်အာရှဒေသကို စီးပွားရေးအင်အားကြီးမားသော ဒေသအဖြစ် တည်ဆောက်ရန်အတွက် အာဆီယံနိုင်ငံများသည် စည်းလုံးညီညွတ်မှုရှိရပါမည်။ ချိတ်ဆက်ဆောင်ရွက်ကြရပါမည်။ အချက်အချာကျမှုကို ထိန်းသိမ်းထားရပါမည်။ ထို့ပြင် ဒေသဆိုင်ရာနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက် လုပ်ဆောင်ကြရမည်ဖြစ်ပါသည်။ အခက်အခဲများကို မှန်ကန်စွာ တုန့်ပြန်ဖြေရှင်းပြီး နိုင်ငံတကာ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို လက်ခံကြိုဆိုရန် ဖြစ်ပါသည်။

သိန်းမြင့်ဝေ




အရှေ့အာရှထိပ်သီး အစည်းအဝေးနှင့် အာဆီယံဒေသဆိုင်ရာ ဖိုရမ်တို့ကို ကျင်းပပြီး ဖြစ်ပွားနေသော၊ တင်းမာနေသော ပြဿနာနှင့် ကိစ္စရပ်များကို လက်တွဲဖြေရှင်းရန်လိုအပ်သည်။ ဥပမာအားဖြင့် ဆိုက်ဘာလုံခြုံရေး (Cyber Security) နှင့် မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားကိစ္စ (Denuclearisation) စသည်တို့ကို တွေ့မြင်နိုင်သည်။ အဆိုပါ ပြဿနာနှင့် ကိစ္စရပ်များကို ငြိမ်းချမ်းသောနည်းလမ်း (Peaceful way) ဖြင့် အောင်မြင်အောင် ဖြေရှင်းရန် လိုအပ်ပါသည်။ ၂၀၁၈ ခုနှစ်၊ ဇွန်လတွင် စင်ကာပူထိပ်သီးအစည်းအဝေး၌ အမေရိကန်သမ္မတ Donald Trump နှင့် မြောက်ကိုရီးယားခေါင်းဆောင် Kim Jaong Un တို့လက်မှတ်ရေးထိုးခဲ့သော ပူးတွဲ သဘောတူညီချက်သည် ရှည်လျားသော ခရီးအတွက် အရေးပါသော ခြေလှမ်းတစ်လှမ်းဖြစ်ခဲ့သည်။ လက်ရှိအချိန်ကာလတွင် ဖြေရှင်းရန်ကိစ္စရပ်များ ကျန်ရှိနေပါသေးသည်။ သို့သော်လည်း စင်ကာပူထိပ်သီးအစည်းအဝေးက အမေရိကန်နှင့် မြောက်ကိုရီးယားတို့၏ ဆက်ဆံရေးကို ကောင်းမွန်စေခဲ့သည်။ ထိုမျှသာမက စင်ကာပူထိပ်သီး အစည်းအဝေးက တင်းမာမှုအမျိုးမျိုးကို ငြိမ်းချမ်းသောနည်းလမ်း (Peaceful resolution) ဖြင့် ဖြေရှင်းရေးအတွက် ကြိုတင်ပြင်ဆင်ရာရောက်သည်ဟု မျှော်လင့်နိုင်ပါသည်။

အာဆီယံသည် ပြဿနာရပ်အားလုံးကို လွတ်လွတ်လပ်လပ် ဆွေးနွေးနိုင်ရန်နှင့် လုံခြုံစိတ်ချရပြီး အပြုသဘောဆောင်သည့် ဆွေးနွေးပွဲများ ကျင်းပရန် စီစဉ်ထားရှိပါသည်။ အာဆီယံသည် အဖွဲ့ဝင် ၁၀ နိုင်ငံ၏ စီးပွားရေးကို ပေါင်းစည်းထားပါသည်။ ထို့ပြင် အာဆီယံနိုင်ငံများကြား ကုန်သွယ်မှုအဟန့်အတားများ (Trade barriers) ကို လျှော့ချထားပါသည်။ အာဆီယံသည် ယင်း၏ အန္တိမရည်မှန်းချက်ကို ဖြည့်ဆည်းရန် ထုတ်လုပ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် တစ်ခုတည်းသောဇုန်ကို ဖန်တီးလျက်ရှိပါသည်။ **Soruce: straitstimes.com**

## ရေနံစိမ်းဈေးနှုန်းများ မြင့်တက်လာခြင်းနှင့် ရူပီးငွေတန်ဖိုး ကျားကန်နေရခြင်းတို့ကြောင့် အိန္ဒိယရေနံသန့်စင်ကုမ္ပဏီများက ရေနံတင်သွင်းမှုလျှော့ချလာနိုင်

ကမ္ဘာ့တတိယအများဆုံးရေနံ တင်သွင်းသည့် အိန္ဒိယသည်ရေနံစိမ်း ဈေးနှုန်းမြင့်မားနေခြင်းနှင့် ရူပီးငွေတန်ဖိုး ကျဆင်းနေခြင်းတို့၏ ထိခိုက်မှုတို့မှ သက်သာရာရစေရန်အတွက် ရေနံဝယ်ယူမှုကို လျှော့ချရန် စဉ်းစားနေကြောင်း သိရှိရပါသည်။

စက်တင်ဘာ ၂၀ ရက်တွင် ရေနံစိမ်းဈေးနှုန်းမှာ ယခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်တွင် ရှိခဲ့သည့်ဈေးထက် ၃၀ ရာခိုင်နှုန်းနီးပါး မြင့်တက်လာရာ ရေနံတစ်စည်လျှင် အမေရိကန် ဒေါ်လာ ၈၀ ကျော်သို့ ရောက်ရှိလာခဲ့ကြောင်း၊ သို့ရာတွင် အိန္ဒိယငွေတန်ဖိုးမှာလည်း စံချိန်တင်ကျဆင်းနေသည့်အတွက် ရူပီးငွေတန်ဖိုးနှင့် တွက်ချက်ပါကမူ ရေနံစိမ်းဈေးနှုန်းမှာ ယခင်ထက် ၄၆ ရာခိုင်နှုန်း ခန့် မြင့်တက်လာခဲ့ကြောင်း၊ ထို့ပြင် အိန္ဒိယရေနံသန့်စင်လုပ်ငန်းရှင်များသည် ရေနံစိမ်းတန်ဖိုးအား ဒေါ်လာဖြင့် ပေးချေရမည်ဖြစ်ရာ သွင်းကုန်စရိတ်များ မြင့်တက်လာခြင်းသည် အာဏာရအစိုးရအတွက် လာမည့်နှစ် ရွေးကောက်ပွဲမတိုင်မီ ခေါင်းခဲစရာ ကိစ္စရပ်တစ်ခု ဖြစ်လာနေကြောင်း သိရှိရပါသည်။

သို့ဖြစ်၍ ရေနံစိမ်းဈေးနှုန်းမြင့်မားလာခြင်းနှင့်စပ်လျဉ်း၍ ဖြေရှင်းနိုင်ရေးတာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးခြင်းကို စက်တင်ဘာ ၁၅ ရက်က မွမ်ဘိုင်း၌ ပြုလုပ်ခဲ့ရာ ကနဦးအနေဖြင့် ရေနံဝယ်ယူမှုအား ကာလတိုအတွင်း လျှော့ချရန် စဉ်းစားနေပြီး ၎င်းနောက်တွင် ကုန်ကြမ်းလက်ကျန်ပမာဏကို လျှော့ချရန် စဉ်းစားနေသည်ဟု အမည်မဖော်လိုသူတစ်ဦးက ပြောကြားထားကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံသည် နိုင်ငံ့ရေနံ လိုအပ်ချက်၏ ၈၀ ရာခိုင်နှုန်းကျော်ခန့်ကို ပြည်ပမှ တင်သွင်းနေရပြီး ယခုနှစ် ဩဂုတ်လအတွင်း နေ့စဉ်ရေနံတင်သွင်းမှုမှာ စည်ပေါင်း ၄ ဒသမ ၄ သန်းခန့်ရှိသည့်အတွက် နေ့စဉ်ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံထိ ရှိခဲ့သည်ဟု အစိုးရကထုတ်ပြန်ထားသည့် သတင်းအချက်အလက်များအရ သိရှိရပါသည်။

ပုံမှန်အားဖြင့်မူ အိန္ဒိယ၌ နိုင်ငံပိုင်ရေနံချက်စက်ရုံများသည် တစ်လစာအတွက် လုံလောက်သည့် ကုန်ကြမ်းများကို သိုလှောင်ထားလေ့ရှိရာ ကုန်ကြမ်းလက်ကျန်ပမာဏလျှော့ချခြင်းအားဖြင့် ကုန်ကျစရိတ်မြင့်သည့် သွင်းကုန်များကို လျှော့ချရန် အထောက်အကူဖြစ်လာနိုင်ပြီး နိုင်ငံ၏ ဒေါ်လာလိုအပ်ချက်ကိုလည်း လျှော့ချလာနိုင်မည်ဟု Bharat Petroleum Crop ၏ဥက္ကဋ္ဌ ဟောင်းဖြစ်သူ RK Singh က ပြောကြားထားကြောင်း သိရှိရပါသည်။

သို့ရာတွင် ကုန်ကြမ်းလက်ကျန် ပမာဏ လျှော့ချမည့် လုပ်ငန်းစဉ်တစ်ခုလုံးကို ရေနံချက်လုပ်ငန်းများအကြား ညှိနှိုင်း၍ ပြုလုပ်ရမည်ဖြစ်ကြောင်း၊ သို့မှသာ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မည့် လုံလောက်သည့် ထုတ်ကုန်ပမာဏရှိရန် သေချာစေမည် ဖြစ်ကြောင်း၊ အိန္ဒိယ၏ရေနံစိမ်း ကုန်ကြမ်းလက်ကျန်ပမာဏအား အများပြည်သူသို့ ထုတ်ပြန် ပြောကြားခြင်းမရှိကြောင်း၊ ယခုကဲ့သို့ ကုန်ကြမ်း လက်ကျန်ပမာဏ လျှော့ချမည့် နည်းလမ်းအား အသုံးပြုခြင်းသည် ကာလတိုအားဖြင့် သွင်းကုန် ကုန်ကျစရိတ်များကို သက်သာစေနိုင်သော်လည်း ရေနံစိမ်းဈေးနှုန်းမှာ လက်ရှိနှုန်းအောက် လျှော့နည်းသက်သာခြင်းမရှိပါက နောက်ပိုင်းတွင် ပိုမြင့်သည့် ဈေးနှုန်းဖြင့် ဝယ်ယူရနိုင်သည့် စွန့်စားမှုကိုလည်း ဖြစ်စေနိုင်သည်ဟု ၎င်းက သုံးသပ် ပြောကြားထားပါသည်။

ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းမှာ OPEC အဖွဲ့ဝင်နိုင်ငံများနှင့် ထိပ်တန်း ရေနံထုတ်လုပ်သူဖြစ်သည့် ရုရှားအပါအဝင် OPEC အဖွဲ့ဝင်မဟုတ်သည့် နိုင်ငံများက ထုတ်လုပ်မှုလျှော့ချခြင်းများ စတင်ခဲ့ချိန်မှစ၍ တရိပ်ရိပ် မြင့်တက်လာခဲ့ပြီး လစ်ဗျားနှင့် နိုင်ဂျီးရီးယားတို့သို့ ထောက်ပံ့နေသည့် ဗင်နီဇွဲလား၏ ထုတ်လုပ်မှုပမာဏကျဆင်းခြင်းသည် ထင်မှတ်မထားသည့် ပြဿနာကြောင့် ရေနံစိမ်းဈေးကွက်ကို ပိုမိုတင်းကျပ်လာစေပြီး ကမ္ဘာ့ရေနံစိမ်းဝယ်လိုအားမှာ တစ်နေ့လျှင် စည်ပေါင်း သန်း ၁၀၀ နားအထိ ပထမဆုံး ရောက်ရှိလာခဲ့သည်အထိ ဖြစ်လာခဲ့ကြောင်း၊ ထိုမျှသာမက အီရန်အပေါ် ချမှတ်ထားသည့် အမေရိကန်ပိတ်ဆို့မှုကြောင့် လာမည့်လများတွင် ရေနံစိမ်းဈေးနှုန်းမှာတစ် စည်လျှင် ဒေါ်လာ ၉၀ နီးပါးသို့ ရောက်ရှိနိုင်သည်ဟု JP Morgan က ခန့်မှန်းထားကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး မြန်မာသံရုံး၊ နယူးဒေလီမြို့။**

# ၂၀၂၀ ခုနှစ်တွင် ရန်ကုန်စတော့အိတ်ချိန်းစာရင်းဝင်ကုမ္ပဏီ ၁၀ ခုခန့် ရှိလာနိုင်

၂၀၂၀ ပြည့်နှစ်တွင် ရန်ကုန်စတော့အိတ်ချိန်း၌ စာရင်းဝင်ကုမ္ပဏီ ၁၀ ခုခန့်ရှိလာနိုင်ကြောင်း မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးမြေးချွန်က 'နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရင်းအနှီးဈေးကွက်၏ အခန်းကဏ္ဍ'စီးပွားရေးစကားဝိုင်းအတွင်း ဆွေးနွေးပြောကြားသည်။

"မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေအရ အများနှင့်သက်ဆိုင်သော ကုမ္ပဏီတည်ထောင်ထားတာလည်း ၃၀၀ ကျော်ရှိပါတယ်။ အဲဒီကုမ္ပဏီ ၃၀၀ ကျော်ထဲမှာ စတော့ရှယ်ယာဈေးကွက်ဝင်ဖို့ အလားအလာကောင်းတဲ့ ကုမ္ပဏီကကျွန်တော်တို့လေ့လာမှုအရ၄၀လောက်ရှိပါတယ်။ ဒီ ၄၀ ထဲမှာ ၂၀လောက်က စာရင်းဝင်ဖို့ စိတ်ဝင်တစားလုပ်နေကြပါတယ်။ အဲဒီထဲက ၁၀ ခုလောက်က စတော့အိတ်ချိန်းမှာ စာရင်းဝင်ဖြစ်ဖို့ တော်တော်လေး ခရီးရောက်နေတာ တွေ့ရပါတယ်။ အခု လောလောဆယ်မှာ နှစ်ခုလောက်က စာရင်းဝင်ကုမ္ပဏီဖြစ်ဖို့အတွက် ဆောင်ရွက်ဆဲ (under the process)အနေနဲ့ ရှိနေပါတယ်။ ၂၀၂၀ ပြည့်နှစ်မှာ စာရင်းဝင်ကုမ္ပဏီ ၁၀ ခုလောက်ရှိမယ်လို့ မှန်းထားပါတယ်"ဟု ဦးမြေးချွန်က ပြောသည်။

လက်ရှိအချိန်တွင် ရန်ကုန်စတော့အိတ်ချိန်း MTSH၊ MCB၊ FPB၊ FMI နှင့် TMH အစုရှယ်ယာများကို တစ်နေ့လျှင် လေးကြိမ်ဖြင့် အပတ်စဉ်အရောင်းအဝယ် ပြုလုပ်လျက်ရှိကြောင်း သိရသည်။

"၂၀၁၈ ခုနှစ်ဩဂုတ်လမှာ စာရင်းဝင်ကုမ္ပဏီငါးခုရဲ့ ဈေးကွက်တန်ဖိုး (Market Capitalization)ဟာဆိုရင် ငွေကျပ် ၅၈၅ ဘီလီယံရှိပါတယ်။ ရန်ကုန်စတော့အိတ်ချိန်း စတင်ဖွင့်လှစ်ခဲ့တဲ့ကာလကစပြီး ၂၀၁၈ ခုနှစ် ဩဂုတ်လအထိ အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ရှယ်ယာပေါင်းက ၈ ဒသမ ၇ သန်းရှိပြီး တန်ဖိုးအားဖြင့် ကျပ် ၁၁၂ ဘီလီယံလောက်ရှိပါတယ်"ဟု ရန်ကုန်စတော့အိတ်ချိန်းဒါရိုက်တာအဖွဲ့ဝင် ဦးဝင်းနိုင်ဦးကပြောသည်။ ရန်ကုန်စတော့အိတ်ချိန်းကိုမြန်မာ့စီးပွားရေးဘဏ်၊ ဂျပန်နိုင်ငံမှ Diawa Institute of Research နှင့် Japan Exchange Group တို့မှ ပူးပေါင်း တည်ထောင်ခဲ့ခြင်းဖြစ်သည်။

**သန်းထိုက်အောင်**

# ပညာပေးကာလ ကျော်လွန်သွားသည့်အတွက် စပ်ဆေးရောင်းချသော ဆိုင်များကို လိုင်စင်ပိတ်သိမ်းသည်အထိ အရေးယူသွားမည်

စပ်ဆေးရောင်းချမှုများနှင့်ပတ်သက်၍ ပညာပေးကာလကျော်လွန်သွားသောကြောင့် စပ်ဆေးရောင်းချခြင်းများတွေ့ရှိပါက လိုင်စင်ပိတ်သိမ်းသည်အထိ အရေးယူသွားမည်ဖြစ်ကြောင်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)မှ သိရသည်။

လက်ရှိတွင် FDA အနေဖြင့် ရှောင်တခင်လိုက်လံစစ်ဆေး၍ အရေးယူမှုများ ပြုလုပ်နေပြီး ပြည်သူများအနေဖြင့်လည်း သတင်းပေးပို့ရန်လိုအပ်ကြောင်း၊ ထိုကဲ့သို့ အရေးယူမှုများကို ယခုနှစ်အတွင်း စတင်ပြုလုပ်နေခြင်းဖြစ်ပြီး ယခုနှစ်စမှ ဇူလိုင်လအထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆေးဆိုင်ပေါင်း ၂၀ ကျော်ကို အရေးယူထားပြီးဖြစ်ကြောင်း သိရသည်။

အရေးယူဆောင်ရွက်ရာတွင် ပထမအကြိမ်အနေဖြင့် လိုင်စင်သုံးလ၊ ဒုတိယအကြိမ်အနေဖြင့် ခြောက်လနှင့် တတိယအကြိမ်တွင် လိုင်စင် ပြန်သိမ်းပြီး အမျိုးသားဆေးဝါးဥပဒေအရ ဆက်လက်အရေးယူနေကြောင်း သိရသည်။

အမျိုးသားဆေးဝါးဥပဒေအရ တရားမဝင်ဆေးဝါးရောင်းချရင် ပုဒ်မ (၁၈) အရ ထောင်ဒဏ်ခုနစ်နှစ်နှင့် လိုင်စင်မရှိဘဲ ဆေးရောင်းချပါက ပုဒ်မ (၁၉) အရ ထောင်ဒဏ်သုံးနှစ်အထိ အရေးယူနိုင်ကြောင်း၊ တရားမဝင် ဆေးဝါးရောင်းချမှုများကိုလည်း စပ်ဆေးနည်းတူ စစ်ဆေးအရေးယူမည်ဖြစ်ပြီး လက်ရှိအထိ ဆေးအမျိုးပေါင်း ၁၀၀ ကျော်ကို သုံးစွဲရန်မသင့်သော တရားမဝင်ဆေးများအဖြစ် FDA မှ ကြေညာထားကြောင်း သိရသည်။

လက်ရှိပြည်တွင်း၌ အသုံးပြုနေသည့် ဆေးဝါးရာခိုင်နှုန်း ၈၀ ကျော်ကို ပြည်ပမှတင်သွင်းနေခြင်းဖြစ်ပြီး တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ သန်း ၅၀၀ နှင့်အထက်တန်ဖိုးရှိသော ဆေးဝါးအမျိုးပေါင်းတစ်သောင်းကျော်ကို တင်သွင်းနေခြင်းဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးတွင် ဆေးဆိုင်ပေါင်း တစ်သောင်းခွဲကျော်ကို လိုင်စင်ထုတ်ပေးထားကြောင်း သိရသည်။

**ချောစု**

# ငါးကြိမ်မြောက် Myanmar Build and Decor 2018 ပြပွဲတွင် ပြည်တွင်း ပြည်ပမှ ပရိဘောဂလုပ်ငန်းပေါင်း တစ်ရာကျော်ဝင်ရောက်ပြသ

ငါးကြိမ်မြောက် Myanmar Build and Decor 2018 ပြပွဲတွင် ပြည်တွင်းပြည်ပမှ ပရိဘောဂလုပ်ငန်းပေါင်း ၁၀၀ ကျော် ဝင်ရောက်ပြသခဲ့ကြောင်း သိရသည်။

အဆိုပါပြပွဲကို အောက်တိုဘာလ ၄ ရက်မှ ၆ ရက်အထိ မင်းဓမ္မလမ်းရှိ Myanmar Event Park တွင် ကျင်းပခြင်းဖြစ်ပြီး ဂျပန်၊ စင်ကာပူ၊ ထိုင်း၊ မလေးရှား၊ ထိုင်ဝမ်၊ ကိုရီးယား၊ တရုတ်နှင့် ဗီယက်နမ် စသည့် နိုင်ငံရှစ်နိုင်ငံမှ လုပ်ငန်းများ ပါဝင်ပြသခဲ့ကြောင်း သိရသည်။

"ဒီပွဲက ပြည်တွင်းက ဗိသုကာတွေ၊ အိမ်တွင်းဒီဇိုင်းလုပ်ငန်းတွေ၊ အင်ဂျင်နီယာလုပ်ငန်းနဲ့ ဆောက်လုပ်ရေးလုပ်ငန်းတွေကို တစ်နေရာထဲမှာ ချိတ်ဆက်လုပ်ကိုင်နိုင်အောင် ဖန်တီးပေးတာပါ။ နောက်ပြီး ပြည်တွင်းက အိမ်ခြံမြေလုပ်ငန်းတွေနဲ့ ကုန်သွယ်တန်ဖိုးတွေ မြင့်လာအောင် ရင်းနှီးမြှုပ်နှံမှုတွေ ပိုဝင်အောင်နဲ့ လုပ်ငန်း အခွင့်အလမ်းတွေ ပိုမိုရရှိအောင် လုပ်ဆောင်နိုင်မှာပါ"ဟု ICVeX Co., Ltd မှ General Manager မစ္စတာ ချင်နာကစ် ဝီဟာဝါကစ်က ပြောသည်။

ယခုနှစ်ပြပွဲကို ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (UMFCCI)နှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း (MES)တို့မှ ထောက်ခံပေးထားပြီး ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူများရေးသားထားသည့် စာတမ်းဖတ်ပွဲကို အဓိကအသားပေး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ စာတမ်းဖတ်ပွဲအပြင် ရာသီဥတု ပြောင်းလဲမှု၏ ဆောက်လုပ်ရေးလုပ်ငန်းများအပေါ် ဂယက်ရိုက်မှု၊ မြန်မာနိုင်ငံ၏ ဗိသုကာပညာရပ်၊ ပုဂံစာရင်းအင်းကောက်ယူခြင်း၊ ရန်ကုန်အနာဂတ်နှင့်အတိတ်၊ စွမ်းအင်ချွေတာ ထိရောက်မှုရှိသော ဆောက်လုပ်ရေးလုပ်ငန်းများအကြောင်းနှင့် ဖန်တီးဆန်းသစ်မှုရှိသော ဆောက်လုပ်ရေး နည်းပညာများအကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

Myanmar Build and Decor 2018 ပြပွဲသည် ဆောက်လုပ်ရေးပစ္စည်း၊ အိမ်တွင်းဒီဇိုင်း ပရိဘောဂနှင့် အိမ်အလှဆင်လုပ်ငန်းများကို တစ်နေရာတည်းတွင် စုစည်းပြသထားသည့် ပွဲတစ်ခုဖြစ်သလို လုပ်ငန်းဆိုင်ရာ ပညာရပ်များနှင့် အသိပညာဗဟုသုတများ ဖလှယ်နိုင်စေရန် စီစဉ်ပေးထားသော ပွဲကြီးလည်းဖြစ်ကြောင်း သိရသည်။

**ချောစု**

# နိုင်ငံတကာစိုက်ပျိုးရေး၊ မွေးမြူရေး၊ ငါးမွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ ကုန်စည်ပြပွဲ ရန်ကုန်မြို့တွင်ကျင်းပ

ပဥ္စမအကြိမ်မြောက် မြန်မာနိုင်ငံတွင်ကျင်းပပြုလုပ်သည့် နိုင်ငံတကာစိုက်ပျိုးရေး၊ မွေးမြူရေး၊ ငါးမွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ ကုန်စည်ပြပွဲနှင့် ဟောပြောပွဲ အခမ်းအနား (AGRI-LIVESTOCK AND AQUA FISHERIES MYANMAR 2018)ကို ရန်ကုန်မြို့ရှိ Rose Garden Hotel တွင် စက်တင်ဘာ ၂၆ ရက်မှ ၂၈ ရက်ထိ ကျင်းပပြုလုပ်ခဲ့သည်။

ယခုပြပွဲ အခမ်းအနားကို မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းတို့၏ ပံ့ပိုးမှုဖြင့် Minh Vi Exhibition & Advertising Service Co.,Ltd(VEAS)က စီစဉ်ဆောင်ရွက်ခြင်းဖြစ်သည်။

"အခုနှစ်ပြပွဲမှာ ဂျာမနီ၊ အိန္ဒိယ၊ တရုတ်၊ ထိုင်ဝမ်၊ ဗီယက်နမ်နဲ့ မြန်မာနိုင်ငံက ကုမ္ပဏီတွေရဲ့ ပြခန်းပေါင်း သုံးဆယ်ကျော် လာရောက်ပြသကြပါတယ်။ ဒီပြပွဲမှာဆိုရင်လည်း နောက်ဆုံးပေါ် နည်းပညာပြခန်းတွေ၊ အနောက်တိုင်းနိုင်ငံတွေက တောင်သူဦးကြီးတွေ သုံးတဲ့ သတင်းအချက်အလက်တွေ၊ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူတွေရဲ့ ဟောပြောပွဲတွေ ပါဝင်မှာဖြစ်လို့ မြန်မာနိုင်ငံ တောင်သူဦးကြီးတွေ၊ စိတ်ဝင်စားတဲ့လုပ်ငန်းရှင်တွေ၊ ကျောင်းသူကျောင်းသားတွေ လာရောက်လေ့လာခြင်းဖြင့် မြန်မာနိုင်ငံရဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ရေလုပ်ငန်းကဏ္ဍကြီး တိုးတက်လာမယ်လို့ မျှော်လင့်ထားပါတယ်"ဟု VEAS ကုမ္ပဏီ၏ Business Development Manager ကိုဖုန်းမြတ်က ပြောသည်။

ယခုပြပွဲ၏စိုက်ပျိုးရေးဆိုင်ရာကဏ္ဍတွင် ဓာတ်မြေဩဇာများ၊ အပင်ကာကွယ်ပစ္စည်းများ၊ စိုက်ပျိုးဓာတုဆေးများ၊ စိုက်ပျိုးရေးသုံးစက်များနှင့် အခြားထုတ်ကုန်များကို ပြသခဲ့ပြီး မွေးမြူရေးကဏ္ဍ၌ နိုင်ငံတကာမွေးမြူရေး၊ နို့နှင့်နို့ထွက်ပစ္စည်းများ၊ အသားထုတ်လုပ်ခြင်းလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းပညာရှင်များ၏ အတွေးအခေါ်များနှင့် ဖြေရှင်းနည်းစနစ်များကို ဆွေးနွေးတင်ပြခဲ့သည်။

ငါးမွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာကဏ္ဍတွင်လည်း မြန်မာနိုင်ငံတွင် ရေလုပ်ငန်းနှင့် ငါးမွေးမြူရေး လုပ်ငန်းများအတွက် အဏ္ဏဝါနှင့်ပင်လယ်စာစက်မှု လုပ်ငန်းနယ်ပယ်နှင့် ဆက်စပ်နေသော စက်ပစ္စည်းကိရိယာနှင့် အမျိုးမျိုးသော ဇီဝနည်းပညာရပ်များနှင့်အတူ ရေလုပ်ငန်းနှင့် ငါးမွေးမြူရေးဆိုင်ရာ နိုင်ငံတကာ ကုန်သွယ်မှုအကြောင်းအရာများကိုလည်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သန်းထိုက်အောင်**

# ယခုနှစ်အတွက် မြန်မာနိုင်ငံ၏ အမြန်ဆုံးမိုဘိုင်းကွန်ရက်အဖြစ် Ookla မှ ချီးမြှင့်သည့် Speedtest ဆုကို အူရီဒူးမှရရှိ

ယခုနှစ်အတွက် မြန်မာနိုင်ငံ၏ အမြန်ဆုံးမိုဘိုင်းကွန်ရက်အဖြစ် Ookla မှချီးမြှင့်သည့် Speedtest ဆုကို အူရီဒူးမှ ရရှိခဲ့ကြောင်း သိရသည်။

Ookla ၏ Speedtest Intelligence စမ်းသပ်ချက် ရလဒ်များအရ အူရီဒူး၏ မိုဘိုင်းကွန်ရက်အား ၂၀၁၈ ခုနှစ်တွင် ကြန့်ကြာမှုအနည်းဆုံးဖြင့် မြန်မာနိုင်ငံတွင် အမြန်ဆန်ဆုံးမိုဘိုင်းကွန်ရက်အဖြစ် သတ်မှတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၈ ခုနှစ်၏ တတိယသုံးလပတ် ရလဒ်ကိုအခြေပြု၍ အူရီဒူးသည် Latency 37ms ဖြင့် ပျမ်းမျှ Download အမြန်နှုန်း 32.51 Mbps၊ ပျမ်းမျှ Upload အမြန်နှုန်းမှာ 17.15 Mbps တို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ ဒုတိယသုံးလပတ်ရလဒ်တွင် Latency 47ms ဖြင့် ပျမ်းမျှ Download အမြန်နှုန်း 31.73 Mbps၊ Upload အမြန်နှုန်းမှာ 16.75 Mbps တို့ဖြစ်ပြီး ပထမသုံးလပတ်ရလဒ်တွင် ၎င်း၏ ပျမ်းမျှ Download အမြန်နှုန်း 24.90 Mbps နှင့် ပျမ်းမျှ Upload အမြန်နှုန်းမှာ 13.13 Mbps တို့ဖြစ်ကာ Latency 53ms ဖြစ်ကြောင်း သိရ သည်။

အူရီဒူးမြန်မာ၏ Chief Commercial Officer ဖြစ်သူ Mr. Alok Verma က "အူရီဒူးမြန်မာအနေဖြင့် ဒစ်ဂျစ်တယ်မြန်မာနိုင်ငံဖြစ်လာစေဖို့အတွက် ပံ့ပိုးအားဖြည့်ပေးသွားမည်ဆိုသည့် ရည်မှန်းချက်နဲ့အညီ ကျွန်တော်တို့ရဲ့ 4G+ ကွန်ရက်ကို ဆက်လက်တိုးချဲ့သွားမယ့်အပြင် များစွာသော ဒစ်ဂျစ်တယ် ထုတ်ကုန်များနဲ့ ဝန်ဆောင်မှုများကိုပါ မိတ်ဆက်ပေးသွားမှာ ဖြစ်ပါတယ်။ ပြည်တွင်းမှာရှိတဲ့ သုံးစွဲသူပြည်သူများအနေနဲ့ ဒစ်ဂျစ်တယ်အတွေ့အကြုံတွေကို My Ooredoo app မှတစ်ဆင့် ခံစားသိရှိနိုင်သလို တစ်မူထူးခြားတဲ့ Ooredoo Next နဲ့ မိမိကြိုက်နှစ်သက်ရာ အစီအစဉ်ကို My Ooredoo app ရှိစိတ်တိုင်းကျ အစီအစဉ်တွင် ဖန်တီးအသုံးပြုနိုင်မယ့် ဝန်ဆောင်မှုတွေကို ရရှိနိုင်မှာ ဖြစ်ပါတယ်။ နောက်ပြီး မကြာခင်က Supernet Wireless အိမ်သုံးကြိုးမဲ့အင်တာနက်ကို မိတ်ဆက်ပေးခဲ့တာကြောင့် သုံးစွဲသူပြည်သူများအနေဖြင့် မိမိတို့ရဲ့မိသားစုနဲ့ အတူ မြန်မာနိုင်ငံရဲ့ အမြန်ဆန်ဆုံးကွန်ရက်အတွေ့အကြုံကို ခံစားနိုင်တော့မှာ ဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

အူရီဒူးမြန်မာအနေဖြင့် ၂၀၁၈ ခုနှစ် စက်တင်ဘာလနောက်ဆုံးပတ်၏ ဒေတာအချက်အလက်များအရ မြန်မာပြည်ရှိ မြို့နယ်ပေါင်း ၂၈၅ မြို့နယ်တွင် အူရီဒူး 4G+ ကွန်ရက် လွှမ်းခြုံပေးနိုင်ခဲ့သည့် အကျယ်ပြန့်ဆုံးကွန်ရက်တစ်ခုလည်းဖြစ်ကြောင်း သိရသည်။ **ချောစု**

# wpyfkfvpEkdifaiwGz;babrFpkyfsKpdr

မြန်မာနိုင်ငံ ဒေသအသီးသီးတွင် အိမ်ဝင်း၊ ခြံဝင်းနှင့် ဥယျာဉ်များတွင် တွေ့ရတတ်သော အသီးစားပင်များစွာအနက်မှ တစ်မျိုးကို တင်ပြချင်ပါတယ်။ ထိုအပင်မှာ သင်္ဘောပင်ဖြစ်ပါသည်။ ယခင်က သင်္ဘောပင်များကို အလေ့ကျပေါက်ပင်များမှ ခူးဆွတ်စားသုံးလာကြရာ ယခုအချိန်တွင် စီးပွားဖြစ် စိုက်ပျိုးလာခြင်းကို တွေ့ရသောကြောင့် ဈေးကွက်အခြေအနေများကို လေ့လာတင်ပြရခြင်းဖြစ်ပါသည်။ သင်္ဘောမျိုးရင်း စတင် ပေါက်ရောက်ခဲ့သောဒေသမှာ မြောက်အမေရိကတိုက် တောင်ပိုင်း၊ အပူပိုင်းဒေသနှင့် အနောက်အိန္ဒိယ ကျွန်းစုတို့တွင် မူလပေါက်ရောက်ခဲ့သော အသီးစားပင်တစ်မျိုးဖြစ်ပါသည်။ အိန္ဒိယ၊ သီဟိုဋ်ကျွန်းစသော ကမ္ဘာ့အပူပိုင်းဒေသနိုင်ငံများသို့ တစ်စတစ်စ မျိုးပြန့်ခဲ့ရာမှ မြန်မာနိုင်ငံသို့လည်း ရောက်ရှိခဲ့သည်ဟု လေ့လာမှတ်သားရပါသည်။ သင်္ဘောပင်၏ ရုက္ခဗေဒအမည်မှာ Carica papaya ဖြစ်ပြီး၊ မိမိတို့မြန်မာနိုင်ငံ၌ပင် သင်္ဘောသီးကို ရခိုင်ပြည်နယ်တွင် ပဒကာသီးဟု ခေါ်ဆိုပြီး၊ တနင်္သာရီတိုင်း မြိတ်ဒေသတွင် ရှိန်းခိုသီးဟု ဒေသအလိုက် ခေါ်ဆိုကြကြောင်း စာရေးသူလေ့လာသိရှိရပါသည်။



သင်္ဘောပင်များသည် စိုက်ပျိုးပြီး ၁၀ လခန့်တွင် အပွင့်များ စတင်ဖူးပွင့်လာပြီး အသီးများသီးစပြုလာပါသည်။ တစ်နှစ်သားခန့်တွင် အသီးများ စတင်ခူးဆွတ်နိုင်ပါသည်။ သို့သော် အချို့ခြံများတွင် စိုက်ပျိုးသူ တောင်သူများ၏ ပြုစုပျိုးထောင်မှု၊ မြေဆီမြေသြဇာနှင့်မြေဆွေးများ စနစ်တကျပက်ဖျန်းမှုအပေါ်တွင်လိုက်၍ စိုက်ပျိုးပြီး ၁၀ လခန့်၌ပင် အသီးများ ခူးဆွတ်ရောင်းချနိုင်ပါသည်။ အသီးများစိတ်လွန်းနေလျှင် အသီးထပ်၊ အသီးညှပ်များကို ခြွေပေးရပါသည်။ သို့မှသာ ကျန်ရှိနေသောအသီးများကြီးထွား၍ အရသာ ပိုမိုချိုမြိန်ပါမည်။ သင်္ဘောပင်မှအသီးများကို ပျမ်းမျှအားဖြင့် တစ်နှစ်သားမှစ၍ သုံးနှစ်အထိ အသီးများ လှိုင်လှိုင်ခူးဆွတ်ရပြီး အပင်သက်တမ်း (၄) နှစ်မှ(၅)နှစ်အတွင်းတွင် အသီးများပါးလာပါသည်။ ထို့အပြင် အပင်၏အမြင့်မှာလည်း တဖြည်းဖြည်း မြင့်မားလာသောကြောင့် အသီးများကိုခက်ခက်ခဲခဲ ခူးဆွတ်ရပါသည်။ စာရေးသူ၏မိဘများမှာ တောင်သူလယ်သမားများဖြစ်ကြပြီး ယခုအချိန်တွင်ပင် မိမိတို့ခြံမှသင်္ဘောသီးများကို လှိုင်လှိုင်ခူးဆွတ်နေရကြောင်း စာရေးသူ၏ဖခင်ထံမှ သိရှိရပါသည်။ သင်္ဘောသီး၏ ဈေးကွက်အခြေအနေမှာ သင်္ဘောသီးထိပ်စ အလုံးချောများမှာ ကျပ် ၉၀၀

**အနွယ်(DOCA)**

မှ ကျပ် ၁၀၀၀ အထိ ဈေးရရှိပြီး အလတ်အချောများမှာ ကျပ် ၇၀၀ ခန့်နှင့် အလုံးသေးများမှာ ကျပ် ၄၀၀ မှ ကျပ် ၅၀၀ အထိ အလုံးအကြီးအသေးပေါ်တွင် မူတည်၍ ဈေးရရှိပါသည်။ သင်္ဘောသီးများကို ၇ ရက်တစ်ကြိမ် သို့မဟုတ် ၁၀ ရက် တစ်ကြိမ် အသီးများကို ကြည့်၍ခူးဆွတ်ရသောကြောင့် မိမိတို့ဒေသရှိ သင်္ဘောစိုက်တောင်သူများနှင့် မိမိတို့မိသားစုတွင်လည်း သင်္ဘောခူးဆွတ်သော ရက်ပတ်အလိုက် ပုံမှန်အပိုဝင်ငွေများ တိုးပွားလျက်ရှိကြပါသည်။ ယခင်က မိမိတို့ဒေသရှိ သင်္ဘောစိုက်ပျိုးသူတောင်သူများမှာ မိမိတို့ခြံမှအသီးများကို မန္တလေးရှိ သစ်သီးပွဲရုံများတွင် စိုက်ပျိုးသူတောင်သူများ သုံးလေးဦးစုကာ ကားစင်းလုံးငှား၍ လိုက်လံရောင်းချရသော်လည်း ယခုအခါတွင် ပွဲစားများကိုယ်တိုင် မိမိတို့စိုက်ခင်းအတွင်းသို့ လိုက်လံခူးဆွတ်ဝယ်ယူနေသောကြောင့် အရောင်းသွက်ပြီး စရိတ်အကုန်အကျသက်သာကာ ပိုမိုအဆင်ပြေသည်ဟု သိရပါသည်။ ယခင်က သင်္ဘောသီးမှည့်များမှာ ကြာရှည်အထားခံသော အခွံမာ အသီးမျိုးမဟုတ်သောကြောင့် အဝေးသို့တင်ပို့ရောင်းချခြင်းမရှိသော်လည်း ယခုအခါတွင် သင်္ဘောသီးများကို မမှည့်ခင် ၂-၃ ရက်ခန့်အချိန်တွင် ကြိုတင်ခူးဆွတ်ပြီး စနစ်တကျထုပ်ပိုးကာ တောင်ကြီး၊ မူဆယ်နှင့် လားရှိုးမြို့များသို့ ပြန်လည်တင်ပို့ရောင်းချကြောင်း ပွဲစားများထံမှ စုံစမ်းသိရှိရပါသည်။ သင်္ဘောစိုက်ဧက တစ်ဧကလျှင် လစဉ်ပျမ်းမျှဝင်ငွေ အနည်းဆုံး ၁၀ သိန်းမှ ၁၅ သိန်းအထိ ရရှိကြောင်း သိရပါသည်။ သင်္ဘောတစ်ဧကလျှင် ခန့်မှန်းကုန်ကျစရိတ်မှာ တစ်သိန်းခန့်သာ ကုန်ကျသောကြောင့် စိုက်ပျိုးသင့်သော အပင်တစ်မျိုးဖြစ်ပါသည်။

သင်္ဘောသီးများမှာ တစ်ပင်လျှင် အသေးအကြီး အလုံး ၅၀ မှ ၆၀ ခန့်အထိ တစ်ပြိုင်တည်းသီးနိုင်သောကြောင့် ရင့်မှည့်သော အသီးများကို ခူးဆွတ်လျှင်လည်း နောက်အသီးအပွင့်များ ရှိနေသဖြင့် သင်္ဘောပင်၌ အသီးများ လျော့နည်းသွားခြင်းမရှိဘဲ တစ်နှစ်ပတ်လုံး ခူးဆွတ်နေရခြင်းဖြစ်ပါသည်။ သို့သော် သင်္ဘောအပင်၏သက်တမ်း ၃ နှစ်ခန့်ရှိသောအခါတွင် အသီးများ အရေအတွက်နည်းသွားခြင်းမရှိသော်လည်း အသီးအရွယ်အစားမှာ ယခင်ကလောက်ကြီးထွားခြင်းမရှိဘဲ အနည်းငယ် အလုံးသေးသွားပါသည်။ အချို့အပင်မှ အသီးများသည် အလုံးသေးများ၊ အသီးကောက်များ၊ ပုံပန်းမလှသောအသီးများလည်း ရှိလာပါသည်။ သို့သော် ထိုအသီးများကိုလည်း အသုပ်စုံဆိုင်များနှင့် ယိုးဒယား သင်္ဘောသီးထောင်းဆိုင်များမှ လာရောက်ဝယ်ယူကြပါသည်။ထိုသို့ လာရောက်ဝယ်ယူခြင်းကြောင့် အသီးများ အလေအလွင့်နည်းပါးပြီး ပယ်သီးများမှာလည်း အလဟဿမဖြစ်ဘဲ ထိုက်သင့်သော ဝင်ငွေရရှိပါသည်။ ထို့အတွက်ကြောင့် စာရေးသူတို့ဒေသတွင် သင်္ဘောပင်ကို ယခင်ကစီးပွားဖြစ်စိုက်ပျိုးသူနည်းပါးသော်လည်း ယခုအခါတွင် သင်္ဘောစိုက်တောင်သူများ ရက်ပတ်အလိုက် ဝင်ငွေတိုးပွားနေခြင်းကို ကြည့်၍ လိုက်လံစိုက်ပျိုးနေခြင်းကြောင့် စိုက်ဧကများတိုးပွားကာ တောင်သူအများစု အဆင်ပြေနေကြပါသည်။

ယခုအချိန်တွင် မြန်မာနိုင်ငံ၌ သင်္ဘောအစေးထုတ်ယူရန် စိုက်ပျိုးလုပ်ကိုင်ခြင်း မရှိသော်လည်း သီဟိုဋ်ကျွန်းတွင်မူ သင်္ဘောအစေးထုတ်ယူရန်အတွက် သင်္ဘောပင်များကို စိုက်ပျိုးကြပါသည်။ ယခုအခါတွင် အိန္ဒိယနိုင်ငံ မဒရပ်၊ ဘုံဘိုင်၊ ဗင်္ဂလားနှင့် ဗီဟာပြည်နယ်တို့တွင် အကြီးအကျယ် စိုက်ပျိုးလျက်ရှိကြောင်း သိရှိရပါသည်။ ထို့ကြောင့် တနိုင်တပိုင်မှတစ်ဆင့် စီးပွားဖြစ်စိုက်ပျိုးကာ တစ်ဖက်တစ်လမ်းမှ မိသားစု အပိုဝင်ငွေကို အထောက်အကူဖြစ်စေသော သင်္ဘောပင်ကို စိုက်ပျိုးကြရန် အကြံပြုတိုက်တွန်းရင်း စာရေးသူ၏ဖ ခင်ထံမှသိရရှိသော ဈေးကွက်အခြေအနေများကို တတ်အားသ၍သော အရေးအသားဖြင့် ရေးသားပြုစု တင်ပြလိုက်ရပါတော့သည်။

❑

## အိန္ဒိယ အရှေ့မြောက်ဒေသ မုတ်သုံမိုးအခြေအနေ

အိန္ဒိယအရှေ့မြောက်ဒေသမှာ အနောက်တောင်မုတ်သုံမိုး အိန္ဒိယနိုင်ငံမှ ထွက်ခွာပြီး နောက်ပိုင်း အရှေ့ မြောက်ဒေသမုတ်သုံရာသီ စတင် ဖြစ်ပေါ်လျက်ရှိနေသည်။ ထုံးစံအားဖြင့် အရှေ့မြောက်ဒေသမုတ်သုံရာသီက အောက်တိုဘာတတိယပတ်မှာစတင် ဝင်ရောက်လေ့ရှိသည်။ အရှေ့မြောက်ဒေသ မုတ်သုံရာသီကို ခံစားရတဲ့ ဒေသများတွင် ကမ်းခြေဒေသများဖြစ်သော အန္ဒရာပရာဒေ့ရှ်၊ ရာယာလာဆီးမား၊ တောင်ဘက်ပိုင်းရှိ ကာနာတာကာ၊ တမီးနာဒူးနဲ့ ကေရာလပြည်နယ်များ အဓိကပါဝင်သည်။

ကေရာလပြည်နယ်သည် မိုးရာသီ တစ်လျှောက်လုံးမှာ မိုးရွာသွန်းမှု အမြင့်ဆုံးရတတ်ပြီး မိုးအများဆုံး ရွာသွန်းသည့်လမှာ အောက်တိုဘာလ ဖြစ်သည်။ ထိုမျှသာမက အောက်တိုဘာလသည် အိန္ဒိယကျွန်းဆွယ်ရှိပြည် နယ်ငါးခုစလုံးတွင် မိုးအများဆုံး ရွာသွန်းသောလ ဖြစ်သည်။ နိုဝင်ဘာတွင်မူ မိုးရွာသွန်းမှု အနည်းငယ်ကျဆင်းလာပြီး မိုးရွာသွန်းသည့်ပမာဏ အနည်းဆုံးသောလမှာ ဒီဇင်ဘာလဖြစ်သည်။

၎င်းရာသီတွင် တမီးနာဒူးပြည်နယ်၌ မိုးအများဆုံးရရှိသော်လည်း မြေနိမ့်ပိုင်းဒေသ မိုးကွယ်အရပ်တွင်ရှိသောကြောင့် အနောက်တောင် မုတ်သုံရာသီကာလတွင် မိုးရွာသွန်းမှု အနည်းငယ် နည်းတတ်သည်။ တမီးနာဒူးပြည်နယ်သည် အရှေ့မြောက်မုတ်သုံလေကို အစောဆုံးရရှိသော ဒေသဖြစ်သကဲ့သို့ နောက်ဆုံးမှ ထွက်ခွာသောဒေသလည်း ဖြစ်သည်။

လွန်ခဲ့သောနှစ်အနည်းငယ်အတွင်း အရှေ့မြောက်မုတ်သုံရာသီကာလတွင် မိုးရရှိသည့်ပမာဏမှာ အမျိုးမျိုးရှိခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် မိုး ရွာသွန်းမှုစုစုပေါင်း၏ ၈၆ ရာခိုင်နှုန်း၊ ၂၀၁၆ ခုနှစ်တွင် ၃၅ ရာခိုင်နှုန်း၊ ၂၀၁၅ ခုနှစ်တွင် ၁၃၂ ရာခိုင်နှုန်းအသီးသီး ရရှိခဲ့သည်။ ၂၀၁၀ ပြည့်နှစ်ကမူ ၁၅၄ ရာခိုင်နှုန်းအထိပင်ရရှိခဲ့သည်။

အနောက်တောင် မုတ်သုံရာသီကာလတွင် လာနီညာဖြစ်ပေါ်ပါက မိုးများပြီး အယ်လ်နီညိုဖြစ်ပွားပါက မိုး နည်းသည်။ သို့သော်လည်း အရှေ့မြောက် မုတ်သုံရာသီကာလတွင် လာနီညာဖြစ်ပွားပါက မိုးနည်းပြီး အယ်လ်နီညိုဖြစ်ပွားပါက မိုးများသည်။

**စံမီအောင်**

## ထိုင်းနိုင်ငံတွင် ရေလွှမ်းမိုးမှုများရှိနေဆဲဖြစ်သော်လည်းမိုးရာသီကုန်ဆုံးစပြုလာ

ယခုအခါ ထိုင်းနိုင်ငံတွင် မိုးနည်းပါးစပြုလာကြောင်းနှင့် ဘူမိဗေဒနှင့် သီရိခေတ်ဆည်များမှ ရေကို ခြောက်သွေ့ရာသီတစ်လျှောက်လုံး ထိန်းထားနိုင်ဖို့အတွက် အနီးကပ်ကြီးကြပ်ရန်လိုကြောင်း အမျိုးသားရေအရင်းအမြစ် စီမံခန့်ခွဲရေးဌာနက ပြောကြားချက်ကို ထိုင်းဗီဇာဒေ့ါကွန်းသတင်းတွင် ဖော်ပြသည်။

တရားဝင် ခန့်မှန်းချက်များက ယခုကဲ့သို့ ဖော်ပြထားသော်လည်း မဲဟောင်ဆန်မှာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မဲဆရီယန်ခရိုင်တွင် ရေလွှမ်းမိုးမှုများဖြစ်ပေါ်ပြီး လူနေအိမ်များနှင့် လယ်ယာမြေများကို ထိခိုက်ခဲ့သည်။ ပြည်နယ်အုပ်ချုပ်ရေးဌာနထံမှ နောက်ထပ် အကူအညီများ ထပ်မံတောင်းခံနိုင်ရေးအတွက် အပျက်အစီးစာရင်းများကို ပြုစုထားရန် ခရိုင်အုပ်ချုပ်ရေးမှူးကို အမိန့်ပေးထားသည်။

ဖူးခက်ပြည်နယ်တွင် မြေပြိုမှုကြောင့် ပတောင်-ကာမာလာလမ်း ပျက်စီးခဲ့ပြီး ရေလွှမ်းမိုးမှုကြောင့် လမ်းများပျက်စီးကာ ဒေသတွင်းရှိ တံတား နှစ်စင်းသို့သွားသော လမ်းများ ပိတ်ဆို့လျက်ရှိသည်။ ဒေသတွင်းနှင့် ဒေသဝန်းကျင်ကို သွားလာသော လမ်းကြောင်းများအား ရှင်းလင်းနိုင်ရေးအတွက် ယန္တရားကြီးများကို စေလွှတ်ထားပြီး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ပြင်ဆင်မှုများပြုလုပ်ထားရန် ဖူးခက်မြို့တော်ဝန်ကို အမိန့်ပေးထားသည်။

တစ်ချိန်တည်းမှာမိုးရာသီကာလသည် အောက်တိုဘာ ၁၅ ရက်တွင် ကုန်ဆုံးမည်ဟု ခန့်မှန်းထားသည့်အတွက် ဘူမိဗောနှင့် သီရိခေတ်ဆည်များအား စီမံခန့်ခွဲရေး အပါအဝင် ချောင်ဖုယားမြစ်ဝှမ်းဒေသ ရေစီမံခန့်ခွဲမှုများကို ဂရုတစိုက် ဆောင်ရွက်ရန်လိုကြောင်း အမျိုးသား ရေအရင်းအမြစ် စီမံခန့်ခွဲရေးဌာန အထွေထွေအတွင်းရေးမှူး ဆွမ်ကစ်ပရာဂျမ်ဝေါင်က ပြောသည်။ ပူပြင်းခြောက်သွေ့သောရာသီအတွက် ပြင်ဆင်မှုအဖြစ် ဆည်နှစ်ခုစလုံးမှ ရေများကို အတတ်နိုင်ဆုံး သိုလှောင်ထိန်းသိမ်းထားရန် အမိန့်ထုတ်ပြန်ထားသည်။

**စံမီအောင်**

## ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးတွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲကျင်းပ

စားသုံးသူရေးရာ ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများသည် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်တွင် အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး၊ မြပန်းအိုင်ခန်းမ၌ ပြုလုပ်သည့် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်သန္တာလေးနှင့် အရာထမ်း၊ အမှုထမ်းများ၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးနှင့် အနောက်ပိုင်းခရိုင်၊ မြောက်ပိုင်းခရိုင်ရုံးတို့မှ ခရိုင်ဦးစီးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ စုစုပေါင်း ၁၃၅ ဦး တက်ရောက်ခဲ့ပါတယ်။

ဟောပြော ဆွေးနွေးပွဲတွင် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှမော်က စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများ စတင်ပေါ်ပေါက်လာသည့် အခြေအနေ၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည့်အခြေအနေ၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ကုန်စည်၊ ဝန်ဆောင်မှုများကို ဝယ်ယူစားသုံး/သုံးစွဲရာတွင် စားသုံးသူများက မိမိတို့အခွင့်အရေးများကို သိရှိနားလည်၍ တောင်းဆိုရယူရန်နှင့် လိမ်လည်လှည့်ဖြားမှုတို့ မခံရစေရန် စားသုံးသူများရရှိနိုင်မည့် အခွင့်အရေး၊ လိုက်နာရမည့်တာဝန်၊ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့်တာဝန်၊ တားမြစ်ချက်များ၊ တားမြစ်ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် အရေးယူနိုင်မည့် ပြစ်မှုပြစ်ဒဏ်များ၊ စားသုံးသူများ၏ အငြင်းပွားမှုများကို ဖြေရှင်းပေးရန် တိုင်းဒေသကြီး/ ပြည်နယ်များတွင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များ၊ စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီ(၂)ရပ်တို့ ဖွဲ့စည်းထားရှိမှုအခြေအနေ၊ စားသုံးသူများ၏ နစ်နာဆုံးရှုံးမှုများကို လျင်မြန်လွယ်ကူစွာ တိုင်ကြားနိုင်ရန် စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (CICC) ရုံးများကို ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးနှင့် ခရိုင်(၄)ခုတွင် ဖွင့်လှစ်ထားရှိပြီး လက်ခံဖြေရှင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ဌာနဆိုင်ရာ၊ အသင်းအဖွဲ့၊ စီးပွားရေးလုပ်ငန်းရှင်၊ စားသုံးသူများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းပိုမိုထိရောက်အောင်မြင်နိုင်မည့် အခြေအနေတို့ကို ဆွေးနွေးခဲ့ပါတယ်။

စားသုံးသူရေးရာ ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက စားသုံးသူများ နေ့စဉ်စားသုံးနေသည့် စားသုံးဆီ၊ မုန့်ဟင်းခါးဖတ်၊ ပဲသွေးပဲပြား၊ ငရုတ်သီးမှုန့်တို့တွင် စားသုံးရန်မသင့်သည့် ဓာတုပစ္စည်းများ ပါဝင်နေမှုကို စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ အရေးယူဆောင်ရွက်ပေးခဲ့သည့် အခြေအနေ၊ စားသုံးသူများ၏ တိုင်ကြားလာမှုများကို လျှို့ဝှက်ထိန်းသိမ်းထားရှိပြီး ဌာနအနေဖြင့် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အဆင့်ဆင့်ဖြေရှင်းဆောင်ရွက်ပေးခဲ့ခြင်းကြောင့် တစ်နှစ်ထက်တစ်နှစ်ပို၍ တိုင်ကြားလာမှုများ များပြားလာခဲ့သည့်အခြေအနေ၊ စားသုံးသူများအနေဖြင့် ကုန်စည်၊ ဝန်ဆောင်မှုများကို ဝယ်ယူ၊ စားသုံး၊ သုံးစွဲရာတွင် ဆုံးရှုံးနစ်နာမှုမရှိစေရန် အာမခံချက်ပြည့်စုံစွာ တောင်းခံရယူထားရှိရန် လိုအပ်ပုံတို့ကို လက်ရှိမြေပြင်တွင် ဖြစ်ပေါ်နေသည့်အခြေအနေများနှင့် နှိုင်းယှဉ်၍ ဟောပြောဆွေးနွေးခဲ့ပါတယ်။

ဆက်လက်၍ ဟောပြော ဆွေးနွေးပွဲတက်ရောက်သူများမှ စားသုံးသူများကို အသိပညာပေး ဟောပြောပွဲ ဆောင်ရွက်နေသလို စီးပွားရေးလုပ်ငန်းရှင်များကိုလည်း မည်ကဲ့သို့ အသိပညာပေးမှုများ ဆောင်ရွက်နေသည်ကို သိရှိလိုကြောင်း မေးမြန်းခဲ့ရာ ဌာနအနေဖြင့် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန၊ မြန်မာနိုင်ငံ ဓာတုကုန်ထုတ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ စားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ အစာအာဟာရဆိုင်ရာ သိပ္ပံနှင့် နည်းပညာအဖွဲ့ (FOSTA)၊ မြန်မာစားသုံးသူများသမဂ္ဂ (MCU) တို့နှင့် ပူးပေါင်း၍ စက်မှုဇုန်များတွင် ဓာတုဆိုးဆေးနှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်နည်းလမ်းများ၊ လိုက်နာရမည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းကမ်းများကို သိရှိစေရန် အသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်နေကြောင်းကို ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိပါတယ်။

**ခင်သီ (စားသုံးသူ)ရန်ကုန်**

## ဒီမော့ဆိုမြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပွဲနှင့် ကျောင်းမုန့်ဈေးတန်းကွင်းဆင်းစစ်ဆေး

ကယားပြည်နယ်၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ပြည်နယ်အတွင်းရှိစားသုံးသူတို့ရဲ့ အခွင့်အရေးနှင့်အကျိုးစီးပွားကို ထိရောက်စွာကာကွယ်နိုင်ရန်အတွက် စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာ ၄ ရက်က ဒီမော့ဆိုမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် စားသုံးသူ အကာအကွယ်ပေးရေးအသိပညာပေးဟောပြော ဆွေးနွေးပွဲဆောင်ရွက်ခဲ့ရာ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၃၅၀ ဦး တက်ရောက်ခဲ့ပါတယ်။

အဆိုပါ ဟောပြောဆွေးနွေးပွဲများတွင် စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူးမှ စားသုံးသူပြည်သူများ မိမိတို့၏ အခွင့်အရေးကို အပြည့်အဝနားလည်ပြီး တောင်းဆိုရယူတတ်စေရန်အတွက် ဥပဒေပါ စားသုံးသူအခွင့်အရေးများနှင့် တာဝန်များ၊ လုပ်ငန်းရှင်လိုက်နာရမည့် တာဝန်နှင့် တားမြစ်ချက်များ၊ ကုန်ပစ္စည်းများ ဝယ်ယူသုံးစွဲခြင်းမပြုမီ သတိပြုရမည့် အချက်များ၊ ယခုအခါ တိုးတက်လာသော ခေတ်နှင့်လျော်ညီစွာ ဝန်ဆောင်မှု လုပ်ငန်းမျိုးစုံ ပေါ်ပေါက် လာရာတွင် စားသုံးသူပြည်သူများအနေဖြင့် ဝန်ဆောင်မှုများဝယ်ယူသုံးစွဲ ရာ၌ မိမိအတွက် အာမခံချက်ရှိသော ဝန်ဆောင်မှုများကို မှန်ကန်စွာ ရွေးချယ်တတ်ရန်လိုကြောင်းနှင့် ကုန်စည်နှင့် ဝန်ဆောင်မှုများကို ဝယ်ယူသုံးစွဲသည့်အခါတွင်လည်း နစ်နာဆုံးရှုံးမှု တစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေး ဌာနသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း အသိပညာပေး ဟောပြောဆွေးနွေးခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ နစ်နာဆုံးရှုံးမှုအတွက် ဆက်သွယ်တိုင်ကြားနိုင်သည့် ကုန်စည်များ၊ ဝန်ဆောင်မှု ဗီနိုင်းများပေးအပ်ပြီး ကျောင်းကျန်းမာရေး အဖွဲ့ဖြင့် ကျောင်းမုန့်ဈေးတန်းအား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

**မြို့ရီ (စားသုံးသူ၊ကယား)**

## မုံရွာခရိုင်တွင် တပ်ရင်း/တပ်ဖွဲ့များ၌ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ခရိုင်(၇)ခုအား စားသုံးသူအကာ အကွယ်ပေးရေးအသိပညာပေးဟောပြောပွဲများကို တက္ကသိုလ်၊ ကောလိပ်၊ တပ်ရင်း/တပ်ဖွဲ့၊ ဌာနဆိုင်ရာ များ၊ အသင်းအဖွဲ့များတွင် အလှည့်ကျဆောင်ရွက်ရန် စီမံချက်များရေးဆွဲ၍ဆောင်ရွက်သဖြင့် မုံရွာခရိုင်အနေဖြင့် ၂၀၁၈ ခုနှစ်၊ ဇွန်လတွင် မုံရွာနည်းပညာတက္ကသိုလ်၊ ဩဂုတ်လတွင် အမှတ်(၁၆)ခြေမြန်တပ်ရင်းနှင့် စက်တင်ဘာလတွင် တိုင်းဒေသကြီးရဲတပ်ဖွဲ့တွင် ဟောပြောပွဲများ ကျင်းပပြုလုပ်ခဲ့ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူးမှ ဦးဆောင်၍ မုံရွာခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်း(၆)ဦးသည် စက်တင်ဘာ ၂၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပပြုလုပ်ခဲ့ရာ ဝန်ထမ်းများနှင့် မိသားစုများ စုစုပေါင်း ၆၅ ဦး တက်ရောက်ခဲ့ကြောင်း သိရှိရပါတယ်။

အဆိုပါဟောပြောပွဲတွင် တိုင်းဒေသကြီးဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက စားသုံးသူရေးရာဦးစီးဌာနပေါ်ပေါက်လာပုံ၊ စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို ၂၀၁၄ခုနှစ်၊ မတ်လတွင် ပြဋ္ဌာန်းခဲ့ကြောင်း၊ စားသုံးသူများ နစ်နာဆုံးရှုံးမှု ဖြစ်ပေါ်ပါက မိမိတို့ဌာနတွင် စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးဌာန (CICC)နှင့် တိုင်း/ခရိုင်များတွင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များ ဖွဲ့စည်းထားပြီးဖြစ်၍ လာရောက်တိုင်ကြားနိုင်ကြောင်း ပြောကြားခဲ့ပါသည်၊

ဆက်လက်၍ မုံရွာခရိုင်ဦးစီးမှူး ဦးသက်နိုင်က စားသုံးသူနှင့် စားသုံးသူအကာအကွယ်ပေးရေးတို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ စားသုံးသူများ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ၊ စားသုံးသူများ ကုန်ပစ္စည်းနှင့်ဝန်ဆောင် မှုများ ဝယ်ယူအသုံးပြုခြင်းမပြုမီ သတိပြုရမည့်အချက်များကို ရှင်းလင်းပြောကြားခြင်း၊ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းတာဝန်များ၊ အရေးယူပိုင်ခွင့်များကို ရှင်းလင်းပြောကြားခြင်း၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအသစ်ကို အတည်ပြုနိုင်ရန် လွှတ်တော်သို့တင်ပြထားပြီးဖြစ်၍ မကြာမီ ဥပဒေအသစ်ထွက်ပေါ်လာတော့မည်ဖြစ်ကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ဌာနဆိုင်ရာများ၊ စားသုံးသူပြည်သူများအားလုံး ပူးပေါင်းပါဝင်မှုသာ အောင်မြင်နိုင်မည်ဖြစ်ပါ၍ အားလုံးပူးပေါင်းဆောင်ရွက်ပေးကြပါရန် ပြောကြားခဲ့ကြောင်း သတင်းရရှိပါတယ်။

**သန်းသန်းတင် (မုံရွာ)**

## မန္တလေးခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂/၂၀၁၈) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

မန္တလေးခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၂/၂၀၁၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမ၌ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာ ၂၅ ရက်တွင် ကျင်းပပြုလုပ်ခဲ့ရာ အစည်းအဝေးသို့မန္တလေးခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ဝင်များ၊ မန္တလေးခရိုင်၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၁၄ ဦး တက်ရောက်ခဲ့ပါတယ်။

အစည်းအဝေးတွင် ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးဆန်းမြင့်က ဥက္ကဋ္ဌကိုယ်စား အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မန္တလေးခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ အတွင်းရေးမှူး ဦးတင်အောင်ကျော်က စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများ၊ မန္တလေးခရိုင်အတွင်း ဈေးကွက်လေ့လာစောင့်ကြည့်ခဲ့မှုများ၊ စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (CICC) သို့ လာရောက် တိုင်ကြားမှုများအား ဖြေရှင်းဆောင်ရွက်မှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများအား အသေးစိတ် ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသူများမှ ဝိုင်းဝန်း အကြံပြု ဆွေးနွေးခဲ့ကြောင်း သိရှိရပါတယ်။

**သီတာဝင်း (စားသုံးသူ၊ မန္တလေး)**

## ဖိလစ်ပိုင်နိုင်ငံတွင် ကုန်သွယ်မှုနှင့် စက်မှုဦးစီးဌာနမှ Consumer Welfare Month ကျင်းပပြုလုပ်

ဖိလစ်ပိုင်နိုင်ငံတွင် ကုန်သွယ်မှုနှင့်စက်မှုဦးစီးဌာနမှ ကြီးမှူး၍ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် ဖိလစ်ပိုင်နိုင်ငံ၊ ဒေသအမှတ် (၉) အတွင်းရှိ ခရိုင်များအားလုံး၌ တတိယအကြိမ်မြောက် Consumer Fun Run ကို ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါလှုပ်ရှားဆောင်ရွက်မှုသည် ပြည်သူများ၏ အခွင့်အရေးများနှင့် အကျိုးစီးပွားများ၊ စားသုံးသူများ၏ တာဝန်များကို အလေးဂရုပြုမှုခိုင်မာစေရန် ကုန်သွယ်မှုနှင့် စက်မှုဦးစီးဌာနမှ ကတိကဝတ်ပြု၍ ဆောင်ရွက်မှုကို သက်သေပြလျက်ရှိပါသည်။ ကုန်သွယ်မှုနှင့် စက်မှုဦးစီးဌာနသည် နှစ်စဉ် Consumer Welfare Month ဖြစ်သော အောက်တိုဘာလရောက်တိုင်း Consumer Fun Run ကို ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်။

စားသုံးသူများကို စီးပွားရေးလုပ်ငန်းရှင်များ၏ တရားမျှတမှုမရှိသော အလေ့အထများမှ အကာအကွယ်ပေးပြီး စားသုံးသူကာကွယ်ရေးဆိုင်ရာ ထောက်ခံအားပေးသော လုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်စေခြင်းဖြင့် စွမ်းဆောင်နိုင်စွမ်းပြည့်ဝသော စားသုံးသူများဖြစ်လာစေရေးအတွက် လေ့ကျင့်မွေးမြူသွားရန် ဟူသောအချက်မှာ အရေးကြီးသော အချက်ဖြစ်ပါသည်။ စားသုံးသူအလေးဂရုပြုမှုမြှင့်တင်သောလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပျော်ပွဲရွှင်ပွဲများ ထည့်သွင်းဆောင်ရွက်ခြင်းဖြင့် ပိုမိုထိရောက်မှုရှိမည် ဖြစ်ပါသည်။ ကုန်သွယ်မှုနှင့် စက်မှုဦးစီးဌာနသည် Zamboanga City government နှင့် ပူးပေါင်း၍ Zamboanga Hermosa Festival ၏ တစ်စိတ်တစ်ပိုင်းအဖြစ် Consumer Fun Run ကို ကျင်းပပြုလုပ်ခဲ့ပြီး ၂၀၁၈ ခုနှစ်သည် တတိယမြောက် ကျင်းပပြုလုပ်သည့် နှစ်ဖြစ်ပါသည်။

ကုန်သွယ်မှုနှင့်စက်မှုဦးစီးဌာနသည် Consumer Fun Run ကို ၂၀၁၇ ခုနှစ်မှ စတင်၍ တရားဝင်စတင်လုပ်ဆောင်ခဲ့ကာ ဖိလစ်ပိုင်နိုင်ငံတစ်ဝန်းတွင် နှစ်စဉ် Consumer Welfare Month ဖြစ်သော အောက်တိုဘာလအတွင်း ပုံမှန်ကျင်းပပြုလုပ်လေ့ရှိပါသည်။ Consumer Fun Run တွင် အပြေးပြိုင်ပွဲ (၂) မျိုးပါဝင်ပြီး တစ်မျိုးမှာ ၈ ကီလိုမီတာ အပြေးပြိုင်ပွဲဖြစ်ကာ ကျန်တစ်မျိုးမှာ ၅ ကီလိုမီတာ အပြေးပြိုင်ပွဲဖြစ်ပါသည်။ အဆိုပါ ပြိုင်ပွဲများသည် စားသုံးသူအခွင့်အရေး ၈ ရပ်နှင့် စားသုံးသူတာဝန် ၅ ရပ်ကို ကိုယ်စားပြု၍ ကျင်းပပြုလုပ်ခြင်းဖြစ်ပါသည်။ စားသုံးသူအခွင့်အရေး ၈ ရပ်မှာ အခြေခံလိုအပ်ချက်များကို ရရှိခွင့်၊ ကုန်စည်နှင့် ဝန်ဆောင်မှုများကို ရယူအသုံးပြုရာတွင် လုံခြုံစိတ်ချရမှုရှိခွင့်၊ မှန်ကန်ပြည့်စုံသော သတင်းအချက်အလက်များကို ရရှိနိုင်ခွင့်၊ မိမိစိတ်တိုင်းကျ ကုန်စည်နှင့် ဝန်ဆောင်မှုတို့ကို ဝယ်ယူသုံးစွဲနိုင်ခွင့်၊ ကိုယ်စားပြုတင်ပြပြောဆိုနိုင်ခွင့်၊ မိမိ၏နစ်နာဆုံးရှုံးမှုများကို အရေးယူဆောင်ရွက်နိုင်ခွင့်၊ စားသုံးသူပညာရပ်များကို သင်ကြားနိုင်ခွင့်နှင့် ကျန်းမာသောပတ်ဝန်းကျင်တွင် နေထိုင်နိုင်ခွင့်တို့ဖြစ်ကြပါသည်။ စားသုံးသူတာဝန် ၅ ရပ်မှာ အလေးဂရုပြုမှု၊ လိုက်ပါဆောင်ရွက်မှု၊ လူမှုရေးရှုထောင့်မှ ထည့်သွင်းစဉ်းစားမှု၊ ပတ်ဝန်းကျင်ဆိုင်ရာ အလေးဂရုပြုမှုနှင့် စုစည်းညီညွတ်မှုတို့ဖြစ်ကြပါသည်။ ၂၀၁၇ ခုနှစ် တွင် ဖိလစ်ပိုင်နိုင်ငံ၊ ဒေသအမှတ် (၉) အတွင်းမှ Consumer Fun Run သို့ တက်ရောက်သူ ၃၀၀၀ ကျော်ခန့်ရှိခဲ့ပြီး ၎င်းအရေအတွက်သည် ဖော်ပြပါနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံအတွင်းရှိ ဒေသများအနက် Consumer Fun Run သို့ တက်ရောက်သည့် အများပြားဆုံးသော အရေအတွက်ဖြစ်ခဲ့ပါသည်။

**မျိုးမျိုးထိုက်**

## ကန့်ဘလူခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၃/၂၀၁၈) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၃/၂၀၁၈) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တေဇခန်းမ၌ စက်တင်ဘာ ၂၅ ရက်က ပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးစားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်လှိုင်နှင့် ကန့်ဘလူခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဇာနည်လွင်နှင့်အဖွဲ့ဝင်များ တက်ရောက်ကြပြီး ပြည်သူလူထုများအတွင်း စားသုံးသူပါဝင်မှုကဏ္ဍများ မြင့်မားစေရန်အတွက် ကျောင်း၊ ဈေး၊ ရပ်ကွက်များတွင် စားသုံးသူအကာအကွယ်ပေးရေးအသင်းအဖွဲ့များ ဖွဲ့စည်းသွားကြရန်၊ ကန့်ဘလူခရိုင် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့တွင် လိုအပ်လျက်ရှိသော ထပ်တိုးအဖွဲ့ဝင်ဌာနများဖြင့် ထပ်မံဖွဲ့စည်းသွားရန်၊ စားသုံးရန်မသင့် အန္တရာယ်ရှိသော စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းကြော်ငြာဗီနိုင်းများအား လူစည်ကားသည့် နေရာများတွင် စိုက်ထူဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မျိုးဝင်း (ကန့်ဘလူ)**

## မြင်းမူမြို့မဈေး ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရန် ကွင်းဆင်းစစ်ဆေး

စစ်ကိုင်းခရိုင် စားသုံးသူရေးရာ ဦးစီးဌာနသည် စားသုံးသူရေးရာဦးစီးဌာနနှင့် ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များနှင့် ပူးပေါင်း၍ စက်တင်ဘာ ၂၆ ရက်က အဖွဲ့ဝင် ၂၄ ဦးဖြင့် မြင်းမူမြို့၊ မြို့မဈေးရှိ ကုန်စုံဆိုင်များ၊ မုန့်မျိုးစုံအရောင်းဆိုင်များ၊ ငါးပိ၊ ငါးခြောက်၊ လက်ဖက်နှင့် သားငါး ရောင်းချသောဆိုင်များအား ကွင်းဆင်း စစ်ဆေးခဲ့ပါတယ်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြင်းမူမြို့မဈေးရှိ မုန့်မျိုးစုံနှင့် ကုန်မျိုးစုံအရောင်းဆိုင် ၁၇ ဆိုင်မှ FDAမှ ခွင့်မပြုသော တရုတ်စာတမ်းပါ အမှတ်တံဆိပ် ကြက်အူချောင်းများ၊ အမှတ်တံဆိပ်မပါ ဆိုးဆေးလွန်ကဲသော ခရမ်းချဉ်သီးဆော့ချဉ်ထုပ်များ၊ ဆိုးဆေးလွန်ကဲ ပဲနို့၊ နို့ချဉ်ဘူး DOREMA (AD)၊ ဝေဖာ(ရေခဲမုန့်ပုံ) အချို Cream၊ အမှတ်တံဆိပ်မပါနို့ခဲကပ်များ၊ ဝေဖာချောင်းများ၊ သက်တမ်းလွန် အမှတ်တံဆိပ်မပါ ငုံးဥချိုချဉ်၊ ဂျယ်လီဒုတ်ထိုး စုစုပေါင်း ပစ္စည်းအမျိုးအစားပေါင်း(၉)မျိုးကို ရောင်းချခြင်းမပြုရန် သိမ်းဆည်းခဲ့ပါတယ်။

ထို့နောက် အမှတ်တံဆိပ်မပါ ဟင်းချိုမှုန့်အလွတ်ဆံများ၊ ဆိုးဆေးပါသော လက်ဖက်ချဉ်စပ်နှပ်များ ရောင်းချခြင်းမပြုရန်၊ ငါးပိ၊ ငါးခြောက်နှင့် သားငါးများကို ယင်မနားဆေးများ အသုံးမပြုရန်နှင့် လတ်ဆတ်သန့်ရှင်းသော ပစ္စည်းများကိုသာ ရောင်းချရန် အသိပညာပေး ခဲ့ပါတယ်။

ဆက်လက်၍ စစ်ဆေးရေးအဖွဲ့သည် မြင်းမူမြို့၊ အခြေခံပညာ အထက်တန်းကျောင်း အမှတ်(၁)သို့ သွားရောက်၍ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမ ၁၇ ဦး၊ ကျောင်းသား/ကျောင်းသူ ၅၀၈ ဦးအား စားသုံးသူရေးရာ ဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးမြင့်စိုးမှ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြော ဆွေးနွေးခဲ့ပြီး ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် ကျောင်းအုပ်ဆရာမကြီး၊ ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ လိုက်ပါ၍ ကျောင်းအတွင်း ရောင်းချနေသော ကျောင်းမုန့်ဈေးဆိုင် ၁၆ ဆိုင်အား စစ်ဆေးခဲ့ပါတယ်။ ကျောင်းမုန့်ဈေး ရောင်းချသူများအား ရောင်းချနေသော အစားအသောက်များကို ကျန်းမာရေးနှင့် ညီညွတ်သော၊ ဘေးဥပဒ် အန္တရာယ် ကင်းရှင်းစေရန်၊ သန့်ရှင်းလတ်ဆတ်သော အစားအသောက်များကို ရွေးချယ်ရောင်းချစေရန်၊ ဆိုးဆေးလွန်ကဲသော အစားအစာများ၊ အချိုရည်ဗူး၊ ဂျယ်လီများ ရောင်းချခြင်းမပြုရန်၊ အသုပ်မျိုးစုံနှင့် မုန့်အစိုများကို ယင်မနားစေရန် စနစ်တကျ သန့်ရှင်းစွာ ဖုံးအုပ်ရောင်းချရန်၊ မုန့်ထုပ်များတွင် ထုတ်လုပ်သူ၊ ကုန်အမှတ်တံဆိပ်၊ လိပ်စာ (သို့မဟုတ်) ဖုန်းနံပါတ်၊ Exper Date ဖော်ပြပါရှိသော အမျိုးအစားများကိုသာ ရွေးချယ်ရောင်းချရန်နှင့် သက်တမ်းလွန်မုန့်များ ရောင်းချခြင်း မပြုကြရန် အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရပါတယ်။

**မြင့်စိုး (စစ်ကိုင်း)**

## ရန်ကုန်အရှေ့ပိုင်းခရိုင်၊ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၉/၂၀၁၈) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၉/၂၀၁၈) အစည်းအဝေးကို စက်တင်ဘာလ ၂၇ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့ပြီး ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန၊ အရှေ့ပိုင်းခရိုင်ဦးစီးမှူး ဦးစိုးတင့်က ဆွေးနွေးရာတွင် (၉/၂၀၀၈) လတွင် မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ အခြေခံပညာစာသင်ကျောင်းများတွင် ပညာပေးဟောပြောမှုပြုလုပ်ခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်း အခြေအနေကိုလည်းကောင်း၊ သောက်ရေသန့်တွင် အနည်ပါဝင်မှုအား တိုင်ကြားလာသည့်ကိစ္စရပ်နှင့် ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ခဲ့သည့်အခြေအနေကိုလည်းကောင်း၊ စားသောက်ရန်မသင့်သော အစားအစာ၊ အားဖြည့်အချိုရည်ဗီနိုင်းပိုစတာ ၅၇ ချပ်၊ တန်ဖိုးငွေကျပ် ၈၈၅၀၀ ကို ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ အဖွဲ့ဝင်စီးပွားရေးလုပ်ငန်းရှင်ကိုယ်စားလှယ် ဦးကျော်စွာထွန်းမြင့်က လှူဒါန်းပြီးကြောင်းနှင့် ၎င်းဗီနိုင်းပိုစတာများကို တောင်ဥက္ကလာပမြို့နယ်အတွင်း အခြေခံပညာကျောင်းများနှင့် ဘုန်းတော်ကြီးသင် စာသင်ကျောင်းများတွင် ကပ်ထားမည်ဖြစ်ပါကြောင်း ပြောကြားဆွေးနွေးခဲ့သည်ဟု သတင်းရရှိပါသည်။ **မောင်မောင်သောင်း**



## ပြည်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ ပြည်မြို့မ စည်ပင်သာယာဈေးကြီးအတွင်း စားသုံးရန်မသင့်သော အစားအသောက်များအား သိမ်းဆည်းဖျက်ဆီး

ပြည်ခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၅/၂၀၁၈) လုပ်ငန်းညှိနှိုင်း အစည်းအဝေး ဆုံးဖြတ်ချက်အရ ပြည်မြို့မ စည်ပင်သာယာဈေးကြီးသို့ စက်တင်ဘာ ၁၉ ရက်က အဖွဲ့ဝင်ဌာနဆိုင်ရာများဖြစ်သော ခရိုင်ထွေ/အုပ်၊ FDA၊ ဥပဒေဌာန၊ မွေးမြူရေးနှင့် ကုသရေး၊ ကျန်းမာရေး၊ စည်ပင်သာယာအဖွဲ့၊ ဈေးတာဝန်ခံတို့နှင့်အတူ ပြည်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်း ၃ ဦး ပါဝင်သော အဖွဲ့တို့သည် ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေးအတွက် ဩဂုတ် ၂၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် အသိပေး ကြေညာပြီးဖြစ်သည့် စားသုံးရန် မသင့်သော အစားအသောက် (၇)မျိုးအား ပြည်မြို့မဈေးကြီးအတွင်း ရောင်းချမှု မရှိစေရေး ကွင်းဆင်းစစ်ဆေးခြင်း ဆောင်ရွက်ခဲ့ပါတယ်။

ကွင်းဆင်းစစ်ဆေးရာတွင် ကုန်မျိုးစုံနှင့် လက်ဖက်အကြော်စုံ ရောင်းချသော ဆိုင်များသို့ ဦးစားပေး စစ်ဆေးရာ စားသုံးရန်မသင့်ဟု ကြေညာထားသော အမှတ်တံဆိပ်မပါ ရောင်စုံဝေဖာတုံးများကို စစ်ဆေးတွေ့ရှိရ၍ အဖွဲ့အနေဖြင့် သိမ်းဆည်းဖျက်ဆီးမှုများ ဆောင်ရွက်ခဲ့ပြီး ပြည်မြို့နယ်အတွင်း ထုတ်လုပ်လျက်ရှိသော မြသရဖူ အချိုရည် လုပ်ငန်းရှင်အား ခေါ်ယူတွေ့ဆုံ၍ အဖွဲ့ဝင်များမှ သက်ဆိုင်ရာကဏ္ဍအလိုက် ကုန်ထုတ်လုပ်မှုနှင့် ပတ်သက်၍ လိုက်နာရမည့်အချက်များ၊ လုပ်ငန်းရှင်များအတွက် တားမြစ်ထားသည့် တားမြစ်ချက်များအကြောင်း အသိပညာပေး ဆွေးနွေးခဲ့ပါတယ်။ ဆက်လက်၍ ပြည်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် ဈေးကွက်အတွင်းရှိ ကျန်ရှိနေသေးသော အဆိုပါလုပ်ငန်းမှ ဖြန့်ဖြူးထားသည့် လိမ္မော်ဖျော်ရည်များအား နှစ်ပတ်အတွင်း အပြီးပြန်လည်သိမ်းဆည်းကာ ထုတ်လုပ်ဖြန့်ဖြူးခြင်းကိုလည်း ဆက်လက်လုပ်ဆောင်ခြင်းမပြုဘဲ ရပ်ဆိုင်းထားရန် သတိပေးပြောကြားခြင်း၊ ဝန်ခံကတိပြု လက်မှတ်ရေးထိုးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**ဝင်းလဲ့ဝါ (ပြည်)**

Vol: 18, No. nday October 8 2018

# အင်္ဂလန်အသင်း လူစာရင်းတွင် မျက်နှာသစ်လူငယ်ကစားသမား သုံးဦးပါဝင်လာ



အင်္ဂလန်အသင်းနည်းပြ ဆောက်ဂိတ်သည် ဥရောပနေးရှင်းလိဂ် ပြိုင်ပွဲဝင်မည့် အင်္ဂလန်အသင်း လူစာရင်းကို ထုတ်ပြန်လိုက်ပြီဖြစ်ရာ ၎င်းလူစာရင်းတွင် မျက်နှာသစ်လူငယ် ကစားသမားများ သုံးဦး ပါဝင်လာခြင်းဖြစ်သည်။

အဆိုပါ ကစားသမားသုံးဦးမှာ အသက်(၁၉)နှစ်သာရှိသေးပြီး ချယ်လ်ဆီးအသင်းမှ ဒါဘီအသင်းသို့ အငှားချထားသည့် ကွင်းလယ်ကစားသမား မာဆင်မောင့်၊ အသက်(၁၈)နှစ်ရှိ ဒေါ့မွန်အသင်း တောင်ပံကစားသမား ဂျာဒန်ဆန်ချိုနှင့် အသက်(၂၁)နှစ်ရှိ လက်စတာ ကွင်းလယ်ကစားသမား မက်ဒီဆင်တို့ဖြစ်သည်။ ၎င်းကစားသမား သုံးဦးသည် အင်္ဂလန်အသင်းကြီးတွင် ပထမဦးဆုံးအကြိမ် ပါဝင်ကစားခွင့် ရရှိလာခြင်းလည်း ဖြစ်သည်။ စပါးကွင်းလယ်ကစားသမား ဒီလီအလီမှာ ဒဏ်ရာပြဿနာရှိနေ၍ အင်္ဂလန်အသင်း လူစာရင်းတွင် ပါဝင်လာခြင်းမရှိဘဲ ချယ်လ်ဆီးကွင်းလယ်ကစားသမား ဘာကလေမှာ ၂၀၁၆ ခုနှစ်နောက်ပိုင်းတွင် အင်္ဂလန်အသင်းလူစာရင်း၌ ပြန်လည်ပါဝင်လာခြင်းဖြစ်သည်။

ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲအတွက် နည်းပြ ဆောက်ဂိတ် ရွေးချယ်ထားသည့် အင်္ဂလန်အသင်း ကစားသမား ၂၅ဦး စာရင်းမှာ- ဂိုး- ဘတ်တီနယ်လီ(ဖူလ်ဟမ်)၊ ဂျက်ဘတ်လန်း(စတုတ်စီးတီး)၊ အဲလစ်မက္ကာသီ(ဆောက်သမ်တန်)၊ ဂျော်ဒန်ပက်ဖို့ဒ်(အဲဗာတန်)၊ နောက်တန်း - အာနော့ဒ်၊ ဂိုမက်ဇ်(လီဗာပူး)၊ မက်ဂွိုရီ(လက်စတာ)၊ ဒန်နီရိုစ့်၊ ထရက်ပီရာ(စပါး)၊ လုခ်ရှော(မန်ယူ)၊ ဂျွန်စတုန်း၊ ဝေါကာ(မန်စီးတီး)၊ တာကောစကီး(ဘန်လေ)၊ အလယ်တန်း - ဘာကလေ(ချယ်လ်ဆီး)၊ ချာလိုဘတ်(ဝက်ဖို့ဒ်)၊ အဲရစ်ဒိုင်ယာ၊ ဟယ်ရီဝင့်ခ်(စပါး)၊ ဟန်ဒါဆန်(လီဗာပူး)၊ မာဆင်မောင့်(ဒါဘီ-ချယ်လ်ဆီးမှအငှားချ)၊ ရှေ့တန်း - ဟယ်ရီကိန်း(စပါး)၊ မက်ဒီဆင်(လက်စတာ)၊ ရက်ချ်ဖို့ဒ်(မန်ယူ)၊ ဂျာဒန်ဆန်ချို(ဒေါ့မွန်)၊ စတာလင်း(မန်စီးတီး)နှင့် ဝဲလ်ဘက်(အာဆင်နယ်)တို့ ဖြစ်သည်။ အင်္ဂလန်အသင်းသည် ဥရောပနေးရှင်းလိဂ် ပွဲစဉ်များအဖြစ် အောက်တိုဘာ ၁၃ ရက် နံနက် ၁း၁၅ နာရီတွင် ခရိုအေးရှားအသင်းနှင့် အဝေးကွင်း၊ အောက်တိုဘာ ၁၆ ရက် နံနက် ၁း၁၅ နာရီတွင် စပိန်အသင်းနှင့် အဝေးကွင်း ပွဲစဉ်များကို ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။



# ပေါ်တူဂီလူစာရင်းတွင် စီရိုနယ်ဒို ချန်လှပ်ခံရ

ပေါ်တူဂီအသင်းသည် ယခုအောက်တိုဘာလအတွင်းတွင် ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲနှင့် နိုင်ငံတကာ ခြေစမ်းပွဲတစ်ပွဲ ကစားရန်ရှိနေရာ ယင်းပွဲစဉ်များအတွက် အသင်းလူစာရင်းကို နည်းပြ ဖာနန်တိုဆန်းတို့စ်က ထုတ်ပြန်လိုက်ပြီဖြစ်ရာ အသင်းခေါင်းဆောင် စီရိုနယ်ဒိုမှာ အသင်းလူစာရင်းမှ ချန်လှပ်ထားခြင်းခံခဲ့ရသည်။

စီရိုနယ်ဒိုအား အသင်းလူစာရင်းတွင်ချန်လှပ်ခဲ့ရခြင်းနှင့်ပတ်သက်၍ နည်းပြ ဖာနန်ဒိုဆန်းတို့စ်က 'စီရိုနယ်ဒိုကို အသင်းလူစာရင်းက ချန်လှပ်ခဲ့တာဘာအကြောင်းအရာမှမရှိပါဘူး။ သူ့ကို တမင်သက်သက် အနားပေးတဲ့သဘောပါ။ သူဟာ လက်ရှိမှာ အသင်းအတွက် ပေးဆပ်နိုင်သေးတဲ့ ခြေစွမ်းတွေရှိနေတာကို ကျွန်တော်သိပါတယ်။ ပြောရမယ်ဆိုရင် ပေါ်တူဂီအသင်းကစားသမားထဲမှာ သူ့လောက်စွမ်းဆောင်ရည် ကောင်းတဲ့ ကစားသမား မရှိသေးပါဘူး'ဟု ပြောကြားလိုက်သည်။

ပေါ်တူဂီအသင်းသည် အောက်တိုဘာ ၁၁ ရက်တွင် ဥရောပနေးရှင်းလိဂ်ပွဲစဉ် အဖြစ် ပိုလန်အသင်းနှင့် အဝေးကွင်းပွဲစဉ်ကစားရမည်ဖြစ်ပြီး အောက်တိုဘာ ၁၄ ရက်တွင် စကော့တလန်အသင်းနှင့် ခြေစမ်းပွဲကစားရန်ရှိနေသည်။

## SHORT NEWS

- မန်ယူအသင်း ကစားသမား အဲလစ်ဆန်းချက်ဇ်သည် ဗလန်စီယာအသင်းနှင့် သရေကျခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်အပြီးတွင် အသင်းမှထွက်ခွာရန် ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း သည်ဆန်းသတင်းစာက ရေးသားဖော်ပြခဲ့သည်။
- ဘိုင်ယန်မြူးနစ်အသင်းတွင် ကစားနေသည်မှာ ၁၁ နှစ်ရှိနေပြီဖြစ်သည့် နောက်ခံကစားသမား ဟမ်မဲလ်သည် ယခုနှစ်ရာသီကုန်တွင် အသင်းမှထွက်ခွာရန် စဉ်းစားနေကြောင်း သိရသည်။
- အင်္ဂလန်ပရီးမီးယားလိဂ်ကလပ် စပါးအသင်းသည် လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ပီအက်စ်ဗွီအသင်းမှ အသက်(၂၃)နှစ်ရှိ တိုက်စစ်မှူး လိုဇာနိုကို ပေါင် ၂၅ သန်းဖြင့် ခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။
- မန်ယူအသင်း ကစားသမားများဖြစ်သည့် ဂိုးသမား ဒီဂီယာ၊ တောင်ပံကစားသမား မာရှယ်နှင့် ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာတို့က ရီးရဲလ်မက်ဒရစ်အသင်း နည်းပြဟောင်း ဇီဒန်းအား မန်ယူအသင်းကို လာရောက်ကိုင်တွယ်ရန် ဆန္ဒပြုတောင်းဆိုခဲ့ကြောင်းသိရသည်။

# စမစ်ရိုဝီမှာ အာဆင်နယ်အသင်း၏ ကြယ်တစ်ပွင့်ဖြစ်လာနိုင်ဟု အမ်မရီပြောကြား



အာဆင်နယ်အသင်း နည်းပြ အူနိုင်းအမ်မရီက အသက်(၁၈)နှစ်သာ ရှိသေးသည့် လူငယ်ကစားသမား စမစ်ရိုဝီမှာ အနာဂတ်တွင် အာဆင်နယ်အသင်းနှင့်အတူ ထွန်းတောက်လာမည့် ကြယ်တစ်ပွင့်ဖြစ်လာနိုင်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ စမစ်ရိုဝီမှာ အာဆင်နယ်အသင်း၏ ငယ်မွေးခြံပေါက် ကစားသမားတစ်ဦးဖြစ်ပြီး ၎င်းကစားသမားသည် ၂၀၁၀ ပြည့်နှစ်ကပင် အာဆင်နယ်အသင်း အကယ်ဒမီသို့ ရောက်ရှိနေသူဖြစ်သည်။ ထို့ပြင် စမစ်ရိုဝီသည် အင်္ဂလန် ယူ- ၁၈ အသင်း၏ လက်ရွေးစင် ကစားသမား တစ်ဦးလည်း ဖြစ်သည်။

စမစ်ရိုဝီသည် နည်းပြ အူနိုင်းအမ်မရီ၏ ယူရိုပါလိဂ်ပွဲကစားမည့် အသင်းလူစာရင်းတွင်ပါဝင်လာခဲ့ပြီး အောက်တိုဘာ ၄ ရက်က အာဆင်နယ်အသင်း ကွာရာဘတ်အသင်းနှင့် ကစားခဲ့သည့်ပွဲတွင် ပထမပွဲထွက် ကစားသမားစာရင်း၌ ပါဝင်ခွင့်ရရှိခဲ့သည်။ အာဆင်နယ်အသင်းသည် ကွာရာဘတ်အသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့် ယင်းပွဲစဉ်တွင် စမစ်ရိုဝီသည် ဒုတိယပိုင်း ပွဲချိန် ၅၃ မိနစ်တွင် အာဆင်နယ်အသင်းအတွက် တစ်ဂိုး သွင်းပေးနိုင်ခဲ့သည်။

အဆိုပါ ပွဲစဉ်အပြီးတွင် အာဆင်နယ်အသင်း နည်းပြ အူနိုင်းအမ်မရီက 'စမစ်ရိုဝီဟာ အလားအလာ အများကြီးရှိတဲ့ ကလေးပါ။ ပြောရရင်တော့ အာဆင်နယ်အသင်း အတွက် အားကိုးရမယ့် အနာဂတ်ကြယ်တစ်ပွင့်ပေ့ါ။ ဒီကလေးဟာ ကြိုးစားချင်စိတ် ရှိသလို တိုးတက်မှုကလည်းမြန်တယ်။ အခုအသင်းကြီးမှာ ထည့်သုံးတော့လည်း ထင်ထားတာထက် ပိုပြီး ခြေစွမ်းပြနိုင်ခဲ့တယ်။ သူ့ကြောင့် အာဆင်နယ်အသင်း ဂုဏ်တက်ဦးမှာပါ' ဟု ပြောကြားလိုက်ခြင်းဖြစ်သည်။

# မော်ရင်ဟို၏ အနာဂတ်အတွက် ခုနစ်ပွဲ အချိန်ပေးထားဟု သတင်းများထွက်ပေါ်



မန်ယူအသင်းတွင် နည်းပြ မော်ရင်ဟို၏ အနာဂတ်နှင့်ပတ်သက်၍ ပွဲစဉ်ခုနစ်ပွဲ အချိန်ပေးထားကြောင်း ဒေးလီးမေးလ်သတင်းစာတွင် ဖော်ပြထားသည်။ နည်းပြ မော်ရင်ဟိုသည် အသင်းရှိ ကစားသမားများနှင့် အဆင်မပြေမှုများရှိနေသလို အသင်း၏ရလဒ်ပိုင်းမှာလည်း အဆိုးရွားဆုံးအနေအထားကို ရင်ဆိုင်နေရသည်။ မန်ယူအသင်းသည် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ဗလန်စီယာအသင်းကို သရေသာကစားနိုင်ခဲ့သည့် ပွဲစဉ်အပြီးတွင် အသင်းပိုင်ရှင် ဂလေဇာမိသားစုက မော်ရင်ဟို၏ အနာဂတ်ကို ဆုံးဖြတ်ရန် ထိုကဲ့သို့ ခုနစ်ပွဲ အချိန်ပေးထားသည်ဟု အင်္ဂလန်မီဒီယာများက ရေးသားဖော်ပြလာခဲ့ခြင်းဖြစ်သည်။

ယခုနှစ်ရာသီတွင် မန်ယူအသင်းသည် ပရီးမီးယားလိဂ် ပွဲစဉ်(၇)အပြီးတွင် သုံးပွဲနိုင်၊ သုံးပွဲရှုံးနှင့် တစ်ပွဲအရေကျကာ အဆင့်(၁၀)တွင် ရောက်နေသည်။ နည်းပြ မော်ရင်ဟို၏ အနာဂတ်ကို ဆုံးဖြတ်ရန် အချိန်ပေးထားသည့် ခုနစ်ပွဲမှာ နယူးကာဆယ်နှင့် အိမ်ကွင်း၊ ချယ်လ်ဆီးနှင့် အဝေးကွင်း၊ ဂျူဗင်တပ်နှင့် အိမ်ကွင်း၊ အဲဗာတန်အသင်းနှင့် အိမ်ကွင်း၊ ဘုန်းမောက်အသင်းနှင့် အဝေးကွင်း၊ ဂျူဗင်တပ်အသင်းနှင့် အဝေးကွင်း၊ မန်စီးတီးအသင်းနှင့် အဝေးကွင်းပွဲစဉ်တို့ဖြစ်ကြောင်း သိရသည်။ မော်ရင်ဟိုအနေဖြင့် ယင်း ခုနစ်ပွဲတွင် ငါးပွဲ အနိုင်ရအောင် စွမ်းဆောင်ပေးရမည်လည်း ဖြစ်သည်။ မော်ရင်ဟို အနေဖြင့် အဆိုပါ ပွဲစဉ်များတွင် ရလဒ်ပိုင်းကောင်းအောင် မစွမ်းဆောင်နိုင်ပါက မန်ယူအသင်းမှ လျော်ကြေးပေး၍ ထုတ်ပယ်ခံရမည်ဖြစ်ကြောင်း သတင်းများတွင် ဆက်လက်ဖော်ပြထားသည်။

ဟန်နေသစ် စုစည်းသည်

# လယ်ယာထွက်ကုန်ပစ္စည်းများအပါအဝင်စိုက်ပျိုးရေးထုတ်ကုန်များရဲ့ ပြည်ပတင်ပို့မှုကျဆင်းခြင်းကို ကုစားနိုင်ဖို့ဆိုလျှင်......

DOCA( Domestic)

**(ယခင်တစ်ပတ်မှအဆက်)**

ပြည်ပပို့ကုန်မြှင့်တင်ရာ၌ အလားအလာကောင်းသော နောက်ထပ်ကဏ္ဍမှာ စက်မှုကုန်ချောပစ္စည်းများထုတ်လုပ်မှုကဏ္ဍပင် ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ပြည်ပတင်ပို့မှုတွင် စက်မှုကုန်ချောပစ္စည်း တင်ပို့မှုမှာ တန်ဖိုးအများဆုံးလည်းဖြစ်ပါသည်။ စက်မှုကုန်ချောပစ္စည်းများတွင် သကြား၊ ချုပ်ပြီးအထည်၊ လက်ဝတ်ရတနာ၊ သဘာဝဓာတ်ငွေ့နှင့် အခြားသော စက်မှုကုန်ချောပစ္စည်းများ ပါဝင်ပါသည်။ ဘဏ္ဍာနှစ်အလိုက် စက်မှုကုန်ချောကဏ္ဍမှ တင်ပို့နိုင်မှုကို လေ့လာကြည့်သော် အောက်ပါအတိုင်း တွေ့ရှိရပေသည်-

**ဘဏ္ဍာနှစ်အလိုက်(ကာလတူ) စက်မှုကုန်ချောကဏ္ဍမှ ပြည်ပတင်ပို့နိုင်မှုအခြေအနေ**

| ဘဏ္ဍာနှစ် (ကာလတူ) | ရေတွက်ပုံ | တန်ဖိုး | နှိုင်းယှဉ်ချက် |
|---|---|---|---|
| ၂၀၁၆-၂၀၁၇ (စက်တင်ဘာ ၂၀ ရက်ထိ) | ဒေါ်လာသန်း | ၂၃၉၁. ၄၆၇ | - |
| ၂၀၁၇-၂၀၁၈ (စက်တင်ဘာ ၂၀ ရက်ထိ) | ဒေါ်လာသန်း | ၃၀၀၃. ၀၂၉ | +၆၁၁. ၅၆၂ |
| ၂၀၁၈-၂၀၁၉ (စက်တင်ဘာ ၂၀ ရက်ထိ) | ဒေါ်လာသန်း | ၄၁၄၀. ၆၃၈ | +၁၁၃၇. ၆၀၉ |

စက်မှုကုန်ချောကဏ္ဍမှ ပြည်ပတင်ပို့နိုင်မှုမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အထိ ကာလတူနှိုင်းယှဉ်ပါက တိုးတက်လာလျက်ရှိသည်ကို တွေ့ရှိရပြီး ပြည်ပတင်ပို့မှုအတွက် အလားအလာကောင်းသော ကဏ္ဍတစ်ခုပင်ဖြစ်ပါသည်။ နိုင်ငံတော်၏ စီးပွားရေးတိုးတက်မှုသည် ပြည်တွင်းထုတ်ကုန်များ ထုတ်လုပ်နိုင်မှုပေါ်တွင်လည်း များစွာ မူတည်လျက်ရှိပေသည်။ ထို့ကြောင့် ပြည်တွင်းထွက်ကုန် တိုးတက်မြင့်မားစွာ ထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်ကြရမည်ဖြစ်ပေသည်။ ထိုသို့ပြုလုပ်ဆောင်ရွက်ကြရာတွင် ပြည်တွင်းပြည်ပ ဈေးကွက်အလားအလာကောင်းသော ထုတ်ကုန်များကို ဦးစားပေးထုတ်လုပ်ကြရပေမည်။ စက်မှုကုန်ချောပစ္စည်းများမှာမူ အထက်တွင် တင်ပြခဲ့သည့်အတိုင်းပင် ပြည်ပဈေးကွက်အလားအလာကောင်းပြီး တင်ပို့မှုတန်ဖိုးအများဆုံး ဖြစ်လေရာ ပို့ကုန်တိုးတက်စေရေးအတွက်လုပ်ဆောင်ကြရာတွင် အဓိကအခန်းကဏ္ဍ၌ပါဝင်နေပေသည်။

စက်မှုကုန်ချောပစ္စည်းများမှ ပြည်ပတင်ပို့မှုပစ္စည်းအမယ်များအလိုက် လေ့လာကြည့်ပါက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ စက်တင်ဘာလ ၂၀ ရက်အထိ (ကာလတူ) နှိုင်းယှဉ်ကြည့်သော် သကြားတင်ပို့မှုသည် ယခင်ဘဏ္ဍာနှစ်(ကာလတူ) ထက် တင်ပို့မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၉၈ ဒသမ ၅၁၃ သန်းထိလည်းကောင်း၊ ချုပ်ပြီးအထည်တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၉၅၉ ဒသမ ၅၂၂ သန်းထိလည်းကောင်း၊ လက်ဝတ်ရတနာ တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၄၆၇ သန်း ထိလည်းကောင်း၊ အခြားစက်မှုကုန်ချောပစ္စည်း များ တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၁၈၂ ဒသမ ၈၀၉ သန်းထိလည်းကောင်း ပိုမိုတင်ပို့နိုင်ခဲ့သည်ကို တွေ့ရှိရပေသည်။ ထိုသို့ ပို့ကုန်အတွက် အလားအလာကောင်းလျက်ရှိသော ပို့ကုန်ပစ္စည်းအမယ်များကို ဦးစားပေးသက်မှတ်၍ ပြည်တွင်းထုတ်လုပ်မှုမြင့်မားရေး၊ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေး၊ ဈေးကွက်တိုးချဲ့ထိုးဖောက်နိုင်ရေးတို့ကို အစီအမံများချမှတ်ကာ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ စက်မှုကုန်ချော ပစ္စည်းများ ပြည်ပသို့ ပိုမိုတိုးတက်တင်ပို့နိုင်ပါက ပြည်ပဝင်ငွေများ အများအပြားရရှိမည်ဖြစ်သည့်အပြင် ပြည်တွင်းစက်မှုကုန်ချောပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများတွင် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်မည်ဖြစ်ပေသည်။ ထို့ကြောင့် လယ်ယာထွက်ကုန်ပစ္စည်းများ ပြည်ပတင်ပို့မှုကျဆင်းခြင်းကို ကုစားနိုင်ရန်အတွက် စက်မှုကုန်ချောပစ္စည်းများ ထုတ်လုပ်မှုနှင့် ပြည်ပတင်ပို့မှုကဏ္ဍကို အလေးထား၍မြှင့်တင်ဆောင်ရွက်သင့်ပေသည်။

**ဆက်လက်ဖော်ပြပါဦးမည်. . .။**

---

**စာမျက်နှာ (၂၀) သတိထားဆင်ခြင်ဖွယ်၊ ဆင့်ပွားရောင်းချခြင်း . . . . မှအဆက်**

၎င်းစနစ်သည် ဆင့်ပွားရောင်းချသော ကုမ္ပဏီအတွက် အကျိုးအမြတ်ကြီးစွာရရှိသည်။ အဖွဲ့ဝင်များထံမှ ငွေကြေးကို ဦးစွာရယူ၍ မက်လုံးပေးကာ ကုန်စည်၊ ဝန်ဆောင်မှုလုပ်ငန်းများကို အဖွဲ့ဝင်များမှ ဆောင်ရွက်ပေးရခြင်းဖြစ်သည်။ အောင်မြင်ပါက အမြတ်အစွန်း ကြီးစွာရရှိသည်။ မအောင်မြင်ပါက အဖွဲ့ဝင်များ ဝင်ကြေးငွေဖြင့် အရှုံးကို ထေနိုင်သည်။ အဖွဲ့ဝင်များမှ အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ထားသည့် အရေအတွက်အတိုင်း ကုန်စင်အောင် မရောင်းချနိုင်ပါကလည်းကောင်း၊ ကုမ္ပဏီ ဖျက်သိမ်းသွားပါကလည်းကောင်း အကျိုးအမြတ်မရရှိသည့်အပြင် ထည့်ဝင်ထားသော Member ဝင်ကြေးပါ ဆုံးရှုံးသွားနိုင်သည့် အနေအထား ဖြစ်သည်။

အချို့သော Member များကလည်း ဈေးကွက်အတွင်းရှိပြီးသား ကုန်စည်ဝန်ဆောင်မှုများထက် ဈေးနှုန်းကြီးမြင့်ခြင်း၊ အမျိုးအစား မမှန်ကန်ခြင်း၊ အရည်အသွေးညံ့ဖျင်းခြင်းများရှိသော်လည်း သတ်မှတ် ထားသည့် အရေအတွက်အတိုင်း ရောင်းချကြရကြောင်း၊ စားသုံးသူများထံသို့ ဖောက်သည်များထံသို့ ပေးပို့ရာတွင် ရက်ချိန်းမမှန်ခြင်း၊ နောက်ကျမှရောက်ရှိခြင်းများလည်း ကြုံတွေ့ရသဖြင့် တချို့ ဖောက်သည်များ၏ အယုံအကြည်ကင်းမဲ့မှုကို ခံရကြောင်း၊ ကုန်စည်များအတွက် သတ်မှတ်ထားသော သတင်းအချက်အလက်များ ပြည့်စုံစွာ မပါရှိခြင်း၊ မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ပါရှိမှုမရှိခြင်းကြောင့် စားသုံးသူများကို ရှင်းပြရာတွင် အခက်အခဲကြုံတွေ့ရပြီး သံသယဖြစ်ခံရကြောင်း၊ မိမိတို့၏ လောဘ၊ အတ္တများကြောင့်သာ အမြတ်အစွန်းရရှိရေးအတွက် ဆောင်ရွက်နေရသဖြင့် စားသုံးသူများ ထိခိုက်နစ်နာမည်ကို စိုးရိမ်ရကြောင်းစသည်ဖြင့် ပြောပြကြပါသည်။ ထို့အပြင် ဝန်ထမ်းအချင်းချင်းအတူတူဖြစ်သော်လည်း ဆင့်ပွားဈေးကွက် ရောင်းချခြင်း လုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီရှိဝန်ထမ်းများသည် ကုမ္ပဏီမှထုတ်လုပ်သော ကုန်ပစ္စည်းများရောင်းချရာ၌ ဈေးကွက်ရှာဖွေခြင်း၊ သယ်ယူပို့ဆောင်ခြင်းစသည့် စရိတ်စကများကို ကုမ္ပဏီက ကျခံပေးခြင်းမရှိဘဲ ဝန်ထမ်းများ၊ Member အဖွဲ့ဝင်များကသာကျခံရသဖြင့် ကုမ္ပဏီသည် တာဝန်ယူမှု၊ တာဝန်ခံမှုအားနည်းကြောင်းကိုလည်း ပြောပြကြပါသည်။

ရောင်းချသောMember အဖွဲ့ဝင်များသည် ‘ပေါက်သည့် နဖူးမထူး’ ဟူသော စိတ်မျိုးဖြင့် အခက်အခဲများရှိသော်လည်း မိမိထည့်ဝင်ထားသည့် ငွေကြေးမဆုံးရှုံးစေရေး၊ ထိုက်သင့်သည့် အကျိုးအမြတ်များ ပုံမှန်ရရှိရေးအတွက် လုပ်ဆောင်နေကြရသည်။ တစ်ဖက်သတ်ဆန်သော ကုန်စည်၊ ဝန်ဆောင်မှုမှန်းသိသော်လည်း မျက်စိမှိတ်လုပ်နေကြသည်။ နိုင်ငံတော်အတွက် ထိုက်သင့်သော အခွန်အခများလည်းမရ၊ လူမှုရေး ကူညီထောက်ပံ့ပေးမှုများလည်း မရှိ၊ Member အဖွဲ့ဝင်များအား အမြတ်ထုတ်၍ စားသုံးသူများကို ဂုတ်သွေးစုပ်နေသည့် ဆင့်ပွားရောင်းချခြင်းသည် နိုင်ငံတစ်နိုင်ငံ၏ ဥပဒေအားနည်းမှု၊ ဖြေလျှော့ပေးခဲ့မှုများကို အလွဲသုံးစားပြုကာ ကိုယ်ကျိုးစီးပွား တိုးတက်ရေးအတွက်သာ ဆောင်ရွက်နေသည့် လုပ်ငန်းတစ်ခု ဖြစ်ပါသည်။

၎င်းကဲ့သို့ လုပ်ငန်းရှင်များ အကျိုးအမြတ်ရရှိရေးအတွက်သာ ဦးတည်ဆောင်ရွက်ပြီး အဖွဲ့ဝင်များအတွက် အန္တရာယ်ရှိ၊ စားသုံးသူများအတွက်လည်း အန္တရာယ်ရှိ၊ နိုင်ငံတော်အတွက်လည်း အကျိုးမပြုသော ဆင့်ပွားဈေးကွက် ဖြန့်ချိရေးလုပ်ငန်း (Multi Level Marketing) (MLM) များနှင့်ပတ်သက်၍ နိုင်ငံအချို့တွင် ဥပဒေများ ထုတ်ပြန်၍ တားမြစ်အရေးယူခြင်းများ၊ ညွှန်ကြားချက်များ ထုတ်ပြန်၍ ပိတ်ပင်ခြင်းများ ဆောင်ရွက်ကြပါသည်။

မြန်မာနိုင်ငံတွင်လည်း တဖြည်းဖြည်းဈေးကွက် ကျယ်ပြန့် ကြီးမားလာသော ဆင့်ပွားဈေးကွက် ဖြန့်ချိရေးလုပ်ငန်းများကြောင့် စားသုံးသူများ၏ နစ်နာဆုံးရှုံးမှုများဖြစ်လာပြီး တိုင်ကြားမှုများ များပြားလာ၍လည်းကောင်း၊ ညီညွတ်မျှတသည့် ဈေးကွက်ယှဉ်ပြိုင်မှုများ ဖြစ်ပေါ်လာရေးအတွက်လည်းကောင်း၊ အမြတ်ကြီးစား၊ ကိုယ်ကျိုးရှာ၊ မသမာမှုပြုသူ လုပ်ငန်းရှင်များဈေးကွက်အတွင်း ပျောက်ကွယ်သွားစေရေးအတွက်လည်းကောင်း၊ စားသုံးသူများ၏ နစ်နာဆုံး ရှုံးမှုများကို ကာကွယ်ရေးအတွက်လည်းကောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရေးအတွက်လည်းကောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရအဖွဲ့က အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေပုဒ်မ (၄)(ဂ)အရ ဆင့်ပွား ဈေးကွက်ဖြန့်ချိရေးလုပ်ငန်း (Multi Level Marketing) (MLM) ကို အရေးကြီးဝန်ဆောင်မှုလုပ်ငန်းအဖြစ် သတ်မှတ်၍ ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်မှစ၍ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခြင်း မပြုရန် တားမြစ်အမိန့်ကြော်ငြာစာကို ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ တားမြစ်အမိန့်ထုတ်ပြန်ပြီးနောက် ချက်ချင်းလိုက်နာဆောင်ရွက်ခဲ့သော လုပ်ငန်းအများအပြားရှိခဲ့သည်။ ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်သော စီးပွားရေးစနစ်ကို အကောင်အထည်ဖော်ရာတွင် ကျင့်ဝတ်နှင့်အညီဆောင်ရွက်သော လုပ်ငန်းရှင်များကို အကာအကွယ်ပေးရန် လိုအပ်ပါသည်။ စားသုံးသူများ၏ထိခိုက်နစ်နာဆုံးရှုံးမှုများ၊ အဆင်မပြေမှုများ၊ ပဋိပက္ခများကိုဖြေရှင်းပေးရန်လိုအပ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာတစ်ခုတည်းအားဖြင့် ဆောင်ရွက်ပါက အောင်မြင်မှုရရှိရန် နှောင့်နှေးနိုင်သည်။ လုပ်ငန်းရှင်များ၊ စားသုံးသူများပါ ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အချိန်တိုအတွင်း အောင်မြင်နိုင်မည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ တားမြစ်မိန့် ထုတ်ပြန်ထားပါလျက် ဆက်လက်၍ လုပ်ငန်းများလုပ်ဆောင်နေသည်ကို တွေ့ရှိပါက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သဘောထား၍ သက်ဆိုင်ရာဌာနများသို့ သတင်းပေး၊ တိုင်ကြားပေးရန် လိုအပ်ပါသည်။

ထိုသို့ တိုင်ကြားလာပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှု ဥပဒေ ပုဒ်မ(၅)နှင့်(၆) အရ ပြစ်မှုကျူးလွန်သူအား အနည်းဆုံး ထောင်ဒဏ်ခြောက်လမှ အများဆုံးထောင်ဒဏ်သုံးနှစ်အထိ ချမှတ် ခြင်းခံရမည့်အပြင် ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ကိုလည်း ချမှတ်ခံရမည်ဖြစ်ပြီး ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းများကို ဖျက်ဆီးရန်ဖြစ်စေ၊ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းရန်ဖြစ်စေ၊ အခြားနည်းဖြင့် စီမံခန့်ခွဲရန်ဖြစ်စေ အမိန့်ချမှတ်နိုင်သည်ဟု ဖော်ပြထားပါသည်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးကျင့်ဝတ်နှင့်အညီ ဆောင်ရွက်နေစေရန်အားပေးနေသောအချိန်၊ စားသုံးသူများ၏ အခွင့်အရေးများအပြည့်အဝရရှိရေး၊ ထိခိုက်နစ်နာမှုများအား ကုစားဖြေရှင်းပေးနေသည့်အချိန်တွင် “ဘယ်သူသေသေ၊ ငတေမာလျှင်ပြီးရော”ဟူသည့် ကိုယ်ကျိုးစီးပွားအတွက်သာ ဆောင်ရွက်သည့် ဆင့်ပွားဈေးကွက်ဖြန့်ချိရေးလုပ်ငန်းများ မြန်မာ့မြေပေါ်တွင် အမြစ်မတွယ်စေရေးအတွက် ဆောင်ရွက်ရန်မှာ သက်ဆိုင်ရာဌာန၊ လုပ်ငန်းရှင်၊ စားသုံးသူများအားလုံးတွင် တာဝန်ရှိပါသည်။ ဆင့်ပွားဈေးကွက်ဖြန့်ချိရေးလုပ်ငန်းသည် အနှစ်နှစ်အလလမှ တဖြည်းဖြည်းကြီးထွားလာသော လုပ်ငန်းတစ်ခုဖြစ်၍ ကုမ္ပဏီတစ်ခု ဖျက်သိမ်းပြီးပါက နောက်ထပ် နာမည်တစ်ခုဖြင့် ဝင်ရောက်လာမည်မှာ မလွဲမသွေဖြစ်သည်။ ထို့ကြောင့် စားသုံးသူများမှ အသိတရားလက်ကိုင်ထား၍ သတိထား ဆင်ခြင်ဆောင်ရွက်ကြရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ စားသုံးသူများကို အန္တရာယ်ပြုနေသော စီးပွားရေးကျင့်ဝတ်နှင့်အညီ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို အန္တရာယ်ပြုနေသော နိုင်ငံတော်မှအကောင်အထည်ဖော် ဆောင်ရွက်နေသည့် ဟန်ချက်ညီသော စီးပွားရေးစနစ်ကို အဟန့်အတား ဖြစ်စေသော ဆင့်ပွားဈေးကွက်ဖြန့်ချိရေးလုပ်ငန်းများ ကွယ်ပျောက်သွားစေရန်နှင့် မျှတသော ဈေးကွက်ယှဉ်ပြိုင်မှု ဖြစ်ပေါ်လာရေး၊ စားသုံးသူများကို ထိရောက်စွာ အကာအကွယ်ပေးနိုင်ရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်ရေးတို့အား လုပ်ငန်းရှင်များ၊ စားသုံးသူများမှ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

❑

# တရုတ်နိုင်ငံ၏ ပဲပုပ်ဝယ်လိုအား ဈေးကွက်အခြေအနေနှင့် အလားအလာ

မေဖြိုးသူ

**တရုတ်နိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံ၊ Maharashtra ပြည်နယ်မှ ပဲပုပ်များ ဝယ်ယူရန်စိတ်ဝင်စား**

အိန္ဒိယနိုင်ငံ၏ ဆီထွက်သီးနှံ စိုက်ဧကမှာ ယခင်နှစ်ထက် ၁ ဒသမ ၆၈ ရာခိုင်နှုန်းခန့်တိုးလာပြီး ဟက်တာ ဧက ၁၆၇ သိန်းရှိ၍ ယင်းအနက် ပဲပုပ် စိုက်ဧကမှာ ၁၁၁ ဒသမ ၂၉ သိန်း အထိ ပါဝင်ခဲ့ပြီး ယခင်နှစ်ထက် ခြောက်ရာခိုင်နှုန်း ပိုမို စိုက်ပျိုးလာခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံ၊ Maharashtra ပြည်နယ်မှ ပဲပုပ်များဝယ်ယူရန် တရုတ်မှ စိတ်ဝင်စားလျက်ရှိသော်လည်း အိန္ဒိယနိုင်ငံ၊ Maharashtra ပြည်နယ်နှင့်တရုတ်နိုင်ငံတို့အကြား နယ်မြေ ဆက်စပ်မှုမရှိပါ။ Maharashtra ပြည်နယ်သည် အိန္ဒိယနိုင်ငံ၏ အနောက်ဘက်ကမ်းခြေတွင် တည်ရှိသည့် ပြည်နယ်တစ်ခုဖြစ်ပြီး တရုတ်နိုင်ငံသို့ ပဲပုပ်တင်ပို့မည်ဆိုပါက အိန္ဒိယပြည်တွင်းရှိ အခြားပြည်နယ်များကို ဖြတ်သန်း၍ ကုန်းလမ်းမှ တစ်ဆင့်တင်ပို့ခြင်း သို့မဟုတ် Maharashtra ပြည်နယ်၏ မြို့တော်ဖြစ်သည့် မွမ်ဘိုင်းမှတစ်ဆင့် ပင်လယ်ရေကြောင်းဖြင့်သာ တင်ပို့နိုင်မည်ဖြစ်သည်။ အိန္ဒိယနိုင်ငံ၏ပြည်တွင်းပဲပုပ်ဈေးနှုန်းမှာ စက်တင်ဘာ ၁၈ ရက်တွင်အနိမ့်ဆုံးဈေးမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၈၄ နှင့်အမြင့်ဆုံးဈေးမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၈၈ ရှိ ကြောင်း Agriwatch.com တွင်လည်း ဖော်ပြထားပါသည်။

မြန်မာနိုင်ငံမှတရုတ်နိုင်ငံသို့ ပဲပုပ်စေ့တင်ပို့မှုအနေဖြင့် နယ်စပ်ဒေသများမှသာ တင်ပို့ထားရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် တန်ချိန် ၇၅၇၀ ဒသမ ၃၁၄၊ တန်ဖိုးအမေရိကန် ဒေါ်လာ ၄ ဒသမ ၆၅၃ သန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တန်ချိန် ၃၂၇၆ ဒသမ ၄၈၀၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၂ ဒသမ ၀၃၆ သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တန်ချိန် ၃၆၉၅ ဒသမ ၂၃၀၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၅၇ သန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁၅၄၄ ဒသမ ၇၀၀၊ တန်ဖိုးအမေရိကန်ဒေါ်လာ သုည ဒသမ ၈၇၆သန်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် တွင် တန်ချိန် ၁၈၃၄ ဒသမ ၄၀၀၊ တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၉၂၀ သန်း တင်ပို့နိုင်ခဲ့ပါသည်။


မြန်မာနိုင်ငံ၏ ပြည်တွင်းပဲပုပ်ဈေးနှုန်းမှာ စက်တင်ဘာ ၂၄ ရက် မူဆယ်ကုန်စည်ဒိုင်၏ အနိမ့်ဆုံးဈေးမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၈၆ နှင့် အမြင့်ဆုံးဈေးမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၃ ရှိကြောင်းနှင့် စက်တင်ဘာ ၂၅ ရက် ရန်ကုန်၊ ဘုရင့်နောင်ကုန်စည်ဒိုင်၏ ဈေးနှုန်းအရ အနိမ့်ဆုံးဈေးမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၆၄ နှင့် အမြင့်ဆုံးဈေးမှာ တစ်တန် လျှင် အမေရိကန်ဒေါ်လာ ၄၇၈ ရှိကြောင်း တွေ့ရှိရပါသည်။

**တရုတ်နိုင်ငံ၏ ပဲပုပ်တင်သွင်းမှုအခြေအနေ**

တရုတ်နိုင်ငံ၏ ပဲပုပ်တင်သွင်းမှုပမာဏမှာ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ တန်ချိန် သန်းပေါင်း ၉၅ ဒသမ ၅၃ ဖြစ်ပြီး ပြီးခဲ့သည့်နှစ်နှင့်နှိုင်းယှဉ်ပါက ၁၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။


အလားတူကာလ၌ပင် တရုတ်နိုင်ငံ၏ ပဲပုပ်တင်သွင်းမှု တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၉ ဘီလီယံကျော်ဖြစ်ပြီး ပြီးခဲ့သည့်နှစ်နှင့် နှိုင်းယှဉ်ပါက ၁၆ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း တွေ့ရှိရပါသည်။ တရုတ်နိုင်ငံသို့ ပဲပုပ်တင်သွင်းသည့် အဓိကထိပ်တန်းသုံးနိုင်ငံမှာ ဘရာဇီး၊ အမေရိကန်နှင့် အာဂျင်တီးနားတို့ဖြစ်ပြီး ဘရာဇီးနှင့်အမေရိကန်တို့မှတင်သွင်းသည့်ပဲပုပ်တန်ချိန်သည် တရုတ်နိုင်ငံ စုစုပေါင်းသွင်းကုန်ပမာဏ၏ ၅၃ ရာခိုင်နှုန်းနှင့် ၃၄ ရာခိုင်နှုန်း အသီးသီးတို့ဖြစ်ပါသည်။

၂၀၁၂-၂၀၁၇ ခုနှစ်အထိ တရုတ်နိုင်ငံ၏ ပဲပုပ်တင်သွင်းမှု ပမာဏ(တန်ချိန်)




Source : China Customs


၂၀၁၂-၂၀၁၇ ခုနှစ်အထိ တရုတ်နိုင်ငံ၏ပဲပုပ်တင်သွင်းမှု တန်ဖိုး (အမေရိကန်ဒေါ်လာ)




Source : China Customs


၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ တရုတ်နိုင်ငံ၏ ပဲပုပ်တင်ပို့မှုပမာဏမှာ တန်ချိန် ၁၁ သိန်းဖြစ်ပြီး ပြီးခဲ့သည့်နှစ်နှင့်နှိုင်းယှဉ်ပါက ၁၁ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းခဲ့ပါသည်။ အလားတူကာလ၌ပင် တရုတ်နိုင်ငံ၏ ပဲပုပ်တင်ပို့မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၁ ဒသမ ၁၅၇ သန်းဖြစ်ပြီး ပြီးခဲ့သည့်နှစ်နှင့်နှိုင်းယှဉ်ပါက ၁၅ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

၂၀၁၂-၂၀၁၇ ခုနှစ်အထိ တရုတ်နိုင်ငံ၏ ပဲပုပ်တင်ပို့မှုပမာဏ(တန်ချိန်)




Source : China Customs

၂၀၁၂-၂၀၁၇ ခုနှစ်အထိ တရုတ်နိုင်ငံ၏ ပဲပုပ်တင်ပို့မှုတန်ဖိုး(အမေရိကန်ဒေါ်လာ)




Source : China Customs

၂၀၁၈ ခုနှစ်၊ ဩဂုတ်လအတွင်း တရုတ်နိုင်ငံအနေဖြင့် ပဲပုပ်တန်ချိန် ၉ ဒသမ ၁၅ သန်း တင်သွင်းခဲ့ပြီး ပြီးခဲ့သည့် ဇူလိုင်လနှင့်နှိုင်းယှဉ်ပါက ၁၄ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ပဲပုပ်တင်သွင်းမှုဈေးနှုန်းအနေဖြင့် ခြောက်လတာ ကာလအတွင်း ပထမဦးဆုံးအနေဖြင့် ကျဆင်းခဲ့ပြီး ကျဆင်းမှုမှာ ပဲပုပ် တစ်တန်ကို ၂၉၆၁ ဒသမ ၄၃ ယွမ်အထိ ကျဆင်းခဲ့ပါသည်။

တရုတ်နိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန၏ အဆိုအရ ၂၀၁၈-၂၀၁၉ (အောက်တိုဘာလမှ စက်တင်ဘာလ) အတွင်း တရုတ်နိုင်ငံ၏ ပဲပုပ်တင်သွင်းမှုပမာဏမှာ တန်ချိန် ၈၃ ဒသမ ၆၅ သန်းဖြစ်လိမ့်မည်ဟု ခန့်မှန်းကြောင်း သိရပြီး ၎င်းမှာ ၂၀၁၇-၂၀၁၈ ခုနှစ်၏ တန်ချိန် ၉၃ ဒသမ ၉ သန်းထက် နည်းပါးကြောင်း တွေ့ရှိရပါသည်။

ထို့ပြင် ယခုနှစ် ဇူလိုင်လအတွင်း တရုတ်နိုင်ငံ၏ အမေရိကန် ပဲပုပ်အပေါ် သွင်းကုန်ခွန် ၂၅ ရာခိုင်နှုန်း တိုးမြှင့်လိုက်ခြင်းသည် အမေရိကန်နိုင်ငံမှ တရုတ်နိုင်ငံသို့ ပဲပုပ်တင်ပို့မှုကို ခြိမ်းခြောက်သကဲ့သို့ဖြစ်စေခဲ့ပါသည်။ တရုတ်နိုင်ငံ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ အဆိုအရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် တရုတ်နိုင်ငံ၏ ပဲပုပ်လိုအပ်ချက်ခန့်မှန်းမှုပမာဏမှာ တန်ချိန် ၃ ဒသမ ၅၇ သန်း ဖြစ်ပါသည်။ ယခုနှစ်များအတွင်း တရုတ်နိုင်ငံအနေဖြင့် လယ်ယာစိုက်ပျိုးရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများကို အများအပြားပြုလုပ်ခဲ့ပြီး တရုတ်နိုင်ငံ၏ပြည်တွင်း ပဲပုပ်ထုတ်လုပ်မှု ပမာဏနှင့် ထုတ်လုပ်မှုအပိုင်းတွင်လည်း ပြန်လည်သက်ဝင်လှုပ်ရှားလာခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် တရုတ်နိုင်ငံ ပြည်တွင်းပဲပုပ်စိုက်ပျိုးမှု ဧရိယာနှင့် စုစုပေါင်းထုတ်လုပ်မှုပမာဏမှာ သုံးနှစ်ဆက်တိုက် တိုးတက်လာမည်ဟု ခန့်မှန်းထားခဲ့ပါသည်။ ယခုနှစ် ပဲပုပ်စေ့ ထုတ်လုပ်နိုင်မှုပမာဏမှာ တန်ချိန် ၁၅ ဒသမ ၈ သန်းသို့ ရောက်ရှိလိမ့်မည် ဖြစ်ပြီး တစ်ချိန်တည်းမှာပင် ယခုနှစ်အတွင်း တရုတ်နိုင်ငံအနေဖြင့် နိုင်ငံအရှေ့မြောက်ပိုင်းဒေသတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ပဲပုပ်စိုက်ပျိုးထုတ်လုပ်သူများအတွက် ထောက်ပံ့ပေးမှုဆိုင်ရာစနစ်အားလည်း ထပ်ဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်၍ ၎င်းမှာပဲပုပ်စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအပေါ် များစွာ အကျိုးကျေးဇူးရရှိစေမည်ဖြစ် ပါသည်။

၂၀၁၈ ခုနှစ်၊ တရုတ်နိုင်ငံသည် အမေရိကန်ပဲပုပ်သွင်းကုန်အပေါ် အခွန်တိုးမြှင့်ခဲ့ပြီး ဝယ်ယူမှုများကိုလည်း ပယ်ဖျက်ခဲ့ပါသည်။ တစ်ဆက်တည်းမှာပင် တရုတ်နိုင်ငံ၏ အမေရိကန်ပဲပုပ်အပေါ် သွင်းကုန်ခွန် ၂၅ ရာခိုင်နှုန်း တိုးမြှင့်လိုက်ခြင်းအားဖြင့် အမေရိကန် ပဲပုပ်တင်သွင်းရန်အတွက် ကုန်ကျစရိတ်မှာ ဘရာဇီးမှ ပဲပုပ်တင်သွင်းမှု တစ်တန် ၃၀၀ ယွမ်နီးပါးထက် ပိုမိုများပြားလာကာ တစ်တန်ကို ၇၀၀-၈၀၀ ယွမ် ပိုမိုများပြားစေမည်ဖြစ်သည်။ တရုတ်နိုင်ငံအနေဖြင့် ပြီးခဲ့သည့်လများမှစ၍ အမေရိကန်နိုင်ငံ၏ပဲပုပ်အားနောက်ထပ်ဝယ်ယူခြင်းများမရှိတော့ဘဲ ကြိုတင်မှာယူထားမှုများဖြစ်သည့် အမေရိကန် ပဲပုပ်တန်ချိန် (၆)သိန်းကျော်ကိုလည်း ပယ်ဖျက်ခဲ့သည်။

အမေရိကန်နိုင်ငံအပေါ် အကျိုးသက်ရောက်မှုအား ကြည့်မည်ဆိုပါက အမေရိကန်ပဲပုပ် စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် နှစ်စဉ်အမေရိကန်ဒေါ်လာ ၁၇-၃၃ ဘီလီယံ ဆုံးရှုံးနိုင်ဖွယ်ရှိပါသည်။ ပဲပုပ်စိုက်ပျိုးရေးလုပ်ငန်းမှာအမေရိကန်နိုင်ငံ၏ အဓိက လုပ်ငန်းကြီးတစ်ခုဖြစ်ပြီး အကယ်၍ တရုတ်နိုင်ငံ၏ အမေရိကန် ပဲပုပ်တင်သွင်းမှုအပေါ် သွင်းကုန်ခွန် ၂၅ ရာခိုင်နှုန်းတိုးမြှင့်မည် ဆိုပါက တရုတ်နိုင်ငံ၏ အမေရိကန်ပဲပုပ်တင်သွင်းမှုပမာဏမှာ ၆၅ ရာခိုင်နှုန်း ကျဆင်းသွားမည်ဖြစ်ကြောင်းနှင့် အမေရိကန်၏ စုစုပေါင်း ပဲပုပ်တင်ပို့မှုပမာဏမှာလည်း ၃၇ ရာခိုင်နှုန်းသို့ ကျဆင်းမည်ဖြစ်ကာ စုစုပေါင်းထုတ်လုပ်နိုင်မှုပမာဏမှာလည်း ၁၅ ရာခိုင်နှုန်းသို့ လျော့နည်းသွားမည် ဖြစ်ပါသည်။ အမေရိကန်နိုင်ငံ၏ ပဲပုပ် ထုတ်လုပ်မှုတန်ဖိုးမှာလည်း ၂ ဒသမ ၆ ရာခိုင်နှုန်း - ၅ ဒသမ ၂ ရာခိုင်နှုန်းသို့ ကျဆင်းသွားမည် ဖြစ်ပါသည်။

**တရုတ်နိုင်ငံသို့ မြန်မာနိုင်ငံမှ ပဲပုပ်တင်ပို့မှု**

တရုတ်နိုင်ငံအနေဖြင့် လက်ရှိတွင် နိုင်ငံအချို့မှ ပဲပုပ် တင်သွင်းမှုများအား ကန့်သတ်လျက် ရှိသော်လည်း မြန်မာနိုင်ငံ အနေဖြင့် တရုတ်နိုင်ငံ၏ဈေးကွက်လိုအပ်ချက်အရ ပဲပုပ်များအားဆက်လက်တင်ပို့လျက်ရှိပါသည်။ ၂၀၁၇ ခုနှစ်တွင် ပြည်တွင်းပဲပုပ်ဈေးနှုန်းမှာ တစ်ပိဿာလျှင် ၉၇၈ ကျပ်သာရှိသော်လည်း ယခုနှစ်တွင် တစ်ပိဿာလျှင် ကျပ် ၂၀၀၀ အထိ တိုးတက်လာခဲ့ပါသည်။ သို့ရာတွင် မြန်မာနိုင်ငံတွင်ပြည်တွင်းပဲပုပ်စေ့ထုတ်လုပ်မှုများမှာ လျော့နည်းလျက်ရှိပါသည်။ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ပဲပုပ်စေ့တင်ပို့မှုများအား ဆန်းစစ်ကြည့်ရာတွင် ၂၀၁၃-၂၀၁၄ ခုနှစ်တွင် တန်ချိန်စုစုပေါင်း ၇၅၇၀ ဒသမ ၃၁၄ တန် တင်ပို့နိုင်ခဲ့သော်လည်း တစ်နှစ်ပြီးတစ်နှစ် ပဲပုပ်စေ့တင်ပို့မှုများ ကျဆင်းလာရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၁၈၃၄ ဒသမ ၄၀၀ တန်သာတင်ပို့ နိုင်ခဲ့ပါသည်။ တရုတ်နိုင်ငံအနေဖြင့် ပဲပုပ်စေ့များအား ဟင်းသီးဟင်းရွက်ဆီ၊ ဆပ်ပြာ၊ ပိုးသတ်ဆေး၊ အိမ်သုတ်ဆေး၊ မှင်ဆေးနှင့် ဆေးဝါးပစ္စည်းများ ထုတ်လုပ်ရာတွင် အဓိကအသုံးပြုသဖြင့် တရုတ်နိုင်ငံ၌ ဈေးကွက်အလားအလာရှိသည့် ပဲပုပ်စေ့အား ဈေးကွက်ပိုမိုရရှိရေးနှ င့် ပဲစင်းငုံနှင့် မတ်ပဲအစား ပဲပုပ်စေ့များချဲ့ထွင် စိုက်ပျိုးနိုင်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် စိုက်ပျိုးထုတ်လုပ်သူတောင်သူများမှ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

# ဗီယက်နမ်နိုင်ငံ၏ သစ်သီးများကို စံချိန်စံညွှန်းမြင့်မားသည့်ဈေးကွက်များသို့ တင်ပို့



ဗီယက်နမ်နိုင်ငံသည် မကြာသေးမီနှစ်များအတွင်း အမေရိကန်၊ ဥရောပသမဂ္ဂနှင့် ဂျပန် နိုင်ငံများကဲ့သို့သော စံချိန်စံညွှန်းမြင့်မားသည့် ဈေးကွက်များသို့ သစ်သီးများတင်ပို့လျက်ရှိသော်လည်း တိုးမြှင့်တင်ပို့နိုင်ရန်မူ လွယ်ကူသည့်အခြေအနေမရှိကြောင်း သိရှိရပါသည်။

ကျွမ်းကျင်သူများ အဆိုအရ ဗီယက်နမ်နိုင်ငံ၏ သစ်သီးတင်ပို့မှုသည် အခြားနိုင်ငံများမှ တင်ပို့သော သစ်သီးများ၏ အရည်အသွေး၊ ဒီဇိုင်း၊ ဈေးနှုန်းများနှင့် ယှဉ်ပြိုင်နေရကြောင်း၊ ဥပမာအားဖြင့် ဗီယက်နမ်နိုင်ငံသည် လိုင်ချီးသီး၊ တရုတ်လိုင်ချီးသီး၊ ကြက်မောက်သီး၊ နဂါးမောက်သီး၊ စောင်းလျားသီးနှင့် သရက်သီး စသည့် လတ်ဆတ်သော သစ်သီးအမျိုးအစား (၆) မျိုးကို အမေရိကန်နိုင်ငံသို့ တင်ပို့ကြောင်း၊ သို့ရာတွင် အမေရိကန်နိုင်ငံမှ အဆိုပါ သစ်သီးများတင်သွင်းမှု စုစုပေါင်း၏ ၃ ရာခိုင်နှုန်းခန့်သာ ဗီယက်နမ်နိုင်ငံက တင်ပို့နိုင်သောကြောင့် အလွန်သေးငယ်သော ဈေးကွက်ဝေစုကိုသာရရှိကြောင်း သိရှိရသည်။

ထိုသို့တင်ပို့မှုပမာဏ နည်းနေခြင်းသည် ယှဉ်ပြိုင်နိုင်စွမ်းကို လျော့နည်းစေသော သယ်ယူပို့ဆောင်ရေး၊ သိုလှောင်ထိန်းသိမ်းရေး၊ ပိုးမွှားကင်းစင်ရေးစစ်ဆေးမှုနှင့် ဓာတ်ရောင်ခြည်အသုံးပြုထိန်းသိမ်းမှုစသည့် ကုန်ကျစရိတ်များ မြင့်မားနေခြင်းတို့ကြောင့်ဖြစ်ပြီး၊ နောက်ပိုင်းတွင် ဈေးကွက်ဝေစုတိုးချဲ့နိုင်ရန် ဗီယက်နမ်နိုင်ငံသည် အော်ဂဲနစ် ထုတ်ကုန်များနှင့် အသင့်သောက်သုံးနိုင်သည့်ဖျော်ရည်၊ အခြောက်ခံထားသော/စည်သွပ်ထားသောထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် အာရုံစိုက်သင့်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်အကြံပြုထားပါသည်။

ဗီယက်နမ်နိုင်ငံ၏ သစ်သီးထုတ်ကုန်များသည် ထိုင်း၊ ဖိလစ်ပိုင်နှင့် မလေးရှားကဲ့သို့သော ဒေသတွင်း ပြိုင်ဘက်များအပြင် ဘရာဇီး၊ ပီရူး၊ အီကွေဒေါနှင့် ပနားမားကဲ့သို့သော EU နှင့် နီးကပ်သည့်နိုင်ငံများမှ သစ်သီးများ၏ ဈေးနှုန်း၊ အရည်အသွေးနှင့် ကုန်စည်ပို့ဆောင်သည့် အချိန်ကာလများတွင် ယှဉ်ပြိုင်နေရသောကြောင့် EU ဈေးကွက်သို့ အနည်းငယ်သာ တင်ပို့လျက်ရှိပါသည်။

တစ်ချိန်တည်းမှာပင် ဗီယက်နမ်နိုင်ငံ၏ ဟင်းသီးဟင်းရွက်နှင့် သစ်သီးများသည် EU မှ ချမှတ်ထားသည့် စည်းမျဉ်းများနှင့် ကိုက်ညီမှုမရှိသောကြောင့် EU သည် အစားအစာ ဘေးကင်းလုံခြုံမှုစစ်ဆေးသည့် အကြိမ်ရေကို တိုးမြှင့်ထားပြီး၊ စည်းမျဉ်းစည်းကမ်းများကိုလည်း ပုံမှန်ဆန်းစစ်ပြင်ဆင်ခြင်းတို့ကို ပြုလုပ်လျက်ရှိကြောင်း၊ ယင်းအကြောင်းအရာများသည် EU ဈေးကွက်သို့ ပို့ကုန်ပမာဏ တိုးမြှင့်တင်ပို့ရန် ကြိုးပမ်းမှုများအတွက် အဟန့်အတား ဖြစ်စေကြောင်း ပညာရှင်များက သုံးသပ်ပြောကြားကြပါသည်။

ဂျပန်နိုင်ငံသည် ငှက်ပျောသီး၊ နဂါးမောက်သီး၊ သရက်သီးနှင့် လိုင်ချီးသီးများကို ဝယ်လိုအားများသော်လည်း ဗီယက်နမ်နိုင်ငံအနေဖြင့် အရည်အသွေးနှင့် အရသာ ကောင်းမွန်သည့် နဂါးမောက်သီးတစ်မျိုးကိုသာ တိုးမြှင့်တင်ပို့နိုင်သည့် အခြေအနေရှိပြီး၊ ကျန်သစ်သီးအမျိုးအစားများမှာ ဈေးနှုန်းယှဉ်ပြိုင်နိုင်မှုမရှိသည့်အတွက် တိုးမြှင့်တင်ပို့နိုင်ရန် အခက်အခဲရှိနေကြောင်း သိရှိရပါသည်။

အမေရိကန်-တရုတ် ကုန်သွယ်ရေးစစ်ပွဲသည် တရုတ်နိုင်ငံ၏ သစ်သီးတင်သွင်းမှုကို လျော့နည်းစေနိုင်ပြီး ဗီယက်နမ်နိုင်ငံ၏ သစ်သီးနှင့် ဟင်းသီးဟင်းရွက်တင်ပို့မှုဈေးကွက်ကို ထိခိုက်စေနိုင်ကြောင်း၊ စီးပွားရေးလုပ်ငန်းများအနေဖြင့် ပို့ကုန်အတွက် သစ်သီးနှင့် ဟင်းသီးဟင်းရွက် အရည်အသွေးကောင်းမွန်စေရန် ထုတ်လုပ်မှု ကွင်းဆက်တွင် ချိတ်ဆက်မှုများ အခိုင်အမာလုပ်ဆောင်ရန်လိုကြောင်း၊ စားသုံးသူများ လက်ထဲသို့ ရောက်ရှိသည်အထိ သစ်သီးများ၏ အရည်အသွေးကို ကောင်းမွန်စွာ ထိန်းသိမ်းနိုင်စေရန် ခေတ်မီနည်းပညာများဖြင့် ရိတ်သိမ်းခြင်း၊ ထုပ်ပိုးခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းများကို ဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ်ရမည်ဖြစ်ကြောင်း၊ အခြားတစ်ဖက်တွင်လည်း ဈေးကွက်အတွင်း အခြားနိုင်ငံများမှတင်ပို့သည့် သစ်သီးများနှင့် ယှဉ်ပြိုင်နိုင်စေရန် တင်ပို့မှုနှင့်ပတ်သက်သည့် လုပ်ငန်းများ၏ အသုံးစရိတ်လျှော့ချပေးနိုင်မည့် အအေးခန်းသိုလှောင်ရုံများ တည်ထောင်ခြင်း၊ ထုပ်ပိုးမှု အထောက်အကူပြုပစ္စည်းများ ပံ့ပိုးပေးခြင်း၊ ဓာတ်ရောင်ခြည်အသုံးပြုစမ်းသပ်ပြုပြင်မှုစက်များ ပံ့ပိုးပေးခြင်း စသည့် လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ပေးရန် အစိုးရနှင့် ဒေသဆိုင်ရာအာဏာပိုင်များအား စိုက်ပျိုးထုတ်လုပ်သူများက တောင်းဆိုရန် လိုအပ်မည်ဖြစ်ကြောင်းနှင့် အစိုးရမှလည်း တင်သွင်းသည့် နိုင်ငံများ၏ ပစ္စည်းအရည်အသွေး စံချိန်စံညွှန်းဆိုင်ရာ သတင်းအချက်အလက်များကို ပံ့ပိုးပေးရန် လိုအပ်ကြောင်း တာဝန်ရှိသူများက သုံးသပ်ပြောကြားပါသည်။

စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ ၂၀၁၈ ခုနှစ်၊ ပထမခုနှစ်လအတွင်း ဗီယက်နမ်နိုင်ငံ၏ သစ်သီးနှင့်ဟင်းသီးဟင်းရွက် တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံ တန်ဖိုးရှိခဲ့ကြောင်း၊ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၁၂ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံ၏ သစ်သီးနှင့် ဟင်းသီးဟင်းရွက်တင်ပို့မှု အကြီးဆုံးဈေးကွက်ဖြစ်ပြီး တရုတ်နိုင်ငံ၏ တင်သွင်းမှု စုစုပေါင်းပမာဏ၏ ၇၄ ရာခိုင်နှုန်းအထိ ဈေးကွက်ရရှိကြောင်း သိရှိရပါသည်။

**ညီဝင်းဇော်**

## အာဆီယံနှင့်ဂျပန်နိုင်ငံတို့အကြား ချုပ်ဆိုခဲ့သော Agreement on the Comprehensive Economic Partnership နှင့်ပတ်သက်၍ Factual Presentation ပြုလုပ်သွားမည်

ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ဝင်နိုင်ငံများအကြား အချင်းချင်းချုပ်ဆိုသည့် Bilateral Trade Agreement နှင့် Regional Trade Agreement များနှင့် ပတ်သက်၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ Notification ပြုလုပ်ပေးရမည့်အပြင် အဆိုပါသဘောတူညီချက်များနှင့်ပတ်သက်၍ အဖွဲ့ဝင်နိုင်ငံများအား Factual Presentation ပြုလုပ်ပေးရန် တာဝန်ရှိပါသည်။

အာဆီယံနှင့် ဂျပန်နိုင်ငံတို့အကြား ချုပ်ဆိုခဲ့သော Agreement on the Comprehensive Economic Partnership နှင့်ပတ်သက်၍ Factual Presentation ကို ၂၀၁၉ ခုနှစ်၊ ဇွန်လအတွင်း အပြီးပြုလုပ်သွားရန် အာဆီယံနှင့် ဂျပန်နိုင်ငံတို့မှ လျာထားပြင်ဆင်လျက်ရှိပါသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အတွင်းရေးမှူးရုံးအဖွဲ့သည် အာဆီယံနှင့် ဂျပန်နိုင်ငံတို့၏ Factual Presentation အတွက် အစီရင်ခံစာမူကြမ်းကို ပြင်ဆင်သွားမည်ဖြစ်ပါသည်။ ယင်းအစီရင်ခံစာမူကြမ်း ပြင်ဆင်ရန်အတွက် လိုအပ်သော အချက်အလက်များကို သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံများမှ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၆ ရက် နောက်ဆုံးထား၍ ပေးပို့သွားရမည်ဖြစ်ကြောင်း သိရှိရပါသည်။

Factual Presentation ပြုလုပ်ရန်အတွက် အောက်ပါလုပ်ငန်းစဉ်များပါဝင်ပြီး ယင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ရန်အတွက် အနည်းဆုံး ၆ လခန့် အချိန်ယူ ဆောင်ရွက်ရကြောင်း သိရှိရပါသည်-

(က) ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အတွင်းရေးမှူးရုံးအဖွဲ့မှ Factual Presentation Report မူကြမ်းပြင်ဆင် ခြင်း။

(ခ) ၎င်း Factual Presentation Report မူကြမ်းအား စာချုပ်ပါအဖွဲ့ဝင်နိုင်ငံများသို့ ဖြန့်ဝေကာ ၎င်းတို့၏ သဘောထားမှတ်ချက်၊ ပြင်ဆင်လိုသောအချက်များနှင့် အကြံပြုချက်များ တောင်းခံခြင်း။

(ဂ) စာချုပ်ပါ အဖွဲ့ဝင်နိုင်ငံများ၏ သဘောထားမှတ်ချက်၊ ပြင်ဆင်လိုသောအချက်များနှင့် အကြံပြုချက်များနှင့်အညီ ပြင်ဆင်အတည်ပြုပြီးသော Final Factual Presen tation Report ကို အဖွဲ့ဝင်နိုင်ငံများထံဖြန့်ဝေပြီး ၎င်းတို့မှမေးမြန်းလိုသော မေးခွန်းများကို တောင်းခံစုစည်းခြင်း။

(ဃ) အဖွဲ့ဝင်နိုင်ငံများ၏ မေးခွန်းများကို စာချုပ်ပါအဖွဲ့ဝင်နိုင်ငံများမှ ဖြေဆိုရန်ပေးပို့ခြင်းနှင့် ယင်းအဖြေများကိုစုစည်း၍ မေးခွန်းမေးမြန်းခဲ့သော အဖွဲ့ဝင်နိုင်ငံများသို့ ပြန်လည်ပေးပို့ခြင်း။

(င) ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ သက်ဆိုင်ရာကော်မတီ အစည်းအဝေးတွင် အပြီးသတ် Factual Presentation ပြုလုပ်ခြင်းနှင့် အစည်းအဝေးတွင် လိုအပ်ပါက အဖွဲ့ဝင် နိုင်ငံများ၏ထပ်တိုးမေးခွန်းများအပေါ် ထပ်မံဖြေကြားရှင်းလင်းပြီးနောက် လုပ်ငန်းစဉ်တစ်ခုလုံးအား အဆုံးသတ်ခြင်းတို့ဖြစ်ပါသည်။

**ညီညီအောင်၊ (WTO သံမှူး)၊ ဂျီနီဗာမြို့**

# တရုတ်နိုင်ငံ၏ ငွေကြေးဆိုင်ရာ မူဝါဒအသစ်သည် ကုန်သွယ်ရေးစစ်ပွဲကို ဆန့်ကျင်သည့် အချက်တစ်ခု ဖြစ်ကြောင်း လေ့လာဆန်းစစ်သူများမှ ပြောကြား

တရုတ်နိုင်ငံ ဗဟိုဘဏ်သည် U.S နှင့် ဖြစ်ပွားနေသည့် ကုန်သွယ်ရေးစစ်ပွဲတွင် ယွမ်ကို လက်နက်တစ်ခုအဖြစ် အသုံးချရန် ဆန္ဒမရှိကြောင်းကို ပြသသည့်အနေဖြင့် နိုင်ငံတော်၏ ငွေကြေး ထိန်းချုပ်ပုံများကို ပြောင်းလဲခဲ့ကြောင်း လေ့လာဆန်းစစ်သူများ၏ ပြောကြားချက်အရ သိရှိရသည်။

U.S နှင့် ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည့် အကောက်ခွန် ပဋိပက္ခကြောင့် ကမ္ဘာ့ဒုတိယအကြီးဆုံးဖြစ်သည့် တရုတ်နိုင်ငံသည် ၎င်းတို့၏ ငွေကြေးတန်ဖိုးကျဆင်းသည့် အခက်အခဲများကို လျော့ပါးစေရန် တရုတ်နိုင်ငံပြည်သူ့ဘဏ်မှ ယွမ်၏တန်ဖိုး နေ့စဉ်တည်ငြိမ်မှုကို ထိန်းထားနိုင်ရန် counter-cyclical factor လို့ခေါ်သည့် တွက်ချက်မှုနည်းလမ်းတစ်ခုကို ကြေညာခဲ့ကြောင်း၊ ယခုအခြေအနေတွင် ပေကျင်းသည် တရုတ်ငွေကြေး ယွမ်ကို ကျဆင်းအောင်ပြုလုပ်နေသည့် ကုန်သည်များကို တိုက်ခိုက်ရန် အသင့်ဖြစ်နေသည်ဟု သိရှိရသည်။

တရုတ်ထုတ်ကုန်များအပေါ် အမေရိကန် အခွန်ကောက်ခံမှု အကျိုးသက်ရောက်မှုအနေဖြင့် တရုတ်ငွေ (ယွမ်) တန်ဖိုးကျဆင်းမှုမှာ နည်းပါးနေသေးသည့်အတွက်ကြောင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဘေကျင်းသည် နိုင်ငံခြားငွေကြေးလဲလှယ်မှုအပေါ် မမျှတသော လုပ်ဆောင်ချက်များကို လုပ်ဆောင်နေကြောင်း စွပ်စွဲခဲ့သည်။

ယေဘုယျအားဖြင့် တန်ဖိုးနည်းသည့် ငွေကြေးသည် ၎င်းတို့၏ထုတ်ကုန်များကို အခြားသောနိုင်ငံများသို့ ဈေးပေါပေါဖြင့် တင်ပို့နိုင်ပြီး နိုင်ငံ၏ ပို့ကုန်ဆောင်ရွက်မှုကို ကူညီနိုင်သည့် အပြင် ကမ္ဘာလုံးဆိုင်ရာဈေးကွက်တွင် ပိုမိုယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။

၂၀၁၈ ခုနှစ် ဩဂုတ် ၂၄ရက်ကြေညာချက်အရ တရုတ်နိုင်ငံ ပြည်သူ့ဘဏ်မှ ယွမ်ငွေကြေး အတက်အကျ တည်ငြိမ်စေရေးလုပ်ဆောင်ရာတွင် ကောင်းမွန်သော အနေအထားသို့ ရောက်ရှိစေရန်မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။ တရုတ်-အမေရိကန် အကောက်ခွန်တိုက်ခိုက်မှု အဆုံးသတ်တွင် အဓိက အခြေအနေတိုးတက်မှုများ မပေါ်ပေါက်ခဲ့ကြောင်း ပြောကြားခဲ့ပါသည်။

**အိသက်သက်စံ ( WTO ဌာနခွဲ)**

CONSTRUCTION, POWER & MINING Myanmar 2018

INTERMACH MYANMAR

MTA MYANMAR

SUBCON MYANMAR Industrial Subcontracting Exhibition

MYANMARWATER

RENEWABLE ENERGY RE MYANMAR

# A MEGA INDUSTRIAL & INFRASTRUCTURE EVENT FOR MYANMAR!

A unique combination of 4 special shows at 1 location featuring technologies and equipment covering a variety of industries including Industrial Machinery, Subcontracting & Sourcing, Construction, Mining, Water & Wastewater Management, Power and Renewable Energy.

**15 National Pavilions from 8 countries**
e.g. Singapore, Thailand, China, Taiwan, Korea, Japan, Malaysia and India

**500 Companies representing 1000 of Brands**

**Comprehensive Technical Seminars** and Activities related to all the industries

## 11-13 OCTOBER 2018

**Yangon Convention Centre (YCC)**
*Located within Inya Lake Hotel compound on Kabar Aye Pagoda Rd.*

NEW VENUE

**9.00-17.00 hrs.**




**Pre-register at**
reg.ubmmyanmar.com

Supported by:

MCEA REAM Yangon Electricity Supply Corporation

Organised by:

UBM

For more informationplease contact UBM Myanmar

+95 1378 975

C B BANK

# INTERNATIONAL TRADE SERVICES
## နိုင်ငံတကာ ကုန်သွယ်ရေး ဝန်ဆောင်မှု

### Import Services
### သွင်းကုန်ဝန်ဆောင်မှု

- ငွေလွှဲစာတမ်းဖွင့်လှစ်ခြင်း/ ပြင်ဆင်ခြင်း။
- ငွေလွှဲစာတမ်း အတွက် ငွေပေးချေခြင်း။
- ကောက်ခံရေးစနစ် (DP/DA) ဖြင့် ရောက်ရှိလာသော သွင်းကုန်ပစ္စည်းဖိုးအား ပေးချေခြင်း။
- သဘောတင်စာရွက်စာတမ်း အာမခံထုတ်ပေးသော ဝန်ဆောင်မှု။
- ပြည်တွင်း ငွေလွှဲစာတမ်းဖွင့်လှစ်ခြင်း။
- ကုန်ရောင်းငွေလွှဲစာတမ်းပေါ် အခြေခံ၍ ကုန်ဝယ်ငွေလွှဲ စာတမ်းအားပြန်လည် ဖွင့်လှစ်ပေးခြင်း။

### Export Services
### ပို့ကုန်ဝန်ဆောင်မှု

- ငွေလွှဲစာတမ်း နှင့် ငွေလွှဲစာတမ်းပြင်ဆင်ခြင်းအား အကြောင်းကြားပေးခြင်း။
- ငွေလွှဲစာတမ်းအတွက် ငွေတောင်းခံခြင်း။
- ကောက်ခံရေး စနစ် (DP/DA) ဖြင့် ပေးပို့သော ကုန်ပစ္စည်းများအတွက် ငွေတောင်းခံခြင်း။
- ကြိုတင်ရငွေ / ပို့ကုန်ငွေလွှဲအားထည့်သွင်းပေးခြင်း။
- လွှဲပြောင်းနိုင်သော ငွေလွှဲစာတမ်း ဖွင့်လှစ်ခြင်း။

### Export/Import Financing
### ပို့ကုန် / သွင်းကုန် ငွေကြေးထောက်ပံ့မှု

**ပို့ကုန် ငွေကြေးထောက်ပံ့မှု**
**( Export Financing )**

- ကုန်ပစ္စည်းဝယ်ယူထုတ်လုပ်ရန် ကြိုတင်ငွေ ထုတ်ယူခြင်း။
- ကုန်တန်ဖိုး ငွေတောင်းခံလွှာပေါ်တွင် ချေးငွေထုတ်ယူခြင်း။
- ဆိုင်းငံ့ကာလစနစ် ထုတ်ကုန်ငွေလွှဲစာတမ်းပေါ်တွင် သဘောတင်စာရွက်စာတမ်းများ ဝယ်ယူခြင်း။
- ကောက်ခံရေးစနစ် (DP/DA) ဖြင့် ကုန်ပစ္စည်းတင်ပို့သော စာရွက်စာတမ်းများ ဝယ်ယူခြင်း။

**သွင်းကုန် ငွေကြေးထောက်ပံ့မှု**
**( Import Financing )**

- ယုံကြည်မှုဖြင့် ဝယ်ယူထားသောကုန်ပစ္စည်းအတွက် အချိန်ပိုင်း ချေးငွေထုတ်ပေးခြင်း။
- သွင်းကုန် ငွေတောင်းခံလွှာ ပေါ်တွင် ချေးငွေထုတ်ပေးခြင်း။
- ကောက်ခံရေးစနစ် (DP/DA) ပေါ် အခြေခံ၍ အချိန်ပိုင်း ချေးငွေဖြင့် ငွေပေးချေခြင်း။
- ကုန်ရောင်းသူ၏ အကြွေးစနစ်ပေါ်တွင်ငွေလက်ငင်းရရှိရန် ကြားခံဘဏ်များမှ ချေးငွေထုတ်ပေးခြင်း။

### International Remittance
### အပြည်ပြည်ဆိုင်ရာ ငွေလွှဲဝန်ဆောင်မှု

- ပြည်ပမှ ငွေလွှဲများ ဝင်ရောက်ခြင်း။
  ( Inward Remittance )
- ပြည်ပသို့ ငွေလွှဲများ ပေးပို့ခြင်း။
  ( Outward Remittance )



Call Centre : (+95) **1 231 777 0**

Contact Us : (95-1) 2317698, (95-9) 261997208
www.cbbank.com.mm
STU@cbbank.com.mm

# COMMERCE INTERNATIONAL

## စပ်မျိုးစပါးအစီအစဉ်ကို ဆောင်ရွက်ရန် ဖိလစ်ပိုင်အစိုးရကို တိုက်တွန်း

ဖိလစ်ပိုင်လူမျိုးများ၏ အဓိက အစားအစာဖြစ်သော ဆန်စပါးဖြန့်ဖြူးမှုကို အာမခံချက်ရရှိစေရန်အတွက် ကုမ္ပဏီက ဆောင်ရွက်နေသော စပ်မျိုးစပါးအစီအစဉ်ကို အရှိန်တိုးမြှင့်လာအောင် ဆောင်ရွက်ပေးရန် ပုဂ္ဂလိကမျိုးစပ်စပါးထုတ်လုပ်ရေးကုမ္ပဏီ SeedWorks Philippines က အစိုးရအား တိုက်တွန်းကြောင်း ဖီးလ်စတားသတင်းတွင် ဖော်ပြသည်။

နည်းပညာသစ်တွေ့ရှာဖွေရန်အတွက် ယခုအချိန်သည် အကောင်းဆုံး အချိန်ဖြစ်ကြောင်း SeedWorks ၏ဥက္ကဋ္ဌနှင့် အထွေထွေမန်နေဂျာ ကားလို့စ်စက်ပလာလာက စတားသတင်းဌာနကို ပြောသည်။

"စပ်မျိုးစပါးနဲ့ဆိုရင် သွင်းအားစု တစ်ခုပြောင်းထည့်လိုက်ရုံနဲ့စပါးအထွက်က ထူးထူးခြားခြား တိုးတက်လာနိုင်ပါတယ်"ဟုသူကပြောသည်။

ဖိလစ်ပိုင်နိုင်ငံ၏ ပျမ်းမျှဆန်ထွက်ရှိမှုမှာ တစ်ဟက်တာကို မက်ထရစ်တန် လေးတန်ထွက်ရှိသော်လည်း စပ်မျိုးစပါးကတစ်ဟက်တာကို ၁၀ တန်အထိထွက်ရှိနိုင်သည်။

ဖိလစ်ပိုင်နိုင်ငံတွင် စပ်မျိုးစပါးနည်းပညာကို အစိုးရကတွန်းအားပေးဆောင်ရွက်လျက်ရှိသည်။ နိုင်ငံအတွင်း၌စပ်မျိုးစပါးနည်းပညာကို ကာလရှည်ကြာစွာအသုံးပြုခဲ့ပြီးဖြစ်သော်လည်း အုပ်ချုပ်ရေးအဖွဲ့အစည်း အသီးသီး ဦးစားပေးကွဲပြားမှုကြောင့် ဖွံ့ဖြိုးမှုနှုန်းနှေးကွေးခဲ့သည်။

စပ်မျိုးစပါးနှင့် ဟင်းသီးဟင်းရွက်မျိုးများကို SeedWorks က အိန္ဒိယနိုင်ငံတွင် ထုတ်လုပ်ပြီး ဖိလစ် ပိုင်နိုင်ငံအတွင်းသို့ တင်သွင်းခြင်းဖြစ်သည်။ ကုမ္ပဏီသည် ယခုအခါဖိလစ်ပိုင်နိုင်ငံအတွင်း၌ မျိုးထုတ်လုပ်မှုများကို အသေးစားဆောင်ရွက်လျက်ရှိပြီး အိန္ဒိယနိုင်ငံတွင် ရရှိထားသော အထွက်နှုန်းကိုရရှိရန် ဆောင်ရွက်လျက်ရှိသည်။ SeedWorks သည် ဖိလစ်ပိုင်နိုင်ငံအတွင်းရှိ အဓိကဆန်စပါးစိုက်ပျိုးရာဒေသများတွင် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး စပ်မျိုးစပါးလုပ်ငန်းဈေးကွက်၏ ၂၀ ရာခိုင်နှုန်းကို ရရှိထားသည်။

## တောင်ကိုရီးယားတွင် တီထွင်မှုစွမ်းအင် နည်းပညာအတွက် တိုးမြှင့်၍ရင်းနှီးမြှုပ်နှံမည်



နိုင်ငံ၏ စွမ်းအင်ကို ထိရောက်စွာ မြှင့်တင်နိုင်ရေးနှင့် ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍတွင် တီထွင်ဆန်းသစ်မှုရှိသောနည်းပညာများကို ချမှတ်နိုင်ရေးအတွက် တောင်ကိုရီးယားနိုင်ငံက ဘက်စုံစီမံကိန်းများကို ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အောက်တိုဘာ ၅ ရက်က အစိုးရ၏ ပြောကြားချက်ကို ယွန်းဟပ်သတင်းတွင် ဖော်ပြသည်။ အာရှတွင်စတုတ္ထမြောက်အကြီးဆုံးနိုင်ငံဖြစ်သည့် တောင်ကိုရီးယားနိုင်ငံအတွက် ဖွံ့ဖြိုးရေးမောင်းနှင်အားအသစ်များကို ဖန်တီးရန် တီထွင်ဖန်တီးမှု စွမ်းအင်နည်းပညာပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုများကို တိုးချဲ့ဆောင်ရွက်သွားရန်ရည်ရွယ်ကြောင်း ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာနက ပြောသည်။

"စွမ်းအင်သုံးစွဲမှု အလားအလာလမ်းကြောင်းကို ပြောင်းလဲဖို့နဲ့စက်မှုလုပ်ငန်းသစ်တွေ ဖန်တီးရေးအတွက် လမ်းဖွင့်ပေးနိုင်အောင် အစိုးရက တီထွင်ဆန်းသစ်မှုရှိတဲ့ စွမ်းအင်မူဝါဒကို ချမှတ်သွားမှာဖြစ်ပါတယ်" ဟု ဆိုးလ်မြို့တွင် ကျင်းပသော စွမ်းအင်စီးပွားရေးလုပ်ငန်းဖိုရမ်တွင် ဝန်ကြီး ဆန်းယွန်းမိုကပြောသည်။

အလားအလာရှိသော စီမံကိန်းများတွင် လျှပ်စစ်ဓာတ်အားကို အနည်းငယ်သာအသုံးပြုပြီး ဖန်လုံဓာတ်ငွေ့ထုတ်လွှတ်မှုနည်းကာ စွမ်းအင်အနည်းငယ်ဖြင့်လည်ပတ်သော အဆောက်အအုံများကို အသုံးပြုမည့် ခေတ်မီစွမ်းအင်စက်ရုံစီမံကိန်းများဖြစ်သည်။ ထိုစက်ရုံများသည် ပြန်ပြည့်မြဲစွမ်းအင်အဖြစ် လုပ်ငန်းခွင်မှ ထုတ်လုပ်သော စွမ်းအင်ကို အတတ်နိုင်ဆုံး အသုံးပြုသွားရန်ဖြစ်သည်။

နေနှင့် လေစွမ်းအင် စသည့် စွမ်းအင်အရင်းအမြစ်များကို သိုလှောင်သော စွမ်းအင်သိုလှောင်ရေးစနစ်များ၊ လျှပ်စစ်မော်တော်ကားများနှင့် တိုးတက်ခေတ်မီသော လျှပ်စစ်ဓာတ်အားစနစ်ကွန်ရက်များကိုပြန်ပြည့်မြဲစွမ်းအင်နယ်ပယ်တွင် လျင်မြန်စွာတိုးတက်နေသောကဏ္ဍများအဖြစ် သတ်မှတ်ထားသည် ။

အစိုးရ၏ ရည်မှန်းချက်မှာ ကျောက်မီးသွေးနှင့် နျူကလီးယားစွမ်းအင်ကဲ့သို့သော သမားရိုးကျ ရင်းမြစ်များအပေါ် မှီခိုနေရသည်ကိုလျှော့ချရန်အတွက် အစိုးရက ဆောင်ရွက်နေသော ပြန်ပြည့်မြဲစွမ်းအင် အချိုးအစားမြှင့်တင်ရေး ကြိုးပမ်းမှု၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။

ပြန်ပြည့်မြဲစွမ်းအင် အသုံးပြုမှုအချိုးအစားကို ၂၀၃၀ ပြည့်နှစ်တွင် ၂၀ ရာခိုင်နှုန်းအထိ မြှင့်တင်ပြီး နျူကလီးယားစွမ်းအင် အသုံးပြုမှုကို တဖြည်းဖြည်းလျှော့ချသွားရန် အစိုးရက ရည်မှန်းထားသည်။

လောလောဆယ်တွင် တောင်ကိုရီးယားနိုင်ငံ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၏ ၃၀ ရာခိုင်နှုန်းကို နျူကလီးယားစက်ရုံ ၂၄ ရုံမှ ထုတ်လုပ်ပေးလျက်ရှိသည်။ နျူကလီးယားဓာတ်အားတဖြည်းဖြည်းလျှော့ချရေး အစီအစဉ်အရ သက်တမ်းအကြာဆုံးဖြစ်သော နျူကလီးယားစက်ရုံ ၁၀ ရုံကို ၂၀၃၀ ပြည့်နှစ်တွင် ပိတ်သိမ်းမည်ဟု သိရသည်။

## စင်ကာပူကုမ္ပဏီကြီး StarHub ၏ အလုပ်သမားလျှော့ချမှုပမာဏကို ဝန်ထမ်းများအံ့အားသင့်

စင်ကာပူကုမ္ပဏီကြီး StarHub က အသုံးစရိတ်စင်ကာပူဒေါ်လာ ၂၅ သန်းလျှော့ချရန် စီစဉ်သည့်အနေဖြင့် အလုပ်သမားများကို လျှော့ချခဲ့ရာ ဦးရေ ဤမျှများပြားလိမ့်မည်ဟုမမျှော်လင့်မထားကြကြောင်း ဝန်ထမ်းများက တူဒေးသတင်းဌာနကို ပြောသည်။

စင်ကာပူ၏ ဒုတိယအကြီးမားဆုံး ဆက်သွယ်ရေးကုမ္ပဏီကြီး၏ အလုပ်သမားများအနက် ၃၀၀ ကျော်ကိုအလုပ်မှ ထုတ်ပယ်တော့မည်ဖြစ်ကြောင်း အောက်တိုဘာ ၃ ရက်တွင် ကုမ္ပဏီကကြေညာသည်။

သို့သော်လည်း မည်သည့်ဌာနမှ အလုပ်သမားအများဆုံးလျှော့ချမည်ကို ရှင်းလင်းစွာ မသိရသေးပေ။ အထုတ်ခံရသော အလုပ်အကိုင်အများစုမှာ ဖောက်သည်များနှင့်ဆက်ဆံရသောလုပ်ငန်းများမဟုတ်ကြောင်းနှင့် ထုတ်ပယ်ခံရသူများကို ယခုလကုန်ထက် နောက်မကျစေဘဲ အကြောင်း




ကြားမည်ဖြစ်ကြောင်း အောက်တိုဘာ ၃ ရက်ကထုတ်ပြန်သော ကြေညာချက်တွင်ဖော်ပြသည်။

အလုပ်မှ ထုတ်ပယ်ခံရသူတို့အား လျော်ကြေးပေးသွားမည်ဟု သူတို့ကို အကြောင်းကြားထားပြီး ဖြစ်ကြောင်း အမည်မဖော်လိုသူ အလုပ်သမားတစ်ဦးက ပြောသည်။ ဆက်သွယ်ရေးကုမ္ပဏီ၌တာဝန်ထမ်းဆောင်ခဲ့သော ကာလပေါ်တွင် အခြေခံ၍ လုပ်သက်တစ်နှစ်လျှင် တစ်လနှုန်းဖြင့် အကျိုးခံစားခွင့်ရကြမည်ဖြစ်သည်။ အဆိုပါအကျိုးခံစားခွင့်မှာ အလုပ်သမားဝန်ကြီးဌာနက ချမှတ်ထားသော အလုပ်သမားလျှော့ချရေးလမ်းညွှန်ချက်များနှင့် ကိုက်ညီသည်။

ဆက်သွယ်ရေး ကုမ္ပဏီသည် အလုပ်ထုတ်ခံရသော အလုပ်သမားများအား StarHub ၏ မိခင်ကုမ္ပဏီဖြစ်သော Asia Mobile Holdings ကုမ္ပဏီသို့ ပြောင်းရွှေ့ပြန်လည်နေရာချထားပေးရန် ကြိုးစားသွားလိမ့်မည်ဟုလည်း သူကပြောသည်။

လူ ၃၀၀ ခန့်လျှော့ချမည်ဟုကြားရသောသတင်းနှင့် ပတ်သက်၍ စိတ်ခံစားမှုနှစ်မျိုးရှိကြောင်း ဝန်ထမ်းအမျိုးသမီးဝန်ထမ်းတစ်ဦးက ပြောသည်။ တစ်မျိုးမှာ ဤဆုံးဖြတ်ချက်ကြောင့် လူများအပေါ်တွင် ဂယက်ရိုက်ခတ်နိုင်သည်ဟူသော အချက်နှင့် နောက်တစ်မျိုးမှာ ဤအရေးအတွက် အထိလျှော့ချသည့်ကိစ္စနှင့်ပတ်သက်၍ ကုမ္ပဏီတွင် အကြောင်းပြချက်ရှိနိုင်ကြောင်း သူကပြောသည်။

StarHub ၏ ယခုနှစ် ဒုတိယသုံးလပတ်ဝင်ငွေသည် ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၂၂ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

စံမီအောင် စုစည်းသည်

**Think Before You Throw**

**အမှိုက်မပစ်ခင် တွေးတောဆင်ခြင်။**